www.burmeseclassic.com

ယောမင်းကြီးစာအုပ် ရွှေရတု အထိမ်းအမှတ်

ဦးထွန်းလှ

ဒီဇိုင်း - ဝေမှန်လင်း

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

အမိနိုင်ငံတော်ကို ချစ်မြတ်နိုးပါ။
စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်။
တရားဥပဒေကို လေးစားလိုက်နာပါ။

ယောမင်းကြီးစာအုပ်
ရွှေရတုအထူးထုတ်
အုပ် ၅၀ ပြည့်



ဦးထွန်းလှ

www.burmeseclassic.com

www.burmeseclassic.com

ဤ 'ဘာလဲဟဲ့ လောကစံ' ကို ဦးကြည်ဝင်း၊ ဝင်းစာပေ(၀၁၀၂၉) ၃၄၈ ဗညားဒလလမ်း၊ ကျောက်မြောင်းက ထုတ်ဝေ၍ ဦးဇော်လွင်၊ ရွှေအော့ပ်ဆက် (၀၄၉၃၄)၊ ၃၇၂ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရန်ကုန်မြို့တွင် အတွင်း စာနှင်အပုံးကို ပုံနှိပ်သည်။

တတိယအကြိမ်– ၁၉၉၄ ဇန်နဝါရီ (ယောမင်းကြီးစာပေ)
ဒုတိယအကြိမ် –၁၉၅၁ အောက်တိုဘာ (လောကစံစာပေ)
ပထမအကြိမ် –၁၉၃၅ ဩဂုတ် (ပဲရှေ့စာပေ)
စာမူခွင့်ပြုချက်– ၄၈၅/၉၃ (၁၁)
မျက်နှာဖုံးခွင့်ပြုချက်– /၉၃(၁၂)
ဒီဇိုင်း – ဝေမွန်လင်း
အုပ်ရေ
တန်ဖိုး– ၃၀၀

## ယောမင်းကြီးစာပေက ထုတ်ဝေသည်

၃၄၆/၁၉ အနောက်ရန်ကင်း၊ ရန်ကင်းစာတိုက် (၁၁၀၈၁)၊ ရန်ကင်း

## မာတိကာ


တတိယအကြိမ် အမှာစာ
ပထမအကြိမ်နှင့် ဒုတိယအကြိမ် အမှာစာ

| | | |
|---|---|---|
| ၁။ | ဗျာများခြင်း | ၂ |
| ၂။ | အဖျက်အဆီးများ မရှိမဖြစ် | ၂၁ |
| ၃။ | အခက်အခဲတွေလျှင် ကြံ | ၄၀ |
| ၄။ | နောက်မဆုတ်စတမ်း | ၆၅ |
| ၅။ | ကြောက်သလား | ၉၃ |
| ၆။ | ကြီးပွားလိုလျှင် | ၁၁၇ |
| ၇။ | စပုံစနည်း | ၁၃၃ |
| ၈။ | ငွေရေး | ၁၅၆ |
| ၉။ | အတုခိုး ပြုပြင်ပေး | ၁၇၅ |
| ၁၀။ | နိဗ္ဗာန်ကုတို့ | ၁၈၈ |


www.burmeseclassic.com

www.burmeseclassic.com

## တတိယအကြိမ်ပုံနှိပ်ခြင်း (၁၉၉၃) အမှာစာ

လောကကြီးအတွင်းသို့ ကျွန်တော်သည် ၁၉၁၀ပြည့်နှစ် မတ်လ ၅ ရက် (၁၂၇၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်) စနေနေ့တွင် မြောင်းမြမြို့မှစ၍ ချဉ်းနင်းဝင်ရောက် လာခဲ့ရာ ယခုအခါ ၈၄ နှစ် တင်းတင်း ပြည့်ရန် အချိန်အနည်းငယ်အတွင်းသာ လို ပါတော့သည်။

မိဘများပြောပြချက်အရ ကျွန်တော်သည် မွေးဖွားလာပြီး သုံးရက်သားမှ စ၍ ရောဂါမျိုးစုံ တွေ့ကြုံလာခဲ့သည်ဟု သိရပါသည်။ ကျွန်တော့်အား ကုသခဲ့သော ဆရာဝန်တစ်ဦးက ကျွန်တော်သည် အလွန်ကံကောင်းမှ ၁၅နှစ်အထိ လောက်သာ အသက်ရှင် နေထိုင်နိုင်မည်ဟု ပြောခဲ့ဖူးသည်ဟုပင် သိရပါသည်။

အသက် ၂၅နှစ်အထိ စိတ်ဆင်းရဲမှုမျိုးစုံနှင့် ကြုံတွေ့ခဲ့ရပါသဖြင့် စိတ်ထဲမှ ခံပြင်းလှခြင်းကို ဖြေဖျောက်ရန် ဤ "ဘားလဲဟဲ့ လောကခံ" စာအုပ်ကို ၁၉၃၅ ခုနှစ် ဩဂုတ်လအတွင်းက ရေးသား ထုတ်ဝေခဲ့ခြင်းဖြင့် လောကခံကြီးကို အန်တုလိုက်ခြင်း ဖြစ်ပါသည်။

ကျွန်တော်၏ စိတ်ထဲတွင် နှစ်နှစ်ကာကာ ယုံကြည်သမျှကို ရေးသားခဲ့သည်အတိုင်း ကျွန်တော်ကိုယ်တိုင်လည်း ကြိုးစားလိုက်နာ ခဲ့ပါသဖြင့် ကျေးဇူးများစွာ ခံစားခဲ့ရပါသည်၊ ဤစာအုပ်ကို ဖတ်ရှု လိုက်နာကြပြီး ကြီးပွားကြကြောင်းကိုလည်း ကျွန်တော်အား အများကပင် ပြောကြားကြပါသည်။

'ဘာလဲဟဲ့ လောကခံ'စာအုပ်ကို စာကြည့်တိုက်များတွင်

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

ထားရှိသင့်ကြောင်း မြန်မာနိုင်ငံ ပြန်တမ်းကို ၁၉၃၅ ဘားမား ဂေဇက်တွင် ကြေငြာချက် ထုတ်ပြန်ခဲ့ပါသည်။

ဤစာအုပ်ကို ရေးသားထုတ်ဝေရခြင်းအားဖြင့် မိမိကိုယ်တိုင်နှင့် တကွ ဖတ်ရှုလိုက်နာသူများပါ ကြီးပွားချမ်းသာလိမ့်မည်ဟု ယုံကြည် သည့်အားလျော်စွာ ပဲရော့ ဦးဆန်နီက မြန်မာပြည် အနှံ့အပြား စာကြည့်တိုက်များနှင့်အခြားအလှူခံကြသော ပုဂ္ဂိုလ်များအား အုပ်ရေ ၁,၅၀၀ ထက်မနည်း ပေးကမ်းလှူဒါန်းခဲ့ပါသည်။

ဤ စာအုပ်ကို ၁၉၅၁ ခုနှစ်တွင် ဒုတိယအကြိမ်ထုတ် ဝေခဲ့ပြီးနောက် အများက ထပ်မံထုတ်ဝေရန် တိုက်တွန်းခဲ့သော်လည်း မထုတ်ဝေခဲ့ပါ။ မည်သည့်ထုတ်ဝေသူကိုမှလည်း ထုတ်ဝေရန် မတိုက်တွန်းခဲ့ပါ။ ပြောကြားခဲ့ခြင်းလည်းမရှိခဲ့ပါ။

ယောမင်းကြီးစာပေက 'ဘာလဲဟဲ့လောကဓံ'ကို တတိယ အကြိမ် ထုတ်ဝေခွင့်ပြုပါရန် တောင်းဆိုချက်ကို လှိုက်လှိုက်လှဲလှဲ ဝမ်းသာအားရစွာ ခွင့်ပြုလိုက်ပါသည်။ ကျေးဇူးလည်း အထူး တင်ပါသည်။

ဤစာအုပ်သည် ယနေ့ ခေတ်အခါနှင့် အထူးသင့်လျော်၍ စာဖတ်သူများ ကိုယ်ကျိုးနှင့်တိုင်းပြည်အကျိုးတို့ကို အထူးထောက်ပံ့ ကူညီလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

ဦးထွန်းလှ

၂၄-၁၁-၉၃

ယောမင်းကြီးစာပေ

BURMESE CLASSIC .com

## အညွှန်း

ခေတ်တစ်ခေတ်ဟု ဆိုအပ်သော ၂၅ နှစ် အတွင်း ဖြစ် ပျက်ကြပုံကို ထောက်ရှု ဝေဖန်ခြင်းအားဖြင့် တိုင်းပြည်၏ အခြေ အနေကို မြော်ခေါ်နိုင်၏။ ယခုအခါ ကျွန်ုပ်တို့ မြန်မာပြည် ကြီး၌ ဆန်ဈေးကျနေသောကြောင့် ကုန်ကူးသန်းရောင်းဝယ်ရေးမှ စ၍ လုပ်ငန်းအသွယ်သွယ်တို့သည် မတွင်ကျယ်တော့သဖြင့် မြန်မာ လူမျိုးတို့၏ ဝမ်းစာကို ထိခိုက်ချောက်ချားစေ၏။ ငွေရေး ကြေးရေး ကျပ်တည်း၍ စိတ်ဆင်းရဲ လူဆင်းရဲကြကုန်၏။ ဆင်းရဲအမျိုးမျိုးကို တွေ့ကြုံကြကုန်၏။ ငွေရေးကြေးရေး မချောင်လည်သောအခါ အစိုးရလခစားအဖြစ် ဝင်ရောက်အမှုထမ်းဆောင်သူ ပေါများကြ၏။ ထိုအစိုးရလခစားများ ပေါများလာပြန်သဖြင့် အလုပ်လက်မဲ့ သတ္တဝါအများ တောင်ပံ့ ရာပံ့ ကုဋေကုဋာ ရှိတော့၏။ ဆင်းရဲ အလျှိုလျှို ပိုမိုများပြားလာတော့၏။ လောကကြီး၌ သူသူငါငါ သတ္တဝါမှန်သရွေ့ ဆင်းရဲရမည်မှာ မလွဲဧကန် အမှန်ဖြစ်ပေ၏။ ဤကား ဓမ္မတာတည်း။

သို့သော် လောကကြီး၌ ဤကဲ့သို့ တွေ့ကြုံကြရသော ဆင်းရဲအပေါင်းကို ဘယ်နည်းဘယ်ပုံ ကျော်လွှန်အောင်မြင်လိုပါအံ့

www.burmeseclassic.com

www.burmeseclassic.com



နည်း။ ကျွန်ုပ်သည် ဤမေးခွန်းကို ဖြေကြားရန် ယခုစာအုပ်ကို ရေးသားရခြင်း ဖြစ်ပေသည်။

ကျွန်ုပ်ကိုယ်တိုင် ငယ်စဉ်ကပင် ဆင်းရဲအပေါင်းဝိုင်းရံလျက် လူဖြစ်လာရသဖြင့် ဆင်းရဲအပေါင်းတွေ့ကြုံခဲ့၏။တကဲ့ဆင်းရဲခြင်းကြီး ဆင်းရဲခဲ့ရ၏။ သို့နှင့် ဆင်းရဲအပေါင်းကို ကျော်လွန်တန်သရွေ့ ကျော်လွန်လာခဲ့ပေပြီ။ ငယ်စဉ်အကလေးအဖြစ်ကပင် သွေးလိမ့်မည်ဟု အင်္ဂလိပ် မြန်မာဆေးဆရာ အများတို့၏ လက်လျှော့ပြောဆိုခြင်းကို ခံခဲ့ရသူဖြစ်ပါလျက် ယခုအခါ လူများထက် ပိုမိုကျန်းမာစွာရှိနေသည်ကို တွေ့ရှိပါလျှင် ကျွန်ုပ်ပြောအပ်ကဲ့သည့်အတိုင်း ဆင်းရဲအပေါင်း ကျော်လွန်နိုင်သရွေ့ ကျော်လွန်ခဲ့လေပြီဆိုသော စကားကို ယုံမှားရန် မလိုတော့ပေ။ များမကြာမီ အတွင်းကပင် ကိုယ်နှင့်စိတ် ပင်ပန်း ညှိုးနွမ်းဆင်းရဲခဲ့ရာမှ လွန်မြောက်လာသောအခါ အများ အကျိုးအတွက် ငါသည် ဤမည်သော စာအုပ်တစ်အုပ် ရေးဦးအံ့ဟု စိတ်ပိုင်းဖြတ်ထားခဲ့သည့်အတိုင်း ရေးသားလိုက်ရခြင်း ဖြစ်ပေ၏။

ဤစာအုပ်ကို ဖတ်ရုံမျှနှင့် ဆင်းရဲအပေါင်းကို ကျော်လွန် လွှတ်မြောက်နိုင်လိမ့်မည်ဟုကျွန်ုပ်မဆိုလို။ မဆိုလည်း မဆို၊ ဆိုလည်း ဆိုလိမ့်မည်မဟုတ်။ ဤစာအုပ်အတွင်း၌ ပါသော ကျွန်ုပ်၏ လက်တွေ့နည်းများကို၊ ဖတ်ကြည့်ကြပြီး ညွှန်ကြားသည့်အတိုင်း လိုက်နာပြုကျင့်ခဲ့ပါမူ ဆင်းရဲအပေါင်းကို လွန်မြောက်နိုင်မည်ကား မလွဲ။ ဤကဲ့သို့ ဆင်းရဲအပေါင်းကို လွန်မြောက်နိုင်မည့် အကြောင်းကို အခြေပြု၍ **"ဘာလဲဟဲ့ လောကစံ"** ဟု စာအုပ်အမည်ကို မှည့်ထိုးရခြင်းဖြစ်ပေသည်။





ထိုင်၍စဉ်းစားရုံ စဉ်းစား၍ ကိုယ်ထိလက်ရောက် မလုပ်ချင်သူများ စာဖတ်ရုံနှင့် ဆင်းရဲအပေါင်းကို လွန်မြောက်လိမ့်မည်ဟု ထင်တစ်လုံးနှင့် နေကြသူများ၊ လုံ့လမစိုက်ထုတ်လိုသူများအတွက် ဤစာအုပ်သည် အလျဉ်းမသင့်လျော်ပေ။

ဤစာအုပ်အတွင်း၌ ရေးသားပါရှိသည့် အညွှန်းများအတိုင်း တကယ်တမ်းလိုက်နာ ပြုလုပ်မည်ဆိုခဲ့ပါလျှင် ထိုနည်းမှန် လမ်းကောင်းတို့သည် ကျွန်ုပ်အား အသွေးအသားပမာ တန်ဖိုး မဖြတ်နိုင်အောင် ကျေးဇူးများသကဲ့သို့ သင်တို့၌လည်း တကယ်တမ်း ကျေးဇူးခံစားရလိမ့်မည်ဟု ရဲဝံ့စွာ တာဝန်ခံလိုက်ပါသည်။

မောင်ထွန်းလှ

ဩဂုတ်လ ၁၉၃၅

# ဒုတိယနှိပ်ခြင်း

'ဘာလဲဟဲ့ လောကစံ'ကို ထပ်မံနှိပ်ဘဲ ထားခဲ့သည်မှာ ၁၅ နှစ်ကျော်မျှ ရှိခဲ့ပါပြီ။ အများတောင့်တချက်အရ ယခုမှ ထပ်မံနှိပ်ရခြင်း ဖြစ်ပါသည်။

သတ်ပုံ သတ်ညွှန်းနှင့် စကားအသုံးအနှုန်း အနည်းငယ်ပြင်ခြင်းမှတစ်ပါး ပထမနှိပ်ထားသော မူအတိုင်းပင် ဖြစ်ပါကြောင်း။

မောင်ထွန်းလှ

၂-၁၀-၅၁



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အခန်း ၁

## ဗျာများခြင်း

[ ၁ ]

လောက၌ ဆင်းရဲရောက်ရခြင်း၏ အကြောင်းရင်းမူလဇစ်မြစ်တို့သည် အောက်ပါအတိုင်း အကျဉ်းမျှ ဖြစ်ကြလေသည်။

၁– ငွေကြေးရှားပါးခြင်း
၂– အသိအလိမ္မာဉာဏ်ပညာ နည်းပါးခြင်း
၃– သင့်တင့် လျောက်ပတ်သော အခွင့်ကောင်းအခါကောင်း နည်းပါးခြင်း
၄– နှောင့်ယှက်မည့်သူ ပေါများခြင်း
၅– ကုန်ကူးသန်းရောင်းဝယ်ရေး ညံ့ဖျင်းခြင်း
၆– အပြိုင်အဆိုင် ပေါများခြင်း
၇– မိမိကိုယ်တိုင် ညံ့ဖျင်းခြင်း
၈– အိမ်တွင်းရေးရာ ရှုပ်ထွေးခြင်း
၉– မကျန်းမာခြင်း
၁၀– တွေဝေထိုင်းမှိုင်းခြင်း

လောကကြီး၌ လူတိုင်းဗျာများရပေလိမ့်မည်။ စိတ်ပူပင်ရပေလိမ့်မည်။ ပိုက်ဆံကြေးငွေချမ်းသာလျှင် ဗျာမများရ၊ မပူပင်ရ ဟု အချို့ထင်မြင်တတ်ကြ၏။ စင်စစ် ပိုက်ဆံကြေးငွေကြွယ်ဝခြင်း မကြွယ်ဝခြင်းသည် အကြောင်းရင်းမဟုတ်။ ကြွယ်ဝချမ်းသာသူတို့





၌လည်း ၎င်းတို့ အထိုက်အလျောက် စိတ်ဆင်းရဲ ပူပင်ရသည်သာပင်။

ပူပင်များရခြင်း၏ အကြောင်းရင်း မူလလက်သည်ကား မိမိပင်ဖြစ်ပေ၏။ ဘာကြောင့် ပူပင်ရသလဲ။ မိမိကိုယ်ကပူပင်ချင်၍ ပူရ၏။ ဥပမာ ပုံစံတစ်ခုဖြင့် ရှင်းစေအံ့။ ။အလွန်ချစ်ခင်ရင်းနှီးသော ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် ဘဝတစ်ပါးပြောင်းသွားသောအခါ ကျန်ရစ်ခဲ့သော ဆွေမျိုးပေါက်ဖော် အပေါင်းအသင်း မိတ်သင်္ဂဟတို့မှာ မျက်ရည်မစဲ ငိုပွဲဆင်ကြစမြဲ၊တမ်းတကြစမြဲ။သို့သော် တရားသဘောပြည့်နေသူတို့၌ ဤကဲ့သို့မဟုတ်။ တရားနှင့်သာဖျော်ဖြေကာ မေ့လျော့နေကြ၏။ သွားလေသူကိုမချစ်၍မဟုတ်။ တကယ်ချစ်၏၊အဟုတ်ချစ်၏။ ဤကား လူတစ်စု၌ ပူဆွေးစေသည့် အရေးသည် အခြားလူတစ်စု၌ နှောင်တဖြစ်စေ၏။ ပထမလူစု၌လည်း ချစ်ခင်သူတစ်ဦးဆုံးခဲ့လေပြီ။ ဒုတိယလူစု၌လည်းချစ်ခင်သူ တစ်ဦးဆုံးခဲ့လေပြီ။ ချစ်သူသေဆုံးသည်မှာ အတူတူ။ သို့သော် ယူဆပုံမတူကြပေ။ တောင်နှင့်မြောက်ဖြစ်နေပေ၏။ ထိုနည်းအတူ စိတ်ဆင်းရဲသည်မှာ မိမိဘာသာ ဆင်းရဲအောင်လည်း ပြုနိုင်၏။ မဆင်းရဲအောင်လည်း နေနိုင်၏။ ထိုကြောင့် မိမိသာလိုရင်းဖြစ်သည်မှာ ထင်ရှားနေတော့၏။

တစ်ဖန်လောကီဘုံသားချင်း ကြည့်ပြန်က များသောအားဖြင့် မိန့်သောသူတို့သည် ဝသောသူတို့ထက် ငိုမို၍ စိတ်ဆင်းရဲခြင်း၊ ပူပင်ခြင်းများတတ်ကြ၏။ ဤသို့စိတ်ဆင်းရဲအောင် နေသဖြင့်လည်း ငြီးငြူနေခြင်းဖြစ်၏။ ယောကျ်ားများထက် မိန်းမသားများက ပိုမို စိတ်ဆင်းရဲတတ်ကြ၏။ ပူပင်တတ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ပူပင်ဆင်းရဲခြင်းကို ဘယ်နည်းဖြင့် ပျောက်ကင်းအောင် လုပ်ရပါအံ့။

ကိန်းသေပျောက်မည့်နည်းကား မရှိသည်ကို ဝန်ခံပါ၏။ သို့သော် လေးနက်စွာ လိုက်နာပြုလုပ်ခဲ့လျှင် လက်နှင့်ယူပစ်သလို ပျောက်နိုင်သောနည်းမှာ ....... ရှေးဦးစွာ ခဲတံတစ်ခုနှင့် စာရွက်တစ်ရွက်အနားဌ် အသင့်ထား။ အမြဲအဆင်သင့်ထား။ အနည်းငယ်ဖြစ်စေ၊ ပြင်းထန်စွာဖြစ်စေ မိမိစိတ်ကိုဆင်းရဲ ပူပင်စေတတ်သော အကြောင်းအရာလုံးစုံကို စာဖြင့်ရေးမှတ်ထားလိုက်ပါ။

ညဦးက နာရီနှိုးစက် သံပတ်ပေးထား၍ အချိန်ကျသောအခါ နှိုးစက်မြည်သည်ကို စိတ်ဆင်းရဲမိသလား၊ စာရွက်ပေါ်မှာ မှတ်ထားလိုက်ပါ။

ထမင်းစားနေစဉ် ငါးရိုးစူးသဖြင့် စိတ်ဆင်းရဲမိသလား၊ မှတ်ထားလိုက်ပါ။

လုံချည်ပေါ်သို့ လက်ဖက်ရည်ဖိတ်ကျ၍ စိတ်ဆင်းရဲမိ သလား။

ကျောင်းနောက်ကျမည်စိုး၍ ပူပင်မိသလား။

အလုံးစုံတို့ကို ကုန်စင်အောင် မှတ်သား၍သာ ထားပါ။ နောက် အေးအေးဆေးဆေးရှိသောအခါ မိမိစိတ်ဆင်းရဲမိသရွေ့ကို သေသေချာချာ တစ်ခုစီ ခရာစေ့တွင်းကျ စိစစ်ပါ။ ဘာမဟုတ်၊ သေးမွှားသည့် အရာကလေးများအတွက် စိတ်ဆင်းရဲမိသမျှတို့ကို ခဲတံဖြင့် ခြစ်ဖျက်ပစ်လိုက်ပါ။ ခြစ်ပြီးသောအခါ စာရွက်ကို ပြန်ကြည့်ပါ၊ များသောအားဖြင့် မခြစ်ဘဲ ချန်လှပ်ထားသည့် အရာဟူ၍ ပြေးရှာရမလောက် တွေ့ရပါလိမ့်မည်။





[ ၂ ]

ပူပင်တတ်ခြင်း၊ စိတ်ဆင်းရဲတတ်ခြင်းသည် မိမိဌ် ဘိန်းစွဲသော ဘိန်းစားသဖွယ် အစွဲကြီးနေသည်ကို တွေ့မြင်ရပေလိမ့်မည်။ ဤအစွဲကြီးကို နိုင်နိုင်နင်းနင်း သုတ်သင်ရပေလိမ့်မည်။ ဤကိစ္စသည် မလွယ်လှသော်လည်း တတ်နိုင်ပါ၏။

လောကဌ် မကြီးပွားလိုသူတို့အတွက် ဤအစွဲကြီးကို ဖြုတ်ရန်မလို။ ဖြုတ်လည်း ဖြုတ်လိမ့်မည်မထင်။ ကျောင်းသား၊ စာရေး၊ စာချီ၊ ကုန်သည်၊ လယ်လုပ်၊ ရာထူးရာခံကြီးများ၊ သားနှင့်သမီး၊ အဖေနှင့် အမေများ အားလုံးပင် ဤအစွဲကြီးကို ပြတ်အောင် ဖြတ်ပစ်ရမည်။

'လောကကြီးမှာ စိုးရိမ်ခြင်းသည် မကောင်း၊ ပူပင်ခြင်းသည် အလကား၊ စိတ်ဆင်းရဲခြင်းသည် အကျိုးမရှိ' ဟု ပါးစပ်ကပြောလေ့ ပြောထရှိကြကုန်၏။ သို့ပါသော်လည်း စိုးရိမ်နေကြ စိုးရိမ်နေစမြဲ၊ ပူပင်ငြမြဲ။ ပါးစပ်ပြောသာရှိကြ၏။ စိတ်ဌ် တကယ်မရှိ၊ ရှေးကလည်း၊ ယခုကဲ့သို့ပင်။

ဇာတ်တော်ဌ် ဘုရားအလောင်း၏ မိခင် သေဆုံးသော်လည်း ဘုရားအလောင်းမှာ အလုပ်ကိုသာ လုပ်မြဲကိုင်မြဲ လုပ်ကိုင်နေသည်ကို လူတကာတို့ ကဲ့ရဲ့ရှုံ့ချခြင်း ပြုကြကုန်၏။ ထိုအခါမှဘုရားအလောင်းက ပူပင်နေခြင်း၏ အကျိုးတစ်ကွက်မျှ မရှိရုံသာမက အကျိုးယုတ်ပုံတို့ကို အကျယ်တဝင့် ဟောပြောရဖူးလေသည်။ သံသရာအတွင်း ကျင်လည်နေကြကုန်သော သတ္တဝါအပေါင်းတို့ဌ် ကိလေသာရောဂါကြီး စွဲသကဲ့သို့ ခိုင်ခိုင်မြဲမြဲ စွဲလမ်းနေသည့် ဤပူပင်ခြင်းကို လွယ်လွယ်



www.burmeseclassic.com

www.burmeseclassic.com



ကူကူနှင့် မဖြတ်တောက်နိုင်သည်ကိုကား ဝန်ခံပါ၏။ သို့သော်အသိဉာဏ်ကို အနည်းငယ်သုံးခဲ့ပါမူ မအောင်မြင်နိုင်ရာ အကြောင်းမရှိပေ။

ပူပင်သောက ရောက်ခြင်းကို သေချာဂန စိစစ်လိုက်မည်ဆိုလျှင်၊ သုံးမျိုးသုံးစားထွက်လာပေလိမ့်မည်။

၁ – တကဲ့တကယ်ပူပင်စရာများ

၂ – အသေးအမွှားကလေးများအတွက် ပူပင်စရာများ

၃ – နောင်ရေးအတွက် ပူပင်စရာများ

၁ – အမှတ်အတွက် စိုးရိမ်ပူပင်သည်ကို ခွင့်လွှတ်နိုင်ပါသေး၏။ သို့သော် မပူပင်နိုင်က သာ၍ကောင်း၏။ ဥပမာ မိမိ၏ချစ်ခင်လှစွာသော သူတစ်ဦးတစ်ယောက် ဆင်းရဲခြင်းဖြစ်နေသည်ဟူ၍လည်းကောင်း၊ သေဆုံးသည်ဟူ၍လည်းကောင်း သတင်းကြားသောအခါ လောကီဘုံသားတို့မည်သည် ပူပင်ကြမည်ကားအမှန်။ သို့သော် ပူပင်ခြင်းကို လျှော့နိုင်သလောက် လျှော့အောင်ကြိုးစား၍ လျှော့အောင် ကြိုးစား၍ လျော့ပေါ့စေရမည်။

အမှတ် ၂ နှင့် ၃ အတွက်ကား ပူပင်စရာမလို

တကဲ့ ဆင်းရဲခြင်းနှင့် တွေ့ကြုံလာသည့်အခါ စိတ်ကိုအေးသည်ထက် အေးဆေးအောင်ထား၍ 'ငါသည် ဤဆင်းရဲခြင်းမှ ဘယ်ကဲ့သို့ လွန်မြောက်အောင် ကြိုးစားရပါအံ့'ဟု နှလုံးပိုက်ပြီး ကြိုးစား၍ ပြုလုပ်ဖို့သာ လမ်းရှိပါလျှင်၊ ပူပင်နေစရာလိုပါသေးသလား။ မလို၊ တကဲ့ကိုမလို။ လွတ်မြောက်မည့်နည်းကိုသာ ကြံဆဖို့လို၏။

အသေးအမွှားများနှင့် နောင်ရေးအတွက်၊ ပူပင်နေခြင်းကို





မဖြတ်တောက်နိုင်ဟု ထင်ခဲ့ပါလျှင် ဤစာကို ဆက်လက်မဖတ်ပါနှင့်တော့။ မိတ်ဆွေအတွက် ဤစာကို ရေးသားသည်မဟုတ်၊ အသေးအမွှားတို့ကိုမှ မိမိက မအောင်မြင်နိုင်ပါက တကဲ့တကယ်ကြီး ကျယ်သည့် ဆင်းရဲအပေါင်းသည် မိမိအား ရုပ်သေးပမာ ကြိုးဆွဲတော့မည်ဟု တထစ်ချ ပုံသေမှတ်ပါတော့။

အလုပ်များများ လုပ်ရခြင်းကလည်း မိမိကို စိတ်ဆင်းရဲစေမည်မဟုတ်။ စိတ်ကူးဉာဏ်ထုတ်ရ၍လည်းစိတ်ဆင်းရဲစေမည်မဟုတ်စင်စစ် မိမိ၏စိတ် အသို အထား အခြေမကျ၍သာ လူတို့သည် ဆင်းရဲခြင်းရောက်လျက် ပူပင်ကြရခြင်းဖြစ်ကြ၏။ စိတ်သာလျှင် လိုရင်းအချုပ်ဖြစ်သည်ကို ဗုဒ္ဓရှင်တော ဟောမြွက်ခဲ့သော်လည်း ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် သိလျက်နှင့် စိတ်ကိုမပြင်ကြ၊ ပြင်ရန်လည်းအားမထုတ်ကြကုန်။ အသိခေါက်လျက် အဝင်နက်ဘိ၏ တကား။ ကြော် စက်ဆုတ်ဖွယ်ရှိပေစွ။ ။

မြန်မာအမျိုးသားတို့၏ အိမ်များသို့ လိုက်လံ ကြည့်ရှုပါလျှင်၊ အချို့သောလူကြီးများသည် သနားမဖက်၊ ရက်စက်စွာဆူ ပူမောင်းမဲ၍သာ နေတတ်ကြသဖြင့် အိမ်၌ နေထိုင်ကြကုန်သော လူငယ်တို့မှာ မနေတတ် မထိုင်တတ်၊ အလိုလိုစိတ်မလုံ အလိုလို စိတ်ဆင်းရဲအကြောင်းမဲ့ စိတ်မကောင်းဖြစ်ကာ သတိနှင့်သာ အမြဲနေကြရ၏။ မိဘလုပ်သူတို့သည် ၎င်းတို့ ငယ်စဉ်က လွတ်လွတ်လပ်လပ်နေထိုင်ခဲ့ရသည်များကို သတိမထား၊ ကိုယ်ချင်းမစာဘဲ 'ခြေနင်းကကြမ်းလိုက်တာ' 'စကားကျယ်ကျယ် မပြောပါနဲ့' 'အို ရယ်လိုက်တာ ဝါးလုံးကွဲသလိုဘဲ' အစရှိသဖြင့် နေရာတကာ၌ အပြစ်ဖို့ လေ့ရှိကြကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုလူကြီးများ ကြီးကြပ်အုပ်ထိန်း၍ ကြီးပြင်းလာသောလူငယ်စုတို့မှာ များသောအားဖြင့် အသိဉာဏ် မပွင့်လန်းဘဲ လောကကြီး၏ အခက်အခဲတို့နှင့် ရင်ဆိုင် တိုက်ခိုက်ရန်ကြောက်ရွံ့၍ နေတတ်ကြလေ၏။ မိမိ၏ သားငယ်၊ မောင်ဖွား၊ တူ တူမတို့ ကြီးပြင်းလာသောအခါ လူမှုလူရာတွင် အရေးရောက် ခရီးပေါက်စေလိုလျှင်၊ ကလေးတို့ဘာဝ အရေးမယူလောက်သည့် မြူးထူးပျော်ရွှင်ခြင်းများကို တားမြစ်ခြင်းငှာ အလျဉ်းမသင့်တင့်ပေ။

[ ၃ ]

နေအိမ်သည် လောက၌ ပျော်စရာ အဆောက်အဦတစ်ခုဖြစ်စေရမည်။ အိမ်သည် နတ်ပြည်နှင့်မခြား ဖြစ်စေရမည်။ လူငယ်တစ်စုကို မေးမြန်းကြည့်၍ သိရသည်မှာ အိမ်သို့ ကပ်ရမှာပင် အလွန်ကြောက်ရွံ့ဟန်ရှိ၏။ ဤသို့ နေ့ဆူ ညပူ လုပ်နေခြင်းအားဖြင့် လူငယ်များ လိမ်မာလာလိမ့်မည် အထင်ရှိသော လူကြီးမိဘတစ်စုတို့သည် ၎င်းတို့ကလေးများ အရွယ်ရောက် လူလားမြောက်လာသောအခါ လူတကာနှင့် ပခုံးချင်း ယှဉ်၍ပြိုင်ကာ အလုပ်လုပ်ရသည့်အခါ အောက်ကျ နောက်ကျ ညှဲ့ဖျင်းနေမည်ကို မြော်မြင် စဉ်းစားဖို့သင့်လှပေ၏။

အနောက်နိုင်ငံများ၌ ယခုအခါ လူငယ်များကို အရေးပေးနေလေပြီ။ လွတ်လွတ်လပ်လပ် အခွင့်အရေးပေးထားသည့် အားလျော်စွာ ကြီးပြင်းလာသောအခါ ထိုလူငယ်တို့သည် ၎င်းတို့ စိတ်ကူးရှိသလို ကောင်းသည်ထင်သရွေ့ကို ရဲဝံ့စွာ စွန့်စွန့်စားစား ပြုလုပ်ဝံ့သည့်အတွက် ကမ္ဘာတလွှား ဘယ်လောက်များ ထင်ရှားကျော်ကြားနေကြ





သည်ကို သတိပြုအပ်လှစွာ၏။

လူကြီးများက သိသင့်ပါလျက် မသိဘဲ မျက်စိစုံမှိတ်ပြီး လူငယ်များ စိတ်သောကရောက်အောင် ပြုလုပ်ကြသည်ကို မတတ်နိုင်။ လူကြီးများကသာ ပြုပြင်ဆင်ခြင်ဖို့ တာဝန်ရှိပေတော့သည်။

အများအားဖြင့် ဒုက္ခအနည်းဆုံး ရှိသူသည် အပူပင်ဆုံးဖြစ်၏။ ဤကား ဓမ္မတာတွာကြီးလိုလို ဖြစ်နေတော့၏။ စိတ်ကိုအလုပ်များများ ပေးနေရသူ အလုပ်ကြီးသမားတို့မှာ အသေးအမွှားတို့ကို အရေးထား အလေးပြု၍ မနေအားဘဲ လျစ်လျူရှုနေကြရစမြဲ ဖြစ်လေသည်။

တစ်နေ့ တစ်ပဲနှစ်ပြား ရောင်းစား၍နေသော ပဲပြုတ်သည် ဗျတ်ထိုးခေါင်းရွက်သည်သည့် လုပ်ငန်းဆောင်တာ ကြီးကြီးကျယ်ကျယ် သိန်းသန်း များစွာချိ၍ ရောင်းဝယ် ဘောက်ကားပြုလုပ်နေသော သူဌေးကြီးများထက် ပိုမို၍ ပူပင်တတ်ကြသည်ကို သတိထားကြည့်သူတိုင်း သိနိုင်ကြပေလိမ့်မည်။

ဘယ်အကြောင်း ဤလိုဖြစ်ရသနည်း။

လူတို့သည် မိမိတို့ကိုယ်ကို တကယ်အရေးရောက်သူ၊ ကြီးကြီးကျယ်ကျယ် လူဟူ၍ ထင်တတ်ကြ၍ ဖြစ်ရပေ၏။

အဆံပြည့်၍ အသီးမှည့်နေသော စပါးပင်သည် အောက်သို့ ကိုင်းညွတ်၍နေဘိသကဲ့သို့ တကယ်တမ်းချမ်းသာပြီး ကြီးကြီးကျယ်ကျယ် အလုပ်ကြီးတို့ကို လုပ်ကိုင်နေသော သူတို့မှာ ဓိဓာချဲ့၍ မနေကြကုန်။ အနုတ်စုတ် ဂုတ်စုတ်အလုပ်ကို လုပ်ကိုင်နေရသူတို့မှာ မဟုတ်သည့်နေရာများ၌ မချဲ့တန်ရာဘဲ ချဲ့နိုင်သရွေ့ ချဲ့တတ်လေ့ရှိသည့်အတိုင်း လူ့သူလေးပါးအရှေ့တွင် 'ဘယ်လိုက ဘယ်ဟာဘဲ'



www.burmeseclassic.com

www.burmeseclassic.com



စသဖြင့် ညည်းညူပြောဆိုတတ်ကြ၏။

ပထမ၌ ကြွားလုံးကလေးထုတ်လို၍ ဟန်ဆောင်ကာညည်းညူလိုက်သော်လည်း နောင် ထိုအကျင့်ဆိုးကြီးသည် ဘိန်းစား ဘိန်းစွဲသည်ထက် စွဲ၍နေတတ်ကြ၏။

ဤစကားသည်မှန်၏။ညည်းညူခြင်းသည် အမင်္ဂလာဖြစ်၏။ သို့စင်လျက် လူတို့သည် ပရိသတ်အားကောင်းလေလေ မိမိတို့၏ ပူပန်သောကများကို တဂုဏ်လုပ်ကာ ပြောဆိုလေလေဖြစ်နေတော့၏။ ဩော် များလေစွ၊ များလေစွ။

ပူခြင်း၊ ပင်ခြင်းများသူမှာ အမြင်အားဖြင့် ကိုယ်လက်အင်္ဂါကျန်းမာ သန်စွမ်းသော်လည်း စိတ်တွင်းရောဂါမှ ကင်းကြမည်မဟုတ်။ စိတ်ထောင်း၍ ကိုယ်ကြေဖြစ်ပြီး တစ်ဖြည်းဖြည်း ကိုယ်လက်အင်္ဂါတို့ မအီမသာ မလှုပ်ချင် မကိုင်ချင်ဖြစ်၍ လာပေလိမ့်မည်။

စိတ်အတွင်း အပူဖမ်းနေသူမှာ ဘယ်နည်းနှင့်မှတကယ် အဖိုးတန်သော ဆုံးဖြတ်ချက်တို့ကို ချမှတ်နိုင်လိမ့်မည် မဟုတ်။ အလွဲလွဲအချော်ချော် ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေလိမ့်မည်သာ။

ကြီးပွားနေသော ကမ္ဘာ့သူဌေးကြီးတို့ကို ကြည့်ခဲ့လျှင် ထိုသူများသည် ပူပင်ခြင်း အနည်းဆုံးသောသူများ ဖြစ်ကြလေသည်။ ဆင်းရဲသားများသာလျှင် ပိုမိုပူပင်တတ်ကြ၏။

အချို့က သူဌေးများ၌ ပိုက်ဆံရှိ၍ ပူပင်စရာမရှိဟု စောဒက တက်ကြပေလိမ့်မည်။ စင်စစ် ဆင်ခြင်ပေးချက်သည် အဟုတ် မဟုတ်။ အကယ်၍ ကမ္ဘာ့သူဌေးကြီးတို့သည် ပူပင်တတ်မည် ဆိုခဲ့ပါလျှင် ၁၀ မိနစ်အတွင်း မရဏသဘော ရွေ့ကြလျာကြမည်ကား





မလွဲပေ။

ကမ္ဘာ့သူဌေးကြီးများ၌ ပူပင်စရာတို့သည် အသေချာနှင့်အနန္တ။ သို့သော် ၎င်းတို့သည် မပူပင်တတ်။ မပူပင်တတ် သဖြင့်သူဌေးကြီးများ ဖြစ်လာခဲ့၏။ ဌေး၍ မပူပင်သည်မဟုတ်။

မှတ်သားသင့်သည့် အချက်တစ်ခုမှာ စိတ်သောကများနေသော အခါဖြစ်စေ၊ မိမိကိုယ်ကို မိမိ အယုံတရား အားကိုးအားထားခြင်း မရှိဘဲ ရွံ့သလိုလို ကြောက်သလိုလို ဖြစ်နေသည်ဖြစ်စေ၊ စိတ်ပျက်၍ နေသည့်အခါဖြစ်စေ ဤအတောအတွင်း၌ အရေးကြီးသော ဆုံးဖြတ်ချက်တို့ကို အဆောတလျင် ဆုံးဖြတ်ခြင်း မပြုလုပ်ပါနှင့်။

ထိုအခါမျိုး၌ ဆုံးဖြတ်ချက် တစ်ခုခုချမှတ်လိုက်ပါက များမကြာမီ အမှားများ၍ နောင်တကြီးစွာ ရပေလိမ့်မည်။ သို့ဖြစ်၍ ထိုအခါမျိုး၌ ဤလူသည် လုံးလုံးလျားလျား ကျန်းမာသည်ဟု မဆိုအပ်၊ အမှန်အားဖြင့် ကျန်းမာသည်လည်း မဟုတ်။ စိတ်တွင်း အဖျားရောဂါစွဲကပ်နေသည်ဟု ဆိုရချေမည်။

စိတ်အနှောင့်အယှက် ခဏတစ်ဖြုတ် ဖြစ်နေစဉ် ဆုံးဖြတ်ချက် ချမိသည့်အတွက် ဒုက္ခရောက်ဖူးသူများလည်း မရေတွက်နိုင်။

လူသတ်မှုများ၊ မိမိကိုယ်ကို မိမိသတ်သေသူများ၊ ကြိုးဆွဲချသေခြင်းများ၊ ရေထဲသို့ ဆင်းသေခြင်းများ အစရှိသဖြင့် များလှစွာ ဆိုးရွားသည့် အမှုများဖြစ်ပွါးရသည်မှာ စိတ်အနည်းငယ် ထိုင်းမှိုင်းတွေဝေနေစဉ် သတိတရားမယှဉ်နိုင်ဘဲ ဖြစ်ပွါးရခြင်း ဖြစ်ပေသည်။ ဤအမှုများကို ထိုအချိန်အခါအတွင်း မပြုလုပ်ဘဲ ရက်သတ္တပတ် အနည်းငယ်မျှ ဆိုင်းငံ့ထားပါက ဤကဲ့သို့ရှုံ့ချဖွယ် ကောင်းလှသည့် အမှုအခင်းများကို များသောအားဖြင့် ပြုလုပ်ဖြစ်လိမ့်မည် မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ကိုယ်တိုင် စိတ်ညစ်ခြင်း ဖြစ်နေသောအခါ အရေးကြီး အရာရောက်သည့် လုပ်ငန်းဆောင်တာများကို ခေတ္တရပ်ထား၍ စိတ်ကို ရွှင်လန်းစေသည့် ပွဲလမ်းသဘင်များသို့ သွားရောက်ကြည့် ရှုသော်လည်းကောင်း ကြည့်ရှု၏။ စိတ်ကိုတက်ကြွစေသည့် စာရွက် စာတမ်း စာအုပ်များကိုသော်လည်းကောင်း ဖတ်ရှု၏။ သို့နှင့်စိတ်ညစ် ခြင်း မပျောက်လွင့်သော် အပြင်သို့ လမ်းထွက်၍ လျင်မြန်စွာ လျှောက်လေ့ရှိ၏။

လမ်းလျှောက်ခြင်း၏ အကျိုးကို မသိကြသူများပေါ၏၊ အနောက်နိုင်ငံတို့၌ လမ်းလျှောက်ခြင်း၏ အကျိုးကိုကောင်းစွာ သိကြ၍ အကျိုးကျေးဇူး ခံစားရသည် ဖြစ်ကြကုန်၏။

လမ်းလျှောက်ခြင်းသည် ပိုက်ဆံ အကုန်နည်းပါး၍ လူကို လည်း ကျန်းမာစေ၏။ အစားကြေစေ၏။ ၎င်းအကျိုးတို့ကို သိသဖြင့် မြတ်စွာဘုရားသည် လမ်းလျှောက်ခြင်း၏ ကောင်းကျိုးများကို အကျယ်တဝင့် ဟောပြောလေ့ရှိ၏။

နောင်တစ်ကြိမ် သင့်၌စိတ်ပူပင်ခြင်း ဖြစ်ခဲ့ပါလျှင် လေကောင်း လေသန့်ရသည့် လဟာပြင်သို့ ထွက်လမ်းလျှောက်ကြည့်စမ်းပါ၊ လမ်းလျှောက်သောအခါ ဖြည်းဖြည်းမလျှောက်ဘဲ ခတ်သွက်သွက် လျှောက်ပါ။ သို့ လျင်မြန်စွာလျှောက်သောအခါ ဘယ်ကိစ္စကိုမျှ သတိမရနိုင်တော့ဘဲ စိတ်ညစ်ဖွယ် အကြောင်းတို့လည်း အလိုအ လျှောက် ကြွက်ပျောက် ငှက်ပျောက် ပျောက်လွင့်ကုန်ရတော့သတည်း။

မယုံလျှင် စမ်းကြည့်ပါ။ လောက၌ လူတို့သည် လွယ်ကူ သည့်အရာတို့ကို အလေးဂရုမပြု၊ မယုံကြည်တတ်ကြ၍ ဤမျှလောက် ဒုက္ခရောက်နေရခြင်း ဖြစ်ပေ၏။ လေကောင်းလေသန့်ကို ရှူသွင်းခြင်း





ရေသောက်ခြင်းတို့သည် လူကိုတကယ်တမ်း ကျန်းမာစေပါလျက် သို့ကလို လွယ်ကူသော အရာကလေးများကို မပြုလုပ်ကြ။ အဘယ့် ကြောင့်နည်း။ ဈေးပေါလွန်းလို့၊ လွယ်လွန်းလို့၊ ငွေကုန်ကြေးကျ မခံရလို့၊ ထို့အတူ လမ်းလျှောက်ခြင်းသည် စိတ်ညစ်ခြင်း ပပျောက် သည်ကိုလည်း ယုံမည်မဟုတ်၊ ပြောမယုံလျှင် ကြုံဘူးမှသိ ရအောင် စမ်းသပ်ကြည့်ပါ။ ဤကား ကျွန်ုပ်၏ ကိုယ်တွေ့ဆေးမြီးမီးတိုကြီးပင် ဖြစ်၏။

အချို့လူများသည် ကြိုးစားကဘုရားပင်ဖြစ်နိုင်သည် အစရှိ သဖြင့် ၈ ◌ ◌းများကို လက်ကိုင်ထား၍ တကုတ်ကုတ်တကပ်ကပ် လုပ်ကိုင်၍ နေ ◌တ်ကြ၏။ ကြိုးစားပုံမှာ အမျိုးမျိုး အစားစား ရှိသည်ကို သတိပြုပါကုန်။ ပညာဉာဏ် အတိုင်းအထွာကလေးနှင့် ချင့်ချိန်ကာ မှန်သော နည်းလမ်းကို အသုံးပြုမှသာလျှင် ကြိုးစား တိုင်း ဘုရားဖြစ်နိုင်ပေလိမ့်မည်၊

အလုပ်ကိုသာ တကုတ်ကုတ်လုပ်၍ အခြားပျော်ရွှင်မှု စိတ် ပြေလက်ပျောက်မှု မပြုလုပ် မလိုက်စားခြင်းသည် လောက၌ မဟာ အမှားကြီး မှားပေ၏။ ရံဖန်ရံခါ တစ်ရပ်တစ်ပါးသို့ အလည်အပတ် သွားပါ။ ရုပ်ရှင်ပွဲ ပွဲလမ်းသဘင်များလည်း သွားပါ။ သို့သော် အလွန်အမင်းလုပ်ရမည်ဟု မဆိုလို။ မည်သည့်အရာမျိုးမဆို တန်လျှင် ဆေး လွန်လျှင်ဘေး ဖြစ်တတ်ကြ၏။

ကျွန်ုပ်တို့ကဲ့သို့သော မထင်မရှားကို မဆိုထားဘိ။ ကမ္ဘာ့ အချေးဆုံးဖြစ်သူ 'ဖို့ဒ်'သည်။ဘယ်သောအခါမျှ အလုပ်က မိမိကို မနိုင်နင်းစေရ၊ သွားမြဲလာမြဲ၊ အလုပ်လည်း မပျက်၊နေ့စဉ်လမ်း လျှောက်သော ကျင့်ဝတ်ကိုလည်း မဖျက်။ကောင်းလှပေ၏၊ လိုက်



www.burmeseclassic.com

www.burmeseclassic.com



နှာ ဆောင်ရွက်ကြပါကုန်။

လွန်ခဲ့သော နှစ်များက ကျွန်ုပ်သည် အလုပ်လက်မဲ့ ပိုက်ဆံမရှိဖြစ်နေ၏။ ကုန်ကူးသန်းရောင်းဝယ်ရေး၌ အမြဲ စိတ်ပါခဲ့သည့်အတိုင်း အကြံဉာဏ် ကလေးရပါစေတော့ဟု လခတစ်ထောင်ကျော်ရနေသောလူကြီးတစ်ဦးထံ သွားရောက်၍ အကြံဉာဏ် တောင်းဖူး၏။

ထိုသူ၏ ပြောဆိုချက်များမှာ တစ်ကွက်မျှ အားရစရာ မရှိ၊ ယနေ့မနက်ဖြန် မြန်မာပြည်ကြီး ပျက်တော့မလို ပြောလိုက်၏။ ကုန်ကူးသန်းရောင်းဝယ် ပြုလုပ်လျှင် အရင်းပြုတ်၊ အခြေစုတ်ဘဝမျိုးဖြစ်၍ မရဏပြည်သို့ မြန်းရလိမ့်မည်ဟု ပြောလိုက်၏။ အင်းဟုတ်ပေစွ၊ ဟုတ်ပေစွ၊ အားတက်ဖို့ ကောင်းလောက်သည့် စကားပေကိုး။

ကျွန်ုပ်သည် သာမညပြောရုံနှင့် စိတ်မဆင်းရဲစဘူး မဆင်းရဲတတ်သူ။ ကျွန်ုပ်ပင် ထိုလူကြီးပြောသည့် စကားကြောင့် ချက်ချင်းမိမိကိုယ်ကို မိမိအစတုံးလိုက်ချင်ဘိ၏။ သို့သော် လုပ်ကားမလုပ်။ သတိဉာဏ်ဖြင့် မနည်းဖြေဖျောက်ယူရ၏။ ထိုလူကြီး၏ စကားများသည် ကျွန်ုပ်၏ စိတ်ကို လေး,ငါး ရက်လောက် နှောင့်ယှက်စေ၏။ ထိုနေ့ကစ၍ ယနေ့တိုင် ၎င်း၏ထံသို့ ကျွန်ုပ်မသွားတော့ချေ။ ။

လောက၌ စိတ်ညစ်စဖွယ် စကားများကိုသာ ပြောလေ့ပြောထရှိသူများသဖြင့် သတိနှင့်ကြည့်၍ ပေါင်းသင်းဆက်ဆံခြင်းကို ပြုလုပ်ကြပါ။ စေ့စေ့စပ်စပ် ရွေးချယ်ပေါင်းသင်းဖို့ကောင်း၏။ အားတက်စကား ပြောကြားညွှန်ပြသည့် မိတ်ဆွေကောင်းတို့ကို ထမင်းထုပ်နှင့်လိုက်ရှာ၍ ပေါင်းသင်းမိတ်ဖွဲ့ပါ။ မဟုတ်က ဟုတ်က အားတက်အောင် ပြောသူများကို မဆိုလို၊ မိမိနှင့်ပေါင်းသင်းမည့်





သူတို့သည် တကဲ့အားတက်လမ်းလည်း သိရမည်။

လောက၌ လူတစ်လုံး ဖြစ်လာသည်ကို အလွန်မြတ်သည်ဟု အောက်မေ့ကြပါ။ သာမညနှင့် လူဖြစ်လာသည်မဟုတ်။ လွယ်လွယ်ကလေးနှင့် လူ့ပြည်လောက၌ နေထိုင်နိုင်ကြရသည် မဟုတ်။ စိတ်အားတက်ဖွယ် အနတ္တမ၊ အသချေ့နှင့် အနန္တ၊ ရေတွက်မဆုံး၊ ရှာကြံ၍ အားတက်ကြပါ။ စိတ်ပျက်လို့မဖြစ်။ အကျိုးယုတ်မည်သာ။

[ ၄ ]

စိတ်ကို အမြဲတမ်းပျော်ရွှင်ကြွ၍ နေတတ်သူတို့က သတိမူဂရုပြုရန် သတိပေးစကား ပြောကြားခဲ့လျှင် အထူးသတိချပ်ပါ။ ထိုသူများသည် မြော်မြင် စဉ်းစားသူများ ဖြစ်ကြကုန်၏။

အမြဲတမ်း 'မဖြစ်နိုင်ပါဘူး' 'တယ်ဒုက္ခများတယ်' အစရှိသဖြင့် ပြောလေ့ရှိသူများ၏ စကားကို အလျဉ်းနားမထောင်ဘဲ သတိမမူပါနှင့်၊ ၎င်းတို့၏ စကားသည် အရည်အဖတ်မရှိ၊ အချည်းနှီး အဖိုးမတန်သည့်ပြင် အကျိုးယုတ်၏။

လုပ်ရဲကိုင်ရဲ ပြုလုပ်ပါက ရံဖန်ရံခါ မှားပေလိမ့်မည်။ မှားကား မှားစေ၊ မှား၍ကြောက်ရမည်မဟုတ်။ လောကတွင် ကြီးပွားချမ်းသာခြင်းမှာ အမှားများအပေါ်၌ အမြစ်တည်ရသည် မဟုတ်ပါလား။ အမှားရှိမှ အမှန်ရမည်မဟုတ်ပါလား။

ကျွန်ုပ် လုပ်ကိုင်သရွေ့ အလုပ်တိုင်းမဖြစ်နိုင်ဟု ပြောသူကများ၏။ စင်စစ် ယခုလက်ရှိ အလုပ်ပင်မရနိုင် မဖြစ်နိုင်ဟုဆိုကြ၏။ ယခု စာအုပ်ကိုရေးမည်ဟု တိုင်ပင်ကြည့်သောအခါလည်း 'မဖြစ်နိုင်တာကွာ' ဟု ပြောကြ၏။ ငွေကုန်လူပန်း အကျိုးမရှိဟု အဆဲပေး



www.burmeseclassic.com

www.burmeseclassic.com



ကြ၏။ သို့ပင်လျက် ဖြစ်နိုင်သည်ဟု ကျွန်ုပ်ထင်ခဲ့သည့်အတိုင်း ဤစာအုပ်ကို ရေးသားစီရင် ရိုက်နှိပ်ထုတ်ဝေခြင်း ဖြစ်ပေသည်။

လုပ်ငန်းတစ်ခုခုကို စိတ်ပါပါ လုပ်လိုက်ရခြင်းသည် လောက၌ အကြီးဆုံးသော ပျော်ရွှင်ခြင်းဖြစ်ပေ၏။ သို့သော် အမြတ်အစွန်းကို ပဓာနမပြု အလိုမရှိဟု မဆိုလို။ ဆိုလိုခဲ့လျှင်လည်း စင်စစ်ယုံမည်မဟုတ်၊ ဟုတ်ရာ မှန်ကြောင်းကို ဆိုသည်လည်း မမည်နိုင်။

ဤစာအုပ်ကို ရေးရသဖြင့် အမြတ်အစွန်း 'များစွာ'အလိုမရှိသည်ကား မှန်၏။ သို့သော် အမြတ်အစွန်းကိုတော့ အလိုရှိပါ၏။ ကိုယ့်အကျိုး၊ သူတစ်ပါးအကျိုး အတ္တ, ပရ နှစ်ဝစလုံးကို ပြီးစီးစေလိုသော မနသိဆန္ဒသာ များပါသည်။

ဤစာအုပ်ကို ဖတ်မည့်သူ ရှိလိမ့်မည် မဟုတ်ဟု ဆိုသူကမရှား။ ယခုသင်ကိုယ်တိုင် ဖတ်နေခြင်းကို ထောက်သဖြင့် ထိုသူတို့၏ စကားသည် မှားကြောင်း ထင်ရှားလျက်နေသည် မဟုတ်ပါလား။

ဤစကားကို သက်သက်ကြွားလို၍ ရေးရခြင်း မဟုတ်ပါ။ များသောအားဖြင့် လူအများ၏ ထင်မြင်ချက်များ မှားကြောင်းကို အမြဲနှလုံးသွင်းစေလို၍သာ ရေးလိုက်ရခြင်း ဖြစ်ပါ၏။ မိမိမှန်သည် ကောင်းသည် အယူရှိသည့် လုပ်ငန်းတို့ကို ရဲဝံ့စွာ လုပ်ကိုင်ပြုလုပ်ပါ။ တစ်နေ့နေ့ အမှန်ကျေးဇူးခံစားရပါလိမ့်မည်။

စိတ်ပျက်ခြင်း၏ အန္တရာယ်ကား အလွန်ကြီးမား၏။ တိုင်းပြည်၏ တိုးတက်ရေးကို တားမြစ်၏။ ဆုတ်ယုတ်စေ၏။ စိတ်မပျက်ဘဲ လုပ်ရဲကိုင်ရဲသော အနောက်နိုင်ငံသားများကို အားကျလုပ်ကြစမ်းပါ။ သတ္တိ ပြလိုက်ကြစမ်းပါ၊ လက်မှိုင်ချငေးနေ၍ အလုပ်မပြီး။ အဘယ်ကျေးဇူးရှိမည်နည်း။ မြန်မာပြည်ကြီး ဆုတ်ယုတ်သည်ကို မြင်လို





ပါသလား။ မကြည့်လို မမြင်လိုက စိတ်ပျက်ခြင်း တည်းဟူသော ဘေးအန္တရာယ်ကြီးကို ဖျောက်ဖျက်၍ ရဲရဲရင့်ရင့် ဖွံ့ဖွံ့စားစား လုပ်ကိုင်ကြပါကုန်။

လောကကြီး၌ စိတ်သာလျှင် ပဓာနဟု မြတ်စွာဘုရား ဟောထားသည်မှာ အလွန်မှန်၏။ မကြာမီ ငါသေမှာပဲဟု ထင်သောသူသည် များသောအားဖြင့် မကြာမီပင် သေရ၏။ ငါတော့ ကြီးပွားမှာ မဟုတ်ဟု အားလျော့သူသည် မကြီးပွားတတ်။

'ဘာလဲဟဲ့ လောကစံ'ဟု ကြိုးစား၍ အားခဲစမ်းပါ။ ထပ်တလဲလဲ ဆုံးရှုံးပျက်စီးစေကာမူ ထပ်မံ လုပ်လေ့ရှိသူများမှာ လောက၌ ကြီးပွားကြကုန်သည်သာ များ၏။ အို အာဇာနည်ယောကျာ်းကောင်းတို့ မြန်မာပြည်ကြီး၏ အားကိုးလက်ရုံး ဖြစ်ကြပါစေကုန်။ တွေဝေငေးမှိုင်မနေကြပါနှင့်၊ အလုပ်ကို လုပ်ကြစမ်းပါ။

တွေဝေထိုင်းမှိုင်းသူတို့သည် တိုင်းပြည်၏ ရန်သူကြီးများဖြစ်ကြလေသည်။ မိမိတို့၏ တိုင်းပြည်ကို ခင်တွယ်သူများမဟုတ်။ တစ်ယောက်မှတစ်ရား၊ တစ်စစနှင့် စိတ်ပျက်ခြင်းရောဂါသည် ကူးစက်နိုင်၏။ အနံ့အပြား ကူးစက်တတ်၏။ ဤကဲ့သို့သော လူများ မြန်မာပြည်၌ အနံ့အပြားရှိကြကုန်၏။ ဤလိုလူမျိုးလျော့သွားမည် ဆိုခဲ့ပါလျှင် မြန်မာပြည်ကြီးသည် နေ့ချင်းညချင်း တိုးတက်လာလိမ့်မည်ကား မုချမလွဲပင် ဖြစ်တော့သည်။

မည်သည့် အလုပ်မျိုးကိုလုပ်လုပ် စိတ်နေစိတ်ထားသာ ပဓာနဖြစ်ပေသည်။ ကူးသန်းရောင်းဝယ်ရေးသည် အလွတ်လပ်ဆုံး အလုပ်တစ်ခုဟု ဆိုစေကာမူ ထိုအလုပ်၏ တကဲ့လွတ်လပ်ရေး အရသာကို စိတ်ထားကောင်းသူများမှ ကောင်းစွာ သိမြင်နိုင်၏။ ထင်ရှားစေ



www.burmeseclassic.com

www.burmeseclassic.com



ဦးအံ့။

ကုန်သည်တို့သည် အများနှင့် သက်ဆိုင်ဆက်သွယ်နေရသဖြင့် အများတကာ့ အစေအပါးဟုဆိုက မမှားနိုင်ချေ။ လူများ၏ သည်းညည်းကိုလည်း အခံရဆုံးဖြစ်၏။ ဤကဲ့သို့ လူများ၏ အောက်ကျမခံလိုပါလျှင် ကုန်သည်အလုပ်ကို လုပ်ရန်မလို။ 'ဒါဖြင့် ဘာဖြစ်လို့ ကုန်သည်အလုပ်သည် အလွတ်လပ်ဆုံးဟု ဆိုရသလဲ'

အများနှင့်ဆက်ဆံနေရစေကာမူ မိမိ၏ အလုပ်ကို မလုပ်လိုက နေနိုင်၏၊ အနားယူလိုက ယူနိုင်၏ မလုပ်မနေရဟု ညွှန်ကြားပေးမည့်သူ မည်သူမျှမရှိ။ ၎င်းပြင် ကူးသန်းရောင်းဝယ်ခြင်းဖြင့် တိုင်းပြည်ကိုလည်း ကူညီရာရောက်၏။ ဤကိုထောက်သဖြင့် လွတ်လပ်သည်မည်၏။

ကုန်ကူးသန်းရောင်းဝယ်ရေးသည် အများနှင့် ဆက်သွယ်နေရသည်ကို သိပါလျက် ကျွန်ုပ်တို့ မြန်မာကုန်သည်တို့သည် ဟန်ပန်လေဟန် ထုတ်၍ နေတတ်ကြ၏။ အရင်းငွေအနည်းငယ်ကလေးဖြင့် ကြွားလုံးထုတ်ကြသည်က များ၏။ ၎င်းတို့၏ ကုန်တန်ဖိုး အားလုံးကို ရေတွက်လိုက်သော် တစ်သောင်းဖိုးမျှ မရှိသူကပင် မော်တော်ကားစီးလို၏။

ဤမျှမကသေး၊ မိမိကို ထမင်းကျွေး၍ သူဌေးဖြစ်အောင် လုပ်ပေးနေသော ကုန်ဝယ်သူများ၏ အပေါ်၌ပင် မာနကြီးထားလျက် နေတတ်ကြကုန်၏။ အနည်းငယ် စကားပြောမှားသွားလျှင် အထအနကောက်တတ်ကြ၏၊ သည်းခံခြင်း သဘောတရားမရှိ၊ မာနကြီးကုန်၏။

အနောက်နိုင်ငံသားတို့ ကြီးပွားသည်ကို သွားရည်ကများများ





ကျ၍ ပြောတတ်ကြ၏။ ထိုသူတို့ပြုလုပ်သကဲ့သို့ အတုယူ မပြုလုပ်ကြကုန်။ အနောက်နိုင်ငံသားတို့ ပြုလုပ်ပုံကို သိလိုက ဆိုင်ကြီးတစ်ဆိုင်အတွင်းသို့ ဝင်သွားလျှင် သိပါလိမ့်မည်။

'ရိုး'တိုက်ဆိုင်ကြီးသို့ ဝင်သွားသည်ဆိုကြပါစို့။ ဖိနပ်စီးပေးရခြင်းသည် အလွန်အောက်ကျသော အလုပ်ဖြစ်ပါလျက် လခတစ်ထောင်မျှရသော အင်္ဂလိပ်ကိုယ်တိုင် စီးပေးစမ်းပါဟု မပြောရဘဲ စီးပေးပါလိမ့်မည်။ တစ်ရံသဘောမကျလျှင် နောက်တစ်ရံ စသဖြင့် အမျိုးစုံအောင် စီးကြည့်ပါ။ မကြိုက်က မဝယ်ပါနှင့်၊ စိတ်ဆိုးလိမ့်မည်မဟုတ်၊ တကဲ့ကို အတုယူစရာပင်။

ကုန်သည် အလုပ်လုပ်ကိုင်သူ တိုးပွားလာမှသာ တိုင်းပြည်ကြီးပွားလာမည် ဖြစ်ပေ၏။ တိုင်းပြည်တစ်ပြည်၏ တိုးတက်ကြီးပွားစည်ကားမှုသည် ၎င်းတိုင်းပြည်၏ ကုန်စည်ကူးသန်းရောင်းဝယ်ရေးအပေါ်၌ အမှီသဟဲပြု၍နေ၏။ ကျွန်ုပ်တို့မြန်မာများလည်း ကူးသန်းရောင်းဝယ်ရေးကို မလိုက်စားပါမူ မြန်မာပြည်ကြီး၏ နောင်ရေးကို မတွေးဝံ့လောက်အောင် ရှိတော့၏။ ကူးသန်းရောင်းဝယ်ရေးကို လိုက်စားပါက စိတ်ဆိုးနေ၍ စိတ်ပျက်နေ၍ မဖြစ်။

'သည်းခံခြင်းသည် မြတ်၏၊ သို့သော် သည်းခံသင့်မှ သည်းခံရမည်' ဆိုသော စကားကို ယခုအခါများ၌ သုံးစွဲနေကြ၏။ ဤစကားသည် အခြားနေရာများတွင် မှန်သော်လည်း ကူးသန်းရောင်းဝယ်ရေး၌ အလျဉ်းမသင့်လျော်။ ဘယ်လိုနည်းနှင့်မဆို သည်းခံရမည်ဟု ကုန်သည်တိုင်း၏ စိတ်ဝယ် အမြဲနှလုံးသွင်းရပေမည်။

သည်းခံ၍ ပျော်ပျော်ရွှင်ရွှင် ရယ်ရယ်မောမော နှုတ်ခွန်းချိုသာစွာပြောဆို ရောင်းစားပါမည် ဆိုခဲ့လျှင် မကြာခင် ငွေကြေး



www.burmeseclassic.com

www.burmeseclassic.com



စမိ၍ သူဌေးတည်းဟူသောအမည် ဘွဲ့ထူးကို ခံနိုင်ပါလိမ့်မည်။ ယခုအခါ အရောင်းအဝယ် ညံ့ဖျင်းသည်မှန်၏။ ဒီခရီးဆိုက်နေလို့မှ ရောင်းဝယ်ရေးဘက်သို့ ဝင်ရောက်မကူညီဘဲ နေပါလျှင် ဘယ်အခါ သွားရောက် ကူညီပါမည်နည်း။

ကျွန်ုပ်တို့ မြန်မာများသည် အခါကောင်း ခေတ်ကောင်းစဉ်က အိပ်မောကျနေခဲ့၏။ ယခုတိုင် မနိုးသေး။ 'နှပ်'နေကာ ရှိသေး၏။ ဘယ်အခါမှ နိုးမည် မဆိုနိုင်။ မြန်မာများမနိုးမီ မြန်မာပြည်ကြီး၏ ကူးသန်းရောင်းဝယ်ရေးသည် လုံးလုံးလျားလျား နိုင်ငံခြားသားများ၏ လက်တွင်းသို့ သက်ဆင်းမည် စိုးရ၏။

ကူးသန်းရောင်းဝယ်ရေးသည် လွယ်လည်း လွယ်၏။ ခက်လည်း ခက်၏၊ ကြိုးစားသူတို့အဖို့ လွယ်၏။ ပျင်းသူတို့အဖို့ ခက်၏။ ကျွန်ုပ်တို့မြန်မာအမျိုးသားတို့သည် ကူးသန်းရောင်းဝယ်ရေးဘက်သို့ ဝင်ရောက် မလုပ်ကိုင်သည့်အကြောင်းကို ပြေးကြည့်လိုက်လျှင် အရေးမပါလှသည့် အသေးအမွှားကလေးများအတွက် စိတ်ပူပင်နေရမည်ကို စိုးရိမ်ခြင်းကြောင့် ဖြစ်၏။ အနာခံမှ အသာစံရမည်ဆိုသောစကားကို မေ့ကုန်ကြဟန်တူ၏။

[ ၅ ]

စိတ်တိုခြင်း၊ စိတ်ညစ်ခြင်း၊ စိတ်ပျက်ခြင်း၊ စိတ်ဆင်းရဲခြင်းတို့သည် မကျန်းမမာ၍ ဖြစ်တတ်ကုန်၏။ မြန်မာနေအိမ်များသို့ အလည်အပတ် သွားရောက်သောအခါ 'ခေါင်းကိုက်လိုက်တာ'၊ 'နေမကောင်းဘူး'၊ 'ဇက်လေးလိုက်တာ' အစရှိသဖြင့် မကျန်းမာခြင်းကိုပင် တစ်ဂုဏ်လုပ်၍ ပြောလေ့ရှိ ကြကုန်၏။

စင်စစ်မြန်မာတို့သည် အခြားပြည်သားတို့နှင့် စာခဲ့သော်





ကျန်းမာရေးဘက်၌ အလွန်နောက်ကျ၍ နေကြကုန်၏။ ကျန်းမာရေးနှင့် ပတ်သက်၍ အကြောင်းချင်းရာများကို အနည်းငယ်မျှမသိကြ။ မိမိကိုယ်ကိုမိမိ ကျန်းမာအောင် မနေတတ်ကြ။

စိတ်သာပဓာနဟု လက်ဦးက ဆိုခဲ့သည့်အတိုင်း မိမိစိတ်က မမာဘူးဟု ထင်လျှင် တကယ် မကျန်းမမာဖြစ်လာသည်ကို တွေ့ရပေလိမ့်မည်။ စိတ်ကို ရွှင်ရွှင်ပျပျထားပါ။ ပျော်ပျော်နေပါ။ အနည်းငယ်မျှ ဇက်လေးခြင်း၊ ခေါင်းကိုက်ခြင်းများကို အလေးမပြု၊ ဂရုမစိုက်ပါနှင့်။

အစားအသောက်ကို မှန်မှန်စားပါ။ ခဏခဏ စွတ်ကယ် စွတ်ကယ် မစားပါနှင့်။ အသားဖြစ်စေသည့် အစားကောင်းတို့ကိုသာ စားသုံးပါ။ ထမင်းစားပြီးသောအခါ ခေတ္တနား၍ နေပါ။ တစ်နေ့ကုန် တစ်နေ့ခန်း အလုပ်လုပ်ရသဖြင့်၊ တောင့်တင်းနေသည့် မိမိ ကိုယ်အင်္ဂါအစိတ်အပိုင်းတို့ကို မအိပ်ခင်တစ်ခါတည်း လုံးလုံး'ဖျော့' လိုက်ပါ။ အချိန်မှန်မှန် အိပ်ပါ။

ဤမျှသာ ကျန်းမာခြင်းဝါဒကို အကျဉ်းရုံးကာ ချုံး၍ ရေးလိုက်ပါသည်။ တစ်နေ့သာ မဟုတ်။ နေ့စဉ်နှင့်အမျှ ကျန်းမာရေးကို အထူးသတိပြုပါ။ လာဘ်တကာတွင် ကျန်းမာစွာနေရခြင်းတည်းဟူသော လာဘ်လာဘသည် အကြီးဆုံးဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည် မဟုတ်ပါလော။

ကျန်းမာခြင်းနည်းလမ်း ဥပဒေများနှင့် မဆန့်ကျင်ဘဲ နေခဲ့ပါလျှင် အသက် ၇၀ တိုင်အောင်အသက်ရှည်၍ နေနိုင်၏။ အသက် ၁၀၀ အထိ နေနိုင်ရန် မခဲယဉ်းလှ။

ကျွန်ုပ်တို့ မြန်မာများ၌ ချွတ်ယွင်းချက်တစ်ခု ရှိသေး၏။ ဤ



www.burmeseclassic.com

www.burmeseclassic.com



ကား အခြားမဟုတ်၊ အိမ်ရာထောင်မှုနှင့် သက်ဆိုင်သောအချက်ပင်ဖြစ်၏။ အိမ်ထောင်ခြင်း၊ သားမွေးခြင်းကိစ္စသည် လင်နှင့်မယားပျော်ပျော်ရွှင်ရွှင်၊ ကြည်ကြည်ဖြူဖြူ၊ ချစ်ချစ်ခင်ခင် နေထိုင်ရန် ဖြစ်၏။ သို့စင်လျက် မယားက လင်ကိုနိုင်ချင်၊ လင်ကမယားကိုနိုင်ချင်နှင့်။ တစ်ဦးကိုတစ်ဦး မည်သူကမှ အလျှော့မပေးဘဲ 'တင်း'၍ နေတတ်ကြ၏။ နေ့စဉ်နှင့်အမျှ တစ်ယောက်ကိုတစ်ယောက် 'စောင်' နေဘိ၏။

သို့နှင့် အိမ်ထောင်သားမွေးခြင်းကိစ္စမှာ စိတ်ချမ်းမြေ့ခြင်း မရှိနိုင်။ နေ့စဉ်နေ့တိုင်း စိတ်နှလုံး မချမ်းမြေ့သဖြင့် အကြံအစည်အလွဲလွဲ အချော်ချော် အထစ်ထစ် အငေါ့ငေါ့ဖြစ်၍ ငွေရလမ်း မဖြောင့်။ ငွေဝင်လမ်း မဖြူးသောကြောင့် တကဲ့ဆင်းရဲကြီးဆင်းရဲရတတ်လေသည်။

အိမ်ရှင်မက လိမ္မာ၍ လင်လုပ်သူက ညာတာပါမူ မကြီးပွားစရာမရှိ။ မြန်မာပြည်တွင် ဟိုးဟိုးကျော် အထွတ်အထိပ်သို့ရောက်နိုင်ပေသည်။

များသောအားဖြင့် အိမ်ရှင်မများက တရားလွန်ကြလေ၏။ လင်လုပ်သူတို့မှာ တစ်နေ့ဝင်တစ်နေ့ထွက် ငွေဝင်ရေးအတွက် မျက်နှာအောက်ကျခံ၍ ပင်ပန်းငြိုငြင်စွာ အလုပ်လုပ်ကြရ၏။ တစ်နေ့လုံး တကုတ်ကုတ် အလုပ်လုပ်ရာမှ နေအိမ်သို့ မောမောပန်းပန်း ပြန်လာသည့်အခါ မိန်းမများသည် အားရရွှင်လန်းစွာ ပြုံးပြုံးရွှင်ရွှင် ခရီးဦးကြိုပြုမည့်အစား လင့်မျက်နှာ မြင်သည်နှင့် တစ်ပြိုင်နက် ဒေါနှင့်မောနှင့် ဆူပူခြင်း ပြုလုပ်တတ်ကြလေသည်။ ဘယ်နည်းနှင့်၍လင်ယောကျ်ား ကြီးပွားနိုင်အံ့နည်း။





မြန်မာပြည်ကြီး၏ တိုးတက်ချမ်းသာရေးသည် မိမိတို့၏ လက်ဝယ်ရှိသည်ကို အိမ်ရှင်မတို့ သိကြဟန်မတူ။ မိမိတို့က သာယာချိုမြစွာ လင်သားအပေါ်၌ ဖျူဖျူငှာငှာ ပြုစုမည်ဆိုခဲ့ပါလျှင် နဂိုကပင် ကျွန်လုပ်ကျွေးလိုသည့် 'ငတိ'ခမြာတို့မှာ တမျိုးကြီးအားတက်ကာ အထူးကြိုးစား အားထုတ်မည်ကား မလွဲကေန် အမှန်ပင်ဖြစ်တော့သည်။ သို့လင်သားများ ကြိုးစားခဲ့မူ မြန်မာပြည်ကြီး၏ စီးပွားဥစ္စာလမ်း တိုးတက်ဖွံ့ဖြိုးလာတော့မည် မဟုတ်ပါလား။

'ငါတို့ တစ်အိမ်တည်းနှင့် ပိုမထူးပါဘူး'ဟု မထင်ပါနှင့်။ အမြော်အမြင် ရှိသူတို့ သေချာတွက်ချက် ကြည့်ခဲ့လျှင် တကယ်ထူးကြောင်း သိလာပေလိမ့်မည်။ ထင်ရှားစေဦးအံ့။

ပိုက်ဆံကြေးပြား တစ်ပြားသည် ဘာမျှအရေးမရောက်။မြေပဲတစ်ပြားဖိုး၊ ရှာလပတ်ရည် တစ်ခွက်ဖိုးမျှရှိ၏။ သို့သော် ထိုပိုက်ဆံအပြားကလေးပေါင်း မြောက်မြားစွာ စုမိသောအခါ အလွန်တာသွား၏။ အရေးရောက်၏။ မြန်မာပြည်၌ လူဦးရေ ၁,၄၆,၀၀,၀၀၀ (၁၄ သန်း၊ ၆ သိန်း)ရှိ၏။[၁၉၃၅ ခုနှစ်] လူတစ်ယောက် တစ်ပြားစီစုလျှင် တစ်နေ့အတွက် မြန်မာပြည်ကြီး၌ ပိုက်ဆံအပြားပေါင်း ၁,၄၆,၀၀,၀၀၀ ပို၍ ငွေလာပေလိမ့်မည်။

ပိုက်ဆံ ၁,၄၆,၀၀,၀၀၀သည်၊ ပဲပေါင်း ၃၆,၅၀,၀၀၀ ဖြစ်၏။ ကျပ်ပေါင်း ၂,၂၈,၁၂၅ ဖြစ်၏။ မည်မျှ တာသွား၍ ခရီးရောက်သနည်း။ သေချာစွာ တွေးတောဆင်ခြင် ကြည့်ကြပါ။

သို့နှင့် တစ်လဆက်၍ စုခဲ့လျှင် မြန်မာပြည်၌ ငွေပေါင်း ၂၂၈,၁၂၅ x ၃၀ = ၆၈,၄၃,၇၅၀ ပို၍ ငွေလာပေလိမ့်မည်။ တစ်နှစ်



www.burmeseclassic.com

www.burmeseclassic.com



စုပါက ငွေပေါင်း ၂,၂၈,၁၂၅ x ၃၆၅ = ၈,၃၂,၆၅,၆၂၅ (ရှစ်ကုဋေ၊ သုံးသန်း၊ နှစ်သိန်း၊ ခြောက်သောင်း၊ ငါးထောင်၊ ခြောက်ရာ နှစ်ဆယ့်၊ ငါးကျပ်) ပို၍ ငွေလာပေလိမ့်မည်။ လူတစ်ယောက် တစ်နေ့ ပိုက်ဆံတစ်ပြား၏တန်ဖိုး ဘယ်လောက်ကြီးသည်ကို ဤမျှနှင့် သိသင့်ပေပြီ။

ထိုနည်းအတူ အိမ်တိုင်းအိမ်တိုင်းရှိ လင်ယောကျ်ားတို့သည် ပျော်ရွှင်ကြည်လင်စွာ အလုပ်ကို ကြိုးစားနိုင်မည်ဆိုပါက မြန်မာပြည်ကြီးသည် ဘယ်လောက် တိုးတက်ကြီးပွားလာမည်ကို တွေးတော၍သာ ကြည့်ကြပါတော့။ ဒါမှ တကဲ့လွတ်လပ်ရေးကို ရကြမည်။ 'ဟုမ်ရူး'ကို ခြေကုန်လက်ပန်းအော်၍ တောင်းနေစရာမလို။

ယောကျ်ားများသည်ခဏခဏ အပူအဆွေခံရပါများလျှင် ထင်မိထင်ရာ စိတ်နောက်ကိုယ်ပါလုပ်တတ်ကြလေသည်။ ကြောက်တတ်သောယောကျ်ား ဖြစ်ခဲ့ပါမူ ဘာကိုမှမလုပ်ရဲဘဲ တအုံနွေးနွေးပူဆွေး၍ နေတတ်ကြကုန်၏။ 'ငါသည် ဒီလိုဖြစ်ရလေခြင်း' အစရှိသဖြင့် မိမိကိုယ်ကို မိမိ မချင့်မရဲ သနားခြင်း ဖြစ်တတ်ကြကုန်၏။ တွေဝေတတ်ကြကုန်၏။ ပျော်ရွှင်ခြင်းကင်းမဲ့ကာ စိတ်ညစ်၍သာ နေတတ်ကြကုန်၏။ ဤကဲ့သို့ နေရသည်မှာ ကာလသြောင်းလေသော် အလွန်ထက်ထက်မြက်မြက်ရှိသော ယောကျ်ားများပင်လျှင် ပျက်စီးယိုယွင်း သွားတတ်ကြကုန်၏။

မိမိကိုယ်ကို မိမိသနားတတ်ခြင်းသည် လောက၌ မကြီးပွားသည့် လူတိုင်း၏ စိတ်၌အလိုလိုပင် ရှိတတ်ကြ၏။ ဤစိတ်မျိုးသည် စိတ်ဓာတ်ကို ယုတ်လျော့စေသည့်ပြင် ဘာအကျိုးမျှမရှိ။ **စိတ်**ကို တင်းတင်းထား၍ မိမိအလုပ်ကိုသာ ပိုမိုကြိုးစားလျက် လုပ်





ကြပါ။ မိန်းမသဖွယ် မိမိကိုယ်ကို ပြန်၍ သနားမနေပါနှင့်။

ဘာပဲလုပ်လုပ် ဘယ်တော့မှ မိမိကိုယ်ကိုတော့ ပြန်၍ မသနားပါနှင့်။ ဘာလဲ။ စာမေးပွဲရှုံးသလား။ အလုပ်မရှိဘူးလား။ ကုန်ရှုံးသလား။ စိတ်မပျက်ပါနှင့်။ ထိုင်မနေပါနှင့်။ ထ၍လုပ်မြဲလုပ်ပါကိုင်ပါ။ အကြံယူ၍ အားကုန်သွန်ပြီး တစ်မျိုးတစ်ဖုံ ကြိုးစားပါ။

လောကကြီး၌ ဆင်းရဲခြင်း၊ ဆုံးရှုံးခြင်း၊ ပျက်စီးယိုယွင်းခြင်းများ ရှိ၍သာ ချမ်းသာခြင်း၊ အောင်မြင်ခြင်း၊ ပျော်ရွှင်ခြင်း၊ ရှိနိုင်ကြလေသည်။ ဆင်းရဲခြင်း၊ ဆုံးရှုံးခြင်း၊ ပျက်စီးယိုယွင်းခြင်း မရှိခဲ့ပါမူ ဘယ်နည်းနှင့် ချမ်းသာခြင်း၊ ပျော်ရွှင်ခြင်း၊ အောင်မြင်ခြင်းတို့ကို သိနိုင်ပါအံ့နည်း။

အရင်က ပျော်ရွှင်လာသရွေ့ ချမ်းသာလာသရွေ့ အောင်မြင်သရွေ့တို့ကို မေ့တော့မှာလား။ အနည်းငယ် ဆန့်ကျင်ဘက်သဘောတရားလေးများနှင့် တွေ့ရုံရှိသေး။ တီ ဆားထိသလို နောက်သို့တွန့်ဆုတ် သွားတော့မှာလား။ ခြသေ့်မင်းတို့ထုံးကို မေ့တော့မှာလား ယောကျ်ားကောင်း သူရဲကောင်းပီပီ ရှေ့ကိုသာ တက်ပါ။ နောက်ကို မဆုတ်ပါနှင့်။

ယခုခေတ်သည် အလွန်ဆိုးဝါးသည် မှန်ပါ၏။ သို့သော် သင့်တစ်ယောက်တည်း ကွက်၍ ဆိုးနေသည် မဟုတ်။ မြန်မာပြည်တစ်ပြည်တည်းသာ 'ဝ'ကွက်၍ ဆိုးနေသည် မဟုတ်။ စင်စစ် အခြားနိုင်ငံများ၌ ကျွန်ုပ်တို့ထက်ပင် သာလွန်ဆိုးဝါးနေသေး၏။ ဒီအခါမျိုး၌ မိမိကိုယ်ကို မိမိသနားတတ်နေလျှင် ရှက်ဖွယ်လိလိ ဖြစ်တော့၏။ သူရဲဘောနည်းရာကျနေတော့ မပေါ့။ ငါဟဲ့ –



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျား'ဟုအံခဲ၍ ကြိုးစားကြစမ်းပါ။

[ ၆ ]

များသောအားဖြင့် လူတို့သည် ခေတ်ကို အဆိုးချကြ၏။ 'လောကကြီးကိုက မတရားပါဘူး'ဟု အယူရှိကြ၏။ ၎င်းတို့အတွက် ရသင့်ရထိုက်သည့် အခြေအနေ၊ ပိုင်စိုးပိုင်ခွင့်ရှိသည့် နေရာများကို 'မရလိုက်'ဟုထင်ကြလေ၏။ မှားလေစွ။

ကိုယ်တိုင်ကြိုးစားသရွေ့ကိုယ်တိုင် ရပေလိမ့်မည်။ ကြိုးစားသည် ထက်ပို၍လည်း မရ။ လျှော့၍ လည်းမရ။ အခွင့်အခါကောင်းများနှင့် ကြုံကြိုက်ပါလျက် ထိုအခွင့်ကောင်းတို့ အသုံးမပြုလိုက်သည့်အတွက် ဤသို့နေရသည်ကို သတိပြုပါ။

အခွင့်အခါကောင်းများ လွန်ခဲ့ပြီဖြစ်၍ စိတ်မပျက်ပါနှင့်၊ နောင်ထပ်တလဲလဲ လာပါလိမ့်ဦးမည်။ နောက်ထပ်မလွတ်အောင်သာ သတိပြုကြပါ။

လက်ရှိအလုပ်ကို အထူးကြိုးစား၍သာလုပ်ပါ။ ဤအလုပ်ကို မနှစ်သက်က အခြားအလုပ်ကိုရှာ၊ ညည်းညူ၍တော့ မနေကြပါကုန်လင့်။ ထိထိရောက်ရောက် ကြိုးစားပါလျက် မကြီးပွားခဲ့မူ မိမိ၏အစွမ်းက တခြား၊ အလုပ်ကတလွဲဖြစ်နေသည်ဟုဆိုက တော်သေး၏၊

လူအများ လုပ်လိုသော အလုပ်များသည် လက်ဦးစွာ လခများ၍ အလုပ်နည်းရမည်။ ပန်ကာအောက်၌ စည်းစိမ်နှင့်ထိုင်၍ လက်မှတ်ထိုးပြီး လကုန်သောအခါ လစာငွေကိုခံယူရသည့် အလုပ်မျိုးကို လူတိုင်းလုပ်လိုကြ၏။ ထိုအလုပ်မျိုး ဘယ်ကမ္ဘာမှာမှ မရှိ။ အိပ်မက်မက်နေသော်လည်း အလကား အချည်းနှီးပင်ဖြစ်၏။

တတိယအကြိမ်



လူဟူ၍ ဖြစ်လာသည်ကို ကျေးဇူးတင်စရာကြီးတစ်ခုပင် ဖြစ်တော့သည်။ လူတစ်ခုဖြစ်လာ၍သာ ထူးထူးဆန်းဆန်းတို့ကို တွေ့ကြရ၊ မြင်ကြရ၊ ကြားကြရကုန်သည် မဟုတ်ပါလား။ လူအချင်းချင်း တူကြသည့်မဟုတ်ပါလား။ သို့နှင့် ဘယ်အတွက်ညည်းညူနေဘိသနည်း။

အတိတ်ရေးကို တွေးနေ၍ အကျိုးမရှိ၊ မျက်မှောက်ကိစ္စမပြီး၊ အချည်းနှီးပင်။ လိမ္မာသူဟူသရွေ့ ဖြစ်ခဲ့သည်များကိုတွေးတော၍ မနေကြကုန်။ မြတ်စွာဘုရားကလည်း လွန်ခဲ့သောအရာတို့ကို တွေးတောနေသဖြင့် အကျိုးမရှိ၊ အကျိုးယုတ်သည်ဟု ဟောကြားတော်မူလေသည်။ ပြီးသရွေ့ ပြီးပါစေ။ စားမြုံ့ပြန်၍ မနေပါနှင့်တော့။

လုပ်ခဲ့သရွေ့ အမှောက်မှောက် အမှားမှား ဖြစ်ခဲ့သည်တို့ကို ခေမ့ပစ်လိုက်ပါ၊ မမှားသောသူဟူ၍ လောက၌မရှိခဲ့။ တကဲ့ပုဂ္ဂိုလ်ကြီးများပင်လျှင် အမှားမှားမှောက်မှောက် ပြုကျင့်မိ၍ မဟာအမှားတော်ကြီး မှားကြသည်ကို သတိမူလျှင် မိမိမှားခဲ့သရွေ့တို့မှာ မကြီးကျယ်ကြောင်း သိသင့်ကြပေသည်။

အမှားတွေ့မှ အမှန်ရသည်ကိုလည်း သတိပြုကြပါ။အချို့လူများသည် ကြီးပြင်းသည့်တိုင်အောင် လုပ်ကိုင်ခဲ့သရွေ့ အမှားမှား ဖြစ်ခဲ့တတ်ကြလေသည်။ နောက်ဆုံးမှ အမှန်ကိုရပြီး အောင်မြင်သွားတတ်ကြလေသည်။

မိမိ၌ပူဆွေးစရာ ရှိသမျှတို့ကိုလည်း မေ့လျှော့လိုက်ပါ။ ဤသို့ဖျောက်ဖျက်ပစ်ရန် မလွယ်ကူလှကြောင်းကို ဝန်ခံပါ၏။ သို့သော် မေ့ဖြစ်အောင် မေ့ပစ်လိုက်ပါ။ ကြီးပွားလိုသူဟူသရွေ့ လွမ်းစရာဆွေးစရာတို့ကို မေ့ပစ်ကြရပေလိမ့်မည်။

ယောမင်းကြီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဤလွှမ်းမှု ဆွေးမှုကလေးများကို မမေ့နိုင်၍ မကြီးပွားလိုက မျောက်လောင်း မျောက်လောင်း နေရာ၌ပင် နေကြပါကုန်။ ဤစာရေးသားခြင်းသည်လည်း ထိုလူစားမျိုးအတွက် မဟုတ်။ ကြီးပွားလိုသူတို့အဖို့သာ ဖြစ်ပေသည်။

မိမိအား မချစ်မနှစ်သက်သည့်ပုဂ္ဂိုလ်များ အပေါ်၌လည်း မေတ္တာစိတ်ထားကြပါ။ သို့မှ မေတ္တာစိတ် မထားနိုင်လျှင် မုန်းတီးသော စိတ်များကို မေ့ပစ်လိုက်ပါ။ 'မည်သူမပြု မိမိမှု'ဟု ဆိုရိုးရှိသော်လည်း လောက၌ ရန်သူနှင့် ကင်းသူဟူ၍မရှိ။ ဤသူတို့ကို အလုပ်တစ်ခုလုပ်၍ စဉ်းစားနေရခြင်းသည် စိတ်ကိုအလွန် ဆင်းရဲစေ၏။ သို့ကလောက် အကျိုးယုတ်စေသည့် အရာတစ်ခုကိုဘယ်အတွက် စဉ်းစားနေရသနည်း။ တစ်ခါတည်း ထုတ်ပစ်လိုက်ပါ။



အခန်း ၂

## အဖျက်အဆီးများ မရှိမဖြစ်

မထေလောက်သည့်အဖျက်အဆီး အနှောင့်အရှက်ကလေးများနှင့် တွေ့ရှုရှိသေး၊ စိတ်ပျက်၍ လက်မှိုင်ချနေကြကုန်သော အိုး - မိတ်ဆွေအပေါင်းတို့။

လောက၌ ဆန့်ကျင်ဘက်သဘောတရားတို့ မည်သည်ရှိခဲ့သည်သာ။ ယခုလည်း ရှိသည်ပင်။ နောင်လည်း ရှိလိမ့်မည်။ ပုံသေတထစ်ချ မှတ်ပါ။

သို့ မြဲသော သဘောတရားကြီးတစ်ခုအတွက် ဘယ်အတွက် စိတ်ပျက်နေရသနည်း။ စိတ်ပျက်ဖို့ မလိုသော နည်းကောင်းကြီးရှိပါလျက် ဘာ့ကြောင့် ညည်းညူ နေရပါသနည်း။

ဤဆေးနည်းကောင်းကြီးကို သူသူငါငါ အလိုရှိကြပေလိမ့်မည်။ သိလိုကြပါသလား။ သိလိုလျှင် ရှေးဦးစွာ ဖော်ပြလတ္တံ့သော အချက်နှစ်ရပ်ကို အသည်းစွဲ မှတ်ကြပါကုန်။

၁ - လူတို့၌ ဆန့်ကျင်ဘက် အကြောင်းတရားတည်းဟူသော 'ဒုက္ခ'သည် ရှိစမြဲ။ ဤသည်ကား မမှတ်ကြီးပင် ဖြစ်၏။ ကြီးပွားနေသူဟူသရွေ့မှာ ဒုက္ခအပေါင်း ပတ်လည်ဝိုင်းလျက်နေကြ ကုန်သည်သာ။

၂ - ဒုက္ခထက် ဆိုးသွမ်းသော အရာတစ်ခုရှိသေး၏။ ဤကား စိတ်ပျက်၍ လက်မှိုင်ချကာ ဘာကိုမှ မလုပ်ခြင်းပင်တည်း။ ဒုက္ခအပေါင်းကိုမိမိက ဦးအောင် နှိမ့်နင်းရမည်။ ဤသို့ မပြုလုပ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့လျှင် ဒုက္ခအပေါင်းက သင့်အား ချုပ်နှောင်သွားပေလိမ့်မည်။ သေခြင်း ရှင်ခြင်းသည် ဒုက္ခအပေါင်းကို တုံ့တုံ့စားစား ခုခံတိုက်ခိုက်ခြင်း၊ မတိုက်ခြင်းတို့၌ အခြေပြု၍ နေလေသည်။

ဒုက္ခရောက်ရခြင်းကို ဘယ်လို သဘောထားသနည်း။ ဘယ်လို ယူဆသနည်း။ ဒုက္ခရောက်ရခြင်းနှင့် ပတ်သက်၍ သင်၏ သဘောထားပုံတို့ကို တီးခေါက်ထောက်ရှုခြင်းအားဖြင့် သင်၏ အောင်မြင်ခြင်းတို့ကို ထင်ထင်ရှားရှား သိနိုင်ပေသည်။ ဒုက္ခရောက်ရမည်ကို စိုးသလား။ ဒုက္ခအပေါင်းကို ခုခံတိုက်ခိုက်အောင်မြင်မှ ကြီးပွားနိုင်သည်ကို မသိပါလား။ တာဝန်ယူမည်ကို ကြောက်သလား။ ဒုက္ခများသည်ဆိုပြီး လုပ်ငန်း အဖြာဖြာတို့ကို မဆောင်ရွက်ဝံ့ဘူးလား။

'အင်း–အင်း'နှင့်သာ လိုက်ဖော်ရပြီး အလုပ် မလုပ်လိုသူတို့အတွက် မြော်လင့်ချက် မရှိ။ တောထဲသို့ တကိုယ်တည်းသွားပြီး တရားကျင့်ရမည်လား။ မဟုတ်။ မိမိကိုယ်ကို ကျားစာကျွေးပစ်လိုက်ပါတော့။ လူဖြစ်ကျိုး ရှုံးချေပြီ။

သို့သော် သင်သည် ဤအစားမျိုးထဲက မဟုတ်ကြောင်း ကျွန်ုပ်ထင်မိ၏။ ယခု ရေးသားသော စာများသည် ယခင် 'အင်း – သမား'များအတွက် မဟုတ်။ ၎င်းတို့ကလည်း ကြိုက်လိမ့်မည် မဟုတ်။

ကြီးပွားလိုသူတို့သည် ဆင်းရဲအပေါင်းကို အတင်းတိုးဝေ့တိုက်ခိုက်ကျော်တက်နိုင်မှ တော်ရုံကျပေလိမ့်မည်။ ကြီးပွားလိုသူတစ်ယောက်ရှိလျှင် မကြီးပွားသူတစ်ထောင်မက ရှိမည်ကို သတိပြုပါ။ သို့သော် 'ဘာလဲဟဲ့ – လောကမံ၊ ငါကြံရင် ခံနိုင်ရိုးလားဟဲ့' ဟု စိတ်တင်း၍ ကြိုးစားသော သူများအတွက် မခဲယဉ်းလှ။





လောကကြီး၌ အပျင်းကြီးလျက် စိတ်ကူးယဉ်နေသူများသာပေါ၏။ တစတစ ၎င်းတို့၏ခေါင်းကိုနင်း၍ အထက်ဆုံးတန်းသို့ ချဉ်းကပ်ဝင်ရောက်နိုင်ရာ၏။

ဤသို့ကြိုးစားရာ လမ်းခရီး၌ ဆူးငြောင့် ခလုတ်များနှင့်တူသော 'ပြိုင်ဘက်များ'နှင့် တွေ့ရပေလိမ့်မည်။ သို့သော် မများလှ။ အနည်းငယ်သာ ရှိပေလိမ့်မည်။ လူတစ်ထောင်လျှင် တစ်ဦးတစ်ယောက်လောက်သာ တကယ်ကြီးပွားလိုသူ ရှိမည်ဆိုက မမှားချေ။ လူတွေတိုင်း သင်၏ပြိုင်ဘက်ဟု မအောက်မေ့လင့်။လူတိုင်းမဟုတ်။ တစ်ထောင်တစ်ယောက်သာ ဖြစ်ပေလိမ့်မည်။

ချမ်းသာသောလမ်းသည် လွယ်ကူသည်ဟူ၍ ဘယ်အခါမှ မအောက်မေ့ပါနှင့်။ ချမ်းသာသောလမ်း ခရီးသည် အလွန်ကျဉ်းမြောင်း၍ အသွားအလာ များစွာခက်ခဲပေသည်။ အသွားရလွယ်ကူသောလမ်းသည် ဆင်းရဲခြင်းဘဝသို့ ဖြောင့်ဖြောင့်မတ်မတ်ကြီး ရောက်မည့်လမ်းဟူ၍သာ မှတ်ပေတော့။ ။

အောင်မြင်သွားသူတိုင်းမှာ အခက်အခဲများကို ခုခံတိုက်ခိုက်၍သာ အောင်မြင် ကြီးပွားရသည့် အတိုင်း လောကစစ်ပွဲကြီးကို တိုက်ခိုက်လာသူတိုင်းမှာပင် အမာရွတ် ပါစမြဲဖြစ်ကြပေသည်။ ဤ အမာရွတ်ကား အခြားမဟုတ်။ ဒုက္ခများပင် ဖြစ်တော့သတည်း။

အလျဉ်းဒုက္ခမရောက်ဘဲ ဌေးသွားသူ၊ ကြီးပွားသူဟူ၍ မကြားဖူး။ ရှိလိမ့်မည့်လည်းမထင်။ စင်စစ် ကြီးပွားလေလေ ဒုက္ခများများ ရောက်ရလေလေဖြစ်၏။ ဒုက္ခများများရောက်ရသည့်အတွက် တကယ်ကြီးပွားလာသည် သာပင်။



www.burmeseclassic.com

www.burmeseclassic.com



[ ၂ ]

ကြီးပွားလိုသူတို့ကို၊ ဘာစ်ကမ္ဘာလုံးက ဝိုင်း၍ ဖိလိုဟန်တူ၏။ မိမိတို့ထက်'သာ'မည်ကို မရှုစိမ့်နိုင်သော 'စိတ်ရှုးစိတ်ရိုင်း'များကြောင့် ဖိနှိပ်လိုကြ၏။ ရှေ့သို့ တက်တိုင်းတက်တိုင်း ဤကဲ့သို့ အတင်းအကျပ် ဖိနှိပ်ခြင်းများက တွန်းလှန် ကန့်ကြောက်၍ တက်ရမည် ဖြစ်သောကြောင့် ဆန့်ကျင်ဘက် သဘောတရားကလေးများကို အရေးမလုပ်နိုင်မှ သင့်ရုံရှိပေလိမ့်မည်။ ။

အောင်မြင်ခြင်း တည်းဟူသော ဆုလာဘ်ကြီးကို နင်လားငါလား အတင်းခဲ၍ ယူကြရပေလိမ့်မည်။ ဤကား ကမ္ဘာ့ ဥပဒေကြီးပေတည်း။ ထိုဥပဒေကြီးကို မြန်မာတို့ မေ့လျော့နေဟန်တူ၏။ ဆေးလိပ်သောက်၍ မှိန်းနေရုံကလေးနှင့် လက်ဖက်ရည်ကြမ်းသောက်နေရုံကလေးနှင့် ကြီးပွါးချမ်းသာလိမ့်မည်မဟုတ်။ ဤကဲ့သို့သာ နေသွားကြမည်ဆိုလျှင် ဘယ်အခါမှ ကြီးပွားလိမ့်မည်မဟုတ်။

ကြီးပွားနေသူများကို မကြာခဏ တွေ့မြင်နေရသဖြင့် ကြီးပွားရေးသည် လွယ်ကူသောကိစ္စ ပေါ့သောအလုပ်ဟု ကျွန်ုပ်တို့ ထင်မိကြ၏။ ဟုတ်ကားမဟုတ်။ လွယ်သောအရာ ပေါ့သောအရာကားဆုံရှုံးနစ်နာခြင်း ဆင်းရဲခြင်းမျှသာဖြစ်၏။

ဆင်းရဲအောင် လူတိုင်းလုပ်နိုင်၏။ လွယ်လွယ်ကလေးဆင်းရဲနိုင်၏။ အမှားမှားအယွင်းယွင်း ပြုလုပ်ရုံနှင့်လည်း ဆင်းရဲနိုင်၏။ ဉာဏ်ပညာ မရှိ၍လည်း ဆင်းရဲနိုင်၏။ လုံ့လမစိုက်ထုတ်၍လည်း ဆင်းရဲနိုင်၏။

ဆင်းရဲဖို့ ဆုံးရှုံးဖို့ ပညာသင်ပေးရန်မလို။ ကျောင်းများ၌ သင်ရန်လည်းမလို။ ဘာမှမလို၊ မကြီးပွားလိုဘဲ ပျင်းပျင်းရိရိကလေး





နေရုံနှင့် ဆင်းရဲရလေသည်။ ဆင်းရဲအောင် ဆုံးရှုံးအောင်လုပ်ဖို့ထက် လွယ်ကူသော အရာသည် မရှိ။

ကမ္ဘာပေါ်၌ ထိပ်တန်းရောက်နေသူများမှာ မများလှ။ အနည်းကလေးမျှသာ။ တကယ်တော်မှ တကယ်ကြိုးစားမှ တကယ်ထက်သန်မှ တကယ်အောင်မြင်နိုင်မည်။ ကြီးပွားနိုင်မည်။ ဤကားထုံးစံကြီးပင်။ အောင်မြင်ရေးသည် ရှားပါး၏။ ဆင်းရဲခြင်း, ဆုံးရှုံးခြင်းသည် လွယ်ကူ၏။ ပေါများ၏။

လူတို့သည် သစ်ပင်များနှင့် တူကြ၏။ သစ်ပင်ပေါင်းတစ်ထောင်ထဲမှ တစ်ပင်တည်းသာ အစွမ်းကုန် အမြင့်ဆုံးသို့ရောက်ရှိ၏။ အခြားသစ်ပင်များမှာ အစွမ်းကုန် မထိုးထွက်၊ မကြီးပြင်းရမီ တစ်စုံတစ်ခုခုကြောင့် ပျက်စီးသေကြေ ကြကုန်၏။ အစွမ်းကုန်ကြီးလာရသော သစ်ပင်များမှာမူ လေပြင်းမုန်တိုင်းတို့၏ ဒဏ်အရှိန်ကို ခုခံ၍ တိုးတက်ထွားကြိုင်း လာရပေသည်။ မှန်လှောင်အိမ်ကလေးနှင့် စိုက်ပျိုးရမည်ဆိုလျှင် ဘယ်သစ်ပင်မှ ကြီးပြင်းထွားကြိုင်းလာမည် မဟုတ်။

သစ်ပင်များကို ဆန့်ကျင်ဘက်လုပ်၍ တိုက်ခတ်သောလေပြင်းမုန်တိုင်း ဒဏ်က ထိုသစ်ပင်များကိုပင် ကျေးဇူးများစေဘိသကဲ့သို့ ဆင်းရဲဒုက္ခရောက်ရခြင်း တည်းဟူသော ဆန့်ကျင်ဘက် တရားများသည် လူတို့ကို ကျေးဇူးများစေကုန်၏။ စင်စစ် ဒုက္ခဆင်းရဲခြင်းတို့သည် လူတို့ကိုအကျိုးပေးသည့် မိတ်ကောင်းကြီးများ ဖြစ်ကြပေသည်။ တိရစ္ဆာန်များထက် လူတို့မှာ ချမ်းသာကြသည်မှာ အခြားကြောင့်မဟုတ်။ ဆင်းရဲဒုက္ခတို့ကို ခုခံနိုင်သော အစွမ်းသတ္တိရှိ၍ ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



လူ၏ကိုယ်ခန္ဓာ၌ရှိသော ကြွက်သားများကို သန်မာထွားကြိုင်းလာအောင် လေ့ကျင့်ပေးလျှင်ရနိုင်၏။ သံလုံးပင့်ခြင်းသည် ကြွက်သားများကို အလျင်အမြန် ကြွတက်လာစေ၏။ လေးသောသတ္တုကို အတိုက်အခံလုပ်နေရသဖြင့် ကြွက်သားများ တက်လာ၏။ ထိုနည်းအတူ စိတ်ကူးဉာဏ်တို့ကိုလည်း လေ့ကျင့်ပေးနိုင်၏။ အရေးမကြုံသေးခင် မိမိ အစွမ်းကို လူတိုင်းလိုပင် မသိကြ။ တကဲ့တကယ် အရေးနှင့် ပက်ပင်းတွေ့နေသောအခါ အဆပေါင်းများစွာ ပိုမိုစွမ်းဆောင်နိုင်ကြောင်းကို သိကြကုန်၏။

ဆင်းရဲဒုက္ခ ရောက်ရသဖြင့် လူ၏ စိတ်ဓာတ်ကို ခိုင်မာစေ၏။ တိုက်ရိုက်နည်းနှင့် မဟုတ်၊ ဆင်းရဲဒုက္ခ ရောက်လို့သာ 'ဤဆင်းရဲခြင်းမှ ဘယ်လို လွန်မြောက်ရပါအံ့' ဟူ၍ နိုးနိုးကြားကြားဖြစ်လာသဖြင့် ဆင်းရဲဒုက္ခကပင် လူကို လှုံ့ဆော်ပေးသကဲ့သို့ စိတ်ဓာတ်ကို ခိုင်မာထက်မြက်စေ၏။

ဥပမာဆိုသော် တောရွာဇနပုဒ်၌ သစ်သီးဝလံ အလွန်ပေါ၏။ နေရေးထိုင်ရေး အလွန်ချောင်ချိ လွယ်ကူ၏။ ရန်ကုန်မြို့၌ ဤကဲ့သို့ မဟုတ်။ ဖိလာဖြစ်နေ၏။ အလွန် ကျပ်တည်းဆင်းရဲ၏။ ထို့ကြောင့် ရန်ကုန်မြို့၌ နေထိုင်ကြသူများသည် များသောအားဖြင့် တောနေမိတ်ဆွေတို့ထက် ပိုမို ထက်မြက် လျင်မြန်ကြကုန်၏။

ဆင်းရဲခြင်း ဒုက္ခအပေါင်းတို့သည် လောက လူများ၏ အစွမ်းကို ညှစ်ထုတ်စေတတ်သော ဆေးကောင်းကြီးပင် ဖြစ်တော့၏။ ၎င်းတို့က ကျွန်ုပ်တို့အား လိမ်မာရေးခြားရှိစေ၏။ အထက်တန်းသို့ ရောက်နေသော ပုဂ္ဂိုလ်တိုင်း ဆင်းရဲဒုက္ခအပေါင်းကို ကျော်လွန်အောင်မြင်ခဲ့ရသူများ ဖြစ်ကြပေသည်။

တတိယအကြိမ်



ပိုက်ဆံရှိ သားသမီးများသည် များသောအားဖြင့် အတိဒုက္ခရောက်ဖူးကြသည် မရှိ။ ထို့ကြောင့် မိဘပစ္စည်းတို့ကို တိုးပွားအောင် မလုပ်တတ်။ တဖြည်းဖြည်း ပျက်ပြားယိုယွင်းအောင်သာ ပြုလုပ်တတ်ကြလေ၏။ ဤကဲ့သို့သော သူများကို အားကျစရာ မဟုတ်။ သနားစရာပင်။

လူအများတို့သည် ရှေးခေတ်ဟောင်းကိုသာ အောက်မေ့တမ်းတလေ့ ရှိကြ၏။

ရှေးအခါက ယခုကဲ့သို့ ပိုက်ဆံရှာဖွေရေး မခဲယဉ်း။သို့သော် ရှေးက ယခုကဲ့သို့ ချမ်းသာသုခနှင့် မနေကြရ။

ရှေးက ယခုကဲ့သို့ အခွန်ဘဏ္ဍာများ အမျိုးမျိုး မပေးရသော်လည်း ယခုကဲ့သို့ သူခိုးရန်ဘေးမှ အေးအေးချမ်းချမ်းမရှိကြ။

ရှေးအခါက မကျန်းမမာဖြစ်ခဲ့လျှင် အလွန်ဆင်းရဲရသည်ကို မတွေးဝံ့အောင် ဖြစ်တော့၏ ရှေးက မခံစားခဲ့ဘူးသော စည်းစိမ်ချမ်းသာတို့ကိုလည်း ယခုခံစားရချေပြီ။ ယခုခေတ်သည် ရှေးခေတ်ထက် အဆတရာမက ကောင်းမွန်လှပေ၏။

သို့သော်၊ ရှေးကလည်း ဒုက္ခနှင့်၊ ယခုလည်းဒုက္ခနှင့်။ နောင်လည်း ဒုက္ခနှင့်ပင် တွေ့ကြရမည်သာ။ ဒုက္ခအမျိုးအစားတို့သာ လျှင် ကွဲပြားကြကုန်၏။

တစ်ဦးတစ်ယောက်သောလူဖြစ်စေ၊ လူမျိုးတစ်မျိုးမျိုးဖြစ်စေ၊ ဒုက္ခရောက်ပြီးမှ တိုးတက်နိုင်၏။ ဒုက္ခအပေါင်းကို ခုခံတိုက်ခိုက်မှ ကြီးပွားနိုင်၏။ ဒုက္ခအပေါင်းကို တွန်းလှန်ဖြိုဖျက်နိုင်မှ ချမ်းသာနိုင်၏။

ယောမင်းကြီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



[ ၃ ]

ယခုအခါ တစ်ကမ္ဘာလုံးလိုလို အုပ်စိုးမင်းလုပ်နေသော အင်္ဂလိပ်လူမျိုးတို့၏ အတိတ်ရာဇဝင်ကို ဖတ်ကြည့်ပါက ၎င်းတို့သည် ဘယ်ကဲ့သို့ ဒုက္ခအပေါင်းနှင့် တွေ့ကြုံလာရပုံ၊ မည်ကဲ့သို့ အောင်မြင်လာရပုံကို တွေ့ကြပေလိမ့်မည်။ ရှေးက ဤဒုက္ခမျိုးများနှင့် မကြုံမတွေ့ခဲ့ပါလျှင် ယခုကဲ့သို့ ကမ္ဘာကြီးကို အုပ်ချုပ် မင်းလုပ်နိုင်မည်ကား ဝေးလေစွ။ ။

တစ်ကမ္ဘာလုံးသည် ပြုပြင်ပြောင်းလဲနေ၏။ ကျွန်ုပ်တို့သည် တဖြည်းဖြည်း မသိမသာ ပြောင်းလဲနေကြ၏။ ။

ပန်းဘဲဖိုဌ အလုပ်လုပ်နေသည်ကို မိတ်ဆွေသည် ရပ်ကြည့်ဘူးပါလိမ့်မည်။ သံချောင်းများကို နီရဲလာအောင် မီးထဲ၌ဖုတ်ပြီး မိမိတို့ အလိုရှိသော ပုံအတိုင်း ထုရိုက်၍ ယူကြကုန်၏။ သံချောင်းကို မီးထဲသို့ ခဏခဏ ထည့်ရ၏။

နာရီသံပတ်ကလေးများသည် များစွာအဖိုးထိုက်တန်၏။ ထိုသံပတ်ကလေးများကို ပြုလုပ်ရာ၌ မီးပူကြီးထဲသို့ ခဏခဏထည့်၍ လိုရာအချိုးအစား ရသည့်တိုင်အောင် ထုယူကြရကုန်၏။ ။

ထို့အတူလူတို့သည် မိမိတို့လိုရာ အဆင့်အတန်းသို့ ရောက်အောင် မကြာခဏ မီးပြင်းထိုး၍ပေးကြပါကုန်။ မီးပြင်းထိုး၍ ဒုက္ခအပေါင်းကိုကျော်လွန်ကြပါကုန်။

ထင်ရှားသော ဥပမာတစ်ခုပြအံ့။ ယခုအခါ ကမ္ဘာတစ်ခုလုံး၏ လေးစားခြင်း၊အရေးလုပ်ခြင်းကို ခံနေရသော ဂျပန်လူမျိုးတို့သည် နောက်နောင်က ဝိုင်းရံနေသော ဒုက္ခအပေါင်းကို အောင်မြင်ရန် အထူးတလည် ကြိုးစား အားထုတ်ခဲ့ကြသဖြင့် ယခုကဲ့သို့ကမ္ဘာ့





ထိပ်တန်းသို့ ရောက်နေရခြင်း ဖြစ်ပေသည်။

ဒုက္ခအပေါင်းကို မတွေ့ကြုံဘူးသူ၊ ဒုက္ခအပေါင်းကိုရှောင်ရှားသွားလေသူတို့ကား တစ်နေ့နေ့၌ သူတကာ၏ ခြေဖဝါးအောက်သို့ ကျရောက်ရမည်မှာမလွဲနိုင်။

အနောက်နိုင်ငံ နေရာ တစ်နေရာ၌ စိုက်ပျိုးထားသော၊လျှော်ပင်၏ထုံးကိုလည်း နှလုံးသွင်းဖို့ လို၏။

၎င်းအပင်သည် အလွန် မာကြမ်းသော မြေကြီးရှိရာ အရပ်မှာသာ ပေါက်၏။ အရွက်များသည် အလွန်ခိုင်ခံ၏။ အရွက်မှ အကြောတို့ကို လျှော်ကြိုး လုပ်ရ၏။ လျှော်ကြိုးတို့သည် များစွာခိုင်ခံ၏။ လယ်သမားများ အထူးအသုံးပြုကြ၏။

တစ်နေ့သောအခါ လူနှစ်ယောက်သည် ထိုအပင်များ၏မျိုးစေ့များကို ယူဆောင်၍ မြေသြဇာ ကောင်းမွန်နူးညံ့သည့်မြေပျော့သို့ ပြောင်းရွှေ့စိုက်ပျိုးလေ၏။ အပင်များပေါက်လာသောအခါ အထူးသဖြင့် သန့်စွမ်းခိုင်မာဟန် ရှိသဖြင့် ထိုလူနှစ်ဦးမှာ အထူးဝမ်းမြောက်ကြ၏။ ထိုနှစ်များတွင် အမြတ်များစွာနှင့် ရောင်းရလိမ့်မည်ဟု မျှော်လင့်ကြ၏။

လျှော်ကြိုးလုပ်ရန် အရွက်များကို ကြိတ်လိုက်သောအခါအားလုံးအဖတ်ဖြစ်ကုန်၏။ လျှော်ကြိုးများ မရတော့ချေ။ မြေသြဇာကောင်း ၍လွယ်လင့်တကူ ပေါက်လာရသောကြောင့် လျှော်ဖြစ်သော သတ္တိများ မရှိတော့ချေ။

လျှော်ပင်တစ်ပင်လုံးတွင်၊ လျှော်ကြိုးရမှ တန်ဖိုးရပေမည်။ နေပူကျဲကျဲ၊ လေကပြင်းပြင်းနှင့် မြေသြဇာရှားပါးသည့်အရပ်၌စိုက်ပါမှသာ လျှော်ကောင်း ရနိုင်၏။ မြေသြဇာကောင်းသော



www.burmeseclassic.com

www.burmeseclassic.com



နေရာကိုရွေးချယ်စိုက်ပါမူ၊ သစ်ပင်ကားကြီး၏။ လျှော်မရ ဖြစ်နေတော့၏။ အသက် မရှိသော အရာဝတ္ထုပင် ဒုက္ခဆင်းရဲခြင်းများကို ခုခံတိုက်ခိုက်၍ မိမိတန်ဖိုးကို မြှင့်တင်စေ၏။

လျှော်ပင်တွင်လျှော်ကြိုးများ အဖိုးထိုက်တန်သလိုလူတို့၌ စိတ်ဓာတ်သည်အလွန်အဖိုးထိုက်တန်၏။ လျှော်ပင်မှာ နေကျဲကျဲ လေပြင်းပြင်း၊မြေသြဇာရှားပါးခြင်းတို့၌ အခြေတည်၍ လျှော်ကြိုး အဖိုးတန် ရသကဲ့သို့ လူတို့၌လည်း အခက်အခဲများနှင့် တွေ့ကြုံ ခုခံမှသာ အဖိုးထိုက်တန်သော စိတ်ဓာတ်ကိုရရှိပေမည်။

လျှော်ပင်နှင့် လူတို့စိတ်ဓာတ် နှစ်ခုစလုံးပင် အခက်အခဲတို့နှင့်တွေ့ကြုံတိုက်ခိုက်ခုခံမှ အဖိုးတန် အရာရောက် ဖြစ်ရပေသည်။ လွယ်လွယ်လွင့်တကူနှင့် အေးအေးဆေးဆေး စည်းစိမ်ခံနေလျှင် အဖိုးထိုက်တန်မည်မဟုတ်။ ဆုတ်ယုတ်ပျက်စီးမည်သာ။

ဒုက္ခရောက်တန်သလောက် ရောက်ခဲ့သူတို့မှာ ထိုက်တန်သလောက် အဖိုးတန်ပေလိမ့်မည်။ ဆင်းရဲဒုက္ခ မတွေ့ဘူး သူကို ဘယ်နေရာမျိုးတွင် အသုံးချရပါအံ့နည်း။

လေပြင်းမုန်တိုင်း မတိုက်ခတ်ခဲ့လျှင် သစ်ပင်တို့မှာ သန်စွမ်းသည့် အမြစ်များ ရှိလိမ့်မည်မဟုတ်။

အလွန်သေးငယ်လှသည့် ယုန်သူငယ် ကလေးများသည် မြေခွေးအစရှိသော ရန်သူအပေါင်းတို့ဘေးမှ လွတ်အောင် အားကုန်ပြေးကြရသဖြင့် အရှောင်အတိမ်း ကျွမ်းကျင်ခဲ့၏။ အကယ်၍ ထိုရန်သူ မရှိခဲ့ပါလျှင် ယခုကဲ့သို့ အရှောင်အအတိမ်း ကျွမ်းကျင်လိမ်မာမည် မဟုတ်။





ရှေးအခါက လူများသည် အထည်များကိုမပြုလုပ်တတ်။ မရက်တတ်ကြ။ ရက်လုပ်ရမည် ကိုလည်းမသိကြ။ သို့သော် အလွန်အေးမြသော ရာသီဥတုနှင့် ကြုံတွေ့လာသောအခါ အထည်ရက်လုပ်နည်းများကို ရှာဖွေကြံဆခဲ့သဖြင့် ယခုကဲ့သို့ ကောင်းမွန်သေသပ်လှသော အဝတ်အထည်များကို ဝတ်ဆင်ရခြင်း ဖြစ်ပေသည်။ အကယ်တန္တု အအေး စသည့်ဆင်းရဲခြင်းတို့နှင့်မကြုံကြိုက်ခဲ့ပါမူ ကျွန်ုပ်တို့သည် ယခုကဲ့သို့ ထူးထူးဆန်းဆန်း အထည်အလိပ် များစွာကို ဝတ်ဆင်ရပေလိမ့်မည်မဟုတ်။

ကုန်ကူးသန်း ရောင်းဝယ်ရေး၌လည်း ဤနည်းပင်။ လူတို့သည် ရှေးအခါက ငွေကြေး မြောက်မြားစွာ မလို။ မလိုသဖြင့်ငွေကြေးကောင်းစွာမရှာခဲ့။ ဤကား အပြိုင်အဆိုင် ထမင်းတလုပ်လုဖော်လုဘက်များလည်း နည်းပါးခဲ့သောကြောင့် ဖြစ်၏။ နောက်တဖြည်းဖြည်း ကမ္ဘာတစ်ဝန်းလုံး ထမင်းလုဘက် အပြိုင်အဆိုင်များ ပေါ်ပေါက်လာကြသဖြင့် ငွေကြေးရှာနည်း အမျိုးမျိုးတို့ကို လေ့လာသင်ကြားရတော့သည်။ ယခုခေတ်၌ ငွေရှာရေး၌ အလွန်ကျွမ်းကျင်နေကြလေပြီ။

[၃]

ဤအကြောင်းအချင်းအရာ အချက်အလက်များကိုသတိမူ၍ ကျွန်ုပ်တို့ ဝမ်းမြောက်စရာပင်။ ယခုအခါ မြန်မာပြည်ကြီး သည် ဆင်းရဲဒုက္ခရောက်နေပြီ။ ဒါကြောင့် ငွေတွင်းနက်ကြောင်း၊ငွေသည် အရေးရောက်ကြောင်းများကို မြန်မာတို့ သိလာကုန်ကြပြီ။ တစတစ ဆင်ခြင်တုံတရား ပွားများလာပေပြီ။ နောက် အနှစ်၂၀ကြာ



www.burmeseclassic.com

www.burmeseclassic.com



သောအခါ မြန်မာလူမျိုးတို့သည် ယခုမြန်မာများထက် ပိုမိုကျွမ်းကျင်လိမ်မာမည်ကို ယုံမှားစရာ မရှိ။

ယခု ဆင်းရဲသလောက် ဒုက္ခရောက်သလောက် ဘယ်အခါမျိုးကမှ မြန်မာပြည်၌ မကြုံဘူးခဲ့။ ယခု ဆင်းရဲခြင်းသည် နောင်ကောင်းစားဖို့ပင် ဖြစ်ပေသည်။

ကျွန်ုပ်တို့၏ မိဘ ဘိုးဘွားများ အေးအေးဆေးဆေး ထမင်းကြမ်း ယပ်ခတ် စားလာခဲ့သရွေ့ ကျွန်ုပ်တို့မှာ အသက်မွေး ဝမ်းကျောင်းကို ဆင်းဆင်းရဲရဲ ရှာကြံနေကြရ၏။ ယခုအခါကြီးသည် ဆိုးသွမ်း၏။ ကျွန်ုပ်တို့၏ သားသမီး လက်ထက်၌ ယခုထက်ပင် ခက်ခဲ ပေလိမ့်မည်။ သို့အတွက် ထိုအ ခါကျလျှင် အထူးကြိုးစားရပေလိမ့်မည်။ ဤသို့ မကြိုးစားလျှင် လောကစစ်ပွဲကြီး၌ ဆုံးရှုံးကြပေလိမ့်မည်။

အကယ်၍ ကျွန်ုပ်တို့၏ စိတ်နေသဘောထား မှန်ကန်ခဲ့ပါလျှင်၊ကြောက်စရာ မရှိ။ယခုဆင်းရဲခြင်းသည် နောင်တိုးတံက်ဖို့ဖြစ်သည်ကိုသတိပြု ကြပါကုန်။

နောင်လာမည့် အနာဂတ်ကြီးကိုတွေး၍ ကြောက်မနေဘဲ မျှော်လင့်ချက်ရှိသော အခါကြီးပါ တကားဟု အောက်မေ့သင့်ပေသည်၊ ယခုအခါ၊ များသောအားဖြင့် လူတို့သည် ရှေးခေတ်ကို တမ်းတ၍ နေကြ၏။ 'ဟိုရှေးတုန်းက စပါးဈေးများ တယ်ကောင်းတာပဲ၊ နှစ်ပိဿာ ငါးဆယ်တောင် ရတယ်' စသဖြင့် ပြောလေ့ဆိုလေ့ ရှိကြ၏။ ထိုထက် ရှေးကျသောခေတ်ကို မပြောကြ၊ရှေးရှေးအခါက ဆိုခဲ့သည်တို့ကို မပြောကြ။ ရှင်ပြုစဉ်က ရွှေထီးတစ်ခါ ဆောင်းဖူး





သည်ကို ပြော၍ မဆုံးတော့ပေ။ လောကကြီး၌ အဆိုးရှိလျှင် အကောင်းရှိမြဲ ဖြစ်သည်ကို သတိရကြဟန်မတူ။ အကောင်းနှင့်အဆိုးသည် အမြဲ ဒွန်တွဲ၍ နေကြ၏။ တစ်ခုတည်း ဘယ်တော့မှ မရှိကြကုန်။ ။

ရှေ့လာမည့် ခေတ်ကြီးကား ရွှေခေတ်, စိန်ခေတ်, ပတ္တမြား ခေတ်ကြီးဟု နှလုံးစွဲ အမြဲမှတ်ထားဖို့ သင့်၏။ လောကတွင် စိတ်သာလျှင် အလွန် အရေးကြီးသဖြင့် စိတ်ရွှင်လန်းစွာ ထားပါ။ ရွှင်ရွှင်လန်းလန်း ရှိနေပါက အကြံအစည်များ အလိုလို ဖြောင့်ဖြူးလာပေလိမ့်မည်။

ရှေ့ခေတ်ဟောင်းကြီးကိုသာ တမ်းတ၍ မပြီး။ တမ်းတနေပါက မြန်မာလူမျိုးများအားလုံး နစ်မွန်း၍ တဖြည်းဖြည်း နောက်တန်း အောက်တန်းကျသွားပေလိမ့်မည် မလွဲ။ ။

'ခေတ်ကြီးကိုက ဆိုးလှသလေး၊ စိတ်ပျက်စရာ ကောင်းလှသလေး' ဟု ညည်းညူခြင်းဖြင့် အချိန်ကုန်လွန်စေခြင်းသည် မကောင်း။ ခေတ်အလိုက် ကျွန်ုပ်တို့ကိုယ်ကို ကျွန်ုပ်တို့ ပြုပြင်၍ ပေးရန်သာ ရှိပေသည်။ ခေတ်ကြီးက ကျွန်ုပ်တို့၏ အလိုကိုလိုက် အကြိုက်ကို ဆောင်ပေးလိမ့်မည် မဟုတ်။ ။

ယခုခေတ်ကြီး ဘယ်လို ဖြစ်နေသည်ကို ကျကျနန သိအောင် ရှေးဦးစွာ လို၏။ သိအောင်လည်း ကြိုးစား၍ ပညာ ဗဟုသုတ ရှာဖွေ ဆည်းပူးရမည်။ ခေတ်အကြောင်း ပညာ ဗဟုသုတများကို ရှာမှီးပြီး ခေတ်နှင့်လိုက်အောင် မိမိကိုယ်ကို မိမိကြည့်၍ နေတတ်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



ရဲရင့်သော စစ်သားသည် စစ်ပွဲ၌ ရန်သူနှင့် နဖူးတွေ့ ဒူး တွေ့ တော့ဆိုင် တိုက်ခိုက်ရန်ကိုသာ တောင့်တနေဘိသကဲ့သို့ ယောကျ်ား အာဇာနည်၊ မိန်းမ အာဇာနည်တို့သည် ဒုက္ခအပေါင်း ကို မျက်နှာချင်းဆိုင်၍ တိုက်ခိုက်အောင်မြင်ရန်ကိုသာ တောင့်တ နေကြရမည်။ ဒုက္ခအပေါင်းနှင့် တော့ဆိုင်ရမည်ကို မကြောက်မရွံ့ မတုန်မလှုပ် ယှဉ်ပြိုင်၍ ရင်ဆိုင် ခံလိုသော စိတ်ဆန္ဒရှိသူ ပေါ သည်ထက် ပေါများလာပါက ဟစ်တိုင်မှ မအော်ရဘဲ မြန်မာပြည် ကြီးသည် လွတ်လပ်ရေး၌ တည်မြဲလိမ့်မည်။

လူတစ်ခု ဖြစ်လာလျှင် ဒုက္ခတွေ့ရမည်။ ဒုက္ခ မရောက်လို သူတို့ နိဗ္ဗာန်ကိုသာ ရအောင် ကြိုးစားကြပေတော့။ လူ့ဝတ်ကြောင် နှင့် နေရန်မလို။ တောမှိုပြီး ယောဂီကြီးသာ လုပ်နေကြပါတော့။ ။

ဘယ်အရပ်ကို သွားသွား၊ မကြီးပွားနိုင်သော လူများကို တောင်ပုံရာပုံ တွေ့ကြပေလိမ့်မည်။ ‘မဖြစ်နိုင်’ ဟူသော စကား ဆိုးကြီးသည် လူတိုင်း၏ ပါးစပ်ဖျား၌ ရှိနေကြကုန်၏။ ဒုက္ခများ မည်ကို ကြောက်ကြ၏။ ကြီးပွားလိုသူကား မကြောက်။ ဒုက္ခတွေ့ ဒုက္ခကို ကျော်လွှန်၍ လောက၌ ကြီးပွားနိုင်မည်ကို အသေအချာ သိသောကြောင့် မကြောက်ရွံ့ခြင်း ဖြစ်ပေသည်။ သင်လည်း ကြီး ပွားလိုလျှင် မကြောက်ပါနှင့်၊ ကြောက်ဒူး မတုန်ပါနှင့်၊ ရင်မခုန်ပါ စေနှင့်။ ‘ဘာလဲဟဲ့ ဒုက္ခ၊ နင်လားဟဲ့ ဒုက္ခ’ဟု အော်ဟစ်မေ့ကာ ‘ငါဟဲ့ ယောကျ်ား’ ဟု ကြိမ်းမောင်းလျက် ဒုက္ခအပေါင်းကို ခုန် တိုက်လိုက်ပါ။ ရံဖန်ရံခါ ရှုံးပေလိမ့်မည်။ အကြိမ်ပေါင်းများစွာ ရှုံး ပေလိမ့်မည်။ သို့သော် အောင်မြင်သည့်အခါ အောင်မြင်ပါလိမ့်မည်။





တစ်ကြိမ်တစ်ခါ အောင်မြင်လျှင် ဘယ်လောက် အကျိုးဖြစ်ထွန်း သွားမည် ဆိုသည်ကို သာမည စဉ်းစားရုံကလေးနှင့် သိသာနိုင် ပါသည်။

လောကအကြီးအကဲ လုပ်လိုသူတို့သည် အခက်အခဲများကို အဝေးက တွေ့အောင် ရှာဖွေရမည်၊ ‘ဒီအခက်အခဲကို ဘယ်ပုံ လွှန် မြောက်ရပါအံ့နည်း’ဟု တွေးတောရမည်။ ကြောက်စိတ်ကို လုံးလုံး ဖျောက်ရမည်။ စစ်သူကြီးကောင်းသည် စစ်ပွဲကို ဘယ်နည်း တိုက် ရမည်ကို ကြိုတင် စဉ်းစားထားလေ့ ရှိ၏။ ရင်ဆိုင် တိုက်ခိုင်ရန် အသင့်ရှိ၏။ ကြောက်ဖို့ဝေးစွ။ ။

[ ၄ ]

လောက၌ လူအစားစားရှိကြ၏။

၁။ မိမိ၏တစ်ဝမ်းတစ်ခါးကလေးကိုမျှ မပြုစုနိုင်ဘဲ တစ်ပါး သူများထံမှ အကူအညီ တောင်းရသည့် ‘သူတောင်းစား’ သဖွယ် လူစား

၂။ မိမိ တစ်ကိုယ်ကောင်းသာ ဆောင်ရွက်နိုင်သော ‘လူဖြစ်ရုံ’ အစား

၃။ မိမိအဖို့နှင့် သားမယားအဖို့သာ ဆောင်ရွက်နိုင်သော ‘သာ မည’လူစား။

၄။ မိမိမှတစ်ပါး သားမယားများ အပြင် ဆွေမျိုးညာတကာတို့ အတွက်ပါ စွမ်းဆောင်နိုင်သော ‘လူတော်’ အစား

၅။ တိုင်းပြည် ကြီးပွားအောင် ဆောင်ရွက်နိုင်သော ‘တော် သူရဲကောင်း’ အစား



www.burmeseclassic.com

www.burmeseclassic.com



စသည်ဖြင့် ရှိကြကုန်၏။

အမှတ် ၁ အစားမှာ မြန်မာပြည်၌ ပေါများလှချေ၏။ ရှက်ဖွယ်၊ ရွံဖွယ်၊ မသတီဖွယ်ပင် ဖြစ်တော့သည်။

အမှတ် ၂ 'လူဖြစ်ရုံ' အတန်းအစားပင် ဖြစ်ရန် အတော် ကလေး ခက်ခဲသည်ဟု လူတိုင်းထင်ကြ၏။ လူဖြစ်ရုံကလေးမှာ စင်စစ်လောက၌ ခဲယဉ်းလှသည် မဟုတ်။

ဤလူစားသည် မိမိ တစ်ဦးတည်းအတွက်သာ ကိုယ်လွတ် ရုန်းနိုင်သဖြင့် အများအား မကူညီနိုင်ပါ။ တစ်ပါးလူများကိုလည်း မိမိအတွက် ဒုက္ခမပေးသည်ကိုပင် ပထမလူစားထက် တော်သေး၏ ဟု ဆိုရပေမည်။

အမှတ် ၃ 'သာမည' အစားမှာ အထက်နှစ်မျိုးနှစ်စားထက် ရှားပါးလာလေပြီ။ ဤအတန်းအစားသို့ ရောက်အောင် အတော် ကြိုးစားမှ ရောက်ကြရ၏။ သို့အတွက် 'တော်ပါပေသည်'ဟု အများ၏ ချီးမွမ်းခြင်းကို ခံကြရ၏။

အမှတ် ၄ 'လူတော်' အဆင့်အတန်းစား လူမျိုးတို့မှာ မိမိ မှအပ သားမယား ဆွေမျိုးအားလုံးတို့ကိုပါ သဂြိုဟ် ထောက်ပံ့ကြ ရပေသည်။ ထိုလူစားမှာ ရှာမှရှားသည်ကို လူတိုင်း ဝန်ခံရပေမည်။ တိုင်းပြည်၌ ဤလူစားများ ပေါသည်ထက် ပေါလာခဲ့ပါလျှင် ထို တိုင်းပြည်သည် မုချ ကြီးပွားမည်သာတည်း။

ပဉ္စမမြောက် 'တကဲ့သူရဲကောင်း' တို့ကို ထမင်းထုပ်နှင့် လိုက်ရှာရမလောက် ရှားပါး၏။ တိုင်းပြည်၌ ဤလူစားမျိုး နည်း လှ၏၊ မြန်မာပြည်၌ ခေါင်းခေါက်ရှာလိုက်လျှင် မရှိသလောက်ပင်





ဖြစ်တော့၏။

ဤအတန်းအစား လူမျိုးကို တွေ့လိုပါမူ အိုင် စီ အက်၊ အရေးပိုင်၊ ဝန်ထောက်၊ မြို့ပိုင် စသည့် အစိုးရအမှုထမ်းအဖွဲ့ထဲမှာ ရှာ၍ မနေနှင့်။ အချိန်ကုန် လူပန်းရုံသာ ဖြစ်တော့မည်။ အချည်း နှီးသာတည်း။

ထိုရာထူးရာခံတို့မှာ တိုင်းပြည်ကို ကျေးဇူးပြုသည်ဟု ဆိုကြ သော်လည်း ၎င်းတို့ လစဉ်ရသမျှ လစာငွေဖိုးကိုမှ ကျေလောက် အောင် တိုင်းပြည်သို့ ပြန်ဆပ်နိုင်သူ ရှားပါးကြကုန်၏။ ဘယ်နေ ရာမျိုး၌ ဤလူစားကို တိုင်းပြည်က တွယ်တာ အားကိုးရပါအံ့နည်း။

အချို့အမှုထမ်းများသည် တိုင်းပြည်၏ တာဝန်ကို ကျေပွန် အောင် ဆောင်ရွက်ကြသဖြင့် ပြည်သူ့လက်ရုံးသဖွယ် အားကိုး လောက်ပေသည်။ သို့သော် ဤလူစားမျိုးသည် အမှုထမ်းထဲတွင် ရှိသလောက် ရှားပါးကြကုန်၏။

'တကဲ့သူရဲကောင်း' ယောက်ျားတို့ကို တွေ့လိုက များသော အားဖြင့် ကုန်သည် အတန်းအစား၌သာ တွေ့နိုင်လေသည်။

အိုင် စီအက်ကိုသာ ထိပ်သီးထားကြကုန်သော ကျွန်ုပ်တို့ နှမ်း၊ မြန်မာအပေါင်းတို့သည် အဓိပတိ အမှားတော်ကြီး မှားကြ လေပြီ။ မျက်စိရှိလျက်နှင့် မမြင်ကြကုန်။ လခစား ရာထူးရာခံကို မျှော်ကိုးနေလျှင် တိုင်းပြည် ကြီးပွားနိုင်မည်လော။

ကုန်သည်များကိုသာ အားထားထိုက်ကြောင်းကို နဖူးပေါ် ထက်တင်၍ စဉ်းစားက ရေးရေးပေါ်လာပေလိမ့်မည်။

မျက်မြင်တစ်ကမ္ဘာလုံးလိုလို အုပ်စိုးနေသော အင်္ဂလိပ်လူမျိုး



www.burmeseclassic.com

www.burmeseclassic.com



တို့သည် ရှေးယခင်က ပြောပလောက်အောင် မကြီးပွားကြ။ သို့ရာတွင် ကုန်ကူးသန်းရောင်းဝယ်ရေးဘက် လှေလာလိုက်စားကြသဖြင့် ယခုအခြေသို့ ဆိုက်ရောက်၍ လာကြပေသည်။

မြန်မာပြည်သည် ဒီအခြေဆိုက်နေမှ ကုန်ကူးသန်းရောင်းဝယ်ရေးကို မြန်မာတို့ အလေးဂရု မပြုဘဲ နေကြမည် ဆိုပါလျှင် မြန်မာပြည်ကြီးကို ဆယ်၍ရတော့မည် မဟုတ်ပေ။

ဤခေတ်သည် ခေတ်ဆိုးကြီးဟု အများခေါ်ကြ၏။ လူဖျင်းလူပျင်းများအဖို့ မှန်ပါပေ၏။ လုံ့လဝီရိယနှင့် ပြည့်စုံသူများအတွက် ယခုအခါသည် အလွန်တရာ ကောင်းလှစွာသော အခွင့်ကောင်းအခါကောင်းကြီးပေတည်း။

အခက်အခဲတို့ကို ရင်ဆိုင် မတိုက်ခိုက် မတွန်းဖြိုဘဲ ကြီးပွားတော့မည် မဟုတ်။ လွယ်လွယ်ကူကူကလေးနှင့် ကြီးပွားနိုင်လျှင် လောက၌ မကြီးပွားသူဟူ၍ပင် ရှိတော့မည်မဟုတ်။

အခက်အခဲတို့သည် သတ္တိကောင်းသူတို့အား မျှော်သွေးစမ်းစမ်းနေဘိ၏။ သတ္တိဗျတ္တိနှင့် 'ငါ ကြီးပွားတော့မည်' ဟု တစ်ထစ်ချယုံကြည်လျက် ကြိုးစားကြပါကုန်။ အခက်အခဲများကို မျက်နှာမဆိုင်ဝံ့သဖြင့် လူပျော့များ တစ်ဖြည်းဖြည်း နောက်ဆုတ်ကြကုန်ပြီ။

လောကကြီး၌ မိမိ၏ ဝေပုံကျ တာဝန်များကို ဆောင်ရွက်ရမည်ဆိုလျှင် မကြောက်မရွံ့ သယ်ပိုးရွက်ဆောင်ပါ။ မိမိ၏ တာဝန်ကို ရဲဝံ့စွာ ယူဝံ့သူနှင့် မယူဝံ့သူ များစွာ ကွာခြား၏။ ယူဝံ့သူမှာ ကြီးပွား၏။ မယူဝံ့သူမှာ မကြီးပွား။





'တာဝန်'ဆိုသော စကားကလေးမှာ အလွန် တာသွား၏။ ဗွန်ပ်တို့ မြန်မာများ နားလည်သည်ထက် အဓိပ္ပာယ်လေးနက်၏။

တာဝန်ကြောင့် အချို့လူတို့ ကြိုးစားနေကြ၏။ မယားအတွက် တာဝန်၊ သားသမီးအတွက် တာဝန်၊ ဆွေမျိုး ညာတကာအတွက် တာဝန်ဟူ၍ အသီးသီး အစားစား ရှိကြ၏။ သားမယားရှိခဲ့လျှင် ကြိုးကြိုးစားစား တာဝန်မယူဘဲ ပေါ့ပေါ့နေကြမည့်လူအမှာပေါ်တွင် အများအပြား ရှိကြ၏။

တိုင်းပြည်နှင့် ပတ်သက်၍လည်း တာဝန် ရှိကြသည့်အတွက် မိတို့ ထင်သလို ပေါက်လွှတ်ပဲစား မနေသင့်ကြကုန်။ ဤတာဝန်ခံထုပ်ကြီးများသာ မရှိခဲ့ပါမူ လောကကြီး၌ ထမင်းရေပူလာ ရှာလွဲကြကုန်မည်သာ။

လူငယ်တိုင်း တာဝန်ကိုယူဖို့ မကြောက်သင့်။ ရဲရင့်စွာ ယူ၍ တံ့တံ့စားစား ဆုံးခန်းတိုင်အောင် ဆောင်ရွက်သင့်၏။ ကြောက်ဆုတ်ကြောက်ဆုတ် လုပ်မနေသင့်။

တာဝန်ယူရမည်ကို မကြောက်မရွံ့သောသူများ ပေါလေလေ တိုင်းပြည်၏ လွတ်လပ်ခြင်းကိုရဖို့ ပန်းတိုင် နီးလေလေပင် ဖြစ်တော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



အခန်း ၃

## အခက်အခဲတွေ့လျှင် ကြံ

[ ၁ ]

မြန်မာဘာသာတစ်ခုလုံး မွှေနှောက်ရှာလိုက်မည်ဆိုလျှင် ကြံ' ဟူသောစကားထက် အဖိုးတန် အသုံးဝင်သောစကားမရှိ။ မယုံလျှင် ရှာကြည့်ရုံနှင့်မပြီး။ ကြံကြည့်။

ကျွန်ုပ်တို့မြတ်စွာဘုရားသော်မှ ကြံဆပြီး တရားအပေါင်း ကျင့်ရလေသည်။ အကြံမရှိဘဲ မည်သည့်ကိစ္စကိုမှ မလုပ်နိုင်ပါ။ မယုံလျှင်ကြံကြည့်။ ကြံဘူးမှ သိလိမ့်မည်။

အကြံဆိုသည်ကား အခြားမဟုတ်။ စိတ်ကူးပင်တည်း။ စိတ်ကူးသည် 'ဉာဏ်'ပင်ဖြစ်၏။ ဉာဏ်မရှိဘဲ စိတ်ကူးကောင်း မရှိနိုင်။ စိတ်ကူးကောင်းမရှိဘဲ အကြံမပြုနိုင်။

အကြံဉာဏ်စိတ်ကူး ရှေ့ပြေးလုပ်မှသာ ကိစ္စအဝဝတို့ လုပ်နိုင်သည့်အကြောင်း သုံးလူ့ထွတ်ထား မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး ဟောတော်မူခဲ့သည် မဟုတ်ပါလား။

အထူးသဖြင့် အခက်အခဲနှင့် တွေ့ကြုံလေလေ အကြံထုတ်ရလေလေ ဖြစ်ပေသည်။

ယခုအခါ ဒုက္ခတွေကြုံနေလျှင် အကြံမထုတ် ခေါင်းကို အလုပ်မပေးဘဲ ထိုင်၍မှိုင်တွေချနေတတ်ကြ၏။ သြော်... မှားလေစွ။ မှားလေစွ။

အကြံထုတ်နေခြင်းနှင့် ရောက်တတ်ရာရာ စိတ်ကူးနေခြင်းသည်မတူ။ တစ်ခုနှင့်တစ်ခု စကြဝဠာ တစ်တိုင်းနှင့် တစ်တိုင်း ကွာခြားသည်ထက် ကွာခြားလေသည်။

အကြံသည်ဒုက္ခအပေါင်းမှ လွတ်မြောက်နိုင်အောင် စွမ်း၏။ ထွေရာလေးပါး စိတ်ကူးနေခြင်းသည် ညွှံ၌နစ်နေသူပမာ နစ်သထက် နစ်၍ ပိုမိုဒုက္ခရောက်ရုံသာ ဟတ်နိုင်၏။

အကြံရှိသူမှာ ထိပ်ခေါင်ဖျားသို့ ရောက်နိုင်၏။ ထွေရာ ရောက်ဘက် စိတ်ကူးနေသဖြင့် အောက်ဆုံးဘဝသို့ ရောက်နိုင်၏။ သတိ ၍ ကြပ်ကြပ်စဉ်းစားပါလေ။

နောက်တစ်ခါ မိတ်ဆွေ၌ အခက်အခဲ ကြုံနေပါလျှင် ကြောက်တတ်သူကဲ့သို့ နောက်ဆုတ် နောက်ဆုတ်လုပ်မနေဘဲ ရဲရဲ ရင့်ရင့် အကြံဉာဏ်ကို အသုံးပြု၍ ရှေ့ကိုသာ တိုးပါ၊ နောက် မဆုတ်တမ်း ရှေ့ကို အမြဲလှမ်းလေ့ရှိသူသည် တစ်နေ့ အောင်မြင် မည်သာ တည်း။

အကြံထုတ်ရမည်ဆိုသော်လည်း မိမိ၌ ပညာဗဟုသုတ နည်း ပါးနေလျှင် ဘယ်လို အကြံကောင်း ထုတ်နိုင်အံ့နည်း။ ထို့ကြောင့် ဘယ်နည်းဘယ်ပုံ ပညာဗဟုသုတကို ရှာကြံရမည်နည်း။

သူတစ်ပါးကို အသုံးမပြု၊ အားကိုးအားထား မလုပ်ဘဲ မိမိ ကိုယ်ကိုသာ အားကိုးယုံကြည်ပြီး မိမိဘာသာ စိတ်ကူးကြံဆ၍ ဘယ်အလုပ်မဆိုလုပ်။ ဗဟုသုတ ရစမြဲ။ သို့သော် ဤနည်းကား အနှေးဆုံးနည်း ဖြစ်၏။

ဒုတိယနည်းမှာ တွေ့ကြုံသမျှ လူများထံမှ မေးမြန်းထောက် လှမ်း စနည်းနာဖို့ ဖြစ်သည်။ ဤနည်းကား ပထမနည်းထက်





www.burmeseclassic.com

www.burmeseclassic.com



ကောင်း၏။ မြန်လည်းမြန်၏။

သို့သော် ဤလောက တပြင်လုံးလိုက်၍ ကြည့်သောအခါ ကြီးပွားသူထက် မကြီးပွားသူက ပိုမိုများပြားကြောင်း သိနိုင်ပေလိမ့် မည်။ မကြီးပွားသူတို့မှာ အဆရာထောင် ပိုမို များပြားနေပြန်သဖြင့် တွေ့သရွေ့ လူများထံမှ မေးမြန်းစုံစမ်း ဗဟုသုတ ရှာမှီးသောအခါ မကြီးပွားသူတို့နှင့် အတွေ့များပေလိမ့်မည်။ ထို့ကြောင့် ဤနည်း လည်း အားမကိုးလောက်သေး။

ကြီးပွားသူတို့နှင့် တွေ့လင့်ကစား ရှောင်တခင် တွေ့မြင် မေးမြန်း မှတ်သားလိုက်ရသဖြင့် အကျိုးများသင့်သလောက် မများ နိုင်ချေ။

အကောင်းဆုံးနည်းမှာ မိမိ ယုံကြည် အားကိုးလောက်သည့် ပုဂ္ဂိုလ်များ ရေးသားစီရင်အပ်သော စာအုပ်များကို ဖတ်ရှုလျက် ပညာဗဟုသုတ ဆည်းပူးခြင်း ဖြစ်ပေသည်။

စာအုပ်တစ်အုပ် ရေးရသော တာဝန်သည် လွယ်ကူလှသည် မဟုတ်။ များသောအားဖြင့် လွယ်သည်ထင်ကြ၏။ လွယ်သည် မလွယ်သည် သိလိုပါက မိမိကိုယ်တိုင် စာမျက်နှာ လေး–ငါး မျက်နှာခန့် စာရေးစမ်းကြည့်ပါ။ သိပါလိမ့်မည်။

မြန်မာပြည်ကြီးသည် ယခုလို သောင်းကျန်းမှုများ ပေါ်ပေါ ရခြင်း၏ အကြောင်းကို ရှာလိုက်လျှင် စာမဖတ်ခြင်း၊ စာဖတ်ဝါသန မရှိခြင်း၊ စာဖတ်သူ နည်းပါးခြင်းများကြောင့်ဟု ဆိုရပေလိမ့်မည်

ယခုမျက်မြင် မြန်မာပြည်၌ စာအုပ်စာတမ်းများ ထုတ်ဝေ သော ဦးရေကို တွက်ချက်ကြည့်လိုက်သော် မြန်မာပြည်၏ အခြ





အနေကို ခန့်မှန်းနိုင်တော့သည်။

ပေါ်ပင်ဝတ္ထုကလေးများကိုပါ စုရုံး ထည့်သွင်း၍ အပြေး ရေ တွက်လိုက်လျှင် မြန်မာပြည်၌ တစ်နှစ် စာအုပ် တစ်ရာလောက်ပင် မထွက်လိုပေ။ လွန်ခဲ့သော ၁၉၃၃ ခုနှစ်က အင်္ဂလန်ပြည်တွင် တကယ့် စာအုပ်ကောင်းပေါင်း တစ်သောင်းငါးထောင်ကျော် ထွက် ခဲ့၏။ (မြန်မာပြည်၌ ခေတ်စားနေသော ဝတ္ထုမျိုးမပါ) မြန်မာပြည် ၌ ဤစာအုပ်မျိုး ၁၅ အုပ်မျှပင် မထွက်။

ဝတ္ထုဖတ်ခြင်းသည် အချည်းနှီး အသုံးမကျဟု ကျွန်ုပ် မဆို လို။ ကောင်းသော ဝတ္ထုများကို ဖတ်လျှင် ကျေးဇူးရှိသင့်သလောက် ရှိပါ၏။ သို့သော် ယခု မြန်မာပြည်၌ ထွက်နေသော ဝတ္ထုများသည် ကောင်း, မကောင်းကို စာဖတ်သူ မိတ်ဆွေအပေါင်းတို့ပင် နှိုင်းယှဉ် ဝေဖန်ကြည့်ကြပါကုန်။

မြန်မာပြည်၌ ယခုလို စာအုပ်စာတမ်းများ ထုတ်ဝေခြင်း နည်းပါးနေခြင်းမှာ စာဖတ်ဝါသနာ မရှိသဖြင့် စာမဖတ်ကြသော ကြောင့် ဖြစ်ပေသည်။

စာမဖတ်ကြ၍ စာအုပ်များ မရောင်းရ။ စာအုပ်များ မရောင်း ရသဖြင့် စာရေးဆရာများ မထွက်ပေါ်ကြ။ ယခုမျက်မြင်မှာ စာရေး ဆရာအဖြစ်ဖြင့် မြန်မာပြည်၌ အသက်မွေးဝမ်းကျောင်း ရှာမည်ဆို သော် မငတ်ရုံတမယ် နေနိုင်က တော်လှပေပြီ။

သို့သော် စာရေးဆရာများကလည်း မိမိတို့အဖို့ ငွေကြေး လုံလောက်အောင် မရသဖြင့် လက်လျှော့ရန် အလျဉ်းမသင့်။ ကြိုး သည်ထက်ကြိုး ကောင်းသည်ထက် ကောင်းအောင် ကြိုးစားသင့်



www.burmeseclassic.com

www.burmeseclassic.com



ပေသည်။

[ ၂ ]

ရှေးအင်္ဂလိပ် စာရေးဆရာကြီးများ အဆင်းရဲခံပြီး စာအုပ်စာတမ်းတို့ကို ရေးသွားကြလို့သာ အင်္ဂလိပ်စာသည် ကမ္ဘာပေါ်၌ ယခုလို ထင်ပေါ်ကျော်စော၍ အသုံးများခြင်း ဖြစ်ပေသည်။

မြန်မာပြည်၏ တစ်ဝက်လောက်ရှိသေ. အင်္ဂလန်ပြည်ကလေးသည် တစ်ကမ္ဘာလုံးလိုလို လွှမ်းမိုးအင် ျုပ်နေသည်ကို အံ့စရာမရှိ။ ဤမျှလောက် စာဖတ်ဝါသနာများသည့် တိုင်းပြည်. မကြီးပွားခဲ့လျှင် ဘယ်တိုင်းဘယ်ပြည် ကြီးပွား ါဘာ့အံ့နည်း။

အင်္ဂလန်ပြည်၌ တံမြက်လ ည်းသ က း ခပြ၍ စာအုပ်ကို ဝယ်ယူဖတ်ကြ၏။ မြန်မာပြည်၌ကား လူရည်တတ် လူကုံထံ သူဌေးကြီးများ၌ပင် စာအုပ်များ မရှိကြပေ။ ဟုတ်, မဟုတ်ကို ‹ ‹ ဖတ်သူ မိတ်ဆွေအပေါင်း အသိဖြစ်တော့၏။

ယခုအခါ လူတိုင်း မော်၍ကြည့်နေရသော ဂျပန်လူမျိုးတို့သည် လွန်ခဲ့သည့် အနှစ်ငါးဆယ်လောက်က ကမ္ဘာက အရေးမလုပ်။ အခြေအနေ အောက်တန်းကျ၏။ သို့သော် ဂျပန်လူမျိုးတို့သည် ကြီးစွာသော သတိရပြီး စာဖတ်ခြင်း အလေ့အထကို ပြုကျင့်သဖြင့် ဤမျှ အနည်းငယ်သော အနှစ်ငါးဆယ်အတွင်း ကမ္ဘာ၏ အရေးပေးခံရခြင်း အခြေအနေသို့ ရောက်ရချေ၏။

မြန်မာတို့လည်း ဤသို့ ကြီးပွားနိုင်၏။ အို အမျိုးသား အပေါင်းတို့.... သတိရကြပါကုန်။ စာဖတ်ခြင်း အလေ့အထကို ပြုလုပ်ကြကုန်။ မြန်မာပြည်၌ စာအုပ်များသည်ထက် များများထွက်





အောင် အားပေးချီးမြှင့်ကြပါကုန်။

စာအုပ်သည် အလွန် အဖိုးထိုက်၏။ အသုံးပြုတတ်ပါက တစ်ကျပ်၊ နှစ်ကျပ် ပေးရသော စာအုပ်သည် တန်ဖိုးမဖြတ်နိုင်အောင် အကျိုးရှိ၏။ စာအုပ်ကို ဝယ်ယူဖတ်ရှု၍ အသုံးပြုတတ်ပါလျှင် နိဗ္ဗာန်ကိုပင် ရနိုင်ပါ၏။

စာအုပ်ကို ကောင်းစွာ အသုံးပြုရန်မှာ စာဖတ်သူတို့၏ ဘာဝန်။ စာအုပ်ကိုဝယ်၍ ဖတ်ကြည့်ရုံနှင့် ဘယ်မှာ အသုံးကျနိုင်ပါမည်နည်း။ စာအုပ်အတွင်း၌ပါသော အကြံကောင်း ဉာဏ်ကောင်းများကို အသုံးပြုမှသာ အသုံးကျပေလိမ့်မည်။

သံသရာအတွင်းမှ ထွက်မြောက်ပါရမည့်အကြောင်း မြတ်စွာဘုရား ကိုယ်တော်တိုင် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းမျှ ကျင့်ကြံယူရသည်။ ငွေကြေး အနည်းငယ် အကုန်အကျ ခံပါက ဤကျင့်နည်းများကို မိတ်ဆွေလည်း လွယ်လင့်တကူ နားလည်နိုင်၏။ ကျင့်ကြံနိုင်၏။

မျက်မြင် ကြီးပွားကျော်ကြားနေသော ပုဂ္ဂိုလ်တိုင်း စာအုပ်နှင့် မကင်း။ စာအုပ်ကို ဖတ်ကြရကုန်၏။ စာအုပ်အတွင်းက အကြံများကို ရေလဲနှင့် အသုံးပြုကြရကုန်၏။

စာဖတ်လျှင် မိတ်ဆွေ၌ ကျေးဇူးအမှန် များလိမ့်မည်။ မနားမနေ အလုပ်လုပ်နိုင်မှ ကြီးပွားသည်ဟု လူတို့ ထင်ကြ၏။ မဟုတ်သေး။ အကြံဉာဏ်ကို လှာ၍ အသုံးချမှ ကြီးပွားနိုင်မည်။ စာအုပ်များမှ ရနိုင်၏။

ဥပမာဆိုရပါလျှင် မြန်မာပြည်၌ ဝတ်လုံနှင့် ရှေ့နေတို့မှာ



www.burmeseclassic.com

www.burmeseclassic.com



ဥပဒေပညာကို လိုက်စား၍ အသက်မွေးဝမ်းကျောင်းခြင်း တူလင့်ကစား အချို့မှာ တစ်လ လေးငါးထောင်ရ၍ အချို့မှာ ထမင်းငတ်နေကြ၏။

အလုပ်လည်း အတူတူ၊ လုပ်ရသော အချိန်လည်း အတူတူဖြစ်ပါလျက် ဘယ်အတွက် ငွေဝင်ရာမှာ ကွာနေပါသနည်း။ အကြံဉာဏ်ချင်း ကွာနေသောကြောင့်။ လစာငွေ ပိုရသော ပုဂ္ဂိုလ်များမှာ ပို၍ စာတတ်၏။ ပို၍ စာတတ်မှ ပို၍ အကြံကောင်း ဉာဏ်ကောင်းရှိ၏။ ပို၍ အကြံကောင်း ဉာဏ်ကောင်း ရှိသဖြင့် ပို၍ ပိုက်ဆံရကြ၏။

ထိုနည်းအတူ မည်သည့်အလုပ်၌မဆို အလုပ်လုပ်သူတို့၏ ဝင်ငွေ မတူကြသည်ကို တွေ့ရပေလိမ့်မည်။

ကူလီကုလား၏ ဆယ်နာရီ အလုပ်သည် သူဌေးကြီး၏ ဆယ်နာရီ အလုပ်ထက် ပို၍ ပင်ပန်းသော်လည်း ငွေဝင်မှာ မတူ။ အဘယ့်ကြောင့်နည်း။ ကြပ်ကြပ် စဉ်းစားကြည့်ပါ။ အဖြေပေါ်လာပါလိမ့်မည်။ မိမိ စဉ်းစားရသည်နှင့် တသဝေမတိမ်း အကျိုးထုးအောင် ကြိုးစား လုပ်ကိုင်ကြပါ။

လွန်ခဲ့သည့် အနှစ်သုံးဆယ်အတွင်းက ပေါ်ပေါက်လာသော အကြံဉာဏ်တို့မှာ အံ့ဖွယ်သရဲ။ ဤကဲ့သို့ အံ့မခန်း ဖြစ်ရအောင် ယခုလည်း ကြံနေဆဲ။ အကြံသစ်များ ပေါ်လာဆဲ။

အချို့ ပေါ်ပင်အကြံများသည် အကြံဟောင်းများလောက် မကောင်း။ သို့သော် အချို့မှာ အကြံဟောင်းများထက် အဆပေါင်းများစွာ ပို၍ ကောင်းပေ၏။





ဤအကြံသစ် ဉာဏ်သစ်များရအောင် စာမဖတ်ဘဲ တစ်ကိုယ်တည်း ကြံဆစိတ်ကူးနေရုံ သက်သက်နှင့် မပြီးနိုင်။ မရနိုင်။

အကြံသစ် ဉာဏ်သစ်များကိုလည်း လျစ်လျူရှုထားရန် မသင့်။ ဤသို့ လျစ်လျူရှုထားသဖြင့် မြန်မာပြည်သည် မည်မျှ အောက်တန်းကျနေသည်ကို တွေးကြည့်က သိနိုင်ပါ၏။

ဆိုခဲ့သော အကြံကောင်းများကို ရဖို့အတွက် စာဖတ်ခြင်းအလေ့အထသည် အကောင်းဆုံးသောနည်းပင် ဖြစ်ပေသည်။

[ ၃ ]

မြန်မာတို့သည် ဘယ်အရာမျိုးမဆို မစူးစမ်း မဆင်ခြင်ဘဲ ပြုလုပ်လေ့ရှိ၏။ ဤသို့ ပြုလုပ်ခြင်းကြောင့် မပျက်စီးသင့်ဘဲ ပျက်စီးနေရ၏။

အချို့ မြန်မာအမျိုးသမီး အမျိုးသားတို့သည် ကုန်ကူးသန်းရောင်းဝယ်ရေးကို စိတ်အားထက်သန်စွာ ပြုလုပ်ကြ၏။ သို့သော် အရင်းပြုတ်သွားသောအခါ အားလျှော့ပြီး ရှေ့ဆက်မလုပ်ဘဲ နောက်ဆုတ်ကြ၏။

နောက်ဆုတ်ပြီး ကုန်ကူးသန်းရောင်းဝယ်ရေးသည် မကောင်းဟု အယူသီးကြ၏။ ဤမျှ မပြီးသေး။ လူအများ စိတ်ပျက်အောင် ပြောဆိုလေ့ရှိ၏။

'ဘယ်အတွက် ငါရှုံးရသလဲ' ဟု ဘယ်တော့မှ မစဉ်းစား၊ ရှုံးရခြင်း၏ အကြောင်းတရားကို နားလည်အောင် မလုပ်။ 'လူမျိုးခြားတို့သည် ဒီအလုပ်ကို လုပ်လျှင် မပျက်စီးဘဲလျက် ဘာ့ကြောင့် ငါတို့ပျက်စီးရပါသနည်း' ဟုမတွေးတော။ မစူးစမ်း၊ မဆင်ခြင်။



www.burmeseclassic.com

www.burmeseclassic.com



လူမျိုးခြားတို့သည် ၎င်းတို့၏ လုပ်ငန်းနှင့်ဆိုင်သော စာအုပ်များကို လေ့လာဆည်းပူးလေ့ရှိ၏။ မြန်မာတို့မှာ စာအုပ်ကို မကိုင်။ လူမျိုးခြားတို့သည် အလုပ်နှင့်ဆိုင်သော ပညာရပ်များကို ကောင်းမွန်စွာ သင်ကြားကြ၏။ မြန်မာတို့မှာ အရေးမလုပ်။လူမျိုးခြားတို့သည် စူးစူးစမ်းစမ်း ဆင်ဆင်ခြင်ခြင် အလုပ်လုပ်၏။ စိတ်ကူးထုတ်၍ လုပ်၏။ မြန်မာတို့မှာ စိတ်မကူး၊ မစူးစမ်း မဆင်ခြင်ကြကုန်။

ဤကဲ့သို့ မြန်မာများ၏ ချို့ယွင်းချက်များကို ဖော်ထုတ်ရေးသားရခြင်းသည် မြန်မာများကို မုန်းတီး၍မဟုတ်။ အပြစ်ကိုမြင်၍ မြင်စေလိုသော စိတ်ကောင်း စေတနာကောင်းဖြင့်သာ ရေးသားရခြင်းဖြစ်ပါသည်။

စာဖတ်လေလေ အကြံသစ်တိုးလေလေ၊ အကြံသစ်တိုးလေလေ စာကိုဘဲ ဖတ်လေလေသာဖြစ်၏။ စာဖတ်၍ နည်းမယူသူတို့မှာ အများအားဖြင့် အလျဉ်းစာမတတ်သူတို့သာ ဖြစ်တန်ရာ၏။ စာတတ်သူတိုင်း စာဖတ်၍ နည်းယူကြကုန်၏။

ဤစကား မှန် မမှန်ကို သေသေချာချာ တွေးကြည့်က သိပါလိမ့်မည်။ သာမည သဘင်သည်တို့မှာ ကိုယ်ကိုယ်ကို တကယ် ထင်ပြီး နည်းသစ်များကို မသင်။ ဦးဘိုးစိန်ကြီးမှာ ဤသို့မဟုတ် မြန်မာပြည်တွင် သဘင်ပညာတွင် ထိပ်တန်းကျွမ်းကျင်သူ ဖြစ်သော်လည်း အနောက်နိုင်ငံမှ 'ပါဗလိုပါ' လာသောအခါ ခြေကများကို သင်ယူလိုက်ကြောင်း ကြားဖူးလေသည်။ မိမိကျွမ်းကျင်လိုက်စား သည့် ပညာထက်လာလေလေ ဆည်းပူးလေ့လာလိုသေးသည်ကို သိလေလေ ဖြစ်လေ၏။





ကုန်တိုက်ကြီးတို့၌လည်း ထို့အတူပင်။ သူဌေးလုပ်သူတို့မှာ၊ မဂ္ဂဇင်း - ဂျာနယ် - စာအုပ်များကို ဖတ်နေရသဖြင့် မအားလပ် အောင် ရှိတော့၏။ မစို့မပို့ လခကလေးကိုရသည့် 'ကိုပါမွှား' တို့ မှာ စာမဖတ်ချေ။ စာဖတ်ရန် အချိန်မရှိဟု ဆင်ခြေလဲတတ်၏။

လောကကြီး၌ မည်သည့်အလုပ်မဆို သူတစ်ပါးရှေ့က လုပ်ခဲ့ပြီးသော အလုပ်နှင့် ပတ်သက်သည့် အကြောင်းတို့ကို သင်ယူမှတ်သားသင့်ပေသည်။ ထိုသူများ မှားသွားခဲ့သရွေ့ နောက်လူများကောင်းဖို့ဖြစ်၏။ ထိုသူများ မှားသွားသည်ကို ထပ်၍ မှားရန်မလို။ ၎င်းတို့လို ဆင်ကန်းတောတိုး မှောင်ထဲ၌ တိုးနေရန်မလို။

ထိုပုဂ္ဂိုလ်ကြီးများ ရေးသား စီရင်ခဲ့သည့် စာအုပ်စာတမ်းများကို ဖတ်ရှုခြင်းအားဖြင့် 'အလင်းရောင်'ကို ရနိုင်၏။ ထိုအလင်းရောင်ကို အသုံးချပါကုန်။

လူ့ပြည်၌ အသက်တမ်းသည် အလွန်တို၏။ လွယ်လင့်တကူနှင့် ထိုအလင်းရောင်တို့ကို ရနိုင်ပါလျက် ခရီးဝေးဝေး သွယ်ဝိုက်၍ သွားနေရန်မလို။ လမ်းတိုကိုသာ လိုက်ကြပါကုန်။

ကြီးပွားလိုသူတိုင်း အလုပ်ကြီးကို လုပ်ရပေလိမ့်မည်။ အလုပ်ကြီးလျှင် ကြီးသလောက် အကြံဉာဏ် ကြီးရပေလိမ့်မည်။ အလုပ်ကြီးကို တစ်ခါတည်း စရမည်ဟု မဆိုလို။ ရှေးဦးပထမ မိမိနှင့် ဆိုက်တန်သလောက် တော်ရုံလောက်က စပါ။ ကစတစ အလုပ်ရော အကြံဉာဏ်ပါ တက်သည်ထက် တက် ကြီးသည်ထက် ကြီးအောင် ပြုလုပ်ပါ။ မြန်မာစကားပုံ 'အင်နှင့်အား မြားနှင့်လေး'ကို မေ့ကြတော့မှာလား။



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးကျယ်ကျယ် အလုပ်ကိုလုပ်၍ အကြံဉာဏ်က မမီဘဲ 'နု'နေပါလျှင် ပျက်စီးပေလိမ့်မည်။ တစ်ရာဖိုးမျှ စဉ်းစားချိန်ဆတတ်သူသည် အဘယ်သို့ တစ်ထောင်တန် အလုပ်ကြီးကို ဦးစီး ပြုလုပ်နိုင်ပါအံ့နည်း။

မိမိ၏ အကြံအစည်များသည် တစ်နေ့ထက်တစ်နေ့ ထွားကြိုင်းလာသည် မလာသည်ကို သိလိုပါက အောက်ပါအချက်များကို စဉ်းစားဆင်ခြင် သုံးသပ်ကြည့်က သိနိုင်၏။

၁ - မိမိ၏ အလုပ်ကို ဆောင်ရွက်ပုံသည့် တစ်နေ့ထက်တစ်နေ့ ကောင်းလာပါ၏လား။

တစ်နေ့ထက်တစ်နေ့ ပို၍ လုပ်သလား။ လျှော့၍ လုပ်သလား။ တစ်နေ့ထက်တစ်နေ့ ကောင်းမွန်သောနည်းလမ်းများကို ရှာဖွေသလား။ အေးအေးဆေးဆေး ရေသာခိုလိုက်နေသလား။

မည်သည့် အလုပ်မျိုးမဆို သေးနုတ်သည်ဟု မရှိ။ ဘယ်သို့ သေးနုတ်စေကာမူ တစတစ ကောင်းသည်ထက်ကောင်းအောင် ပြုလုပ်နိုင်၏။ ဤသေးနုတ်သော အလုပ်ထက် မိမိဉာဏ်က သေးနုတ်နေမည်ကိုသာ စိုးရ၏။ အလုပ်ထက် မိမိက ရှေ့သို့ ရောက်နေအောင်သာ အမြဲ ကြိုးစားပါ။

'ပြီးလျှင်ပြီးစတမ်း' သဘောပိုက်၍ အလုပ်ကို အလေးဂရုမပြုသောသူများသည် စိတ်သဘော အကြံဉာဏ် 'နု' သေး၏။ အလုပ်ကို သေးနုတ်လှသည်ဟု ထင်မြင်ကာ ထိုအလုပ်ကို မရိုသေပါက အလုပ်ထက် သေးနုတ်သူဓါတကားဟု လေ့နံထားထစ်မှတ်။





တံမြက်လှည်းရာ၌ပင် အများ တံမြက်လှည်းသော နည်းထက်သာ၍ ကောင်းသောနည်းဖြင့် တံမြက်လှည်းသောသူသည် အလုပ်ကို နိုင်နင်း၍ အလုပ်၏ရှေ့သို့ ရောက်နေ၏။ လက်ရှိ အလုပ်ထက် ရှေ့ရောက်နေသဖြင့် ထို့ထက်ကြီးသော အလုပ်ကိုလုပ်ရန် ထိုက်တန်၏။

ဤနည်းဖြင့် တဆင့်မှတဆင့် မြင့်သည်ထက် မြင့်အောင် ကြံစည်၍ ထိပ်ဖျားသို့ ရောက်ရာ၏။

၂ - 'ငါသည် ပုဂ္ဂိုလ်ကြီးများထံမှ နည်းခံသလား။ စပ်ဆိုင်သော တရားပွဲများကို သွားရောက် နားထောင်သလား။ စပ်ဆိုင်သော စာအုပ်များကို ဖတ်ပါသလား။ မဂ္ဂဇင်းများကို ဖတ်ရဲ့လား။

မိမိသိသလောက်နှင့် တင်းတိမ်ရောင့်ရဲနေပါသလား။ သို့မဟုတ် မိမိထက် တတ်ကျွမ်းသူများထံမှ နည်းနာများကို ဆည်းပူးရဲ့လား။

အဖြေများကို ထောက်ရှုခြင်းအားဖြင့် မိမိအကြောင်းကို သိနိုင်၏။ အကြံဉာဏ်သစ်များကို သင်ယူခြင်းမှ ရပ်စဲခဲ့လျှင် ကြီးပွားတိုးတက်ခြင်းလည်း ရပ်စဲပေလိမ့်မည်။

မိမိသည် ဘယ်လိုပင် ဉာဏ်ပညာ ရှိစေကာမူ ရှိသည်ထက်ပိုအောင် (တကယ်ပိုအောင်) လုပ်ပေးနိုင်သော စာအုပ်များ အမြောက်အမြား ရှိသည်ကို သတိမမေ့ဘဲ အမြဲ နှလုံးပိုက်အပ်ပေသည်။

၃ - ငါသည် အလုပ်ကို နိုင်နင်းသည်ထက် နိုင်နင်းလာရဲ့လား။ သို့မဟုတ် ငါ့ကို အလုပ်က လွှမ်းမိုးလာသလား။

ငါသည် ပွပန်တတ်သလား၊ စိတ်တိုတတ်သလား၊ ကြောက်ရွံ့တတ်သလား၊ သို့မဟုတ် အလုပ်ကို အေးအေးဆေးဆေး ယုံယုံ



www.burmeseclassic.com

www.burmeseclassic.com



ကြည်ကြည်နှင့် ကြောက်စိတ်မရှိဘဲ မှန်မှန် လုပ်လေ့ရှိသလား။

အချို့သူတို့မှာ ခက်ခက်ခဲခဲ တစုံတခုနှင့် တွေ့လျှင် ခြေမထိ လက်မထိ ထုပူ၍ ပြောနေတော့၏။ ဤလူစားကား အလုပ်ကို မနိုင်နင်း။ အလုပ်နှင့်မတန်။ အလုပ်ထက် သေးသိမ် သူများ ဖြစ်၏။

အခက်အခဲ ဘယ်လိုပင် ကြီးကျယ်ကြီးကျယ် အချို့သူတို့မှာ မကြောက်မရွံ့ မတုန်မလှုပ် တည်တည်နေပြီး စဉ်းစားဆင်ခြင်၍ လုပ်ရမည့်အလုပ်ကို ဆက်လက် လုပ်လေ့ရှိ၏။ ဤလူစားများကား ကြီးပွားသော လူစားများ ဖြစ်ကြ၏။

၄ - 'ငါသည် အလုပ်ကို ကြီးလေးသော ဝန်ထုပ်' ဟု သဘောထားသလား။ သို့မဟုတ် 'လက်ရှိအလုပ်၏ အခြေအနေထက် ကြီးပွားအောင် ပြုလုပ်နိုင်ခွင့်ရသော အခါကောင်းကြီးပါတကား' ဟု သဘောထားသလား။

မိမိလုပ်ရမည့် အချိန်အင်အားထက် နည်းနည်းကလေး ပို၍ လုပ်သလား။ နည်းနည်းကလေး လျှော့၍ လုပ်သလား။

'နည်းနည်းကလေး'ဟူသော ဤမြန်မာစကားသည် မဖြစ်စလောက်ဟု မအောက်မေ့နှင့်။ နည်းနည်းကလေးပေါင်း များလာလျှင် အလွန် ကြောက်စရာကောင်း၏။ အလွန် အကျိုးဖြစ်ထွန်းနိုင်၏။ အလွန် အရေးကြီးဘသွား၏။ နည်းနည်းကလေး၊ နည်းနည်းကလေး ပေါင်းစုလိုက်လျှင် ကြီးပွားနိုင်၏။ ဆင်းရဲနိုင်၏။

လုပ်ရမည်ထက် နည်းနည်းကလေး လျှော့လုပ်သူသည် လူဖျင်း၊ လူပျင်းတစ်ယောက် ဖြစ်၏။ ကြီးပွားတော့မည် မဟုတ်။ ထမင်းနပ်စေ့ စားရလျှင် တော်လှချေပြီ။

တတိယအကြိမ်



နည်းနည်းကလေးပိုလုပ်လျှင် တစ်နေ့ ကြီးပွားတော့မည် အမှန် ဖြစ်၏။ ထိုသူသည် အလုပ်ရှေ့သို့ ရောက်နေသူဖြစ်၏။ သို့မှ အလုပ်ကိုလည်း ရှိသေရာရောက်၏။

ဤသို့ဆိုသည်ကို အလုပ်ထဲ၌ အမြဲ စိတ်ဝင်စားပြီး သဲသဲမဲမဲ ကြိုးစားနေရမည်ဟု မအောက်မေ့ပါနှင့်။ ဤသို့မဆိုလို။ အလုပ်ချိန်မှာ အလုပ်၊ အပျော်အပါးချိန်မှာ အပျော်အပါး၊ သူ့အချိန်နှင့် သူ့အချိန် သင့်လျော်အောင် လုပ်ရမည်ကို ဆိုလိုရင်း ဖြစ်ပေသည်။

ပိုက်ဆံကြေးငွေ ချမ်းသာရုံနှင့် မိမိ၏ကြီးပွားရေး မပြီးသေး။ ကျန်းမာရေး၊ ဉာဏ်ပညာတိုးပွားရေး၊ လောကုတ္တရာရေးတို့ပါ ကြီးပွားခြင်း၌ အခြေပြုနေ၏။

တကဲ့ကြီးပွားရေးသည် ငွေ၌တည်သည်လည်းမဟုတ်။ ကံ၌ တည်သည်လည်းမဟုတ်။ စင်စစ် မိမိကိုယ်၌သာလျှင် တည်နေ၏။ ဘယ်လောက်ပင် ဆင်းရဲစေကာမူ ဘယ်လောက်ပင် ကံမကောင်းစေကာမူ မိမိကိုယ်တိုင်က ကြိုးစားက လက်ရှိ အခြေအနေထက် တက်ရမည် မလွဲနိုင်။

ပစ္စည်းဉစ္စာဘက်၌ ဘယ်လိုပင် ကုဋေချီ၍ 'ဌေး' နေစေကာမူ ပညာဇဟုသုတဘက်၌ 'မွဲ' နေပါက ကလေးပမာ ဖြစ်နေတော့မည်။ ပညာ ဉာဏ်အမြော်အမြင်နည်းသော သူဌေးကြီးများကို မိတ်ဆွေ တွေ့ဖူးပါလိမ့်မည်။

ရင်းသူဌေးကြီးများ၏ ကိုယ်ကာယ အသားဆိုင်ကြီးတို့မှာ တစ်နေ့တစ်ခြား အပြိုင်းအပြိုင်း ထွားကြိုင်းလာပေ၏။ သို့သော် ဉာဏ်ပညာ မဆည်းပူး မလေ့ကျက်သဖြင့် ကြီးပွားသည်ဟု မဆိုသာ။

ယောမင်းကြီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



[ ၄ ]

ကလေးတို့သည် မြင်ရာလိုချင်တတ်၏။ ပိုက်ဆံ မပေးရဘဲ တွေ့ကရာ အလကား ရနေသောကြောင့် တွေ့ကရာ အလကား လို ချင်ကြ၏။

လူတို့သည် မိမိကိုယ်ကို 'လူကြီး' ဟု ခေါ်နေကြ ထင်နေ ကြသော်လည်း များသောအားဖြင့် ကလေးများနှင့်မခြားနားကြကုန်။ ကလေးများကဲ့သို့ပင် အလုပ် တစ်ကျပ်ဖိုးလောက် လုပ်ပြီး ငွေတစ် ဆယ်လောက် လိုချင်ကြ၏။

ကလေးတို့သည် စိတ်ကူးနှင့် ရှုးနေကြ၏။ 'သဲပုံ' ရဲတိုက် ကလေးများကို တကဲ့ ဧရာမ ရဲတိုက်ကြီးဟု ထင်တတ်ကြ၏။ ထို့အတူ လူကြီးတို့သည် မိမိကိုယ်ကို တကဲ့ ပညာရှိကြီး တကဲ့ လူတော်ကြီး တကဲ့ကို ပေါက်ပေါက်ရောက်ရောက် ရှိတဲ့ လူကြီး တစ်ယောက်ဟု ထင်တတ်ကြ၏။

ဤသို့ မဖြစ်ရအောင် မိမိကိုယ်ကို မည်သည့် အတန်းအစား ထဲ ရောက်နေသည်ကို စူးစမ်းဆင်ခြင်လိုသူတိုင်း အောက်ပါ မေးခွန်း တို့ဖြင့် မိမိကိုယ်ကို ပြန်၍ မေးခွန်းထုတ်ကြပါကုန်။

"ငါ၏ စိတ်ကူးဉာဏ်သည် ထွားကြိုင်းလာပြီလား။ သို့ မဟုတ် ကလေးဘဝက စိတ်ကူးမျိုးနှင့် အတူတူပဲလား။ စိတ်ကူးနှင့် ရူးနေတုန်းပဲလား"

"ငါ့မှာ ရည်ရွယ်ချက် ရှိရဲ့လား။ ရည်ရွယ်ချက်ထားသည့် အတိုင်း ဖြစ်မြောက်အောင် ကြိုးစားရဲ့လား"

"ငါ့၌ အခက်အခဲတို့သည် ဘယ်လိုဘယ်လို ရှိပါကလား။





ဒီ အခက်အခဲများကို ဘယ်နည်း ကျော်လွှန်ရပါ့မလဲဟူ၍ စဉ်းစား ရဲ့လား။ တွေးချင်ရာ တွေးပြီး ငုတ်တုတ်ပဲ နေသလား"

"ငါသည် အခက်အခဲများကို မကြောက်မရွံ့ အတင်းတရကြမ်း ဘိုက်ခိုက်ပြီး အောင်မြင်ရန် ကြိုးစားရဲ့လား။ ငါ၏ အမှားများကို ပြင်ဖို့ ကြိုးစားရဲ့လား။ သို့မဟုတ် ငါ့၌ ဘာအခက်အခဲမှ မရှိ။ ဘာအမှားမှ မရှိဟု ထင်မိယောင်မှားနေသလား။ ငါသည် တနေ့ တခြား ကြီးပွားလာသလား။ မကြီးပွားဘဲ တုံ့နေသလား"

လူဘို့၏ တန်ဖိုးသည် လူတိုင်းလူတိုင်း၏ ကိုယ်၌ တည်ရှိ ၏။ ဤတန်ဖိုးကို မည်သူမှ မခိုးနိုင်၊ မည်သည့်လူဆိုးမှ မဖျက်ဆီး နိုင်။ မည်သည့်အစိုးရမှ အခွန်မကောက်နိုင်။

မိတ်ဆွေသည် ဘယ်လိုလူစားလဲ။ ဗဟုသုတ အကြား အမြင် ဘယ်လောက်ရှိသလဲ။ ဤမေးခွန်း၏ အဖြေများကား မိတ် ဆွေ၏ ကြီးလှစွာသော တန်ဖိုးမည်၏။

မိခင်ဝမ်းမှ သက်ဆင်းခါစက လူတိုင်း၌ စိတ်ကူးဉာဏ် မရှိ သလောက်ပင်။ များသောအားဖြင့် လူတို့သည် ခန္ဓာရွေ့လျော ဘဝ ပေါ်း ပြောင်းသွားသောအခါအထိလည်း ထူးမခြားနားပင်။ ထို့ ကြောင့် မဟုတ်လော။ ဆင်းရဲသူ ပေါကြ၏။

စဉ်းစားဉာဏ်ကို အသုံးမပြုဘဲ ဖြုန်းတီးကာ ဘဝတစ်ပါးသို့ ကူးပြောင်းကြသူများ ပေါကြ၏။

လူတို့သည် လက်ရှိအခြေအနေနှင့် ရောင့်ရဲတင်းတိမ်နေ ကြ၏။ ရှေ့တိုး၍ ကြီးပွားအောင် မကြံရဲကြကုန်။ မကြံကြကုန်။

မည်သူမဆို အထက်လှမ်း၍ မှန်းရဲရမည်။ ရှေးဆရာကြီး



www.burmeseclassic.com

www.burmeseclassic.com



များကလည်း 'ယောက်ျားတံခွန်၊ လူရည်ချွန်က၊ ကောင်းကင်တမွတ်၊ ကြယ်ကိုဆွတ်လည်း၊ မလွတ်စတမ်း ရမြဲလမ်းတည်း' ဟူ၍ ဆိုထား၏။

မြင့်မြင့်တက်လိုသောသူသည် ပို၍ ပင်ပင်ပန်းပန်း အမောခံရပေလိမ့်မည်။ မြင့်မြင့်ကြဲသူတို့လည်း အကြံအစည် မြင့်သလောက် ကြီးပွားအောင် ကြိုးစားရပေလိမ့်မည်။

ဤကိစ္စသည် စင်စစ် လွယ်သည်မဟုတ်။ ခက်ခဲလှ၏။ သို့သော် အာဇာနည်ယောက်ျားတို့ တတ်စွမ်းနိုင်၏။

ကြီးပွားရေး လမ်းမကြီးကို လျှောက်နေသူတို့မှာ အခက်အခဲနှင့် တွေ့ရမည်အမှန် ဖြစ်ပေသည်။

ထိုအခက်အခဲများကို ကျော်လွန်အောင် စိတ်ကူးဉာဏ် ထုတ်၍ ကြိုးစားရပေမည်။

စိတ်ကူးဉာဏ်ထုတ်နိုင်အောင် ဗဟုသုတနှင့် ပြည့်စုံရပေမည်။

ထို့ကြောင့် ဗဟုသုတ ပြည့်စုံအောင် မိမိထက်တတ်သော သူများ ပြောဟောသည့် တရားပွဲများသို့ သွားရောက်နားထောင်ပါ။

မဂ္ဂဇင်း, ဂျာနယ်တို့ကို ဖတ်ပါ။ စာအုပ်စာတမ်းများကို ဖတ်ပါ။ စာအုပ်များကိုဖတ်မှ ကြီးပွားမည်။ မိမိကိုယ်တိုင် ကြီးပွားမှ တိုင်းပြည်ကြီးပွားမည်။ ပြည်သူပြည်သား တစ်ဦးစီ တစ်ဦးစီ၏ ကြီးပွားခြင်းကို စုပေါင်းလိုက်သော် တိုင်းပြည်၏ ကြီးပွားခြင်းမည်၏။

ကြပ်ကြပ် စာဖတ်ပါ။

ကြပ်ကြပ် စဉ်းစားပါ။

ကြပ်ကြပ် ကြံပါ။



အခန်း ၄

## နှောက်မဆုတ်တမ်း

[ ၁ ]

အဆိုးနှင့်တွေ့လျှင် အကောင်းကို တောင့်တကြသည့်အတိုင်း ဤခေတ်ကြပ်ကြီးနှင့် ကြုံကြိုက်ကြသော လူတို့သည် အခါကောင်းကိုသာ မျှော်လင့် စောင့်ဆိုင်းနေတတ်ခြင်းသည် ဓမ္မတာကြီး တစ်ခုပင် ဖြစ်တော့၏။

'စပါးဈေး အခု အလွန် ညံ့သေးတယ်၊ စပါးဈေးတက်မှ ငါ ဆိုင်တစ်ဆိုင် ဖွင့်အုံးမယ်၊ စပါးဈေးတက်မှ ဘယ်အလုပ်ကို စလိုက်စမ်းမယ်' စသဖြင့် ပြောကာပြောကာနှင့် လက်ရှိ မျက်မှောက်အခါကောင်းကြီးကို အလွဲသုံးစားပြုပြီး လက်မှိုင်ချနေတတ်ကြ၏။

လွန်ပြီးသောအခါကို တွေး၍ ဆွေးနေသော်လည်း အချည်းနှီး ဖြစ်တော့၏။ ယခုလက်ရှိ ပစ္စုပ္ပန် အချိန်ကို နည်းအကောင်းဆုံးနှင့် အသုံးပြုသင့်ပေ၏။

အချို့လူများကား 'ငါသားသမီးကြီးမှ ကြိုးစားလိုက်မယ် ငါ့ အိမ်ဆောက်ပြီးမှ လုပ်လိုက်မယ်' ဟူ၍ ဆင်ခြေဆင်လက် ရှာတွေ့နိုင်အောင် ပေးတတ်ကြ၏။ ဤကား လက်တွင်းရှိ ကောင်းအချိန်ကို ဖြုန်းတီးရာရောက်၏။ ခြော် မှားလေစွ၊ မှားလေစွ။

ရှေ့ ဘာဖြစ်မည်ဟု သေချာစွာ မသိနိုင်။ သို့မသိနိုင်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



စောင့်စားနေကြကုန်သော သူများမှာ အချိန်ကို သက်သက်ဖြုန်း ရာရောက်နေ၏။ စောင့်ဆိုင်း၍နေသော အချိန်သည် အကျိုးမဲ့ ဖြစ်တော့၏။

ဤလောကကြီးတွင် ကြောက်ရွံ့သူများသာ များကြ၏။ မည်သည့် အလုပ်မဆို လုပ်ကိုင်ရာ၌ ရဲရင့်သူများထက် ကြောက်ရွံ့ နောက်တွန့်သူသာ ပိုမိုပေါများ၏။ ဤသို့ ကြောက်ရွံ့ခြင်းသည် ပင်ကိုစိတ်ဓာတ် ခေတ္တ ပျက်စီးနေခြင်းကြောင့် ဖြစ်တော့၏။

မြန်မာပြည်၌ များသောအားဖြင့် လခစားအလုပ်ကိုသာ တောင့်တကြ၏။ ရာထူးရာခံတို့ကို ဘုရားတစ်ဆူ ဂူတစ်လုံး လုပ် ကြ၏။ ဤလခစား အလုပ်သည် လွယ်ကူလှ၏။ မိမိ၏ တာဝန် နည်းလှ၏။ လခစားတို့မှာ မိမိ၏ကိုယ်ကို ရာသက်ပန် ရောင်းစား သည်နှင့် တူ၏။ 'ကျွန်တော့်ကို ဤရွေ့ဤမျှနှင့် ငှားပါတော့' ဟု တောင်းပန်ခယသည် ဖြစ်တော့၏။ 'ပေးသမျှ အလုပ်ကို ကျွန်တော် ကုန်း၍ လုပ်ပါတော့မယ်' ဟု ဝန်ခံသည်လည်း ဖြစ်တော့၏။ အထက်လူနှင့် အောက်လူတို့မှာ လူလူချင်း ဖြစ်ပါလျက် တစ်ဦး၏ ဩဇာကို တစ်ဦးက နာခံနေရတော့၏။ လူလူချင်း ဖြစ်ပါလျက် သူတစ်ပါး၏ အမိန့်အာဏာကို နာခံနေရသည်ကို မြန်မာများ သတိချပ်မိဟန် မတူ။

သတိရကုန်သော သူအချို့လည်း ရှိကြပေလိမ့်မည်။ ထိုသူ တို့အနက် အထက်လူ၏ အလုပ်ကို ကောင်းစွာလုပ်နိုင်သော အရည်အချင်းရှိကြောင်း မိမိကိုယ်ကိုမိမိ သိသော်လည်း အောက် လူဘဝကို စွန့်လွှတ်ရန် ကြောက်ရွံ့ကြ၏။ သူတစ်ပါး၏ ဩဇာခံ ဘဝနှင့် ကျေနပ်နေကြတော့၏။





စာရေးဝါသနာ ပါကြကုန်သော အချို့မိတ်ဆွေတို့သည် ၎င်းတို့၏ ကလောင်အစွမ်းဖြင့် မြန်မာပြည်ကြီး၏ အဆင့်အတန်းကို တိုးမြှင့်ပေးနိုင်ကြောင်း သိပင်သိငြားသော်လည်း ထမင်းနပ်မှန် စားရမည်ကို စိုးရိမ်ကြောက်ရွံ့ကြ၍ စာရေးခြင်းဖြင့် အသက်မမွေး ဝံ့ကြကုန်။

ဤသို့ ကြောက်ရွံ့နေကြသဖြင့် မြန်မာပြည်ကြီးအတွက် မိမိ၏ စွမ်းပကားကို မထုတ်လိုက်ရခြင်းကြောင့် အမိမြန်မာပြည် ကြီး ဆုတ်ယုတ်နေတော့သည်။ တပါးတိုင်းနိုင်ငံများ၏ အောက် ကျနေတော့သည်။ လူမျိုးခြားတို့၏ လက်ထဲ၌ သွန်းလိုသွန်၊ မှောက်လိုမှောက် အလုပ်ခံတော့သည်။ မြန်မာပြည်ကြီးသည် လူမျိုး ခြားတို့၏ခြေ တိုင်းတပါးသားတို့၏လက် ဖြစ်နေတော့သည်။ ဤ ကြောက်ရွံ့ခြင်းတို့ကို တွန်းလှန်ကန်ကျောက်ပစ်လိုက်ကြပါကုန်။ အို မြန်မာပြည်ဖွား၊ အမျိုးသားအာဇာနည် မြန်မာများတို့။

လူတို့သည် တခုခုကို မှီတွယ်လိုသော သဘောကလေးကို မွေးမြူကြ၏။ လခစား အလုပ်မှာ ထမင်းနပ်စေ့ စားနေရသဖြင့် လွယ်လွယ်နှင့် တစ်နေ့ကုန်သွား၏။ ထိုလစာအလုပ်ပြုတ်သွားလျှင် အခြားအလုပ်ကိုမျှ မလုပ်တတ်။ တောင်ယောင်ယောင် မြောက်ယောင် ယောင် ဖြစ်နေတော့၏။ များမကြာမီက ဘလုပ်ဘရားသားတိုက်ကြီး တစ်ခု ပျက်စီးသွားသောအခါ လခ လေး–ငါးရာရသောသူများပင် နှစ်ဆယ် အစိတ်လောက်ရအောင် မကြံတတ်ဘဲ လက်မှိုင်ချ နေကြ၏။ သား မယားတို့ကို ကျွေးမွေးဖို့မိတ်ဆွေများထံ မှ သဒ္ဓါကြေး ကောက်ခံကြရကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့မှီတွယ်လိုသော စိတ်သည် ကြောက်ရွံ့ခြင်းနှင့်မထူး။ အလုပ်သစ် အကြံသစ် လုပ်ရမည်ကို ကြောက်၍ လက်ရှိအလုပ်ကို တွယ်နေခြင်း ဖြစ်၏။ ဤစိတ်မျိုးကြောင့် ပျက်စီးခဲ့သည်မှာ မရေတွက်နိုင်ပြီ။

အကြံအစည်ကောင်းများ၊ အကြံသစ်ဉာဏ်သစ်များ တွေးမိသူ ကြံစည်မိသူပေါင်းများစွာ ရှိကြကုန်၏။ သို့သော် ကြောက်ရွံ့နောက်တွန့်ကာ၊ အခါကောင်းကို ဆိုင်းတွနေသဖြင့် မိမိကြံစည်ထားသည့် အလုပ်ကို တစ်စုံတယောက်က ကောက်၍လုပ်သွားတတ်သောကြောင့် နောက်ကျပြီး ကျန်ရစ်ခဲ့ရလေ၏။

ဤသို့နောက်ကျခဲ့သူများကို လိုက်စုမည်ဆိုလျှင် ကမ္ဘာစစ်ကြီးကိုပင် အန်တု၍ ခုခံတိုက်ခိုက်နိုင်လောက်သော စစ်သည်ဗိုလ်ထုကြီးတစ်ခု ရပေလိမ့်မည်။

ကံကောင်းသည့်တိုင်အောင် စောင့်နေသော လူတို့သည် ဘယ်တော့မှ အခွင့်ကောင်း အခါကောင်းကြီးကို ကျကျနန တွေ့လိမ့်မည်ဟုတ်ပေ။

'ထိပေါက်မှ ဘာလုပ်လိုက်ဦးမယ် ညာလုပ်လိုက်ဦးမယ်'ဟု စိတ်ကူးနှင့် ရှူးနေကြသော သူပေါင်းလည်း အမြောက်အမြားပင် ရှိကြကုန်၏။ 'ထီ'ဆိုသည်မှာ လူပေါင်း သောင်းခြောက်ထောင် ထိုးကြသည့်အနက် တစ်ဂဏန်း၊ နှစ်ဂဏန်းစွတ်၍ပေါက်ရန် အလွန်ခဲယဉ်းကြောင်း သတိပြုမိဟန်မတူ။

တကယ်တမ်း အလုပ်လုပ်မည့် လူစားကား ဤသို့အခါကောင်း အခွင့်ကောင်းကို တောခွေးသည်ပေါက်ပွင့်ကို အသားတစ်တွေးထင်၍

တတိယအကြိမ်



စောင့်နေသည်နှင့်မခြား စောင်ဆိုင်း၍မနေဘဲ လက်တွင်းရှိ လက်ငင်း အချိန်ကို အသုံးပြုပြီး ကြီးပွားအောင် အမြဲကြိုးစားနေကုန်၏။ အကယ်၍ အခါကောင်းအခွင့်ကောင်းကြုံလာသော် အဆင့်သင့် ပြင်လျက် ရှိကြကုန်၏။ သို့သော် အခါကောင်းအခွင့်ကောင်းကိုသာ တောင့်ရုံသာ တောင့်တ၍ မိမိကား မကြိုးစားဘဲ နေသူတို့မှာ တကယ့်အခါကောင်း အခွင့်ကောင်းနှင့် ကြုံကြိုက်သော်လည်း အရန်သင့် ပြင်လျက်မရှိကြကုန်။

[ ၂ ]

လောက၌ ငွေသာလျှင်ပဓာနမဟုတ်ချေ။ ငွေရေးကြေးရေးထက် ဗဟုသုတအရေးက ပို၍အရေးကြီး၏။ ငွေကြေး တစ်ပြားမျှ မရှိစေကာမူ ပညာဗဟုသုတနှင့် ပြည့်စုံရန် ကြိုးစားမည် ဆိုလျှင် ဖြစ်နိုင်၏။

လူများကို ပျက်စီးအောင် ဒုက္ခရောက်အောင် ဖန်တီးနိုင်သည့် အရာများအနက် 'နောက်ဆုတ်ခြင်း' 'နှေးကွေးခြင်း' ဟူသော မြန်မာစကားထက် အားပေးတတ်သော အရာမရှိ။ နောက်ဆုတ်တတ်သောကျင့်ဆိုးတို့ကြောင့် လူတို့သည် သိုကလောက် ဒုက္ခပင်လယ်အတွင်း နစ်မွန်းနေရတော့သည်။

နည်းနည်းကလေး ကြောင့်ရွံ့ရုံနှင့်၊ နည်းနည်းကလေး နှေးသွားရုံနှင့် အခက်အခဲတို့သည် များသည်ထက်များ အားကောင်းလာတော့၏။ ရင်ဆိုင်တိုက်ခိုက်၍ မတတ်နိုင်လောက်အောင် ကြီးကျယ်လာတော့၏။

ရဲရင့်မြန်ဆန်သူ၌ တောင်လောက်ကြီးသော အခက်အခဲသည် ကျောက်စလစ်ခဲပမာ အောက်မေ့လိုက်ရ၏။

ယောမင်းကြီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



မြန်မာများသည် အလုပ်တစ်ခုကိုလုပ်ရန် ကိုယ်လှည့်ခေါင်
လှည့် လုပ်တတ်ကြ၏ 'နှောင့်နှေး' နေရမည်ကို နှစ်သက်ကြ
နှောင့်နှေးခြင်းကို တစ်မျိုးလုံး လက်ကိုင်ပြုလို၏။

ဤသို့ နှောင့်နှေးခြင်းသည် မည်သို့ ပေါ်ပေါက်လာသနည်း
တွေးကြည့်ပါမူ အလုပ်လုပ်ရန် ကြောက်ရွံ့နောက်တွန့်လိုခြင်း၊ အလုပ်ကို
သက်ဆိုင်သရွေ့ အကြောင်းမျိုးစုံကို ကျကျနန မှန်မှန် ကန်
မသိခြင်း၊ ပျင်းရိခြင်း၊ 'အလုပ်ကို ငါလုပ်မယ်' ဟု ဆုံးဖြတ်ချက်
မစွမ်းသည့် စိတ်သတ္တိကလေး ညှိုးဖျင်းခြင်း ဟူ၍ သိနိုင်ပေသည်။

ကာစ်ထိုင်တည်း တစ်နေရာတည်း တစ်ခါတည်း တစ်ချိန်တည်
ပခုံးချင်းယှဉ်၍ 'နင်လား – ငါလား' 'ကြိတ်ရ' မည့်အရေး နှေး
နေခဲ့သဖြင့် မြန်မာများ အမျိုးမျိုး ဆုံးရှုံးခဲ့ရလေပြီ။ ကုန်ကူးသ
ရောင်းဝယ်ရေးမှ အစပြု၍ နေရာတကာ ပစ္စည်းရှာဖွေရေး၊ တိုင်းပြ
ရေး အစရှိသည်တို့တွင် မြန်မာများ နောက်ဆုတ်ခဲ့ရလေပြီ။

ယခုလည်း အနောက်နိုင်ငံ အင်္ဂလိပ်ပညာကို သင်ယူ
ကုန်ကူးသန်းရောင်းဝယ်ရေးဘက်၌ ယှဉ်ပြိုင် လုပ်ကိုင်ရန် နှေး
ဖင့်စားနေကြ၏။ ဤသို့ နှေးကွေးနေခြင်းသည် တခြားအကြောင်း
ကုန်သည် အလုပ်နှင့် သူဌေးဖြစ်နိုင်ကြောင်း သိကြသော်လ
တွေ့ရမည့်အခက်အခဲတို့ကို နှိမ်နင်းခြင်းငှါမဝံ့။

အရည်အချင်း ပြည့်စုံသူ အချို့ရှိကြ၏ ၎င်းတို့သည် တိုင်း
အတွက် ၎င်းတို့၏ အရည်အချင်းကို အသုံးမပြုတတ် ကုန်သ
အလုပ်ခေတ်စားမှ မြန်မာပြည်ကြီး တစ်နေ့တစ်ခြား တိုးတက်လာ
ကို မသိကြ။ လောကမျက်မြင် 'ဂုဏ်ပကာသနကို' ငဲ့၍ လ
အလုပ်ဝင်ရောက် လုပ်ကိုင်လိုကြ၏။





စာဖတ်ရန် လေ့လာရမည့် အရေးလည်း မြန်မာတို့နှေးနေကြပြန်၏။ စာဖတ်ခြင်းသည် ကျေးဇူးမများဟု အထင်ရောက်နေကြ၏။ စာအုပ်တစ်အုပ်ကို တစ်ကျပ် နှစ်ကျပ်ပေး၍ ဝယ်ယူရန် နှမြောနေကြ၏။

အင်္ဂလန်နိုင်ငံ၌ ရာသီဥတု အလွန်အေး၍ ဖိနပ်မစီးဘဲ မနေနိုင်။ ဤသို့ ရာသီအေးပြားသော်လည်း ဖိနပ်ကို ဝယ်မစီးဘဲ စာအုပ်ကိုသာ ဝယ်ဖတ်သူများရှိကြောင်း စာအုပ်များ၌ ဖတ်လိုက်ဖူး၏။ ကျွန်ုပ်တို့ပြည်၌ ဤကဲ့သို့မဟုတ်။ လခငါးဆယ် ရသူသည် တစ်လတစ်ကျပ်ဖိုး စာအုပ်ဝယ်ရန် မတတ်နိုင်ဟု ဆင်ခြေပေးတတ်သူ များကြ၏။

သို့သော် ပျော်ရွှင်မှု၌ မြန်မာလူမျိုးကိုမီသော၊ အချိန်လည်းကုန် လူလည်းပန်းအောင် ငွေကိုဖြုန်းတတ်သောသူမျိုး ရှိမည်မဆင်။ မရှိမဲ့ ရှိမဲ့ ကုတ်ကပ်၍ စာအုပ်တစ်အုပ်ကို ဝယ်သည်ဟူ၍ မကြားစဘူး။ တစ်ညလုံး အအိပ်ပျက် လူပန်းခံပြီး ပွဲကြည့်သည့် မိန်းမကြီး တစ်ယောက် အကြောင်းကို ကြားဖူးပါ၏။ မြင်ဖူးပါ၏။ လက်ညှိုးထိုး၍ပြနိုင်အောင် သေသေချာချာ သိဖူးပါ၏။ ထိုမိန်းမကြီးကား ကုလားလူမျိုးမဟုတ်။ အင်္ဂလိပ်လူမျိုးလည်းမဟုတ်။ တရုတ်လူမျိုးလည်းမဟုတ်။ တစ်ခြားလူမျိုးဟုတ်ရိုးလား၊ မြန်မာမိန်းမကြီးပင် ဖြစ်တော့၏။

လွန်ခဲ့သော ခြောက်နှစ်လောက်က ကျွန်ုပ်နေခဲ့ဖူးသော ရွာတစ်ရွာ၌ အလွန်ဆင်းရဲသည့် မိန်းမကြီး သားအမိ ရှိကြ၏။ များသောအားဖြင့် ထမင်းစားရန် ဆန်လုံလုံလောက်လောက် မရှိ၍ ဆန်ပြုတ်လုပ်၍ စားကြရ၏။ ဟင်းဝယ်စရာလည်း မရှိ၍ တောင်းစရာ



www.burmeseclassic.com

www.burmeseclassic.com



သနားမည့်သူလည်း နတ္ထိ။

ရောင်းစရာဟူ၍ ဘာတစ်ခုမျှ မရှိ။ မြို့ထဲ၌လည်း တခြိမ့်ခြိမ့်နှင့် ပွဲခံနေလေပြီ။ ပွဲကိုလည်း အလွန်ကြည့်လို၏ ။ပိုက်ဆံကလည်း မရှိ။

ဘယ်ပုံ ဘယ်သို့ ကြံရမည်နည်း။ ဘယ်နည်းမျှ မကြံတတ်၊ အကြံကိုအိုက်၍ နေလေပြီ။

အဆုံးစွန်သော နောက်ဆုံး၌ ခေါင်းမှဆံပင်ကို ကပ်ကြေးနှင့် ညှပ်၍ ဆံစုလုပ်ပြီး တစ်ကျပ်နှင့် ရောင်းလိုက်၏။ အလွန်ရက်ရောပေစွ။

မိန်းမတို့မည်သည် ဆံပင်ကို အမြတ်တနိုး ထားကြကုန်၏။ ဆံပင်လောက် ခင်တွယ်သော ဝတ္ထုပစ္စည်း မရှိတော့။ သို့ကလောက် အမြတ်တနိုးထားသော ဆံပင်ကို ရောင်းရသော ပိုက်ဆံကို အလှူအတန်း လုပ်သလား။ မဟုတ်။ စာအုပ်စာတမ်းများ ဝယ်၍ ဖတ်သလား။ ဘာဟုတ်မလဲ။ ဆီ၊ ဆန်၊ ဆား၊ ကြက်သွန်၊ ငရုတ်သီးများ ဝယ်၍ ဆာနေသောကလေးတို့ကို ကျွေးတယ်ထင်ပါရဲ့။ ဒါလည်း မဟုတ်သေး။ နို့ ဘာလုပ်သလဲ။ တစ်သက်နှင့်တစ်ကိုယ် တစ်ခါသာ ကြုံရသလိုလို ပွဲကို ရက်ရက်စက်စက် ကြည့်ပစ်လိုက်၏။

ဤအကြောင်းအရာသည် ကျွန်ုပ်၏ လက်ထိုးဝတ္ထုကလေး မဟုတ်။ တကယ် ဖြစ်ပျက်ဖူးသော တကဲ့ အဖြစ်အပျက်ကလေးကို ရေးသားခြင်း ဖြစ်ပေ၏။ ထိုမိန်းမကြီးသည် တစ်ညလုံး ပွဲကြည့်ပြီး နံနက် အိမ်ပြန်ရောက်သောအခါ ရေသောက် ဗိုက်မောက်၍သာ အိပ်ရတော့၏။ ဆာလောင်မွတ်သိပ်သဖြင့် တကျည်ကျည်ပူဆူငိုကြွေးနေသော ကလေးများကို အဆာပြေ မုန့်တစ်ပြားဖိုးစီမျှတောင်





မကျွေးနိုင်။

ပွဲလမ်းသဘင် လိုက်စားခြင်း၊ ပျော်ရွှင်မှုတို့ကို ကြိုးကြိုးစားစား အလေးဂရု ပြုသကဲ့သို့ ပညာဗဟုသုတ တိုးတက်ရေး၊ တိုင်းပြည် ကြီးပွားရေးများကို အလေးဂရု ပြုကြမည်ဆိုသော် မြန်မာလူမျိုးတို့သည် နောက် အနှစ်ငါးဆယ်အတွင်း ကမ္ဘာသိ လူမျိုးကြီးကန် ဖြစ်ရပေမည်။

'ဟုမ္မရူးကို ပေးပါ' အစရှိသဖြင့် သူတောင်းစားပမာ တောင်းနေ၍လည်း လွတ်လပ်ရေးကို ရကြမည် မဟုတ်။ 'ဒါတို့မြေ၊ ဒါတို့ပြည်' ဟူ၍ တကြော်ကြော် သီချင်းဆိုနေ၍လည်း လွတ်လပ်ရေးကို ရကြမည် မဟုတ်ပေ။

[ ၃ ]

တိုင်းပြည်၏တန်ဖိုး အထက်တန်းသို့ ရောက်လာပါမူ ဘယ်လူမျိုးမှ 'ရှေ့မတက်နှင့်' ဟု လာ၍ မတားမြစ်နိုင်။ တိုင်းပြည်၏ တန်ဖိုးကား အခြားမဟုတ်။ တသီးပုဂ္ဂလ လူတိုင်း လူတိုင်း၏ တန်ဖိုးများကို စုပေါင်းထားခြင်း ဖြစ်ပေသည်။

ဤအချက်ကို ကြပ်ကြပ်သတိပြု စဉ်းစားဖို့ သင့်၏။ 'တို့ တစ်ယောက်တည်း ကြိုးစားလို့ကော ဘာကျေးဇူး ရှိဦးမှာလဲ' 'တစ်ယောက်တည်း မ,လို့လဲ ဒီဝန်ကြီး ဘယ်တော့နိုင်ဦးမှာလဲ' စသဖြင့် ဆင်ခြေဆင်လက် ဆင်နားရွက်များ ပေးသည်ကို ကျွန်ုပ်ကိုယ်တိုင် နားဆတ်ဆတ် ကြားရတော့သည်။

ဤလူစားများ ခေတ်စားနေ၍ မြန်မာပြည်သည် ရှေ့သို့ မတိုးနိုင်ဘဲ တုံ့နေခဲ့၏။ စင်စစ် တခြားလူများသည် သူတို့၏



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်သည်ဖြစ်စေ၊ မဆောင်ရွ သည်ဖြစ်စေ မိမိတာဝန်ကို ကျေပွန်အောင် ကြိုးစား ဆောင်ရွက် မိမိဘက်မှ ဖွလုံနေလျှင် မိမိတောင့်တသော လိုဘသည် မကြာ ပြည့်စုံပေလိမ့်မည်။

မြန်မာတို့သည် အထင်အမြင်ကြီးကာ ‘ငါတကော, ကော နေခြင်းဖြင့် အထူး ကျေနပ်နေကြ၏။ ‘ဒီမိစ္ဆာတွေ ဘာနည်းလ လို့လဲ၊ အလကား ပါပကောင်တွေ’ အစရှိသဖြင့် နိုင်ငံခြ တိုင်းတစ်ပါးလူမျိုးတို့ကို ရှုတ်ချ ပြောလေ့ရှိ၏။ ‘ဒီမိစ္ဆာကောင်၊ ပါပကောင်တွေ’ ၏ လက်အောက် မျက်နှာမော့ကနေရသည့် မိ တို့၏ အဖြစ်ဆိုးကြီးကို အလျဉ်းသတိ မရကြ။ ရက်ဖွယ်လိ ရှိတော့၏တကား။

အလှူအတန်း လုပ်ရာ၌ မြန်မာများ အလွန် ရက်ရောသ ဟု ဆိုစေကာမူ သတိသမ္ပဇဉ်တရား ရှေ့ဝယ်ထား၍ အလှူ မည်ဆိုသော် မြန်မာပြည်ကြီးသည် တစ်နေ့တခြား ဒီရေအလ တိုးတက်ရာ၏။

ဥပမာ ဘုန်းကြီးပျံ တစ်ခု၌ ကုန်ကျသငွေ ပိုက်ဆံများ တွက်စစ်လိုက်လျှင် အလွန် များပြားတော့၏။ အချို့ နာမည်ကြ ဘုန်းကြီးများ ပျံလွန်တော်မူသောအခါ ငွေနှစ်သောင်းခန့် အနည် ဆုံး အောက်ထစ် ကုန်ပေလိမ့်မည်။

ဤသို့ငွေများကို မဖြုန်းသင့်သောနေရာ၌ အဆမတန် ဖြု တီးမည့်အစား ပျံလွန်တော်မူသော ဘုန်းတော်ကြီးအား သတိရ ရန် အထိမ်းအမှတ်အားဖြင့် ပိဋကတ်တိုက်တော်များ ဆောက်လု လှူဒါန်းထားမည် ဆိုခဲ့ပါလျှင် တိုင်းပြည်၌ မည်မျှ ကျေးဇူးမျ





မည်မျှ ကုသိုလ်များမည်ကို တွေးကြည့်က သိနိုင်ပေသည်။

‘အလှူအတန်းပေါ့’ ဟု ထိပ်ကနေ၍ နံမည်တပ်ကာ အလွဲ သုံးစား ပြုလုပ်၍ အပျော်အပါး လိုက်စားခြင်းသာ များတော့၏။

များမကြာမီက ရန်ကုန်မြို့ပေါ်၌ ဂုဏ်တုဂုဏ်ပြိုင် လုပ်နေ ကြသော လမ်းကြီးနှစ်ခုတွင် ဘုန်းကြီး ဆွမ်းကြီးလောင်းပွဲ ကျင်းပ ကြ၏။ ‘တယ် ဒီလမ်းကလူတွေ အလှူအတန်း ပြိုင်သကိုး’ ဟု အမှတ်မဲ့ ထင်မိသော်လည်း၊ အတွင်းကြော စစ်ကြည့်သောအခါ အ ထင်နှင့်အမြင် ကွာသလို ကွာနေတော့၏။ ဘုန်းကြီးအား ဆွမ်းလောင်း သမျှ အားလုံးပေါင်း ကုန်ကျသည့်ငွေမှာ ငါးရာလောက်ကုန်၏။

တစ်လမ်းက ပွဲပေါင်း ခုနစ်ပွဲတိတိ ဆက်၍ခံ၏။ လမ်းကို ဆင်ပြင်ထားသည်မှာလည်း မနည်းကုန်၏။ တစ်လမ်းက ဟိုတစ် လမ်းထက်သာအောင် လုပ်၏။ အကယ်၍ ဤကုန်ကျသည့် ငွေ များကို ထိုထိုနေရာမျိုး၌ ဖြုန်းမပစ်ဘဲ ထိုထိုလမ်းထဲတွင် စာကြည့် ပိဋကတ်တိုက်တစ်ခု ဖွင့်ထားမည်ဆိုသော် မည်မျှ ကျေးဇူးများမည် ဖြစ်ကြောင်း သိနိုင်ပေသည်။

“စာဖတ်သူ မရှိလို့ စာကြည့်ပိဋကတ်တိုက် မတည်တာပါ” ဟု ဆင်ခြေပေးစရာမလို။ စာကြည့်ပိဋကတ်တိုက်ရှိက အနည်းနှင့် အများ စာကြည့်မည့်သူ ရှိလာပေလိမ့်မည်။

တိုင်းပြည်၌ ကျေးဇူးများမည့်အလုပ်၊ မများမည့်အလုပ် နှစ်ခုအနက် ငွေကုန် ကြေးကျချင်း တူပါလျက် ကောင်းသောအလုပ်၊ ကျေးဇူးများသောအလုပ်ကို လုပ်ရန် နောက်ဆုတ် နောက်ဆုတ် လုပ်နေကြ၏။ ခပ်ဆိုင်းဆိုင်း လုပ်နေကြ၏။ ဆိုင်းတွဖင့်လေးခြင်း ၏ အခွန်ဘဏ္ဍာသည် ကြီးလေးဘိ၏တကား။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည် ကြီးပွားသည်ကို လိုလားသည့် ပုဂ္ဂိုလ်ဟူသရွေ့ မကောင်းသောလမ်းမှ ကောင်းသောလမ်းသို့ ချက်ချင်း ပြောင်းလွှဲ ပြင်ဆင်ရန် အရေးဆိုက်လာပေပြီ။

ဤမျှမကသေး။ လူတိုင်းလူတိုင်း နေ့စဉ်နေ့တိုင်း လုပ်ကိုင်နေသော အလုပ်များကို ဖင့်လေးခြင်း မရှိစေဘဲ ချက်ချင်း 'ခု ဆိုမှ ခု' လုပ်ဖို့ အရေးကြီးလာပေပြီ။

ချက်ချင်း လုပ်ရမည့် အလုပ်ကို ထ၍ ကောက်လုပ်မည့် အစား ကြောက်ဒူးတုန်နေသူ ပေါလှ၏။ ချက်ချင်း လုပ်ရမည်ဆိုလျှင် ရင်ခုန်နေ၏။ မလုပ်ဘဲ မနေရသည့် အလုပ်များကိုပင် ချက်ချင်း မလုပ်ကြ။ မလုပ်လို။ ဖင့်နွှဲထားကြ၏။ နှစ်ဆိုင်းလို့ရလျှင် နှစ်။ နှစ်ဆိုင်းလို့ မရလျှင် လ။ လဆိုင်းလို့ မရလျှင် နေ့။ ယုတ်စွအဆုံး လေးငါးမိနစ်သော်မှ ဆိုင်းထားတတ်ကြ၏။

ဤလူစုများသည် အလုပ်ကို ဖင့်လေးထားခြင်း၌ နှစ်သက်ကြ၏။ 'မြိန်ရေရှက်ရေ' ရှိကြ၏။ သဘောကျကြ၏။

'ဘယ်လို ဖြစ်လျှင်' 'ဘယ်တော့မှ' 'ညာတော့မှ' 'ဘယ်လိုက ဘယ်ကဲ့သို့ပဲ' အစရှိသော စကားမျိုးကို အမြဲလက်စွဲ အသုံးပြုကြ၏။

'ငတ် မသေရုံတမယ်' အေးအေးနေရလျှင် ရောင့်ရဲ ကျေနပ်နေကုန်၏။ တာဝန်ယူရမည်ကို ကြောက်ကုန်၏။ သြဝါဒပေးရမည်ကို မပေးရဲ။ သူတစ်ပါး သြဝါဒပေးသည်ကို 'မှန်ပါ့ဘုရား' 'အလိုရှိပါ့ဘုရား' စသဖြင့် မြေဝယ်မကျ နာခံလိုကြ၏။ နာခံကြ၏။ ထို့ကြောင့် မြန်မာပြည်ကြီးသည် သူတစ်ပါး၏ သြဝါဒပေးခြင်းကို ခံ၍ နေရသည် မဟုတ်ပါလော။

တတိယအကြိမ်



ဤသို့ ဖင့်စားသော လူမျိုးတို့ အသုံးပြုလေ့ရှိသည့် တကဲ့စကားကြီးမှာ 'ရမ်းတယ်'ဟူ၏။ လုပ်ရဲကိုင်ရဲသည့် လူကို 'မရမ်းလွန်းပါနဲ့ကွယ်' 'မရမ်းလွန်းပါနဲ့ရှင်' 'တယ်ရမ်းတဲ့ အကောင်'ဟု ဂါထာသဖွယ် အမြဲတမ်း ရွတ်ဖတ်သရဇ္ဈာယ်ကြကုန်၏။

ဤလူစားတို့က 'ရမ်းတယ်' ဆိုခြင်းမှာ အလုပ်တစ်ခုကို ရဲရင့်စွာ လုပ်ခြင်းကို ဆို၏။ နောက်မဆုတ်တမ်း ရှေ့တိုးလုပ်လျှင် 'ရမ်းတယ်' ဖြစ်တော့၏။

လူများ မလုပ်ရဲသည့် အလုပ်ကို တံ့တံ့စားစား လုပ်လျှင် 'ရမ်းခြင်း' ဖြစ်၏။ ဤသို့ 'ရမ်း'မှ၊ စွန့်စားမှ ကြီးပွားမည် ဖြစ်တော့၏။ ရမ်းခြင်း၊ စွန့်စားခြင်းကား ကြီးပွားသူတိုင်း၏ လုပ်ရိုးလုပ်မြဲ တံထွာကြီးပေတည်း။

မြန်မာပြည်၌ 'မရမ်းပါနဲ့'ဆိုသော စကားကို အသုံးများသည်ကို ထောက်လျှင် မြန်မာပြည်သူ ပြည်သားများ၏ သဏ္ဍာန်, စိတ်, သဘောထားမှာ နုံသေး၏။ ညံ့သေး၏။ ပျော့သေး၏။

မြန်မာတို့သည် တာဝန်ကြီးသော အလုပ်ကို မလုပ်ရဲ။ ကြီးပွားမည့် အလုပ်ကို မလုပ်ရဲ။ ခက်ခက်ခဲခဲ လုပ်ရမည့် အလုပ်ကို မလုပ်ရဲ။ ဤသို့ 'မရဲ' ကြသဖြင့်လည်း မရမ်းနဲ့ဟူသော စကားကို လက်စွဲထားကြကုန်၏။

မြို့နယ် ကြီးပွားရေးနှင့်ပတ်သက်၍သော်လည်းကောင်း၊ မိမိတို့ ဥာဏဗဟုသုတ ကြီးပွားရေးနှင့် ပတ်သက်၍သော်လည်းကောင်း အသင်း အပင်းလုပ်၍ စုဝေးကြသည့် လူသိုက်များသည် ပထမ လုပ်ရိုးလုပ်စဉ် လွယ်လွယ်ကလေး လုပ်သွားပြီး အခက်အခဲနှင့် ကြုံလာသောအခါ ရှေ့သို့ မတိုးဝံ့ကြချေ။

ယောမင်းကြီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



အစည်းအဝေးကြီးများ ဖိတ်ခေါ်ပြီး သကာလ ဘာမှုမပြီး။ ပြောကာ ပြောကာ မောနေကြ၏။ တစ်ဦးတစ်ယောက်က ရှေ့သို့ တိုးသင့်ကြောင့် အဆိုသွင်းခဲ့လျှင် ဆယ်ယောက်လောက်က ကန့်ကွက် ဖျက်ဆီး၏။ နောက်ဆုံး၌ လက်ရှိ အခြေအနေ မှောက်လောင်း မှောက်လောင်းဘဝနှင့် နေရန်၊ ရှေ့ကို မတိုးရန် ဆုံးဖြတ်ချက်ချ လိုက်မှ ကျေနပ်သွားကြ၏။

[ ၄ ]

'ကနေ့လား နက်ဖန်လား သေကြရမဲ့အတူတူ ကြိုးစားကော ဘာထူးအံ့မှာလဲ အလကားပေါ့' ဟူ၍ ပြောလေ့ရှိကြ၏ အကယ်၍ 'ကနေ့နက်ဖန်' သေခဲ့သော် တော်သေး၏။ မကြိုးစားဘဲ နေလိုက နေပါတော့။ သို့သော် မသေဘဲ အသက်ရှည်နေမည်ဆိုလျှင် .... ?

ကျွန်ုပ်တို့ မြန်မာများသည် ကြောင်သူတော်ယောင်ယောင်၊ သူတော်ကောင်းယောင်ယောင် ယောင်ခြောက်ဆယ်လုပ်၍ အစစ အရာရာ ပြောလေ့ပြောထရှိ၏။ လုပ်လေ့လုပ်ထရှိ၏။ လောကုတ္တရာ ရေးရာကိုလည်း ကောင်းကောင်း ကျကျနနမလုပ်နိုင်။ လောကီရေး ရာ၌လည်း ဂရုမထား။ လမ်းခုလတ်၌ 'ခွ'ကျနေကြကုန်၏။

လောကုတ္တရာရေး လိုက်စားခြင်းကို အပြစ်ဆိုလိုသည် မဟုတ် လောကုတ္တရာ ယောင်ယောင်၊ လောကီယောင်ယောင် တောင်ပြေးရ မလိုလို မြောက်လှမ်းရမလိုလို ဖြစ်နေကြသည်ကိုသာ အပြစ်ဆိုလို ပါ၏။ မည်သည့်အလုပ်မဆို ကျကျနန ပိုင်ပိုင်နိုင်နိုင်လုပ်က ကောင်း၏။ စကားဆုံး ခိုးစားသည့်နေရာပင် ဖြစ်လင့်ကစား ရဲရင့်စွာ စနစ်ကျကျ အထားအသို အကိုင်အတွယ် ခြေရာလက်ရာ ကျကျနနနှင့်ခိုးသော သူသည် နောင့်နှေးကြောက်ရွံ့သော သူခိုးထက်





းမွမ်းဖွယ် ကောင်း၏။

'ကနေ့ နက်ဖန်သေကြရတော့မှာပဲ' ဟူသောစကားမှာ စင်စစ် ရား၍ ပြောကြသည်မဟုတ်။ ဒုက္ခရောက်မည့်ဘေး ကြောက်ရွံ့၍ ပြောသောစကားဖြစ်ပေသည်။ တရားသံ ခပ်ပါပါနှင့် ဆင်ခြေပြလျှင် များ၏ ကဲ့ရဲ့ခြင်းမှ လွတ်သည့်ပြင် ချီးမွမ်းခြင်း ခံရလေရဲ့ဟု တင်သိနှင့်ကြ၍ ဤသို့ သုံးကြ၏။ သေသေချာချာ စဉ်းစား ိုက်သော် ထိုသို့ဆင်ခြေပေးခြင်းမှာ တရားလမ်းကြောင်း မကျသည့် တွက် မချီးမွမ်းထိုက်သည့်အပြင် ကဲ့ရဲ့ရှုံ့ချဖို့ သင့်တော့ ပေသည်။

နှောင့်နှေးဖင့်လေးခြင်း၊ နောက်ဆုတ် နောက်ဆုတ်လုပ်ခြင်း သော ဆိုးရွားသည့် အလေ့ကြီးသည် အိမ်တိုင်း၌ရှိ၏။ကုန်စုံဆိုင် ိုင်း၌ရှိ၏။ အစိုးရရုံးတော်တိုင်း၌လည်းရှိ၏။ ဘယ်အတွက် ဤသို့ င့်စားကြသနည်း။

ဖင့်လေး၍နေလျှင် ကိုယ်မပင်ပန်း။ သို့သော် စိတ်ပင်ပန်းရ၏။ ိုယ်ပင်ပန်းလျှင် ပျော်ရွှင်အောင်တစ်စုံ တစ်ခုလုပ်လိုက်လျှင် ပျောက် င်း၏။ ရယ်ရွှင်ဖွယ် စာအုပ်တစ်အုပ် ကိုင်ဖတ်က ပျောက်ကင်း ၏။

စိတ်၏ ပင်ပန်းခြင်းသည် ဤသို့ လွယ်လင့်တကူနှင့် ပျောက်နိုင်၊ ဆေးဆိုင်မှ ဆေးကိုစားလျှင်လည်း မပျောက်ကင်းနိုင်။

စိတ်ပင်ပန်းခြင်းဖြစ်သည့် ဤစိတ်၏ ရောဂါဆိုးကြီး စွဲကပ် လျှင် ထိုရောဂါကို ကုသနိုင်သော ဆရာဝန်မှာ တစ်ယောက်သာ ၏။ ထိုဆရာဝန်မှာ ကမ္ဘာကျော် ဆရာဝန်ကြီးလည်းမဟုတ်။ သိအနည်းဆုံး နာမည်အမှိန်ဆုံးဆရာတစ်ယောက်ဖြစ်၏။ သို့သော် းပွားလိုသူတို့၏ ဆည်းကပ် နှီးနှောခြင်းကို မကြာခဏ ခံရ၏။



www.burmeseclassic.com

www.burmeseclassic.com



အခြား အခြားသော ဆရာဝန်များကဲ့သို့ ခြေကြွလည်းမပေးရ။ ပျောက် မပျောက် အခြား အခြားဆရာဝန်တို့ မဆုံးဖြတ်ဝံ့သည်ကို ထိုကြီးပွားရေး ဆရာဝန်ကုသလျှင် တမုဟုတ်ချင်း လက်နှင့်ယူပစ်သလို ပျောက်ကြ၏ ထိုဆရာဝန်ကြီးကား တခြားမှာလိုက်မရှာနှင့်။ မိမိတို့ ကိုယ်တိုင်ပင် မိမိတို့၏ ဆရာဝန်ကြီးများ ဖြစ်ကြတော့၏။ မိတ်ဆွေ–မိတ်ဆွေသည် မိတ်ဆွေ၏ဆရာဝန်ဖြစ်၏။ ကျွန်ုပ်သည် ကျွန်ုပ်၏ ဆရာဝန်ဖြစ်၏။

မိမိ၏စိတ်ကို မိမိကိုယ်တိုင် ကြပ်မတ်၍ မပြုပြင်လျှင် မည်သူမျှလာ၍ ပြုပြင်နိုင်လိမ့်မည် မဟုတ်။ မိမိကိုယ်တိုင် ကြပ်မတ်ပြုပြင်ရန်မှာလည်း မလွယ်လှ။ သို့သော် ခဲခဲယဉ်းယဉ်း ကြီးလည်း မဟုတ်။ လွန်လွန်မင်းမင်ကြီးမခက်လှ။ သေသေချာချာ ကြိုးစားလျှင် မကြာမြင့်မီ အောင်မြင်ထမြောက်နိုင်ပါသည်။ ကြိုးစားပါ။

အိမ်တိုင်း အိမ်တိုင်း၌ ဖြစ်ပျက်နေကြသော စိတ်သောကရောက်ခြင်း၊ ပူပန်ခြင်းတို့ကို သေချာစေ့ငု လိုက်၍ကြည့်လိုက်လျှင် ပစ္စည်းဥစ္စာအတွက်မဟုတ်။ မူလစိတ်ရင်းကိုက မရွှင်ပျခြင်း၊ ထိုင်းမှိုင်းလေးလံခြင်းတို့ကြောင့် ဖြစ်ရလေသည်။

ဤသို့ စိတ်၏ထိုင်းမှိုင်းခြင်း ဖြစ်ရသည့် အကြောင်းသည်လည်း မိမိ၏လုပ်ငန်း၌ စိတ်မဝင်စားလှဘဲ 'ပြီးလျှင်ပြီးရော' သဘောနှင့် ဝတ်ကျေ ဝတ်ကုန်မျှ အောက်မေ့လုပ်ကိုင်ကြ၍ ဖြစ်ပေသည်။

'တစ်နေ့လာလဲ မဲပြာပုဆိုး၊ တစ်နေ့လာလဲ မဲပြာပုဆိုး' ဆိုရိုးရှိသကဲ့သို့ တစ်နေ့မှတစ်နေ့သို့ ကူးပြောင်းအသက်ရှင်လျက် နေရစေကာမူ ရွှင်ရွှင်ပျပျ ရှိလှသည်မဟုတ်။ ဤသို့ရွှင်ပျစွာ မနေတတ်





သဖြင့် စိတ်၏, ထိုင်းမှိုင်းခြင်း ဖြစ်ကြကုန်၏။ စိတ်ထိုင်းမှိုင်းကြ၍ပင် အလုပ်အကိုင်၌ နှောင့်နှေး လေးကန် နေကြကုန်၏။

ဤသို့ ဖင့်လေးသဖြင့် အလုပ်မပြီး။ အလုပ်မပြီးသောကြောင့် စိတ်သောကရောက်ရ၏။ သို့ဖြစ်၍ စိတ်သောက ရောက်ခြင်းသည် အလုပ်အကိုင်ကို ဖျက်ဆီးတတ်သည့် အကြောင်းတစ်ခု ဖြစ်ပေသည်။ သို့နှင့်မပြီးသေး။ ကြီးပွားရေးအတွက် မိမိကြံစည်ထားသရွေ့ ကြိုးစားရန် ဖင့်စား၍ အချိန်လင့်စေ၏ ကြီးပွားရေး၏ ရန်သူကြီးလည်းဖြစ်တော့၏။

[ ၅ ]

မိမိကိုယ်တိုင်ကား ကုန်ကူးသန်းရောင်းဝယ်ရေးကို နှစ်သက်၏။ လုပ်ကိုင်လို၏။ အခွင့်အခါမသင့်၍ မိမိဝါသနာမပါသော အလုပ်ကို ဝင်ရောက်လုပ်ကိုင်နေရသဖြင့် မကျေနပ်သည့်အပြင် စိတ်မချမ်းသာဖြစ်နေသူ များပြားစွာရှိ၏။ သို့သော်လက်ရှိအလုပ်ကို လွှတ်ပြီး မိမိအကြိုက် ကုန်သည်အလုပ်ကို စွန့်၍လုပ်သူ မြန်မာပြည်၌ မရှိသလောက်ရှား၏

ကျွန်ုပ်၏ ကိုယ်တွေ့တစ်ခုမှာ မိတ်ဆွေတစ်ဦးသည် ကုန်သည်အလုပ်ကို များစွာလုပ်လို၏။ ဝါသနာပါ၏။ နှစ်သက်၏။ သို့သော်ငင်း၏လက်ရှိ လခလေးဆယ် အလုပ်ကလေးကို ခင်တွယ်၍ မစွန့်ရဲ။ အလုပ်ဌာနလူလျှော့စာရင်းထဲ ပါသွားမှ ထိုအလုပ်ကိုစွန့်လိုက်တော့၏။

အလုပ်ပြုတ်ပြီးနောက် လခစားအလုပ်ကို ခြေတိုလုမတတ် လိုက်ရှာသော်လည်း တစ်ခုမျှနေရာမကျဘဲ ရှိသောအခါ ၎င်းမူလ လုပ်လိုသည့် ကုန်သည်အလုပ်ကို စိတ်လည်၍ လာသဖြင့်ကုန်သည်



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေ၏။ နှစ်နှစ်အတွင်း ထိုမိတ်ဆွေ၏ လစဉ်ဝင်ငွေစာရင်းမှာ သုံးရာနီးပါးကိုက်၏။ အကယ်၍ လခစားအလုပ်ကို စွဲစွဲမြဲမြဲ တစ်သက်လုံး လုပ်အုံးတော့ ထိုမျှလောက်လစာငွေကို ရလိမ့်မည် မဟုတ်ပေ။ ၎င်းပြင် ထိုသူ၏ ရှေ့တက်လမ်းမှာ များစွာမျှော်လင့်ဖို့ ရှိသေး၏။

ကျွန်ုပ်တို့မြန်မာအမျိုးသားတို့သည် တောထဲ၌ လမ်းမှားနေသော သူများနှင့် တူ၏။ အလွန်တူ၏။ တောထဲတွင် လမ်းမှားနေသူများမှာ တောင်သွားရ ကောင်းနိုးနိုး မြောက်သွားရ ကောင်းနိုးနိုး အရှေ့သွားရ ကောင်းနိုးနိုး အနောက်သွားရ ကောင်းနိုးနိုးနှင့် အချိန်လည်းကုန် လူလည်းပန်းနေတော့၏။ အကယ်စင်စစ် အရပ်လေးမျက်နှာရှိသည့် အနက် တစ်ဘက်ဘက်သို့ 'စွတ်'၍ လိုက်သွားပါမူ တစ်နေရာရာသို့ ဧကန်ရောက်ရပေလိမ့်မည်။

ကျွန်ုပ်တို့ အမျိုးသားတို့မှာ ကုန်သည်လုပ်ရကောင်းနိုးနိုး မလုပ်ရကောင်းနိုးနိုး၊ 'နိုးနိုး'နှင့် အချိန်ဖြုန်းနေကြ၏။ တကယ်ကျေးဇူးများသည့် ကုန်သည်အလုပ်ကို ဘယ်နံရောအခါမှ ထ၍လုပ်ကြမည်မဆိုနိုင်။

ဤသို့ ဘာလုပ်ရမှန်း မသိဘဲ ဖင့်လေး ဆိုင်းတွနေဟတ်ခြင်းကြောင့် မိမိလောက် ပညာဉာဏ် မရှိသူတို့သည် မိမိကို ကျော်လွန်၍ သွားတတ်ကြကုန်၏။

ကံကို အလျဉ်း အားမကိုးဘဲ ဉာဏ်တစ်ကျပ်သားလျှင် ဝီရိယ ကိုးဆယ့်ကိုးကျပ်သား ရောစွက်၍ အလုပ်လုပ်မှ သင့်ပေလိမ့်မည်။

အလုပ်လုပ်ရာတွင် တွေ့သမျှ စိတ်ပျက်ဖွယ်ကိစ္စ အဝဝတို့





ကို တုံးတိုက်တိုက် ကမ်းတိုက်တိုက် အတင်း တိုးဝှေ့၍ ခွဲကောင်းကောင်းနှင့် ရှေ့တက်သူများသာလျှင် ဤခေတ်ဆိုးကြီး၌ အောင်မြင်ဖွယ်ရာ ရှိတော့၏။

လောကလူတို့သည် ခရီးသည်များနှင့် တူကြကုန်၏။ မိမိတို့လိုရာ ခရီးသို့ မျှော်မှန်းကာ သွားနေကြ၏။ ကြိုးစားကြ၏။ များစွာ သောလူတို့သည် မှန်းထားသည့် ခရီးဆုံးသို့ ရောက်လျှင် အလွန် ပျော်မည် ထင်၏။ အလွန်ကောင်းမည် ထင်၏။ သို့သော် မှန်း ထားသော ခရီးဆိပ်သို့ ရောက်သဖြင့် ပျော်ရွှင်ရသည်ထက် ထိုမှန်းထားသည့် ခရီးစဉ်အတိုင်း သွားလာ ကြိုးစားနေရခြင်းက ပိုမို၍ ပျော်ရွှင်ဖွယ် ကောင်း၏။

ဥပမာဆိုသော် ကျိုက်ထီးရိုးဘုရားသို့ ဖူးမြော်ကန်တော့သွားကြရာတွင် လမ်းခရီးအတွင်း တစ်တောင်ဆင်း တစ်တောင်တက် ပင်ပင်ပန်းပန်း သွားလာရသည်မှာ လွန်စွာ ပျော်စရာကောင်း၏။ တောင်ထိပ်ပေါ် ကျိုက်ထီးရိုးဘုရားပေါ်သို့ ရောက်လျှင် အလွန်အမင်း ပျော်လိမ့်မည်ဟု အထင်ရောက်ကြ၏။ သို့သော် တောင်ပေါ် ရောက်သောအခါ အထင်နှင့်အမြင် ကွာခြားကြောင်း သိရပေ၏။

ထိုနည်းအတူ လောကတွင် သမုဒ္ဒရာ ဝမ်းတစ်ထွာအတွက် အသက်မွေးဝမ်းကျောင်း တစ်ခုခုကို ကြိုးကြိုးပမ်းပမ်း အားထုတ်လုပ်ကိုင်နေကြရ၏။ မိမိတို့၌ ရည်ရွယ်ချက် ရှိကြ၏။ ထိုရည်ရွယ်ချက် ပြည့်စုံအောင် ကြိုးစားကြ၏။ ထိုရည်ရွယ်ချက် ပြည့်စုံလျှင် အလွန် ဝမ်းမြောက်မည် ထင်ကြ၏။ သို့သော် စင်စစ် ရည်ရွယ်ချက် ပြည့်စုံထမြောက်အောင် ကြိုးစားအားထုတ်ရခြင်းက ပိုမို၍



www.burmeseclassic.com

www.burmeseclassic.com



ပျော်စရာ ကောင်းသည်ကို တွေ့ကြရကုန်၏။

[ ၆ ]

မိမိတို့၏ ဆောင်ရွက်ရမည့် ဝတ္တရားကို ပင်ပန်းစရာတစ်ခု ဟု မအောက်မေ့ဘဲ 'ကစားစရာတစ်ခု' ဟု သဘောထား၍ လုပ်ကိုင် ဆောင်ရွက်သွားပါက မိမိတို့အား ပိုမို၍ ပျော်ရွှင်စေသည်ကို တွေ့ရပေလိမ့်မည်။

ဘောလုံးကစားသမား၊ ခြင်းခတ်သမား အစရှိသဖြင့် ကစားကြကုန်သော သူတို့မှာ ၎င်းတို့၏ ကစားခြင်းသည် ကောင်း၏ မကောင်း၏ကို ပဓာန မထားဘဲ ပျော်စေ ရွှင်စေဟု ပျော်ရွှင်မှုကိုသာ အရေးထားပြီး ကစားကြဘိသကဲ့သို့ အသက်မွေးဝမ်းကျောင်းကိုလည်း ပျော်စရာကြီးတစ်ခုသဏ္ဍာန် နှလုံးသွင်းအပ်၏။

လောကကြီးကို တစ်နည်းအားဖြင့် ဇာတ်ရုံကြီးသဖွယ် သဘောထား၍ မိမိတို့ကိုယ်ကို ဇာတ်သမားတစ်ဦးသဖွယ် သဘောထားသင့်၏။ ဇာတ်သမားတို့မည်သည် ၎င်းတို့နှင့် သက်ဆိုင်သည့် တာဝန်အခန်းခန်းတို့ကို ကျနကောင်းမွန်စွာ သယ်ပိုးရွက်ဆောင်ကြကုန်၏။

ဓားပြလုပ်သူက မင်းသား အမူအရာကို မတောင့်တ၊ အတုမယူ၊ လိုက်၍မလုပ်။ ထို့အတူ မင်းသားကလည်း ဓားပြကြီးသဖွယ် အမူမထမ်း။ မိမိတို့ ကိုယ်စီကိုယ်ငှ သက်ဆိုင်သရွေ့ တာဝန်များကိုသာ ကောင်းမွန် သေသပ်စွာ ကြိုးစား ထမ်းဆောင်ကြကုန်၏။

လူတို့သည်လည်း ဤသို့ နှလုံးပိုက်ရာ၏။ မိမိတို့၏ စိတ်ဓာတ် ချို့ယွင်းချက်များကို ပြုပြင်၍ လောက၌ မိမိ၏ တာဝန်များကို ကျေပွန်အောင် ဆောင်ရွက်ပါမည်ဆိုက စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပေလိမ့်မည်။ မယုံမရှိပါနှင့်။ စမ်းကြည့်၊ သိပါလိမ့်မည်။





များသောအားဖြင့် လူအပေါင်းတို့သည် ဤသို့ သဘောမဝင်စား၊ နှလုံးမပိုက်နိုင်ကြဘဲ လက်ရှိအလုပ်ကို ကောင်းကောင်း 'ဖိ' မကြိုးစားဘဲ ဖင့်လေး တွေဝေနေကြ၏။

'ဒီအလုပ်လုပ်ရ ကောင်းမလား၊ မလုပ်ရ ကောင်းမလား' ချီတုံချတုံနှင့် မကုန်သင့်သော အချိန်တို့ ကုန်ရ၏။ အခု စဉ်းစား၊ အခု ကောက်ကိုင်ရမည့် အလုပ်များ ဖြစ်ပါလျက် အချိန်ဆွဲတတ်သူ ပေါကြ၏။ အချို့လူတို့သည် ရက်သတ္တတစ်ပတ်နှင့် ပြီးမည့် အလုပ်ကို လေးနှစ်, ငါးနှစ် ဆိုင်းနေကြ၏။ ကျွန်ုပ်ကိုယ်၌လည်း ဆိုင်းခဲ့ဖူး၏။ ယခုလည်း ခဏခဏ ဆိုင်းချင်၏။ အနိုင်နိုင် စိတ်ကို ဆုံးမပေးရ၏။

ဤသို့ မဆိုင်းသင့်ဘဲ ဆိုင်းတွနေသည်ကို အချို့က စဉ်းစားဆင်ခြင်ဉာဏ်နှင့် ပြည့်စုံသည်ဟု အထင်ရောက်ကြ၏။ အထင်မှားနေ၏။ စင်စစ် အထင်ကြီးနေခြင်းမျှသာ ဖြစ်တော့၏။ မြေကိုခြေဖျား မထောက်နိုင်သော အခြေသို့ ရောက်နေဘိ၏။

စိတ်ကူးရုံသာ စိတ်ကူး၍ အလုပ်တစ်စုံတခုကိုမျှ မလုပ်ဘဲ ကြီးပွားသွားသောသူဟူ၍ မရှိ။

ဤသို့ဆိုလျှင် မစဉ်းစားဘဲ ရှေ့ကိုသာ တိုးတက် ဆက်လက်လုပ်ရမည်လားဟု အမေးရောက်စရာ ဖြစ်နေ၏။ ဟုတ်ကဲ့။ ရှေ့ကိုသာ ဆက်လုပ်ရမည်။ ဤသို့ ဇက်ရဲရဲ အတင်းတိုးလုပ်သဖြင့် ခဏခဏ အမှားများ တွေ့ပေလိမ့်မည် မလွဲ။ သို့သော် အမှားထက် အမှန်များများ တွေ့ရပါလိမ့်မည်။ ဤသို့ ရဲရဲရှေ့မတက်ဘဲအလုပ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေခဲ့လျှင် စိတ်ကူးနှင့် အချိန်ကုန်ပြီး နောက်၌ ကျန်ရစ်ဖွယ် အကြောင်းများ ရှိတော့၏။

မြန်မာများ စိတ်ကူးထုတ်နေစဉ် ကိုင်းတစ်ပါး လူမျိုးခြား တို့ ရှေ့သို့ တက်ကုန်ကြပြီ။ ဘယ်နည်းဖြင့် မီအောင် လိုက်ကြ မည်နည်း။

ယခုအခါကြီးကား အစစအရာရာ အလွန် ခဲယဉ်းနေသော အခါကြီး ဖြစ်၏။ တောင့်တ၍နေရုံနှင့် ဟို ရှေးယခင် မြတ်စွာ ဘုရားလက်ထက်ကို ပြန်၍မရ။ ပူပန်နေ၍လည်း အချည်းနှီး။ ဟိုတုန်းက ဟိုလိုနေခဲ့၏။ ယခုအခါ ယခုလို နေရမည်။ ကျပ်တည်း သော ခေတ်ကို နိုင်နင်းနိုင်သည့် ဝီရိယ လက်နက်ကြီး အားကိုး၍ အောင်မြင်နိုင်ရာ၏။

မိမိက နှောင့်နှေးနေခဲ့မှု မိမိကို ကျော်တက်၍ လိုက်လာ ကြသော နောက်မှလူများသည် မိမိကို တပြုံကြီး ကျော်သွားပေ လိမ့်မည်။ မိမိအား ကျော်သွားအောင် ခွင့်မပေးနှင့်။

ဒင်းတို့ တစ်လှမ်းလှမ်းလျှင် မိမိက နှစ်လှမ်းလှမ်းမှ တော် ပေလိမ့်မည်။ ဤကဲ့သို့ ကျဲကျဲမြန်မြန် လှမ်းပြီး ရှေ့က လူများ ကိုလည်း မီအောင် လိုက်ကြစို့။

အရွယ်ကြီးရင့်၍နေသော လူကြီးတို့သည် လူငယ်များထက် အကြောက်အရွံ့ ပိုကြ၏။ ခက်ခက်ခဲခဲ အလုပ်တစ်ခု လုပ်ဖို့ ကြ လျှင လူကြီးများနှင့် ဘယ်အခါမှ အတူတူ မလုပ်လေနှင့်။ ၎င်းတို့ ထံမှ အကြံဉာဏ်ကို လိုလျှင် တောင်းသင့်၏။ သို့သော် ဘယ်နံ့ အခါမှ အတူတူ မလုပ်သင့်ပေ။ အကယ်၍ လုပ်ခဲ့သော် 'အကြော ခါတ်' များသည် မိမိအား ကူးစက်တတ်၏။





လောကကြီးသည် အစဉ်စီး၍နေသော ချောင်းကြီးပမာ တူ၏။ လှေတစ်စီးကို စီးနင်းလိုက်ပါသွားသူသည် လှော်နေဆဲအခါ ရေကို ဆန်၍ ခတ်ပြီး တက်ခြင်းငှာ စွမ်းနိုင်၏။ အလှော် ရပ်သောအခါ စုန်၍ မျောလာ၏။ ရပ်တန့်၍ တည်နေသည်ဟု မရှိ။

ထို့အတူ လောကကြီး၌လည်း တက်လမ်း ကျလမ်းဟု နှစ် လမ်းသာ ရှိ၏။ အလယ်အလတ် 'ကြား' လမ်းဟူ၍ မရှိ။

ရှေ့သို့ တိုးမလား၊ နောက်ကို ဆုတ်မလား၊ အပေါ်တက် မလား၊ အောက်ဆင်းမလား၊ ချမ်းသာမလား၊ ဆင်းရဲမလား၊ ကောင်း မလား၊ ဆိုးမလား၊ အမှန်လား၊ အမှားလား နှစ်မျိုးနှစ်လမ်းသာ ရှိ၏။

မိတ်ဆွေ ဘယ်လမ်းကို လိုက်မလဲ။ ရှေ့တိုးလျှင်တိုး၊ မတိုး လျှင် နောက်ဆုတ်ရပေလိမ့်မည်။

အပေါ်သို့ တက်လျှင်တက်၊ မတက်လျှင် အောက်ဆင်းရပေ လိမ့်မည်။

ချမ်းသာသော နည်းလမ်းကို လိုက်လျှင်လိုက်၊ မလိုက်လျှင် ဆင်းရဲသော နည်းလမ်းကို လိုက်ရပေလိမ့်မည်။

ကောင်းသောလမ်းကို လုပ်၊ မလုပ်လျှင် မကောင်းသည်ကို လုပ်ရပေလိမ့်မည်။

အမှန်ကိုလိုက်။ မလိုက်လျှင် အမှားတွေ့ရပေလိမ့်မည်။

ဤသို့ အဆန်နှင့်အစုန် လမ်းနှစ်လမ်းမှ တစ်ပါး၊ အခြား သောလမ်း မရှိတော့ပြီ။ တက်လိုသူ၊ ကြီးပွားလိုသူတို့သည် အမြဲ တမ်း အဆန်လမ်းကို လိုက်ကြ၏။ အဆန်လမ်းသည် မလွယ်ကူ။ အထူး ကြိုးစားမှ တော်လောက်ရုံ ရှိ၏။ အစုန်လမ်းအတွက် ကြိုး



www.burmeseclassic.com

www.burmeseclassic.com



စားဖို့ မလို။ အလိုအလျောက် မျောသွားတော့၏။

ထို့ကြောင့် နွေးကွေး ဖင့်လေးခြင်းသည် ကြောက်မက်ဖွယ်ရန်သူဖြစ်၏။ မိမိကရုပ်၍ ဖင့်လေးနေခိုက် မိမိ၏ လုပ်ငန်းတည်းဟူသော လှေကြီးသည် မသိမသာ ရေစုန်သို့ မျောပါသွားပေလိမ့်မည်။

[ ၇ ]

'သန္တုဋ္ဌိ သလ္လေခဖြစ်လျှင် တော်ရောပေါ့'
'နည်းနည်းပါးပါးဆို တန်ရောပေါ့'
'လောဘကြီးလို့ အလကားပေါ့'
'တစ်ဝမ်းတစ်ခါးလှရင် ကျေနပ်ရောပေါ့'
'သိပ်လည်း လေမကြီးနဲ့လေ'
'ကိုယ့်ကံကမှ မကောင်းဘဲဟာကိုး'
'လုပ်ရော ဘာထူးဦးမှာတဲ့လဲ'

'လက်ရှိအလုပ်ကို လွှတ်ပြီး ကောင်းမယ်ထင်တဲ့ တစ်ခြားအလုပ်လုပ်လို့ မြတ်ရင်တော်ပါရဲ့၊ ရှုံးသွားမှဖြင့် ခွက်ခွက်လန်ပါရော'

အစရှိသော စကားမျိုးကို လူဖျင်းလူနတို့သာ ရေလဲနှင့် သုံးသင့်၏။ တင်းတိမ်ရောင့်ရဲနေလျှင် တောမှီပြီး ယောဂီကြီးသာ လုပ်ပေတော့။ စိတ်ပုတီးနှင့် ရိပ်ကြီးခိုပေတော့။ 'အစွမ်း မရှိလို့ တင်းတိမ်ရတာပါ' ဟု မှန်မှန် ပြောခဲ့လျှင် 'အမှန်ပြောတဲ့လူပဲ'ဟု ချီးမွမ်းကြဦးပေလိမ့်မည်။ တရားပြကာ မညာကြပါနှင့်။

ဘာဘဲဖြစ်ဖြစ် ရပ်မနေသင့်၊ ရှေ့ကိုသာ တိုးရမည်။ နောက်မှ ဘာဖြစ်ဖြစ် အခု ဖွတ်တိုးရမည်။ မနက်ဖြန် တမ္ဘာစစ်ကြီး ဖြစ်မည်ဆိုသော်လည်း ဆက်၍ ရှေ့ကို တိုးရမည်။

တတိယအကြိမ်



ဖြစ်လိမ့် ဖြစ်လိမ့်နှင့် မဖြစ်သည့် အကြောင်းတို့လည်း အများအပြား ရှိကုန်၏။ သေသေချာချာ ဂဃနဏသိအောင် စောင့်ဆိုင်း ဖင့်စားနေလျှင် အကျိုးမရှိ။

လူတစ်ဦးတစ်ယောက်သည် ယနေ့ သေမည်။ မနက်ဖြန် သေမည်ကို သေသေချာချာ သိပါ၏လော။ ယနေ့ ဘယ်လို မနက်ဖြန် ဘယ်လို ဖြစ်မယ်ဟု တပ်အပ် သိပါ၏လော။ မသိ။ မသိဘဲလျက် ဘယ်အတွက် နောက်နေ့ နောက်လ နောက်နှစ်သို့ဟု ဆိုင်းထားဘိသနည်း။ ယနေ့ ကိစ္စတုံးအောင် စီရင်လိုက်ပါတော့လား။

မည်သည့်အလုပ် လုပ်လုပ်၊ လုပ်လျှင် ကောင်းစမြဲဟူ၍ သဘောထားကာ လုပ်ရမည်။ သေသည့်အခါ သေရပေလိမ့်မည်။ ဤကိစ္စကား မိမိ၏ အပူမဟုတ်၊ သေမင်း၏ အပူသာ ဖြစ်၏။ မကောင်းသည်လည်း ဖြစ်ချင်ဖြစ်ပေလိမ့်မည်။ ဤကိစ္စ၏ တာဝန်မဟုတ်၊ လောကကြီး၏ တာဝန်မျှသာ ဖြစ်တော့၏။

တောင်အလုပ် ပျက်စီးလျှင် မြောက်အလုပ် လုပ်နိုင်ပါသေး၏။ အရှေ့အလုပ် ပျက်စီးလျှင် အနောက်အလုပ်ကို လုပ်နိုင်ပါသေး၏။ အလုပ်များမှာ လုပ်၍မကုန်နိုင်။ လူတို့က မလုပ်ကြ၍သာ အလုပ်များ ပိုမို ပေါလာတော့၏။

[ ၈ ]

လောကတွင် အလုပ်လုပ်ရုံ လုပ်တတ်သောသူထက် စိတ်ကူးဉာဏ် ထက်မြက်သူက သာ၏။ သို့သော် စိတ်ကူးဉာဏ် အသုံးမပြုက အချည်းနှီးပင်။ လောက်ကောင်းစေကာမူ အသုံးမပြုက အချည်းနှီးပင်။

ယောမင်းကြီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးဉာဏ် ကောင်းသော်လည်း အသုံးမချဘဲ နေသောသူသည် အသက်မရှိသော သစ်ပင်ကြီးကို စကားပြောသူနှင့် တူ၏။ သစ်ပင်ကြီးကို လက်ညှိုးတထိုးထိုးနှင့် စကားပြော၍ နေစေကာမူ သစ်ပင်ကြီးမှာ မတုန်မလှုပ် နေဘိ၏။ သို့သော် မိတ်ဆွေ၌ လုပ်နိုင်ကိုင်နိုင် ဖြစ်ပါလျက် ဘယ်အတွက် စိတ်ကူးနှင့် ငုတ်တုတ်ကြီး နေတော့သနည်း။ စိတ်ကူးပြီး အလုပ် မလုပ်လျှင် အကျိုးမဖြစ်။ သစ်ပင်ကြီးကို စကားပြောရာ၌ အကျိုးမရှိသလို စိတ်ကူးပြီး မလုပ်လျှင် အကျိုးမရှိ။ အကျိုးမရှိရာ၌ အတူတူပင် ဖြစ်တော့၏။

စိတ်ကူးဉာဏ်တို့သည် လူတို့၏စိတ်ကို အားပေး၏။ အစားအစာတို့သည် လူတို့၏ ကျန်းမာချမ်းသာရေးကို အားပေး၏။ အစားအစာတို့သည် ဝမ်းဗိုက်ထဲသို့ ရောက်သွားသော်လည်း ပါစကခါတ် မကောင်းသဖြင့် အစာမကြေဘဲ ဒုက္ခ ပေးတတ်သလို လူတို့၏ စိတ်ဓာတ်ကို အားပေးသည့် စိတ်ကူးဉာဏ်တို့ကို မသုံးဘဲ ထား လျှင် 'စိတ်ကူးနှင့်ရူး' နေသည်ဟု ဆိုရိုးတံထွာ ရှိသည့်အတိုင်း စိတ်ကို ရောဂါပေးတတ်၏။

လောကစစ်ပွဲကြီးတွင် ရှုပ်ရှုပ်ချွံချွံ အောင်မြင်ကြကုန်သော သူရဲကောင်းတို့၏ အောင်မြင်သော အကြောင်းရင်း လေးမျိုးရှိ၏။ ၎င်းတို့သည် အောက်ပါအတိုင်း ဖြစ်ကြကုန်၏။

၁ – မိမိနှင့် သင့်တော်မည်ဖြစ်သော အလုပ်တို့ကို ရွေးချယ် ရာ၌ 'ဒီအလုပ် လုပ်မယ်၊ ဟိုအလုပ် လုပ်မယ်' ဟု ဖောဖော မဖြစ်ဘဲ တစ်ခုသော အလုပ်ကိုလုပ်ရန် တစ်ခါတည်း ဆုံးဖြ လိုက်၏။

၂ – အလုပ်ကို ရွေးပြီးနောက် အလုပ်ထဲ၌ စိတ်ဝင်စားလျှ





ပျော်ပျော်ပါးပါး နေတတ်ကြ၏။ မိမိ ရွေးချယ်ထားသော အလုပ်ကို တကယ် သဘောကျ၏။ လုပ်ဖော်ကိုင်ဖက်တို့နှင့် သင့်တင့်မွေ့လျော်အောင် နေကြ၏။ အမြဲတမ်း ပြုံးရွှင်၍ နေကြ၏။

၃ – ပညာဗဟုသုတ ရှာရာ၌လည်းကောင်း၊ သူတစ်ပါးထံမှ သင်ယူအပ်သော အချက်တို့ကို သင်ယူရာ၌လည်းကောင်း တွင်းတိမ်ရောင့်ရဲခြင်း မရှိကုန်။ မိမိလောက် မတတ်သူများကိုလည်း သင်ပြပေး၏။ တစ်ပါးသူတို့ သင်ပေးသည်ကိုလည်း နားထောင်၏။ ပညာဗဟုသုတ တိုးအောင်လုပ်ရန် အမြဲ အသင့်ရှိ၏။ ပညာဗဟုသုတများအောင် စာအုပ်များကို ဖတ်လေ့ရှိ၏။

၄ – စပြီးသည့် အလုပ်ကို ဆုံးခန်းတိုင်သို့ ရောက်အောင် လုပ်ကြ၏။ များသောအားဖြင့် လူတို့သည် အစကောင်း၍ အလယ်အလတ်တွင် ရပ်၍ ထားတတ်ကြ၏။ ကျွန်ုပ်တို့၏ သူရဲကောင်းကြီးကား ရပ်မထား၊ မဆုံးမချင်း ဆက်၍လုပ်၏။

လောကစစ်ပွဲကြီးကို တကယ် အောင်မြင်ပြီး ကြီးပွားလိုသလား။ အလိုရှိခဲ့မူ အထက်ပါ ကြီးပွားရေး သူရဲကောင်း လက္ခဏာတို့ဖြင့် ပြည့်ရပေလိမ့်မည်။

ထို့ကြောင့် အခက်အခဲနှင့် ကြုံလျှင် များသောအားဖြင့် အတင်းသာ ရှေ့တိုးပါ။ ရှေ့တိုးသဖြင့် မှားသောအခါထက် မှန်သောအခါက ပို၍ များပါလိမ့်မည်။

၎င်းပြင် မည်သည့် အလုပ်ကိုပဲ လုပ်လုပ်၊ ကြောက်ကြောက်ရွံ့ရွံ့၊ ရင်တဖိုဖို လုပ်မနေပါနှင့် တစ်ခါကြောက်၍ အရှုံးပေးခဲ့ လျှင် နောက် နလံထူဖို့ ခဲယဉ်းသွားပေလိမ့်မည်။ ရှေ့သို့ ဇွတ်တိုး ၍ ဒလကြမ်း တိုက်ခိုက်တတ်သူကို တစ်ခါတည်း လန့်သွားပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



တဲ့တဲ့စားစား ရဲရဲဝံ့ဝံ့ ရှေ့တိုး၍ လုပ်သူမှာ အကြောင်း မသိ၍ ရှုံးစေကာမူ နောင်ရင်းကို ယှဉ်ပြိုင်၍ မတိုက်ဝံ့အောင် ရှိ ကြမည်။ ဤကား ရဲရင့်ခြင်း၊ သတ္တိကောင်းခြင်း၏အကျိုး ဖြစ် တော့သည်။

အချုပ်မှာ 'လောကကြီး၌ ငါသည် ဘယ်အလုပ်ကို လုပ်ချင် ပါလိမ့်။ ဘယ်အလုပ်ကို တကယ် လုပ်ချင်ပါလိမ့်' ဟု စိစိစွေးပါ။

ဤသို့ တွေးပြီးနောက် ထိုအလုပ်ကို စ၍ လုပ်ပါ။ စိတ်ဝင်စားပြီး ကြိုးစား၍ လုပ်ပါ။

စပြီးသည့်နောက် မပြီးမချင်း အသားကြေကြေ အရေစုတ်စုတ် ဘာဘဲဖြစ်ဖြစ် ရှေ့ကိုသာ တိုးပါ။



အခန်း ၅

# ကြောက်သလား။

[ ၁ ]

ကြောက်ရွံ့ခြင်းသည် လူတိုင်းလူတိုင်း၏ ရန်သူအစစ်ကြီး ဖြစ်၏။ ကြီးပွားသင့်ပါလျက် ထိုရန်သူကြီး၏ စနက်ကြောင့် မကြီးပွားဘဲနေသည့် လူအပေါင်းမှာ ပေါလှ၏။ လောကကြီး၌ ရဲရင့်သူ တစ်ယောက်ရှိလျှင် ကြောက်ရွံ့သူပေါင်း တစ်ထောင် လောက်ရှိ၏။

ဤသို့ ကြောက်ရွံ့သည့် အကြောင်းရင်း ဇစ်မြစ်ကို ဇာတ်လှန်၍ သေချာစွာ သတိပြုလိုက်သော် နုနယ်သော ကလေးဘဝ ငယ်ရွယ်စဉ်အခါက လူကြီးမိဘတို့မှာ ရှေ့နောက် နားမလည်ဘဲ ကလေး အငိုတိတ်အောင် ခြောက်လှန့် အော်ဟစ်ကြသဖြင့် ကလေး၏ စိတ်၌ ကြောက်လန့်ခြင်း ဓာတ်ဆိုးဝါးကြီး စွဲကပ်၍ လာပေသည်။ လူလားမြောက် အရွယ်ရောက်လာသော် ထိုအစွဲကြီးမှာ အရိပ်ပမာ ခွာလို့ မရတော့ပေ။

'ဟဲ့ သရဲကြီး လာပြီ၊ ဘီလူးကြီး စားလိမ့်မယ်၊ ကုလား အဘိုးကြီး ဖမ်းလိမ့်မယ်၊ ကြောင်ကြီးရေ လာပါဟော့' အစရှိသဖြင့် ကလေး အငိုတိတ်အောင် (ခဏကလေး တိတ်အောင်) ဤသို့ ခြောက်လှန့်လိုက်ခြင်းသည် ထိုထိုကလေးများ ကြီးပြင်းလာသည့် တိုင် မည်မျှ တာသွားသည်ကို လူကြီးမိဘတို့သည် မသိကြရှာ။ ငိုနေသော ကလေးကို အငိုတိတ်အောင် စိတ်ရှည်ရှည် မချော့လိုပါက

www.burmeseclassic.com



အဘယ်ကြောင့် အိမ်ထောင်ပြုကြဘိသနည်း။

ကျွန်ုပ်တို့သည် ဤနေရာ၌ အင်္ဂလိပ်လူမျိုးများကို အထူးအတုယူသင့်၏။ အင်္ဂလိပ်ကလေးများကို အာယာားများက ခြောက်လှန့်လျှင် မိဘများက နည်းနည်းမျှ မနှစ်သက်ကြကုန်။

ဤသို့ ကြောက်စိတ်ကို မမွေးသည့်အတွက် အင်္ဂလိပ်လူမျိုးတို့သည် ဘယ်အလုပ်မျိုးမဆို ရဲရင့်စွာ လုပ်တတ်ကြ၏။

ကြောက်တတ်ခြင်း၊ ရဲရင့်ခြင်းသည် ငယ်စဉ်ကလေးဘဝကစွဲလာသောဓာတ် ဖြစ်ပေသည်။ ငယ်စဉ်က ကြောက်တတ်သောမျိုးစေ့ ပါလာခဲ့သော် ထိုမျိုးစေ့ကို ပျက်စီးပပျောက်အောင် လုပ်သည့်နည်းကား ရှိသေးပါ၏။ ထိုနည်းမှာ မလွယ်လှ။ သို့သော်မခက်လွန်းလှပါ။

'ငါသည် ဘာတွေကို ကြောက်တတ်သလဲ၊ ဘယ်နေရာမျိုး၌ ကြောက်တတ်သလဲ၊ ဘယ်လို ကြောက်တတ်သလဲ' ဟု မိမိကိုယ်တိုင် ကြောက်တတ်သရွေ့တို့ကို သိဖို့ ရှေးဦးစွာ လို၏။ စေ့စေ့ပေါက်ပေါက် စဉ်းစားပါ။ စဉ်းစားပြီးပလား။ စဉ်းစားပြီးလျှင်မေ့သွားမည် စိုးရ၏။ ထို့ကြောင့် စာရွက်တစ်ရွက် ခဲတံတစ်ချောင်းအသင့်ဆောင်ထား။ ကြောက်တတ်သည့် ထိုထိုအရာများကို ရေးသားမှတ်ထားပါလေ။ တကယ် ကြောက်သည့်အရာများ၊ ကြောက်သည် ထင်ရုံတင်သည့် အရာများ အားလုံး ရေးထားပါလေ။

ဤသို့ ရေးသားပြီးသည့်နောက် ထိုထို ကြောက်တတ်ခြင်းများကို တစ်ခုစီတစ်ခုစီ သေသေချာချာ အနုလုံ ပဋိလုံ စဉ်းစား၍ 'ငါဘာကြောင့် ကြောက်ပါလိမ့်' ဟု မိမိကြောက်ရွံ့ခြင်းသည် တကယ် အခြေအမြစ် ရှိသည် မရှိသည်ကို စိစစ်ပါ။ စစ်ပေါက်ပါ။





ဥပမာ တစ္ဆေသရဲကြောက်သည် ဆိုကြပါစို့။ သင့်အားသရဲသည် ဘာလုပ်နိုင်ပါသနည်း။ သရဲ အခြောက်ခံရသဖြင့် သေသည်ဟု ကြားဖူးပါ၏။ သို့သော် တပ်တပ်အပ်အပ် မမြင်ဘူး၊ မတွေ့ဘူးပါ။

ဤသို့ အသက်ဆုံးရှုံးခြင်း ခံရသူသည် သရဲချောက်၍ သေသည်ဟု လုံးလုံးမဆိုသာ။ သရဲချောက်သည်က တော်တော်၊ ကိုယ့်စိတ်က ပြန်၍ ကိုယ့်ကိုချောက်သဖြင့် သေဖြစ်ရခြင်း ဖြစ်ပေသည်။ သို့သော် မြန်မာပြည်၌ နေ့စဉ် သေစာရင်းများအနက် သူ့ရဲချောက်၍ သေသည့်မသာ မည်မျှ ရှိမည်နည်း။ လူတစ်သိန်း သေမှတစ်ယောက်လောက်သာ ရှိပေလိမ့်မည်။

သို့နှင့် သရဲအခြောက်ခံရ၍ သေသောမသာ မရှိသလောက်နည်းပါ နေပါလျက် ဘယ်အတွက် သရဲအခြောက်ခံရမည်ကို ကြောက်ရပါသနည်း။ ဘာ့ကြောင့် သရဲဘော နည်းရသနည်း။ စဉ်းစားကြည့်ပါ။ အမှန် တွေ့လာပါလိမ့်မည်။

အမှန်ကို သိလာသောအခါ မိမိ၏ ကြောက်ရွံ့ခြင်းသည် အခြေအမြစ်မရှိကြောင်း သိလာလိမ့်မည်။ ဤသို့ အမှန်ကို သိလာသည်နှင့် တစ်ပြိုင်နက် များသောအားဖြင့် ကြောက်စိတ်များ ပပျောက်၍ သွားကြကုန်၏။

နောက်တစ်နည်းမှာ မိမိ ကြောက်တတ်သည့် အရာကိုပင် ရှတ်မိုတ်၍ လုပ်ပါ။ တစ်ဖြည်းဖြည်း ယဉ်ပါးပြီး ကြောက်စိတ် လျော့သွားပါလိမ့်မည်။

ဥပမာ ပရိသတ်ရှေ့၌ စကားပြောရမည်ကို လူတိုင်း ကြောက်ရွံ့တုန်၍ ရင်ခုန်ကြ၏။ ဤသို့ လူရှေ့၌ စကားပြောသဖြင့် မိမိ ကိုတစ်စုံတစ်ယောက်ကမှ ထ၍ ရိုက်မည်လည်း မဟုတ်။ ကိုယ်စား



www.burmeseclassic.com

www.burmeseclassic.com



မည်လည်း မဟုတ်။ အလိုလို ရင်ဖို၍ ကြောက်မြဲကြောက်တော့၏။

ဘာတစ်ခုမှ မဖြစ်နိုင်မှန်း သိပါလျက် ကြောက်ရွံ့နေသည်မှာ မိမိစိတ်က မိမိကိုပြန်၍ ဖြဲခြောက်နေသည် မဟုတ်ပါလား။ သို့ဖြစ်၍ ဖွတ်အတင်း ပရိသတ် အလယ်သို့ထွက် စကားပြောပေး။ တစ်ခါ၊ နှစ်ခါ၊ သုံးခါ စသည်ဖြင့် ထွက်၍ ဖွတ်ပြောလိုက်။ ထိုထိုကြောက်စိတ်၊ ရွံ့စိတ်တို့သည် အလိုအလျောက် ပပျောက်ရတော့၏။ မိမိက သာနေလျှင် ကြောက်စိတ်က လျှော့၍ သွားရတော့၏။ သို့တည်းမဟုတ်ဘဲ မိမိက ကြောက်ရိုးကြောက်စဉ် ကြောက်နေပါက ဖြဲ၍ပင် ခြောက်ပေလိမ့်မည်။

ယခု မြန်မာတို့ ကုန်ကူးသန်းရောင်းဝယ်ရေး အလုပ်ကို ဝင်ရောက် မလုပ်ကြသည်မှာ ကြောက်၍ပင် မဟုတ်ပါလား။ ကုန်ရှုံးပြီး ဆုံးမင်းငတ်မည်ကို အလွန်စိုး၏။ ကြောက်၏။ ရွံ့၏။

ကုန်ကူးသန်းရောင်းဝယ် စားသဖြင့် သူဌေး ဖြစ်နိုင်သည်ကိုလည်း သိ၏။ မိမိအား 'ဟေ့ မင်း ဒီအလုပ် လုပ်စမ်း' ဟု ညွှန်ကြားပေးမည့်သူလည်း မရှိမှန်း သိ၏။ သခင်မရှိသော ကိုယ်ပိုင်အလုပ် ဖြစ်ကြောင်းကိုလည်း သေသေချာချာ သိ၏။ သို့စင်လျက် ဤအလုပ်ကို ကိုယ်တိုင် မလုပ်ကြ။ မလုပ်ရဲကြ။ ဘယ်အတွက် မလုပ်ရဲကြသလဲ။ ကြောက်လို့ ရွံ့လို့။

ဘာကို ကြောက်သလဲ၊ မိမိကိုယ်တိုင် ညံ့ဖျင်း၍ ကြောက်နေခြင်း ဖြစ်ပေသည်။ စင်စစ် မိမိအား ခြောက်နိုင်သော သူသည် မိမိ၏ စိတ်မှတစ်ပါး မည်သူမျှ မရှိ။ မိမိ၏ စိတ်သည် မိမိအားတကဲ့ လူတော်ကြီး တစ်ယောက်ဖြစ်အောင် ကူညီနိုင်၏။ သို့သော် စိတ်ကို နေသားတကျ အသုံးမချတတ်လျှင် ၎င်းထက် ဆိုးဝါး





သော ရန်သူသည် ကမ္ဘာလောကကြီး၌ မရှိ။

လူတို့သည် နဂိုဇာတိ ကြောက်စမြဲ ဓမ္မတာ ရှိကုန်၏။ လူတိုင်း၌ ကြောက်စရာ များစွာရှိ၏။ ကြောက်စရာ နည်းနည်းရှိသူမှာ လူရဲကြီး ဖြစ်တော့၏။ ညဉ့် အပြင်သို့ ထွက်အိပ်ရမည်ကို ကြောက်ကြ၏။ ဖျားနာမည်ကိုလည်း ကြောက်၏။ ထမင်းငတ်မည်ကိုလည်း ကြောက်၏။ အများကဲ့ရဲ့ သင်္ဂြိုဟ်မည်ကိုလည်း ကြောက်၏။ အရှက်တကွဲ ဖြစ်မည်ကိုလည်း ကြောက်၏။

ကြောက်နေရုံနှင့် ဘယ်အကျိုး ဖြစ်ခဲ့သနည်း။ ကြောက်နေရုံနှင့် အကျိုးဖြစ်ခဲ့မူ မိမိအလုပ် ပြီးစီးခဲ့မူ ကြောက်ကြပါတော့။ သို့သော် ကြောက်နေခြင်းဖြင့် ဖြစ်မြောက်သည့် အကျိုး တစ်စုံတခုကိုမျှ ကျွန်ုပ်မသိ၊ သိလည်း မသိလိုပါ။

[၂]

လူတိုင်းလိုလို ကဲ့ရဲ့သင်္ဂြိုဟ်ခြင်းကို ကြောက်တတ်ကြ၏။ လောက၌ ကဲ့ရဲ့သင်္ဂြိုဟ်ခြင်း လွတ်သည့်လူ ဟူ၍မရှိ။ မြတ်စွာဘုရားကိုယ်တော်တိုင် ကဲ့ရဲ့ခြင်းမှ မလွတ်ခဲ့။ ကောင်းသည်ဖြစ်စေ၊ မကောင်းသည် ဖြစ်စေ၊ တော်သည် ဖြစ်စေ၊ ဖျင်းသည် ဖြစ်စေ ကဲ့ရဲ့ခြင်း မလွတ်ကြကုန်။

တော်လေလေ ကဲ့ရဲ့လေလေပင် ဖြစ်တော့၏။ တကယ်တော်သောသူကို အလွန် ကဲ့ရဲ့ကြကုန်၏။ ကဲ့ရဲ့ သင်္ဂြိုဟ်ခြင်းကို မကြောက်ပါလင့်။ အစွမ်းမရှိသော သူများသည် ၎င်းတို့ထက် 'သာ' နေလျှင် အများအားဖြင့် ကဲ့ရဲ့ သင်္ဂြိုဟ်ခြင်း ပြုစမြဲ။ မိမိလောက် အစွမ်းမရှိသော သူများသည် ၎င်းတို့ မလုပ်နိုင်သည့် အလုပ်တစ်ခုကို မိမိ လုပ်လိုက်သဖြင့် သဘောကျလွန်း၍ဖြင့် ကဲ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



သဂြိုဟ်ခြင်း ပြုကြကုန်၏။ ဤသို့ ကဲ့ရဲ့ခြင်း များလေလေ၊ မိမိလုပ်ငန်း ပိုမို ကောင်းလေလေ ဟူ၍သာ အောက်မေ့ရာ၏။

အကဲ့ရဲ့ ခံလိုက်သဖြင့် လူပြည်တွင် ဘာဖြစ်သွားနိုင်သနည်း။ ဘာဖြစ်မည်နည်း။ ကဲ့ရဲ့ခြင်းဖြင့် ဘာမျှ မတတ်နိုင်။ သူတစ်ပါး၏ ကဲ့ရဲ့သဂြိုဟ်ခြင်းကို အရေးစိုက်ပြီး ကြောက်ရွံ့နေပါက မိမိအား ကျေးဇူးများမည့် အလုပ်များကို မလုပ်ရဲသလိုလို ရှိနေပေလိမ့်မည်။

တစ်စုံတခုသော အလုပ်ကို ကြောက်ကြောက်ရွံ့ရွံ့ နှေးနှေး ကွေးကွေး လုပ်သူများအား အများက ချီးမွမ်းကြ၏။ 'တယ်သိမ့်မွေ့တဲ့ လူပဲ၊ ကြည့်ပါလား၊ အလုပ်အကိုင်များ လုပ်နေလိုက်တာ၊ သိမ်သိမ်မွေ့မွေ့ ပျော့ပျော့ပျောင်းပျောင်းကလေး' 'တယ် စဉ်းစားတဲ့လူပဲ၊ ကြည့်စမ်း ခေါင်းကို အောက်စိုက်နေတာပဲ၊ စဉ်းစားနေလိုက်တာ လွန်လို့' ဟူ၍ ချီးမွမ်းကြ၏။ အကြောင်းကား အခြားမဟုတ်။ ချီးမွမ်းသူတို့ ကိုယ်တိုင်ပင် ဖင့်နွဲ့လေးတတ်သူ၊ တွေဝေတတ်သူ၊ ထမင်းလုံးတစ္ဆေ ခြောက်သလို တထိတ်ထိတ် တလန့်လန့်နှင့် ကြောက်စိတ်ရှိသူများ ဖြစ်ကြသဖြင့် ၎င်းတို့နှင့် ဇာတ်တူ, စိတ်တူ လူတစ်ဦးဦးနှင့် တွေ့လျှင် ကျေနပ်ခြင်းကြီး ကျေနပ်ကာ 'ဟော့ တို့လို လူစားလာပြီ' ဟု အားပေးသည်နှင့် တူပေသည်။

အကယ်၍ တကမ္ဘာလုံးကပင် ချီးမွမ်း၍ နေစေကာမူ မိမိ၏ လုပ်ငန်းကို မိမိကိုယ်တိုင် သဘောမကျ၊ မနှစ်သက်လျှင် အဘယ်မှာ မိမိအား ကျေးဇူးရှိနိုင်တော့အံ့နည်း။ တကမ္ဘာလုံးက ကျီးအာသလို 'အာ, အာ, အာ' နှင့် ဝိုင်း၍ ကဲ့ရဲ့စေတော့။ မိမိ၏ လုပ်ငန်းကို ကိုယ်တိုင်နှစ်သက် သဘောကျခဲ့ပါမူ လူပြည်၌ နေပျော်ပေပြီ။ သူတစ်ပါးအား နှစ်သက်သဘောကျစေခြင်းသည် မိမိ၌ အကျိုး





မရှိ။ မိမိစိတ်က ကောင်းသည်ထင်သရွေ့ကို လုပ်ပါ။ ရဲရဲတင်းတင်းသာ လုပ်ပါ။

လောက၌ လုပ်စရာဟူသမျှမှာ ကြောက်နေရလျှင် ကြောက်စရာချည့် ဖြစ်၏။ ကြောက်တတ်သူတို့အား ပိုမို၍ ကြောက်အောင်ခြောက်တတ်၏။ ရဲရင့်သူအား မခြောက်ဝံ့။ အနားကိုမျှ မသီဝံ့။ တွေ့ရာမြင်တိုင်း ပေါက်ကရ ကြောက်နေခဲ့ပါလျှင် ကြောက်၍သေရုံတမယ် ရှိတော့၏။

လောကကြီး၌ လူတို့ မနှစ်သက်သည့် အဖုအထစ်အပေါင်း များစွာရှိ၏။ဘိုးတော် အဥ္စနမင်းကြီး လက်ထက်တုန်းကလည်း ထိုထို အဖုအထစ်များ အထိုက်အလျောက် ရှိခဲ့၏။ နောင်လည်း ရှိလိမ့်မည်သာ။

ထိုထို အဖုအထစ်များ၏ အတားအဆီးများကို ကြောက်နေခဲ့မူ လူသူမနီး ရဂုံတောကြီး၌နေဖို့ သင့်တော့၏။ ကြောက်သောသူမှာ ဤကဲ့သို့လည်း မနေဝံ့။ စင်စစ်ကြောက်တတ်သူတို့အတွက် လောကကြီး၌ နေစရာ နေရာမရှိတော့ပြီ။

ထိုထိုဆန့်ကျင်ဘက် အဖုအထစ်များကို ဘယ်လို လုပ်မလဲ။ ဝေးဝေးက ရှောင်သွားမလား။

မိမိ၏ သွားရာ လမ်းခရီးစပ်ကြား၌ ဆူးပင်ကလေးများ ပေါက်နေခဲ့လျှင် ရှောင်၍သွားရုံနှင့် ဆူးပင်တို့ သေကြပျက်စီးမည် မဟုတ်။

ဓားမတစ်လက်ယူပြီး ခုတ်ထွင်ပစ်မှသာ သွားလမ်းရှင်း တော့မည်။ ဆူးပင်တို့ကို အတင်းဖိနှင်းမှ ဖြစ်တော့မည်။ တစ်ခါ ခုတ်လိုက်လို့ နောက်ထပ် ပြန်ပေါက်လာခဲ့လျှင် နောက်တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



ထပ်၍ခုတ်၊ ထပ်၍နင်းပါ။ နိုင်အောင် ခုတ်ပေး၊ နင်းပေးလျှင် ဆူးပင်များသည် တဖြည်းဖြည်း သေကြေပျက်စီးတော့မည်။

ထိုနည်းအတူ ကြီးပွားရေးလမ်း စပ်ကြား၌ ကြုံတွေ့ရသရွေ့ ဆန့်ကျင်ဘက် သဘောတရားများကို ရင်ဆိုင်တိုက်ခိုက် ထိုးခုတ်ရာ၏။ ကြောက်ကြောက်ရွံ့ရွံ့ လုပ်မနေပါနှင့်။ ရဲပါ၊ ရဲပါ၊ ရဲမှ ဖြစ်နိုင်မည်။ ရဲမှ ကြီးပွားမည်၊ 'ရဲ–မင်းဖြစ်' ဟူသော စကားကို မေ့တော့မှာလား၊

ကြောက်တတ်သော သူတို့သည် တစ်စုံတခုကို ကောင့်တစောင့်ဆိုင်းရင်း အချိန်ကို ကုန်လွန်စေ၏။ အစွမ်းထုတ်၍ ရဲရဲလုပ်လိုက်လျှင် လိုရင်းတောင့်တသည့် အရာတို့ကို ရနိုင်သည်ကို သိကြဟန်မတူ။

ကြောက်ရွံ့သူများအတွက် ကံမလိုက်။ (ကံအကြောင်းနှင့်ပတ်သက်၍ မြန်မာတို့ လေးလေးနက်နက် သိကြဟန်မတူ)ကံသည် အလုပ်လုပ်သူဘက်သို့ လိုက်၏။ စွန့်စားသူအား ချီးမြှင့်၏။ အမြတ်အစွန်း ပေးလေ့ရှိ၏။ များများ စွန့်လေလေ၊ ကံများများလိုက်၍ အမြတ်များလေလေပင် ဖြစ်တော့၏။ မစွန့်စားဘဲ ကိန်းသေအမြတ်ရသော လုပ်ငန်းဟူ၍ လောကကြီး၌မရှိ။ ဘယ်တော့မှ ရှိလိမ့်မည်လည်း မဟုတ်။

[၃]

'စွန့်စားသည် စွန့်စားသည်' ဆိုရာ၌ အလကား သက်သက်ပျော်၍ စွန့်စားသည် မဟုတ်။ ကြီးပွားလို၍ စွန့်စား၏။ အကျိုးရှိအောင် စွန့်စား၏။ အမြတ်ထွက်အောင် စွန့်စား၏။ သို့သော် စွန့်စားရာ၌ ရှုံးသောအခါလည်း ရှိပေလိမ့်မည်။ ရှုံးပေလိမ့်မည်။





အခါပေါင်းများစွာ ရှုံးပေလိမ့်မည်။ ဤသို့တစ်ရှုံးတည်း ရှုံးနေသဖြင့် စိတ်ပျက်သလား။ မပျက်ပါနဲ့။ အကျိုးဖြစ်အောင် စွန့်စားရာတွင် ရှုံးသွားသည်ကို အပြစ်မတင်ထိုက်။ မတင်သင့်။ ထိုထို အရှုံးမရှိလျှင် (လူတိုင်း တမြတ်တည်းမြတ်နေခဲ့လျှင်) လောကကြီး၌ ဘယ်မှာ 'လူဆင်းရဲ'ဟူ၍ ရှိနိုင်ပါတော့အံ့နည်း။ ဤကဲ့သို့ ရှုံးကြ၍ များသောအားဖြင့် လူတို့သည် ကုန်သည် အလုပ်ကို မလုပ်ဝံ့ကြချေ။

လောကတွင် အရှုံးနှင့်အမြတ်၊ သုခနှင့်ဒုက္ခတို့သည် အမြဲရှိ၏။ ရှုံးစေတတ်သော အကြောင်းတရားများကို ကင်းကင်းရှင်းရှင်း ပပျောက်သွားအောင် မတတ်နိုင်။ သို့သော် နည်းသည်ထက် နည်းအောင် ပေါ့သည်ထက် ပေါ့အောင် တတ်နိုင်ပါ၏။ နည်းသွားအောင် ပေါ့သွားအောင် မပြတ် ကြိုးစားပေမည်။

အကယ်၍ ရှုံးစေကာမူ ဘဝင်ချောက်ခြားခြင်း မရှိစေရ။ မှုမပျက် စေရ၊ ခံနိုင်ရည် ရှိရမည်၊ အရှုံးခံနိုင်အောင် အသင့်ပြင်နေရမည်။ ကုန်ကူးသန်းရောင်းဝယ်ရေးပညာနှင့် သက်ဆိုင်သရွေ့ (ဈေးဝယ်သူ အမျိုးမျိုးအကြောင်း၊ ဈေးဝယ်သူ၏ သဘောထား၊ မိမိရောင်းကုန်တို့ကို ကျွမ်းကျင်စွာသိခြင်း၊ အပြောအဆို အနေအသွား အမူအရာ စသည်တို့ကို ကောင်းစွာ ကျွမ်းကျင်အောင် သင်ယူခြင်း၊ စာအုပ်များကို ဖတ်လေ့ရှိခြင်း အစရှိကုန်သော) ထိုထို နည်းလမ်းတို့ဖြင့် ဤအရှုံးများကို ပေါ့သည်ထက်ပေါ့၊ နည်းသည်ထက်နည်းအောင် ပြုလုပ်ရန် အကောင်းဆုံးဖြစ်၏။

ရေသာခို လိုက်လို၍ ပေါ့ပေါ့ဆဆ နည်းလမ်းတို့ကို မလိုက်ပါနှင့်။ စွန့်စွန့်စားစားလုပ်ရမည်ကို မကြောက်ပါနှင့်။ စွန့်စွန့်စားစားလုပ်၍ ဘေးတွေ့ရမည်ကို မပူပါနှင့်။ အရှုံးပေါ်သည်ကို



www.burmeseclassic.com

www.burmeseclassic.com



မစိုးရိမ်ပါနှင့်။ အမြတ်ထွက်အောင် ရည်ရွယ်ပြီး အလုပ်ကို ကောင်းသည်ထက် ကောင်းအောင် ကြီးသွားသည်ထက် ကြီးပွားအောင် ကြိုးစားပါ၊ အာရုံပြုပါ၊ စွန့်စွန့်စားစား လုပ်ပါ။ ကြီးပွားတိုးတက်အောင်မြင်သူတိုင်း စွန့်ခဲ့သူများ ဖြစ်ကြကုန်၏။

တစ်တိုင်းပြည်နှင့် တစ်တိုင်းပြည် စစ်တိုက်ရာ၌ဖြစ်စေ လောကကြီးတွင် လူတစ်လုံး လုပ်ရအောင် အသက်မွေး ဝမ်းကျောင်းမှုတစ်ခုခု လုပ်ရာ၌ဖြစ်စေ ရဲရင့်ခြင်းသည် အလွန်တာသွား၏။ ရဲရင့်သောသူသည် ခွန်အားကြီးသူထက် တာသွား၏။ ခရီးရောက်၏။

လောကကြီး၌ ပျော်ပျော်ရွှင်ရွှင် နေလိုခဲ့လျှင်၊ ကြီးပွားအောင်မြင်စွာ နေလိုခဲ့လျှင် ကြောက်စိတ်ကလေးကို တနည်းနည်းဖြင့် ပယ်လေတော့။ မရမက ဖျောက်ပေတော့။ 'ငါအရင်က ဘယ်လိုလုပ်လိုက်လို့ မှားသွားလေခြင်း၊' အစရှိသဖြင့် လွန်ခဲ့သည့် အမှားများ အချော်ချော်တို့ကိုလည်း နောင်တ ရမနေပါနှင့်။ ဖျောက်လိုက်ပါ။ နောင်တရနေလို့ အကျိုးမပြီး။

ကြောက်ရွံ့ခြင်းနှင့် နောင်တရခြင်း၊ ဤနှစ်မျိုးသော လောကရန်သူကြီးတို့သည် အောင်မြင်ရာ လမ်းကြောင်းတို့ကို ဆို့ပိတ်ဆီးတားလေ့ရှိ၏။ လွှမ်းမိုးလေ့ရှိ၏။ စိတ်ဆင်းရဲခြင်းကို ဖြစ်စေ၏။ လူတစ်ဦးတစ်ယောက်၌ ၎င်းရန်သူနှစ်ဦး စွဲကပ်ဖိစီးနေလျှင် ထိုလူသည် အစစအရာရာ တုန့်လှုပ်နှေးကွေး၏။ သတ္တိကြောင်၏။ စိတ်ဆင်းရဲ လူဆင်းရဲဖြစ်၏။ စိတ်ဓာတ်လျော့၏။ အအိပ်ပျက် အစားပျက်၊ အသွားပျက်၊ အလာပျက်၊ တမှိုင်မှိုင် တတွေတွေဖြစ်၏။

၎င်း ရန်သူကြီးတို့ကို မခုခံ၊ မတိုက်ခိုက်ဘဲနေခဲ့လျှင် ရောင့်တက်၍ ရှေ့သို့ တိုးလာ၏။ ရပ်၍ နေသည်မရှိ။ အလိုအလျောက်





နောက်ကို ဆုတ်ရိုး ထုံးစံမရှိ၊ ဆုတ်လိမ့်မည်လည်း မဟုတ်။ လူ၏စိတ်ဓာတ်ကို အတင်းဆွဲဆုတ် ဖြဲရဲပစ်တတ်ကြ ကုန်၏။

'ရူးသည်' ဆိုသည်ကား တခြားမဟုတ်။ ၎င်းရန်သူနှစ်ဦးကြောင့် ရူးကြကုန်၏။ ကြောက်ရွံ့ခြင်းကြောင့် ရူးရ၏။ လွန်လေပြီးခဲ့သည်ကို 'ဖြစ်ရလေခြင်း၊ ဖြစ်ရလေခြင်း) ဟု နောင်တတရရ ဖြစ်နေသဖြင့် ရူးရ၏၊ ဤစကားမှန်မမှန်ကို စိတ်ရောဂါကုဆရာဝန်ကြီးများအား 'လူတွေဘာကြောင့် ရူးရသလဲ'ဟု သွားရောက်မေးမြန်းကြည့်က သိပါလိမ့်မည်။

ကြောက်ရွံ့ခြင်းသည် နောင်လာမည့် အနာဂတ်အရေးကို မတွေးရဟု မဆိုလို။ အနာဂတ်အရေးကို တွေးပါ၊ တွေးပါ၊ သို့သော် မဖြစ်သေးသည့်အရာများ တင်ကူးပြီး မပူပါနှင့်။ မကြောက်ပါနှင့်။ မရွံ့ပါနှင့်။ တွေး၍ ကြောက်ခြင်းကို ဖျောက်ပစ်ပါ။ လူတို့တွေး၍ ကြောက်သမျှ အကြောင်းတို့သည် ဆယ်ပုံပုံ တစ်ပုံမှ မဖြစ်နိုင်ပါလျက် ကြောက်နေကြကုန်၏။

'နောင်တရခြင်း'သည်လည်း လွန်ခဲ့သော အမှားတို့ကို တွေး၍ နေခြင်းဖြစ်၏။

နောင်ရေးအတွက်သာ တွေး၍ နောင်လာမည့် ကိစ္စအတွက်သာ အရန်သင့်ရှိအောင် ကြိုးစားပါ။ တွေး၍ ကြောက်ရန်ကို မဆို။ အရင်က မှားခဲ့သမျှကို နောက်ထပ်မှားရအောင်သာ တွေးပါ။ ပြန်တွေး၍ ပူနေရန်ကို မဆို။

ကြောက်ရွံ့ခြင်းသည် စိတ်ကူးလွဲခြင်းကြောင့် ဖြစ်၏။ နောင်တရခြင်းသည် မှတ်ဉာဏ် အသုံးလွဲခြင်းကြောင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'စိတ်ကူးနှင့် မှတ်ဉာဏ်'သည်လူများအတွက် အလွန်အသုံး ဖြစ်လာ၏။ နှောက်ယှက်ရစေရန်၊ ဖင့်လေးစေရန် ဖြစ်ပေါ်လာရသည် မဟုတ်။

စိတ်ကူးဉာဏ်သည် ရှေ့လာမည့်အရေးကို ထင်ထင် ဖေါ်ပြသည့် ရုပ်ရှင်ဓာတ်ကားကြီးနှင့်တူ၏။ မှတ်ဉာဏ်သည် လွန်လေခဲ့သော အဖြစ်အပျက် အကြောင်းအရာတို့ကို ပြန်၍ ပြသော ရုပ်ရှင်ဓာတ်ကားကြီးနှင့် တူ၏။ စိတ်ကူးဉာဏ်သည် ကြီးပွားခြင်း၏ အခြေဖြစ်၏။ မှတ်ဉာဏ်သည် မိမိတို့ တွေ့ခဲ့ရ ကြုံခဲ့ရသော အဖြစ်အပျက်တို့ဖြင့် သိမ်းမွမ်းမံ စီရင်ထားအပ်သော ဗဟုသုတ ဟင်းလေးအိုးကြီးနှင့် တူ၏။

'စိတ်ကူးနှင့် မှတ်ဉာဏ်'နှစ်ခုကြောင့် လောကကြီးသည် ကြီးပွား တိုးတက်၏။ ရှေ့သို့ တိုးအောင် စိတ်ကူးဉာဏ်က မီးထိုး ပေး၏။ နောက်ထပ်မှားမည့်နေရာများ၌ (နောက်နောက်က စုဆောင်း ခဲ့သော ဗဟုသုတဖြင့်) မှတ်ဉာဏ်က မမှားအောင် တားဆီးထား၏။

စိတ်ကူးဉာဏ်ကို ပြဆိုခဲ့သည့်အတိုင်း နည်းမှန်လမ်းမှန် အသုံးပြုခဲ့ပါမူ 'ရှေ့ – ဘာဖြစ်မည်'ကို ကွင်းကွင်းကွက်ကွက် မြင်လာလိမ့်မည်။ အောင်မြင်လိမ့်မည်။ တိုးတက်လိမ့်မည်။ ကြီးပွား လိမ့်မည်။ ကောင်းသော နည်းလမ်းကို ထိုးထွင်းသိမြင်လိမ့်မည်။ စိတ်အားတက်လိမ့်မည်။ ကြောက်စိတ်များ ပပျောက်သွားလိမ့်မည်။ မှတ်ဉာဏ်ကိုလည်း နေထားတကျ အသုံးပြုခဲ့ပါလျှင် နောက် နောက်က အောင်မြင်ခဲ့သရွေ့ ကြီးပွားသရွေ့ အတွေ့အကြုံကောင်း များသည် ရှေ့၌ ထင်ထင်ရှားရှား ပေါ်လာပေလိမ့်မည်။ အား တက်လာလိမ့်မည်။ စိတ်ပျက်ဖွယ် နှောင်တရဖွယ် အားငယ်ဖွယ်တို့





ပေါ်လာတော့မည်မဟုတ်။

စိတ်ကူးဉာဏ်နှင့် မှတ်ဉာဏ်တို့သည် မီးနှင့် အလွန်တူ၏။ သုံးတတ်သူတို့အတွက် မီးသည် အလွန်အသုံးကျ၊ အလွန်ခရီးရောက်၊ အလွန်အရေးပါသည့် အစေခံကြီး တစ်ဦးဖြစ်၏။ မသုံးတတ်သူတို့ အတွက် မီးထက် ဆိုးရွားသော ရန်သူမရှိ။

စိတ်ကူးနှင့် မှတ်ဉာဏ်ကို အမြဲတမ်း ဉာဏ်နှင့် အသုံးပြု ရမည်။ ပေါက်လွှတ်ပဲစား ဘယ်တော့မှ လွှတ်မထားရ။ သူ့နေရာနှင့် သူ တော်ရာမှာ ထားရမည်။ နေရာချထားရမည်။

[ ၄ ]

ခေတ်ကြီးသည် အလွန်မြန်၏။ အခြားတိုင်းပြည်တို့၌ ကြီး ပွားအောင် အပြေးအလွှား လုပ်နေကြ၏။ ကြံနေကြ၏။ ကျွန်ုပ်တို့ သည် ကြောက်ရွံ့နေရန်၊ နှောင်တရနေရန် အချိန်မရှိ။ နောက်နောက် က ဖြစ်ခဲ့သရွေ့ 'နှောင်ဘာဖြစ်မယ်'ဟု တွေးတော စိုးရိမ် ပူပန်နေခြင်း ဖြင့် အချိန်ကုန်မခံနိုင် ကျွန်ုပ်တို့၏ အသက်တမ်းသည်လည်း အလွန် တိုလှ၏။

ကျွန်ုပ်တို့ တွေးတော ပူပန်နေသည့် အတောအတွင်း နောက်မှ လိုက်လာကြသော တခြားလူတို့သည် ကျွန်ုပ်တို့၏ ရှေ့သို့ပန်း၍ တက်ကြကုန်ပြီ။ ထလိုက်ကြလော့။ ပူပန်မနေနှင့်တော့။ မှီအောင် လိုက်လော့။ ၎င်းတို့ကို ကျော်အောင်၊ ကျော်အောင် ကြိုးစား ထကြွ ကြလော့။ အချိန်ကို ဖြုန်းတီး မနေနှင့်တော့။

'ခု အချိန်၊ ခု – ခုအခါ၊ ခုခေတ်ကြီး' လောက်ကောင်းသော အဖိုးတန်သော အခါသည် မရှိ။ လွန်ခဲ့သော အချိန်သည် ကုန်ခဲ့လေပြီ။ နှောင်လာမည့် အချိန်သည် မရောက်သေး။ ခုအချိန်၊ ခုအခါ၊ ခု



www.burmeseclassic.com

www.burmeseclassic.com



ဆိုခု တစ်ခုခုကောက်၍ လုပ်ပါ။ ဘာဘဲဖြစ်ဖြစ် ကောင်းတယ် ထင်တာကို လုပ်၊ အလကား မနေပါနှင့်။ အချိန်မကုန်စေပါနှင့်။

'အလင်းရောင် ရောက်လျှင် အမိုက်မှောင် ပျောက်သကဲ့သို့' တစ်ခုခု ထ၍ လုပ်လုပ်လိုက်လျှင် ကြောက်စိတ်များ၊ နှောင်တရခြင်းများသည် အလိုလို ပပျောက်လွင့်စင်သွားကြကုန်၏။ ကြောက်ရွံ့ခြင်းထက် ကြီးသောရန်သူ လောကမှာ မရှိ။

ကြောက်ရွံ့ခြင်းကို ရဲရင့်ခြင်းဖြင့် အောင်ရာ၏။ ရဲရဲရင့်ရင့် စွန့်စားရမည်ကို တရှောင်ရှောင် လုပ်နေလျှင် မဖြစ်။ ပုပ်နေ၍လည်း မဖြစ်။

နည်းနည်းကလေး ကြောက်ချင်လာလျှင် အတင်းအာခံစစ်တိုက်လေ။ 'ဘယ်လို လုပ်၍ ကြောက်စိတ် ပျောက်ရမလဲ' ဟု စီစဉ်၍ အစွမ်းကုန် ကြိတ်လေ။ အားကုန် နှိပ်လေ။

အလုပ်လုပ်ရာ၌ စွန့်စွန့်စားစား မလုပ်ရဲသဖြင့် အရည်အချင်းရှိသော်လည်း မိမိလောက် အရည်အချင်းမရှိသူက ကျော်တက်သွားတတ်၏။ မည်သည့် နေရာ၌မဆို မိမိခေါင်းဆောင်နိုင်မှ ထိပ်ကထိုင်၍ လုပ်နိုင်မှ တော်ရုံကျ၏။ နောက်လိုက်ခြင်းသည် လွယ်၏။ လွယ်သဖြင့်လည်း အကျိုးကျေးဇူး မများလှ။

ရှေ့ဆောင် ရခြင်းသည် ခက်၏။ ခက်ခဲသဖြင့် ကျေးဇူးများ၏။ အကျိုးခံစားရ၏။ ရဲရင့်သော သူတို့မည်သည် လူအများ မလုပ်သေးသော မလုပ်ရဲသော မလုပ်ဘူးသော အလုပ်တို့ကို လုပ်ရဲ၏။ လုပ်လည်း လုပ်၏။ တစ်ယောက်တည်းလည်း လုပ်ရဲ၏။ တစ်ယောက်တည်းလည်း လုပ်၏။



တစ်ယောက်လုပ်သွားသည်ကို အတုခိုးသူ၊ မိမိဘာသာ မထွင်လိုသူ ပေါများသဖြင့် မြန်မာပြည်ကြီး၏ အခြေအနေသည် တစ်နေ့ထက် တစ်နေ့ 'ရေနည်းငါး' ဖြစ်နေတော့၏။ မတိုးတက်နိုင်ဘဲ ဆုတ်ယုတ်၍ နေတော့၏။

နိုင်ငံခြားသားတို့ လုပ်ကိုင်၍ ဟန်ကျသွားသောအခါ နောက်ယောင်ခံ၍ လိုက်လုပ်တတ်၏။ ဤသို့ နောက်ယောင်ခံလုပ်သဖြင့် အမြတ်မပေါ်ဘဲ ဘာစ်ရှုံးတည်း ရှုံးကြကုန်၏။ မိမိတို့ ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်ဖြင့် ထွင်မလုပ်ရဲကြ။

ကြိုးမပါဘဲ သတင်းပို့သော 'ဝိုင်ယာလက်'ကိုပင် ဘာခက်သလဲ လွယ်လွယ်ကလေး၊ အံ့သြစရာ မဟုတ်ပါဘူး၊ ဘုရားဟောထဲမှာတောင်ပါတယ်၊ ဒို့ဗမာတွေက အရင် သိပြီးသား' ပဲ ဟူ၍ အခြောက်တိုက် လေလုံးထွားသည်ကို ကျွန်ုပ်နားဆတ်ဆတ် ကြားခဲ့ဖူး၏။ ထိုစကားကို မယုံနိုင်သော်လည်း ယုံစေချင်က ယုံပါ၏။ သို့သော် လုပ်ပြစမ်းပါ အို ..... ဗမာတို့။

မြန်မာများသည် တစ်ခြားလူမျိုးတို့နှင့် စာကြည့်လျှင် တော်ကြကုန်၏။ စိတ်ကူးဉာဏ် ကောင်း၏။ ကောင်းသလောက် ပျင်းရိကြ၏။ အပျင်းကြော ဆွဲကြ၏။ လူအများ လုပ်ခဲ့ပြီးသည်ကိုသာ အတုယူ လိုက်လုပ်လိုကြ၏။ သူတစ်ပါး၏ နင်းပြီးသား ခြေရာကို နောက်ထပ် နင်းလိုကြ၏။ မိမိကိုယ်တိုင် မထွင်လိုကြကုန်။

လောကီ လောကုတ် နှစ်ဘက်သော အလုပ်တို့၌ပင် စကားပြောရုံနှင့် မပြီး၊ စိတ်ကူးရုံနှင့်မရ၊ ကိုယ်တိုင် ထလုပ်မှ ကျေးဇူးများသည်ကို အမြဲသတိထားသင့်၏။

ယောမင်းကြီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



'ရဲရင့်တယ်'ဆိုပြီး အရမ်းထင်ရာ ကြဲရမည်ဟု မဆိုလို။ တကယ်ရဲရင့်သူသည် လူတဘက်သား အပေါ်၌ ကြင်နာ၏။ တကယ်ခွန်အား ပြည့်စုံသူ လူကောင်းတစ်ယောက်သည် သနားတတ်၏။

ဝံပုလွေ၌ ခွန်အားရှိ၏၊ ရက်စက်၏၊ အသုံးမကျ၊ ယုန်ကလေးသည် သနားကြင်နာတတ်၏၊ ခွန်အားမရှိ၊ အသုံးမကျသေး။ လူတို့သည် ဝံပုလွေလည်း မဖြစ်စေရ။ ယုန်သူငယ်လိုလည်း မဖြစ်စေရ။ ခွန်အားနှင့် ပြည့်စုံအောင်လည်း မွေးမြူ ရမည်။ ကြင်နာတတ်ရမည်။

ခွန်အားရှိသောသူသည် အများ၏ မှီခိုရာ ဖြစ်၏။ သစ်ပင်တစ်ပင်ကောင်း၊ ငှက်တစ်သောင်းနားရဘိ၏၊ လူတစ်ယောက်ကောင်းလျှင် လူတစ်သောင်း မှီအောင် နေနိုင်လေ၏။

သစ်ပင်ကြီးပင်တစ်ပင်၌ ရစ်ပတ် မှီတွယ်၍ တက်နေကြသော သစ်ပင်ငယ်များ၊ နွယ်ပင်များ ရှိကြသကဲ့သို့ စွမ်းပကားနှင့် ပြည့်စုံသော သူကိုလည်း မှီတွယ်၍ နေမည့် လူများလည်း ရှိကြမည်သာ။ မိမိကို ခိုကိုးအားထားသူ များသဖြင့် စိတ်မပျက်ပါနှင့်။ မိမိကိုယ်တိုင်က သူတစ်ပါးကို အားမကိုးမမှီခိုရဘဲ၊ မိမိထံသို့ လာရောက် မှီခိုအားထားကြသည်မှာ ဝမ်းမြောက်စရာ အချက်ကြီးတစ်ခုပင် ဖြစ်တော့သည်။

မိမိကို မှီတွယ်၍ နေရသော သူများသည် မိမိ၏ မယားသားသမီးများနှင့် အိမ်မစွမ်းရှိကြကုန်သော မိအိုဘအိုများ ဖြစ်ကြကုန်၏။ အချို့လည်း ဆွေမျိုးသားချင်း၊ ဆွေမျိုးနီးစပ်များ ဖြစ်ကြပေလိမ့်မည်။ တတ်အားသမျှ ထိုထိုပုဂ္ဂိုလ်များကို ကူညီရန်မှာ မိမိ၏ တာဝန်ဖြစ်တော့၏။

တတိယအကြိမ်



မိမိက ကူညီရန် ဝတ္တရားမကောင်းသူ၊ မရောင်သာ မလွှဲသာသူများအပြင် အလိုလို မှီခို တွယ်တက်ချင်သော သူများလည်း ရှိသေး၏။ ထိုသူတို့သည် မိမိ၌ ပစ္စည်းဥစ္စာ ကုံထံလျှင်၊ အနည်းငယ် ချမ်းသာလျှင် မိမိထံ မျက်နှာသေလေးကလေးနှင့် အကူအညီ အထောက်အပံ့ တောင်းဖို့လာရန် အသင့်ပြင်နေကြ၏။ နားတစွင့်စွင့်နှင့် သတင်းကို စွင့်နေကြ၏။

ဤလူစားမျိုးကို အထူးသတိပြုပါ။ ထိုလူများသည် ၎င်းတို့၏ ပင်ကိုယ်ပညာဉာဏ် လုံ့လဝီရိယတို့ကို အသုံးမပြုလိုဘဲ မှီခိုရာကိုသာ လိုက်၍ ရှာနေတတ်၏။ ကျောအရိုးမရှိသလို လစ်ရင် မှီချင်၏။ တွယ်ချင်၏။ ဤလူစားမျိုးသည် တက်လူများအား အောက်သို့ ဆွဲချရာ၌ အလွန် ကျွမ်းကျင်လိမ်မာကြ၏။ မကောင်းကျိုးပေးရာတွင် ဖော်တကာ 'ဝိတ်'များ ဖြစ်ကြ၏။

ဤကား ကမ္ဘာတံထွာ မမှုကြီးပင်ဖြစ်တော့၏။ ဘယ်အရပ် ဘယ်ဒေသသွားသွား ဘယ်အခါမဆို ငွေရှာရန် ခက်ခဲကြောင်း တွေ့ရပေလိမ့်မည်။ ငွေရှာပြီးသည့်နောက် ထိုရသော ငွေကို သိပ်သိပ်သည်းသည်း ကျစ်ကျစ်လျစ်လျစ်လုပ်ဖို့ ခက်ခဲပြန်ကြောင်း တွေ့ရပေလိမ့်မည်။

ဤသို့ မှီခိုတတ်သူ မပေါ်များခဲ့ပါမူ တက်လူတို့သည် ယခုလောက် ခက်ခက်ခဲခဲ များများတွေ့ကြုံရလိမ့်မည်မဟုတ်။

ပိုက်ဆံရှာခြင်း၊ ရှာ၍ရပြီးသော ပိုက်ဆံကို သိမ်းသိမ်းဆည်းဆည်း လုပ်ခြင်းတည်းဟူသော ဤတာဝန်နှစ်ခုကို ကျေပွန်စွာ ဆောင်ရွက်ရမည်ကို ကြောက်ရွံ့သူ ပေါ်၏။

ယောမင်းကြီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



[ ၅ ]

လူတိုင်းလိုလို ကြောက်ရွံ့တတ်၏။ မိမိ၏ အထက်လူကြီးကိုလည်း ကြောက်ကြ၏။ ပိုက်ဆံကုန်မည်ကိုလည်း ကြောက်ကြ၏။ မယားကိုလည်း ကြောက်ကြ၏။ မီးရထား မမှီမည်ကိုလည်း ကြောက်ကြ၏။

မိုးလင်းမှ မိုးချုပ်၊ မိုးချုပ်မှ မိုးလင်း တကြောက်တည်း ကြောက်၍ နေကြ၏။ ဆေးမရှိ ဝါးမရှိ၊ အလိုလို ကြောက်နေကြ၏။ ကြောက်စိတ်ကင်းသော အချိန်ဟူ၍ မရှိသလောက်ပင်။

ထို့အတွက် သတ္တိနှင့် ခွန်အားကို သိသိသာသာ လိုလားကြကုန်၏။ ခွန်အားထက် သတ္တိကို ပို၍ လိုလားအပ်၏။ ခွန်အားရှိသောသူ ဆယ်ယောက်အနက် တစ်ယောက်လောက်သာ သတ္တိရှိ၏။

ခွန်အားကြီးပြီး သတ္တိကြောင်သူများကို မကြာခဏ တွေ့ကြရ၏။ ဤလူစားသည် ဒုက္ခမရောက်မီ၊ အခက်အခဲ တစ်ခုခုမကြုံမီ အလွန်ခွန်အားကြီး၏။ အရေးကြုံ အခါဆိုက်လာသော် ရှာလို့ပင် မရနိုင်၊ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားကြကုန်၏။ မြွေလမ္ဘာယ်ဆရာ၏ ဆေးနှင့်အလွန် တူလေ၏။ မြွေ၌ အဆိပ်မရှိသရွေ့ ကာလပတ်လုံး မြွေဆိပ်တက်၍ မသေအောင် စွမ်း၏။ အဆိပ် ဖြစ်လာသည်နှင့် တစ်ပြိုင်နက် စန့်၍ နေတော့၏။

ဤသို့ တကြောက်တည်း ကြောက်နေခြင်းသည် အထက်က ကျွန်ုပ်ဆိုခဲ့သည် အတိုင်း ငယ်ငယ်က လူကြီးများ၏ အခြောက်အလှန့်ကို ခံရ၍ ဖြစ်၏။ ကြီးပြင်းလာသောအခါ အကြောက်ပြေသည်ထက် ပြေအောင် လျော့အောင် ရဲရင့် လာအောင် မိမိဘာသာ ပြုပြင်နိုင်သည်။ ပြုပြင်သူများလည်း အမြောက်အမြားပင် ရှိပါ၏။





ရဲရင့်ခြင်းသည်လည်း နှစ်မျိုးနှစ်စားရှိ၏။ ခွေးဘီလူးလို ရဲရင့်ခြင်းနှင့် ကြောက်စိတ်ကို နိုင်နင်းအောင် စိတ်ကို ပြုပြင်မွေးမြူသုတ်သင်ခြင်းအားဖြင့် ရဲရင့်ခြင်းဟူ၏။

ခွေးဘီလူးတို့သည် ရဲရင့်ရာ၌ အလွန်နာမည် ကြီး၏။ သို့သော် ၎င်းတို့၌ ဉာဏ်မရှိ၊ စိတ်ကူးလည်းမရှိ။ ကိုက်ရရုံ၊ ခဲရရုံ လောက်သာ သိ၏။ ရန်သူကို ကိုက်မိသောအခါ ဘာပဲ ဖြစ်ဖြစ် မလွှတ်တော့ချေ။ ခဲမိအောင် ခဲနေတော့၏။

လူတို့သည် ဤကဲ့သို့မဟုတ်။ စိတ်ကူးလည်းကောင်း၏။ ဉာဏ်လည်းရှိ၏။ လာမည့်ဘေးကိုလည်း မြင်၏။ ဘေးဖြစ်မည်ကိုလည်း သိ၏။ ဘေးရောက်တတ်ကြောင်းကိုလည်း နားလည်၏။ ဤသို့စိတ်ကူးတတ်ခြင်း၊ နားလည်တတ်ခြင်း၊ သဘောပေါက်ခြင်းတို့ကြောင့် ကြောက်တတ်ကြကုန်၏။

လုံးလုံး မကြောက်တတ်သူဟူ၍ ကမ္ဘာ့လောက၌ ဘုရားရဟန္တာများမှ လွဲ၍မရှိ။ အကယ်၍ ‘ကျွန်တော်လုံးလုံး မကြောက်တတ်ပါဘူးဗျာ၊ ကြောက်တာ ဘယ်လိုနေသလဲ၊ ချိုကြီးနဲ့လား’ ဟု ဆိုသူများရှိခဲ့လျှင် ထိုလူများသည် တကယ်မရဲဘဲနှင့် ကြွားလုံးထုတ်သူများသော်လည်းကောင်း ဖြစ်ရမည်။ ခွေးဘီလူးကဲ့သို့သော သူသော်လည်းကောင်း ဖြစ်ရမည်။ အဆင်ခြင်တရား မရှိဘဲ၊ မိုက်ရူးရဲတို့ကို တကယ်ရဲသည်မဆို။ ဟုတ်လည်း မဟုတ်၊ ‘ရဲပါပေတယ်၊ သတ္တိ ကောင်းပါပေ့ရဲ’ဟု ကမ္ဘာ၌ ရဲဂုဏ်နှင့် ပတ်သက်၍ ကျော်ကြားသည့် ပုဂ္ဂိုလ်ကြီးများပင် ကြောက်တတ်ကြ၏။

သို့သော် ရဲရင့်သူသည် ကြောက်မှန်းသိလျက် စိတ်ကို တင်းပြီး ရှေ့ကိုသာ တိုးမြဲတိုးလေ့ရှိ၏။ ဤသို့ ကြောက်မှန်းသိလျက်



www.burmeseclassic.com

www.burmeseclassic.com



ရဲဆေးတင်ကာ ရှေ့ကိုသာတိုး၊ ရှေ့ကိုသာ တက်ခြင်းထက် မွန်မြတ်သော ရဲရင့်ခြင်းသည် မရှိ။

ယခုလို ခေတ်ကျပ်ထဲ၌ သတ္တိပြကြစမ်းပါ။ အစွမ်းထုတ်ကြစမ်းပါ။ ရဲရင့်အောင် လုပ်ကြစမ်းပါ။ ရဲအောင် လုပ်ရမည်မှာ လွယ်လှသည်မဟုတ်။ တစ်လ နှစ်လနှင့်မပြီး။ နှစ်ပရိစ္ဆေဒများပင် ကြာပေလိမ့်မည်။ သို့သော် ဖြစ်မြောက်နိုင်၏။ ဖြစ်နိုင်ပါလျက် ဘာကြောင့် အချိန်ကြာမည်ကို ကြောက်၍ မလုပ်ဘဲနေဘိသနည်း။

ဤလောကကြီး၌ လူပျော့များအတွက် တက်လမ်းမရှိ။ တက်လမ်းမှာ အလွန်ကျဉ်းမြောင်း၏။ ကျပ်တည်း၏။ ခက်ခဲ၏။ မာကျော၏။ ကြီးပွားလိုလျှင်၊ တိုးတက်လိုလျှင် ထိုထို ဒုက္ခအပေါင်းကို ခံနိုင်ရည်ရှိရမည်။ ၎င်းတို့ထက် မာကျောရပေလိမ့်မည်။ သို့မဟုတ် မိမိက အရှုံးပေးရပေလိမ့်မည်။ ပျက်စီးရပေလိမ့်မည်။ လိမ့်ကျရပေလိမ့်မည်။

အချို့ကြီးပွားနေကြကုန်သော လူများသည် ထိုထို့ အခက်အခဲများနှင့် မကြာခဏ တွေ့ရဖန်များတော့ ထိုထိုအခက်အခဲတို့ကို အရေးမစိုက် ဂရုမထားတော့ဘဲ လိုရာခရီးပေါက်အောင်သာ ဆောင်ရွက်သွားကြ၏။ ဤ ပုဂ္ဂိုလ်ကြီးများ တဖြည်းဖြည်း တိုးတက်သလို ကျွန်ုပ်တို့လည်း တက်မှ ဖြစ်တော့မည်။

ကြီးပွားလိုသူတိုင်း ဤသို့အခက်အခဲတို့ကို တွေ့ရ ကြုံရပေလိမ့်မည်။ကြီးပွားလေလေ တွေ့ရကြုံရလေလေ ဖြစ်တွေ့ရမည်ကို မကြောက်ပါနှင့်။ အသင့်ပြင်လျက် ရှိကြ ပါကုန်။ စိတ်ပျက်စရာများတွေ့သောအခါ လက်မလျှော့ဘဲ ဆက်၍ ဆက်၍သာ ကြိုးစားအားထုတ်ကြပါကုန်။





ကျွန်းကျွန်းမာမာ မရှိခြင်း၊ ပစ္စည်းဥစ္စာ ဆုံးရှုံးခြင်းတို့သည် လောကဓံတရားမျှသာ ဖြစ်တော့၏။ ချစ်ခင်သူများနှင့် သေကွဲရှင်ကွဲ တကွဲကွဲ ကွဲရမည်မှာလည်းကေန်ဖြစ်တော့၏။ ကျွန်ုပ်တို့ကိုယ်တိုင် တစ်နေ့သေရမည်ဖြစ်၍ ဤသို့ ကွေကွင်းရခြင်းအတွက် ပူမနေပါနှင့်။

စစ်သူကြီး 'တော် မတော်'ကို စစ်မြေပြင် ရောက်မှ၊ စစ်တိုက်သော ခါကျမှ သိနိုင်သကဲ့သို့ သေချင်လောက်အောင် စိတ်ပျက်စရာ အခက်အခဲတို့နှင့် ရင်ဆိုင်ကြုံလာသောအခါကျမှ၊ လူတို့၏ အစွမ်းသည် ဘယ်လောက်ရှိ၏ဟု သိနိုင်တော့၏။ အခါတိုင်း၌ 'သူလိုငါလို' သွားမြဲ လာမြဲ၊ လုပ်မြဲ ကိုင်မြဲ နှင့် နေသော်လည်း တကဲ့ တကယ်အရေးကြုံလာသော ဤအခါမျိုး၌ စွမ်းပကားကို ထုတ်ကြရ၏။သတ္တိပြကြရ၏။ ဤအခါမျိုးသည် လူတို့၏ သတ္တိအရည်အချင်းကို စမ်းသောအခါကြီးပင် ဖြစ်တော့၏။

အများအားဖြင့် လူတို့သည် ဤသို့စိတ်ပျက်စရာများနှင့် နဖူးတွေ့ဒူးတွေ့ ကြုံသောအခါ၊ ကလေးများပမာ အားပျော့၍ လက်လျှော့တတ်ကြ၏။ ငယ်စဉ်က ခံနိုင်ရည် သတ္တိရှိသူများပင် ကြီးပြင်းလာသောအခါ စိတ်ဓါတ် ပျော့နေတော့၏။ သတ္တိကောင်းသူ ရေရှည်ခံကောင်းသူများသာ ကြိုးစား ခုခံမြဲ ခုခံလျက် ကျန်ရစ်တော့၏။

## [ ၆ ]

ဤသို့ အလွန်ဆိုးဝါးသော ကံကြမ္မာနှင့် တွေ့ကြုံလျှင် ဘာလုပ်ရမလဲ။ မိမိကိုယ်ကို မိမိသတ်သေရမည်လား။ မဟုတ်။ မိမိကိုယ်ကို မိမိသတ်၍ သေခြင်းသည် သူရဲဘောနည်းသည့် မိုက်ရူးရဲတို့၏ အမှုမျှသာ ဖြစ်၏။ သတ္တိရှိသူသည် ဤလို အယ်တော့မှ



www.burmeseclassic.com

www.burmeseclassic.com



မလုပ်။ ဒါဖြင့် ဘာလုပ်သလဲ။ လုပ်နည်းကား လွ ါလှ၏။ အလွန်လွယ်၏။ ဤသို့ အခက်အခဲများနှင့် တွေ့၍ ာ်အပျက်ကြီး ပျက်နေလျှင် မသေမချင်း ကြိုးစားမြဲ ကြိုးစားပါ။ လောကကြီး၌ အသက်ရှင်နေဖို့ အထူးလို၏။ လောက၌ နေပြီး အထူးကြိုးစားမှု လုစွမ်းကောင်း သတ္တိကောင်းတစ်ယောက် ပီသပေမည်။

မိမိ၌ ပိုက်ဆံ ခြုံးတစ်ပိုင်တောင် မရှိစေဦး၊ လောက၌ လူတစ်လုံး လုပ်နေရမည်။ အသက်ရှင်၍ နေရဦးမည်။ မိတ်သင်္ဂဟအပေါင်း စွန့်ပစ်သွားစေဦး၊ စွန့်ပစ်သွားကြပေစေ။ မိတ်ဆွေ သေရန် မလို။ နေမြဲ နေရမည်။ ဤသဘောတရားသည် လောကစံ တရားမျှသာ မဟုတ်ပါလော။

ဤသို့ စိတ်ပျက်စရာများနှင့် တွေ့သောအခါ ကောင်းသော **စာအုပ်များကို** ဖတ်ခြင်းဖြင့် စိတ်ဆင်းရဲခြင်း ပပျောက်နိုင်၏။ **ယခုရေးသားသော** ‘ဘာလဲဟဲ့ လောကစံ’ စာအုပ်ကဲ့သို့ အားပေးသော **စာအုပ်များကိုသာ** ဖတ်ရှုပါ။ စိတ်ညစ်ခြင်းများ ရှင်းရှင်း ပပျောက် **စေဦးတော့**၊ တကယ်သက်သာလာပေလိမ့်မည်။

စကားအချုပ်မှာ ယခုလက်ငင်းအခါသည် လွန်ခဲ့သော အခါ **မဟုတ်**။ ယခု မျက်မှောက် ကိုယ်တွေ့အခါကြီးသာ ဖြစ်တော့၏။ ဘယ်လိုပင် တောင့်တ နေသော်လည်း လွန်လေပြီးသော အခါကို ပြန်ရ တော့မည်မဟုတ်။ ပြန်၍ လာမည်လည်း မဟုတ်။

‘ဒီခေတ် တယ်ကျပ်သကိုး’ဟု မိမိအား တစ်ယောက်တည်း ကွက်၍ ကျပ်နေဘိသည့်အလား ညည်းမနေပါနှင့်။ ယခုအခါ သမယကြီးသည် အလွန်ကျပ်တည်းလှသော အခါကြီး မှန်ပါ၏။





သို့သော် မိမိတစ်ဦးတည်း ကျပ်နေသည် မဟုတ်။ ကမ္ဘာကြီးချို၍ ကျပ်နေခြင်းဖြစ်၏။

ယခုမျက်မှောက် လက်ငင်း လတ်လတ်ဆတ်ဆတ် အခါလောက် အဖိုးတန်သော အခါသည်မရှိ။ ဘာ့ကြောင့်လဲ။ လွန်ခဲ့သော အခါသည် လွန်ခဲ့လေပြီ။ နောင်လာမည့်အခါလည်း မရောက်သေး။ ယခုအခါကြီးသာလျှင် လက်တွင်း၌ ရှိနေ၏။ လက်ရှိအခါကောင်း ကိုသာ မိမိလိုရာ လောလောဆယ် အသုံးပြုနိုင်သောအခါကြီး ဖြစ်တော့၏။

ယခု ကျွန်ုပ်တို့ လက်ရှိ ခေတ်ကျပ်ကြီးအတွင်း ကြီးပွားလိုသူတိုင်း ဆင်းရဲခြင်း ဒုက္ခများနှင့် အမှန်တွေ့ရမည်။ အထက်ကဆိုသည့်အတိုင်း မကြောက်ပါနှင့်။ ကြောက်မနေပါနှင့်။ သတ္တိ မကြောင်ကြပါနှင့်။ ရဲဆေးတင်ကြပါ။ သတ္တိပြကြစမ်းပါ။ လက်သီး လက်မောင်းတန်းပြီး ‘တကဲ့ ယောကျာ်း’ လုပ်ကြစမ်းပါ။

ကြောက်သလား။
ဘာကြောင့်ကြောက်ရမှာလဲ၊
ရဲကြလော့။



www.burmeseclassic.com

www.burmeseclassic.com

အခန်း ၆

## ကြီးပွားလိုလျှင် – ကြိုးစား

[ ၁ ]

ဘယ်နေရာမဆို၊ ဘယ်အရာမျိုးမဆို မကြိုးစားဘဲဖြစ်သည်ဟူ၍ မရှိစဘူး။ ကြိုးစားလျှင် မဖြစ်နိုင်သောအရာဟူ၍လည်း မရှိစဘူး။

မြတ်စွာဘုရား ကိုယ်တော်တိုင်ကလည်း ကြိုးစားသောသူသည် ဘယ်အလုပ်မဆို ပြီးစီးဖြစ်မြောက်အောင် တတ်နိုင်ကြောင်း ဟောကြားခဲ့ပေသည်။ ရာဇဝင်အစောင်စောင်၌လည်း ကြိုးစား၍သာ အောင်မြင်ကြောင်းများကို ဖတ်ရှုတွေ့မြင်ရပေလိမ့်မည်။ ကြီးကြီးကျယ်ကျယ် တကဲ့အလုပ်ကြီးများကို ဦးစီးဦးကိုင် လုပ်နေသူများ၏ အတ္ထုပ္ပတ္တိများကို ဖတ်ရှုပါကလည်း၊ ကြိုးစားခြင်းကို အရင်းတည်၍ ကြီးပွားသွားကြောင်းများကို တွေ့ရပေလိမ့်မည်။





အနောက်နိုင်ငံလူမျိုးများ ကြီးပွားလာကြသည့်အကြောင်းတို့ကို ရေးထားသော စာအုပ်စာတမ်းများလည်း အမြောက်အမြားရှိ၏။ မကြိုးစားဘဲလျက် ကြီးပွားသောသူဟူ၍ မရှိ။

ရှေးကံဟောင်းထောက်မသဖြင့် 'တစ်ခါတစ်ရံ 'ထီ' ပေါက်၍ သူဌေးအခေါ်ခံရသော လူများလည်းရှိပါ၏။ သို့သော် ထိုလူများသည် ရအပ်ပြီးသောစည်းစိမ်တို့ကို ကြာရှည်စွာ ဘယ်တော့မှမခံစား၊ မစံစားရ။ စည်းစိမ်ချမ်းသာခြင်းသည် ကြိုးစားသူတို့၌သာ အမြဲတည်ကြကုန်၏။

ကြီးပွားသူတို့၏ အတ္ထုပ္ပတ္တိများတွင် အနောက်နိုင်ငံသားများ၏ အကြောင်းများကိုသာ တွေ့မြင်ဖတ်ရှုရသဖြင့် ကျွန်ုပ်တို့ မြန်မာလူမျိုးထဲ၌ ကြီးပွားသူများမရှိဟု မထင်ကြပါနှင့်၊ ရှိပါ၏။ သို့သော် မြန်မာများသည် စာဖတ်ခြင်း စာရေးခြင်း၌ ဝါသနာ အလွန်နည်းကြကုန်၏။

စာဖတ်ခြင်း စာရေးခြင်းတို့ကို အားပေးသူ မရှိသလောက်နည်းကြကုန်၏။ ထို့ကြောင့် စာအုပ်စာတမ်း များများမထွက်ပေါ်ကြကုန်။

ကျွန်ုပ်ကိုယ်တိုင် မြင်ဖူးသော မြန်မာသူဌေးကြီး တစ်ဦးသည် ယခုတိုင်ရှိပါသေး၏။ ထိုပုဂ္ဂိုလ်ကြီး၏ အကြောင်းမှာ အလွန်မှတ်သားနာယူဖွယ်ကောင်း၏။ မှတ်လောက်သားလောက်၏။ နာမည်ကို ဖော်ပြခွင့် မရသေးပါသဖြင့် ယခုမဖော်ပြလိုက်ပါ။ အကယ်၍ ထိုအကြောင်းကို သိလိုသူပေါ်များလာပါက သေသေချာချာ စုံစမ်းပြီး ခွင့်တောင်း၍ အစုံအလင် အတ္ထုပ္ပတ္တိတစ်ခုကို ရေးသားပါအံ့။

ထိုသူသည် ငယ်စဉ်က အလွန်ဆင်းရဲနွမ်းပါး၏။ အမိများကို



www.burmeseclassic.com

www.burmeseclassic.com



မှီခိုအားထား၍ နေရ၏။ အလွန်မျက်နှာငယ်ရှာ၏။

အသက်အရွယ် ကြီးပြင်းလာ၍ အိမ်ထောင်ရက်သားမြဲပါသော်လည်း နေစရာအိမ်မရှိ။ လူများခိုင်းစေ ပေးကမ်းအပ်သော အလုပ်မှတပါး တခြားအလုပ်မရှိ။ ငွေဝင်လမ်းမှာဝေးစွ။ ထမင်းနပ်စေ့အောင်ပင် မစားရ။

ဘယ်လောက် ဆင်းရဲသည်ကို တွေးကြည့်ပါတော့။ ၎င်းခိုကိုး၍နေရသူ၏ သစ်ပုံများကို စောင့်ရသဖြင့် ထိုသစ်ပုံများပေါ်၌ အိပ်ရ၏။ အခင်းလည်းမရှိ။ ခေါင်းအုံးမှာ သစ်တုံးတိုတစ်ခု။ ခြုံစရာမှာ တိုက်စောင်ကြီးမဟုတ်။ ကုလားများခြုံလေ့ရှိသော 'ဘာဘူး' စောင်လည်း မဟုတ်။ ဂုံအိတ်စုတ်ကလေးကိုသာခြုံ၍ နေရတော့၏။

ဤသို့ဆင်းရဲနေစဉ်ကပင် ထိုသူသည် အမြဲကြံစည်လေ့ရှိ၏၊ ကြိုးစားလေ့ရှိ၏။ ငြိုငြိုငြင်ငြင်၊ ဆင်းဆင်းရဲရဲ၊ မစားရက်မသောက်ရက်ဘဲ စုထားသော ပိုက်ဆံအနည်းငယ်လည်း ရှိလာလေပြီ။

ထိုအခါ အရဲစွန့်ပြီး မီးသွေးဖုတ်၍ရောင်းလေ၏။ မမြတ်ဘဲရှုံးသဖြင့် တက်တက်စင်ပြောင်လေ၏။ ဂုံအိတ်ကို ပြန်၍ခြုံ၏။ စိတ်ကျူးမြဲကျူးပြန်၏။ စိတ်ကားမပျက်။ အကြံလည်းမလျှော့၊ အလွန်သတ္တိကောင်းသောသူပင် ဖြစ်တော့၏။

ဤကဲ့သို့ ငြိုငြိုငြင်ငြင် ဆင်းဆင်းရဲရဲနှင့် ပိုက်ဆံစုလိုက် ကြံလိုက်၊ အရဲစွန့်လိုက် ရှုံးလိုက်၊ တက်တက်စင်ပြောင်လိုက်နှင့် အတော်ကြာရှည်စွာ နေရ၏။ စိတ်ကားဘယ်တော့မှ မပျက်။ ကြိုးစားမြဲ ကြိုးစား၏။

ထိုသို့ဆင်းရဲသောသူပင်လျှင် ယခုအခါ သူဌေးအမည်ကို ခံ၍နေတော့၏။ တစ်နှစ်လျှင် အမြတ်တော်ကြေး နှစ်သိန်းကျော်ကျော်





ပေးနေရ၏။ အားကျစရာပင်။

အထူးမှတ်လောက်သည်မှာ ထိုပုဂ္ဂိုလ်ကြီးသည် အမြဲကြံ၏။ အခက်အခဲများနှင့် တွေ့သဖြင့် စိတ်မပျက်။ ဆင်းရဲဒုက္ခရောက်သဖြင့် နောက်မဆုတ်၊ ကြံမြဲကြံ၏။ လုပ်မြဲလုပ်၏။ အမြဲကြိုးစား၏။

ယခုလည်း ရွှေပုံငွေပုံပေါ်ထိုင်၍ စည်းစိမ်ခံနေရသော်လည်း ပစ္စည်းဥစ္စာတို့မှာ တစ်သက်ထိုင်၍ ဖြုန်းမကုန်နိုင်သော်လည်း ကြိုးစားဆဲပင်။ လောကီရေး၌လည်း ကြိုးစားဆဲ။ သို့သော် လောကုတ္တရာရေးကို အထူးကြိုးစား၍ နေလေပြီ။

ထိုပုဂ္ဂိုလ်ကြီးသည် ယခုတိုင် အင်္ဂလိပ်စာ တစ်လုံးမျှ မတတ်ဘဲလျက် ပိုက်ဆံတစ်ပြားမျှ မရှိသော 'လူဆင်းရဲ' ဘဝမှ စိတ်မပျက်ဘဲ ကြိုးစားလာ၍ သူဌေးကြီး ဖြစ်နိုင်သေး၏။ လူများဖြစ်နိုင်ပါလျက် ကျွန်ုပ်တို့ ဘာကြောင့် မဖြစ်နိုင်သလဲ။ ဘာ့ကြောင့် မဖြစ်ရမလဲ။ ကိုင်း ကြိုးစားကြစို့။

ကျွန်ုပ်တို့ မြန်မာများသည်ဖို့ ဤလို ကြိုးစားဖို့ အလွန်ပျင်း၏။ မကြိုးစားလိုကြ။ ကုန်ရောင်းဝယ်သဖြင့် ရှုံးသွားလျှင် စိတ်ပျက်အားလျှော့လိုက်၏။ ဆက်၍ မကြိုးစားကြ။ မရှုံးဘဲလျက် အမြတ်မပေါ်လျှင်ပင် လက်လျှော့ကြကုန်၏။

အင်္ဂလိပ်လူမျိုးတို့သည် ဤကဲ့သို့မဟုတ်။ ကြိုးစားမြဲကြိုးစားကြ၏။ ဘယ်လိုပင် အမြတ်မရပေစေ၊ ဘယ်လိုပင်ရှုံးနေပေစေ၊ ကြိုးစားကြ၏။ ကြိုးစားနိုင်သရွေ့ ကာလပတ်လုံး အမြဲကြိုးစားကြ၏။ ဤသို့ ကြိုးစားရည်ရှိသဖြင့် ကျွန်ုပ်တို့အပေါ်၌ လွှမ်းမိုးအုပ်ချုပ်နေကြသည် မဟုတ်ပါလော။

၎င်းတို့ကို မုန်းနေ၍လည်း အကျိုးမပြီး။ မနာလို ဖြစ်တိုနေ၍



www.burmeseclassic.com

www.burmeseclassic.com



လည်းအကျိုးမဖြစ်။ ငှင်းတို့လို ကောင်းစားချင်လျှင် ငှင်းတို့လိုကြိုးစားကြစို့။ ငှင်းတို့ထက် ကောင်းစားချင်လျှင် ငှင်းတို့ထက် ကြိုးစားကြစို့။

အလုပ်တစ်ခုခုကို လုပ်ရာ၌ ရှေးဦးစွာ တွေ့ရသော အခက်အခဲ အရှုံးကလေးများကိုပင် ကြောက်ရွံ့ပြီး နောက်ဆုတ်ခဲ့သော် အဘယ်မှာ အကျိုးရှိနိုင်တော့အံ့နည်း။ ကျွန်ုပ်တို့ငယ်စဉ်က လမ်းမလျှောက်တတ်ခင် လမ်းလျှောက်သင်တုန်းက အခါပေါင်းများစွာ လဲကျသည်တို့ကို မေ့ကုန်ကြပြီလား။ အကယ်၍ ဟိုစဉ်အခါက လဲကျသဖြင့် ကျွန်ုပ်တို့ဆက်လက်၍ မကြိုးစားခဲ့ပါမူ နောင်ဘယ်မှာ လမ်းလျှောက်တတ်တော့မည်နည်း။

လမ်းလျှောက်တတ်လို့ ယခု ကျွန်ုပ်တို့ပြေးတတ် လွှားတတ်ကြပြီ။ ခုန်တတ် ပေါက်တတ်ကြပြီ။ ထိုနည်းအတူ ယနေ့ အလုပ်သေးကလေးကို လုပ်တတ်လျှင် မနက်ဖြန် အလုပ်ကြီးကို လုပ်တတ်တော့မည်။ လဲတိုင်းလဲတိုင်း ထကြပါကုန်။

ငယ်စဉ်က ကစားခဲ့သော ဘောလုံးကလေးကိုလည်း သတိပြုကြပါ။ ထိုဘောလုံးကလေးကို ပစ်လိုက်တိုင်း ပစ်လိုက်တိုင်း၊ မြောက်၍သာ ထလာ၏။ ထို့အတူ ရှုံးတိုင်း ရှုံးတိုင်း ထကာ ထကာ ဆက်လက်ကြိုးစားကြပါ။

ပစ်တိုင်းထောင် အရုပ်ကလေးကိုလည်း မည်သူလှဲခြင်းငှာ စွမ်းနိုင်သနည်း၊ မည်သူမျှ မစွမ်းနိုင်။ လက်နှင့် ဖိထားစဉ် လဲ၍နေ၏။ သို့သော် ပြန်၍ထရန်ကိုသာ အမြဲကြိုးစားနေ၏။ လက်လွှတ်လိုက်သည့်နှင့် တစ်ပြိုင်နက် ထောင်၍ထလာတော့၏ ထို့အတူ လဲတိုင်း ကျတိုင်း ထ၍ ထ၍ကြိုးစားကြစို့။





မြန်မာတိုင်းလိုပင် ကြားဖူးသော အမေရိကန်သမ္မတ လင်ကွန်းသည် တိုင်းရေးပြည်ရေးဘက်တွင် အရွေးခံပါသော်လည်း အနိုင်မရ၊ ရှုံးရတော့၏။ ကုန်ကူးသန်းရောင်းဝယ်ရေး လုပ်သောအခါလည်း ရှုံး၏။ အသက်ပေး၍ ချစ်သော ချစ်သူမိန်းကလေးလည်း သေသွားရှာ၏။ ယူထားသော မိန်းမကလည်း တစ်သက်လုံး ဆူပူကာ ဒုက္ခပေးနေ၏။ အစိုးရ အလုပ် တစ်ခုခုကို ရအောင် ကြိုးစားပါသော်လည်း မရ။ တရားသူကြီးဖြစ်ရန် ကြိုးစားပါလည်းမဖြစ်။ ဒုတိယ သမ္မတကြီးအဖြစ် အရွေးခံပြားသော်လည်း အရှုံးကြီး ရှုံးရပြန်၏။

ဤသို့ တစ်ရှုံးတည်းရှုံး၊ စိတ်ပျက်စရာများနှင့် တစ်တွေ့တည်းတွေ့နေသော်လည်း လက်မလျှော့ နောက်မဆုတ်၊ အကြံမပျက်၊ စိတ်မလျှော့ဘဲ ရှေ့သို့တက်မြဲတက်၏။ ကြိုးစားမြဲကြိုးစား၏။ နောက်ဆုံးတွင် အမေရိကန်ပြည်ထောင်ကြီးကို အုပ်စိုးရသော သမ္မတကြီးဖြစ်ရတော့၏။ လူတိုင်း၏ ချစ်ခင်ခြင်းကိုခံရ၏။ လူတိုင်းရှိသေ၏။

ဤပုဂ္ဂိုလ်ကြီးအကြောင်းကို သိသဖြင့် မိမိတို့လည်း ဘယ်လောက်ဘဲ ရှုံး ရှုံး၊ ဘယ်လောက်ဘဲ စိတ်ပျက်စရာ များ များ၊ ဘယ်လောက်ဘဲ ဒုက္ခ တွေ့ တွေ့၊ ဆက်လက်ကြိုးစားမြဲသာ ကြိုးစားကြပါ။ ထမြဲတိုင်း ထကြပါ။ ဘောလုံးကလေးလို ကျတိုင်း ကျတိုင်း ထ၍ခုန်ပါ။ ပစ်တိုင်းထောင်အရုပ်လို လဲတိုင်း လဲတိုင်း ထပါ။ ရှေ့သို့ တက်ပါ။ ကြိုးစားပါ။ လက်မလျှော့ပါနှင့်။ စိတ်မပျက်ပါနှင့်၊ အမြဲသာ ကြိုးစားကြပါ။
ကြိုးစားကြပါ၊



www.burmeseclassic.com

www.burmeseclassic.com



[ ၂ ]

အချို့လူများမှာ စန်ရေနှင့်သာ အတွေ့များ၏။ ဆန်ရေနှင့် ခက်ခက်ခဲခဲ အတွေ့မများကြ။ အခက်အခဲနှင့် များများမတွေ့ရ။ အရှုံးနှင့်အကျနည်းပါးပြီး အောင်မြင် ကြီးပွားကြကုန်၏။ ဤလူစားမျိုးမှာ အလွန်ရှား၏။

အချို့မှာ တရှုံးတည်းရှုံး၍ တော်တော်နှင့် မအောင်မြင်နိုင်၊ မကြီးပွားနိုင်။ ဤသို့မကြီးပွားသည်မှာ 'ငါသည် ဘယ်နေရာမျိုး၌ တော်၏။ ဘယ်နေရာမှာ စွမ်း၏' ဟူ၍ မိမိသည် ဘယ်ဘက်က အထူးပို၍ စွမ်းသည်၊ တော်သည်ကို မသိကြသဖြင့် ဖြစ်ရတော့၏။

မည်သည့်လူမျိုးမဆို အထိုက်အလျောက် မိမိနှင့်လိုက်လျော ညီညွတ်သည့်အလုပ်၊ သဘောတွေ့သည် အလုပ်နှင့်ကြုံသောအခါ ကြီးပွားရမည်။ မိမိကိုယ်၌ ဘယ်အလုပ်နှင့်တော်သည်၊ သင့်သည်ကို မသိစေဦးတော့၊ ကြိုးစားသောသူသည် တစ်နေ့နေ့ သိလာရမည်၊ တွေ့လာရမည်။ ကြိုးစားသူတိုင်း တစ်နေ့ မကြီးပွား၊ တစ်နေ့ကြီးပွားရမည်။ တစ်နေ့မအောင်မြင်၊ တစ်နေ့အောင်မြင်ရမည်။ တစ်နေ့နေ့ အောင်မြင် ကြီးပွားရမည်သာတည်း။

အချို့လည်း အသက်ငယ်ငယ်ရွယ်ရွယ်နှင့်ပင် အောင်မြင် ကြီးပွားကြကုန်၏။ အချို့လည်း အသက်လေးဆယ်ကျော်မှ ကြီးပွားကြကုန်၏။ သို့သော် တစ်နေ့နေ့အောင်မြင်ကြ ကြီးပွားကြကုန်သည်သာ။

အသက်ငယ်မှ အောင်မြင်နိုင်၊ ကြီးပွားနိုင်သည်ဟု အချို့လူတို့ ထင်ကြ၏။ အသက်လေးဆယ်ကျော်လျှင် ရှေ့မတက်နိုင်ဟု ထင်ကြ၏။ စင်စစ် ရှေ့တက်လမ်းသည် ဘယ်တော့မှ မဆုံး၊ သေကာမှ





ဆုံးတော့၏။

သို့သော် အသက်ရှင်နေပါလျက် ဘာမှ မလုပ်ဘဲ ငုတ်တုတ် ထိုင်နေလျှင် 'ရှင်သေသေသည်' ဟု ခေါ်၏။ 'ငါတော့ ဘာလုပ်လုပ် မဖြစ်တော့ပါဘူး၊ မဖြစ်နိုင်တော့ပါဘူး' အစရှိသဖြင့်၊ အားလျှော့ ပစ်လိုက်ခြင်းသည် 'ရှင်သေ – သေသည်မည်၏။ မိတ်ဆွေ ရှင်သေ သေ မနေပါနှင့်။ ငုတ်တုတ်မနေပါနှင့်။ စိတ်ကိုတစ်ဖန် ပြုပြင်၍ အားတင်းပါ။ ကြိုးစားမြဲကြိုးစားပါ၊ ထပ်၍ထပ်၍ ကြိုးစား ပါက အသက်ပြန်၍ ရှင်လာပါလိမ့်မည်။

ယခုမြန်မာပြည်၌ ငယ်ငယ်ရွယ်ရွယ်ရှိသေး၊ 'မဖြစ်နိုင်တော့ပါ ဘူး၊ မလုပ်နိုင်တော့ပါဘူး၊ မဖြစ်တော့ပါဘူး' နှင့် လက်လျှော့ကြ သူများ၏။ ကျွန်ုပ်ကိုယ်တိုင် တွေ့ရ၏။ အသက်နှစ်ဆယ် အစိတ် ငယ်ရွယ်ပျိုနု သန်မာစဉ်က စိတ်အပျက်ကြီး ပျက်နေပါမူ ဇရာအို ထောင်း၊ အသက်အရွယ်ညှောင်းခဲ့လျှင် ဘယ်လိုလုပ်ကြမလဲ။ မတွေး ရဲအောင် ရှိတော့၏။

မကြာမီက ဘူးလောက်ဘရားသား အမည်ရှိသော သူဌေး ကုမ္ပဏီကြီးတစ်ခု ပျက်စီးခဲ့ရာ လူအမြောက်အပြား အလုပ်လက်မဲ့ ဖြစ်ကုန်ကြ၏။ ငိုသူကငို၊ ညည်းသူကညည်းနေကြ၏။ ရူးသွားသူပင် ရှိသည်ဟု ကျွန်ုပ်ကြားလိုက်ရ၏။

စင်စစ် ဤလူတို့သည် လောကဓံတရားကြီးကို နားမလည် ကြသောကြောင့် ဤကဲ့သို့ဖြစ်ရ၏။ လောကဓံတရားကြီးကိုသာ နားလည်ပါလျှင် ဤလိုမဖြစ်။ ဤလိုစိတ်ဆင်းရဲရမည် မဟုတ်ချေ။

လောကကြီး၌ ချမ်းသာခြင်းရှိသဖြင့် ဆင်းရဲခြင်းလည်းရှိရ၏။ ဆင်းရဲခြင်းရှိ၍လည်း ချမ်းသာခြင်း ရှိရ၏။ ဆင်းရဲခြင်း မရှိသော်



www.burmeseclassic.com

www.burmeseclassic.com



အဘယ်အရာကို ချမ်းသာခြင်းဟု ခေါ်ရအံ့နည်း။ ချမ်းသာခြင်းကို ဘယ်ပုံဘယ်သို့ သိနိုင်ပါအံ့နည်း။ ဘယ်ချိန်ခွင်ဖြင့် နှိုင်းယှဉ်ကြပါမည်နည်း။

လောကကြီး၌ ဆင်းရဲခြင်းသက်သက်ဟူ၍ မရှိ။ ချမ်းသာခြင်းသက်သက်ဟူ၍လည်းမရှိ။ ဘယ်နေရာမျိုးမဆို မရှိ။ ဘယ်အခါကမှ မရှိခဲ့။ ဆင်းရဲခြင်းနှင့် ချမ်းသာခြင်းသည် ရောပြွမ်း၍ နေတော့၏။ ဘာဘဲလုပ်လုပ် ဘယ်နေရာကိုဘဲသွားသွား ကြုံရပေလိမ့်မည်။

ဤသို့ ဆင်းရဲခြင်း၊ ချမ်းသာခြင်း ရှိနေပါလျက် ဘယ်တွက် မှုပန်နေရဘိသနည်း။ ပူနေလို့ အဘယ်မှာ အကျိုးရှိပါအံ့နည်း။ အကျိုးယုတ်မည်သာ ရှိတော့အံ့။

ကြိုးစားသူအတွက် ဆင်းရဲဒုက္ခများက ရှောင်ပေးရ၏။ ရှားပေးရ၏။ ဖယ်ပေးရ၏။ ချမ်းသာသုခတို့ ပေါ်ပေါက်လာရ၏။ ထို့ကြောင့် အနည်းငယ် ကြိုးစားသူသည် အနည်းငယ်ကြီးပွား၏၊ ချမ်းသာ၏။ များများကြိုးစားသူသည်၊ များများချမ်းသာ၏၊ ကြီးပွား၏။ အလွန်ကြိုးစားသူသည် အလွန်ချမ်းသာ၏ ကြီးပွား၏၊ ကြိုးစားသလောက် လိုက်၍ချမ်းသာ၏၊ ကြီးပွား၏။

လောကစစ်ပွဲကြီး၌ တွေ့ကြုံဖြစ်ပျက်ရသည့် အခက်အခဲ ဒုက္ခအပေါင်းတို့သည် လူတို့အား နဂိုရှိရင်းစွဲ သတ္တိထက် ပိုမို၍ စွမ်းလာစေ၏။ ပိုမို၍ တတ်ကျွမ်းလာစေ၏။ ပိုမို၍ လိမ္မာလာစေ၏။ အချို့သူတို့ကို– ပျော့၍ သွားစေ၏။ ကလေးပမာ အားပျက်သွားစေ၏။ နလံမထူနိုင်အောင် ယွင်းယိုင်စေ၏။

လူတို့သည် သစ်ပင်ပေါ်၌ သီးနေသော သရက်သီးနှင့်တူ၏။ နေပူသဖြင့်၊ မိုးရွာသဖြင့် အချို့သစ်သီးများသည် မှည့်၍လာကြ





ကုန်၏။ နေပူမိုးရွာသောကြောင့်ပင် အချို့သစ်သီးများမှာ ပုပ်၍ ကြွေကြကုန်၏။ 'အသင် သစ်သီးများ နားထောင်ဘိလော့၊ သင်တို့သည် မှည့်ကြကုန်လော့၊ ကြွေကြကုန်လော့၊ ပုပ်ကြကုန်လော့' ဟူ၍ နေမင်းကလည်းမဆို၊ မိုးမင်းကလည်းမဆို။ နေမင်းကည်း မဆုံးဖြတ်။ မိုးမင်းကလည်း မဆုံးဖြတ်။ 'ဟေ့–မင်းတို့ ဒီလိုဖြစ်ရမယ်။ ဟိုလိုမဖြစ်ရဘူး' ဟူ၍လည်းမဆို၊ သစ်သီးများ၌ရှိသော ပင်ကိုဓါတ်သဘာဝကသာ ဆုံးဖြတ်ရတော့၏။ ဓါတ်သဘောကို လိုက်၍ မှည့်ကြကုန်၏။ ပုပ်ကြကုန်၏။ ကြွေကြကုန်၏။

ထို့အတူ အချို့လူများကို ပိုမိုထက်မြက်လာစေသည်လည်း လောကစစ်ပွဲ၊ ပိုမို ထိုင်းမှိုင်း ဆုတ်ယုတ်စေသည်လည်း လောကစစ်ပွဲပင် ဖြစ်၏။ 'ဟေ့–မင်း ကောင်းလိုက်စမ်း၊ 'ဟေ့–မင်းဆိုးလိုက်စမ်း' ဟူ၍ လောကစစ်ပွဲကြီးက ကောင်းစေသည်၊ ဆိုးစေသည် မဟုတ်။ လောကစစ်ပွဲကြီးက မဆုံးဖြတ်။ မိမိတို့၏ အတွင်းသန္တာန်၌ ရှိကြကုန်သော ပင်ကိုဓါတ်ကလေးများကသာ ဆုံးဖြတ်ကြ၏။ ပင်ကိုဓါတ်ကလေးများက ကောင်းအောင် တိုက်တွန်းလျှင် လိုက်၍ ကောင်းရ၏။ ဆိုးအောင် တိုက်တွန်းလျှင် လိုက်၍ဆိုးရ၏။

ထို့ကြောင့် ဤဓါတ်ကလေးများကို သုတ်သင် ပြုပြင်၍ ကောင်းကောင်းမွေးမြူရန် အရေးကြီး၏။ ကြိုးစား၍ ပြုပြင်ကြပါ။ သုတ်သင်ကြပါ။ ကောင်းကောင်းမွေးမြူကြပါ။

လောကစစ်ပွဲ၌ ကျတိုင်း ကျတိုင်း ထကာ ထကာ ရှေ့ကိုတိုးသောသူကိုသာ အများနှစ်သက်ကြ၏။ သဘောကျကြ၏။ ဤကား သတ္တိရှိသူပင် ဖြစ်တော့၏။ ခဏခဏကျဖူးမှ လောက အကြောင်း ကောင်းကောင်းနားလည်မည်။ ဤသို့ကောင်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



နားလည်မှ ရှေ့သို့တက်တတ်မည်။ လှမ်းတတ်မည်။ ကျမည်ကို မစိုးပါနှင့်။

[ ၃ ]

ဆိုခဲ့သော သတ္တိမျိုးနှင့် ပြည့်စုံသူများကို အမိမြန်မာပြည်ကြီးသည် ယခုအခါ လောလောဆယ်ဆယ် လိုလားအပ်၏။ အထူးလိုလား၏။ ယခုခေတ်သည် ရှေးခေတ်နှင့်မတူ။ အစစအရာရာ ခက်ခဲ၏။ သတ္တိကြောင်၍ သူရဲဘောနည်းသူများသည် နောက်တွင် ကျန်ရစ်ခဲ့ပေလိမ့်မည်။ သတ္တိကောင်းသူများသာ ကြိုးစားသူများသာ ရှေ့သို့တက်ရပေလိမ့်မည်။

ယခုလိုခေတ်ကျပ် ခေတ်ဆိုးကြီးသည် တစ်ကမ္ဘာလုံး၌ ကြာရှည်မနေနိုင်။ မဖြစ်နိုင်။ တစ်သက်လုံးမရှိနိုင်။ တစ်နေ့နေ့ ဆုတ်ခွာရမည်အမှန်ဖြစ်၏။ ယခုအခါ ကျပ်နေသည်၊ ဆိုးနေသည် ကို ခဏကလေး 'တင်း' ခံနေရမည်ဖြစ်သောကြောင့် အထူးပင်ကြိုး စားသင့်ကုန်၏။ ကြိုးစားကြပါကုန်။

မိတ်ဆွေ – သင်၏ လက်ရှိ အလုပ်သည် သင့်အားကျေးဇူးမများသဖြင့် တစ်ခြားသို့ထွက်ခွာသွားမည် ကြံသလား၊ မသွားပါနှင့်။ ထွက်ခွာသွားရမည့်အခါ မဟုတ်။ ကုန်ရှုံး၍ဆိုင်ကို ရောင်းမည်ကြံလျှင် မရောင်းပါနှင့်။ ရောင်းခဲ့သော် မှားလိမ့်မည်။ ဒီလိုအခါမျိုးမှာ ခွဲကောင်းသူသည် အောင်မြင်မြဲဖြစ်၏။

လူတို့သည် လက်ရှိ အလုပ်ကို မနှစ်သက်တတ်ကြ တစ်ခြားအလုပ်ကို မိမိလက်ရှိ အလုပ်ထက် ကောင်းလိမ့်မည်ဟု ထင်ကြ၏။ အထင်ရောက်သည်အတိုင်း တစ်ခြားအလုပ်ကို ပြောင်းသွားသော်လည်း





ထိုတစ်ခြားအလုပ်ကို မနှစ်သက်ဘဲနေပြန်၏။ သို့နှင့် တစ်ပြောင်းတည်းပြောင်း၊ တစ်ရွှေ့တည်း ရွှေ့နေမည်ဆိုပါလျှင် ဘယ်အခါမှ ဆုံးတော့မည် မဟုတ်။ ဆုံးခန်းတိုင်ရောက်အောင် ခဲယဉ်းလှ၏တကား။

မိမိလုပ်ခဲ့သောအလုပ်မှ သိမ်းဆည်းစုဆောင်းထားသည့် ပညာဗဟုသုတ တို့သည် အလုပ်သစ်၌ အသုံးမကျကြောင်း တွေ့တတ်ကြ၏။ အလုပ်အသစ်ကိုစ၍ လုပ်ကာတွင် အလုပ်သစ်အကြောင်းကို အစမှနေ၍ နောက်ထပ် သင်ယူရပြန်၏။

ဤသို့ အစမှ သင်ယူရာမှ တခဏမျှကြာလျှင် ထိုအလုပ်ကိုပင် မနှစ်သက်လာပြန်၍ နောက်အလုပ်တစ်ခု ပြောင်းပြန်၏။ တစ်ခါအစကပြန်၍ သင်ယူနေရပြန်၏။ ဤနည်းဖြင့် အလုပ်သစ် လုပ်လိုက် နောက်တစ်ခါ သင်ရပြန်နှင့်။ ဘယ်အလုပ်၏အကြောင်းကိုမှ ကောင်းကောင်း နားမလည်တော့ပေ။ ကောင်းကောင်း မတတ်နိုင်တော့ပေ။ မိမိလုပ်ခဲ့သရွေ့ အချည်းနှီး အချိန်ကုန်သည်သာ ဖြစ်တော့၏။

ထိုသို့ လက်ရှိအလုပ်ကို မနှစ်သက်၍ ပြောင်းလိုသောစိတ်များ ပေါ်ပေါက်လာလျှင် ချက်ချင်း အလုပ်မပြောင်းသေးဘဲ ကြိုးစားမြဲ ကြိုးစားနေပါ။ တစ်နှစ်လောက် ကြိုးစားကြပါ။ ကြိုးစားပြီးပြီလား။ တစ်နှစ်လောက် ကြိုးစားပြီးသော်လည်း အလုပ်ပြောင်းလိုသေးလျှင် ရွှေ့ပြောင်းပါတော့။ သို့သော် လုံးလုံးလက်မလျှော့ရာ။ အလုပ်နှင့် ဆက်စပ်သရွေ့ကို လက်မလွှတ်ပါစေနှင့်။ လက်မလွှတ်ကြပါနှင့်။ ရှေ့နောက်ကြည့်ကြပါ။

ဘာမှမလုပ်ဘဲ ငုတ်တုတ်ထိုင်နေသည်ထက် အလုပ်တစ်ခုကို လုပ်ခြင်းက ပို၍ကောင်း၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ခဏခဏအလုပ်ပြောင်း လိုသော စိတ်ပေါ်လာခြင်းသည် ကြီးပွားလို၍ မဟုတ်၊ ပျင်းရိခြင်း၊ မဟုတ်သည့်နေရာမှာ မကျေမချမ်းဖြစ်ခြင်းတို့မှ ဖြစ်ပေါ်လာ၏။ ဤစိတ်သည် စိတ်ကောင်း မဟုတ်၊ စိတ်ရူးဖြစ်၏။ ခွန်အားမဟုတ်၊ အားပျော့ခြင်းမျှဖြစ်၏။ ဤစိတ်ကို နှိမ်နင်းစေရမည်။ လူတိုင်း၌ ထိုသို့စိတ်များပေါ်ပေါက်မှုး၏။ ကြီးပွားလိုသူကား ဤ စိတ်ကို မနိုင် နိုင်အောင် ဆုံးမကြ၏။ လွှမ်းမိုးကြ၏။

အလုပ် တစ်ခုခုကို ရွှေ့ပြောင်းမည်ဟု စိတ်ကူးခဲ့သော် ထိုအလုပ်ကို တစ်ပိုင်းတစ်စနှင့် လက်စမသတ်ဘဲ ဘယ်တော့မှ ခွာမသွားလေနှင့်။ အလုပ်မှ ထွက်လို ပြောင်းလိုသော် ထိုအလုပ်ကို ဖိဖိစီးစီး နိုင်နိုင်နင်းနင်း ထမြောက်အောင်မြင်အောင် ကြိုးစား၍ လုပ်လိုက်ပါ။လုပ်ပြီးမှထွက်ပါ၊ ပြောင်းပါ၊ ရွှေ့ပါ၊ ဤနည်းကား အကောင်းဆုံးဖြစ်၏။

ဤသို့အလုပ်ကို သေသေချာချာလုပ်ပြီးမှ နားလည်ပြီးမှ ထွက်မည်ဆိုသော် မိမိ၌လည်း၊ ပညာဉာဏ်တိုးပွားလာ၏။အဆင်ခြင် အတိုင်းအထွာ ဉာဏ်လည်းကဲမောက်လာ၏။ အစွမ်းသတ္တိလည်း ပိုမို ပြည့်စုံလာ၏။ စင်စစ် အလုပ်ကို ကြိုးကြိုးစားလုပ်ပြီး၊ အလုပ်ရှင် ဝနေသူတို့သည် မိမိလုပ်နေသောအလုပ် ကောင်းမှန်းသိလာသဖြင့် အလုပ်ဟောင်းမှ (များသောအားဖြင့်) ထွက်ဖြစ်ကြတော့မည်မဟုတ်။

ဆုံးရှုံးနေသဖြင့် လက်မလျှော့ပါနှင့်။ ဘယ်တော့မှ လက်မလျှော့ပါနှင့်။ တစ်သီတင်းတန်သည်၊ နှစ်သီးတင်းတန်သည် တစ်နှစ်တန်သည် အောင်မြင်ထမြောက်အောင် ကြိုးစားပါ။ မိမိ၏အလုပ်သည်





အောင်မြင်ရန် လမ်းကြောင်းရှိသေးပါလျက်၊ ပစ်ပစ်ခါခါ လက်လျှော့သည်မှာ အလျဉ်းမသင့်။ သူရဲဘောနည်းသော လူဖျင်း လူပျင်းတို့၏ အလုပ်သာ ဖြစ်တော့၏။

[ ၄ ]

တစ်ခါတစ်ရံ မဖြစ်နိုင်သောအရာတို့ကို မျက်စိမှိတ်၍ လုပ်ရတတ်၏။ ဤသို့ မဖြစ်နိုင်သည့်အရာများကို လူတိုင်းလိုပင် တစ်ခါတစ်ရံလုပ်ရ၏။ ရေးကြီးခွင်ကျယ် ကြုံလာလျှင် မဖြစ်နိုင်သည်ကိုပင် ဖြစ်အောင် ကြိုးစားရ၏။ အထူးကြိုးစားရ၏။ ကြိုးစားသဖြင့် မဖြစ်နိုင်သည်တို့မှာ ဖြစ်ရတော့၏ ကြိုးစား၍ အောင်မြင်ကြ၏။

အောင်မြင်ကြီးပွားနေသောသူများ၊ အမျိုးမျိုး အစားစား မြောက်မြားစွာရှိ၏။ တစ်ခြားလူများ လုပ်၍ဖြစ်ပါလျက် မိတ်ဆွေတို့၊ ကျွန်ုပ်တို့ကော ဘာကြောင့် ဖြစ်အောင်မလုပ်နိုင်သလဲ။ လူလူချင်း ခေါင်းတစ်လုံးစီ၊ ခြေနှစ်ချောင်းစီ၊ လက်နှစ်ဘက်စီ အရှိချင်းတူပါလျက် 'ကျွန်တော် မတတ်နိုင်တော့ဘူး' ဟု လက်လျှော့သွားမည်ဆိုလျှင် သင့်တော်မည်လား။ စဉ်းစားဆင်ခြင်ကြည့်ကြစမ်းပါ မိတ်ဆွေတို့။

'မဖြစ်နိုင်တာကို ဘယ်လိုဖြစ်အောင် လုပ်ရမလဲ' ဟု စောဒကတက်ရာရှိ၏။ သို့သော် ကျွန်တော် ဖတ်ဖူးသောအောက်ပါ ပုံတိုကလေးကို ထောက်ရှုသဖြင့် စောဒကတက်စရာ လိုတော့မည်မထင်။

## မိကျောင်းနှင့်လိပ်

လိပ်ကလေးတကောင်သည် ကမ်းအနီး ရေစပ်၌ ကျက်စားနေရာ မိကျောင်းတစ်ကောင် အိပ်ပျော်နေသည်ကို တွေ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



လိပ်ကလေးသည် အရဲစွန့်၍ မိကျောင်း၏ အမြီးမှ လျှောက်လျက် ကိုယ်ပေါ်သို့ရောက်သည့်တိုင်အောင် တက်လေ၏။

မိကျောင်းကြီးလည်း ပါးစပ်ကြီးကိုဟ၍ အိပ်နေရာ လိပ်ကလေးလည်း လျှောက်ရင်းလျှောက်ရင်း ပါးစပ်နားသို့ကပ်၍ ကပ်၍ လာလေ၏။ ပါးစပ်ပေါ်မှကျော်၍ သွားလေ၏။

လိပ်ကလေးသည် ဤမျှနှင့် တင်းမတိမ်သေး။ မိကျောင်း၏ ပါးစပ်သည် 'ဘယ်လိုနေပါလိမ့်'ဟု သိလိုဇောဖြင့် ပါးစပ်တွင်းသို့ ဝင်ရောက်ကြည့်လေ၏။ ထိုခဏ၌ မိကျောင်းလည်းပါးစပ်ကို ပိတ်လိုက်လေ၏။

မိကျောင်းက ပါးစပ်ပိတ်လိုက်သည်နှင့် တစ်ပြိုင်နက် ပါးစပ်နှစ်ခု မစေ့မီစပ်ကြား လိပ်ကလေးသည် ခုန်၍ထွက်သွားလေ၏။ မိကျောင်းလည်း အမျက်ခြောင်းခြောင်းထွက်၍ နောက်ကလိုက်လေ၏။ ထိုအခါ လိပ်ကလေးသည် အနီးရှိ သစ်ပင်ပေါ်သို့ တက်ပြေးသဖြင့် လွတ်သွားလေ၏။

ဤပုံတိုကလေးကို နားထောင်နေသော သားငယ်က ပုံပြောနေသော ဘခင်အား 'ဖေဖေ – လိပ်ဟာ ခုန်တတ်ပါဘူး၊ ခုန်တတ်သလား – ဖေဖေ' ဟု မေးသော် အဖေလုပ်သူက 'ငါ့သား လိပ်ဟာ ဘယ်တုန်းက ခုန်တတ်ရမှာလဲ၊ မခုန်တတ်ဘူး။ ဒါပေမယ့် မိကျောင်းပါးစပ်တွင်းက လွတ်အောင်ခုန်မှသာ ဖြစ်မှာကိုသိလို့ မဖြစ်ဖြစ်အောင် ခုန်ရတယ်ကွဲ့' ဟု ပြန်ပြော၏။

ထိုအခါသားက 'နို့နေပါအုံးဖေဖေ သစ်ပင်ကိုတော့ ဘယ်လိုတက်တာလဲ၊ လိပ်ကလေးမတက်နိုင်တာ – ဖေဖေကလဲ' ဟု ထပ်မံမေးပြန်လေ၏။ 'ငါ့သား – ပြောတာမှန်တယ်ကွဲ့၊ ဒါပေမယ့်





လိပ်ကလေးမှာ မိကျောင်းပါးစပ်ထဲက လွတ်ပြီး သစ်ပင်ပေါ်ကိုမှ တက် မပြေးရင် အသက်ရှင်တော့မှာမဟုတ်ဘူးကွဲ့၊ ဒါကြောင့် မဖြစ်ဖြစ်အောင် တက်ရတာပေါ့ကွာ၊ နားလည်လား' ဟူ၍ ပြောလေ၏။

ဤနည်းတူ ကျွန်ုပ်တို့လည်း မဖြစ်နိုင်သော ခက်ခက်ခဲခဲတို့နှင့် ကြုံလသောအခါ၊ မဖြစ် ဖြစ်လေအောင် လုပ်ရပေလိမ့်မည်။ သို့မှသာ ဖြစ်နိုင်တော့မည်၊ 'မဖြစ်နိုင်တာ' လုပ်နေလျှင် လိပ်ကလေးကဲ့သို့ ချမ်းသာရာရတော့မည် မဟုတ်တော့ပေ။

ကြီးပွားလိုသူတိုင်း မဖြစ်နိုင်သည့်အရာများကို ဖြစ်နိုင်အောင် လုပ်၍သာ ကြီးပွားကြကုန်၏။ အကယ်၍လောကကြီးတွင် ဖြစ်နိုင်သောအရာများသာ ရှိနေခဲ့ပါမူ လူတိုင်းလူတိုင်း အားမစိုက်ဘဲ ကြီးပွားသွားကြလျှင် တကယ် ကြီးပွားခြင်း၊ တစ်ကယ် အောင်မြင်ခြင်းတို့၏ နက်နက်နဲနဲ အဓိပ္ပါယ်များ ရှိတော့မည်မဟုတ်။ အရသာရှိတော့မည်မဟုတ်။ မြိန်ရည်ရှက်ရည်ရှိတော့မည်မဟုတ်။

နာမည်ကျော် နပိုလီယံဘုရင်ကြီးကလည်း 'မဖြစ်နိုင်'ဟူသော စကားသည် လူမိုက်တို့သာ သုံးသည်ဟု ပြောထားခဲ့ဖူး၏။ ၎င်းပုဂ္ဂိုလ်ကြီးသည် မဖြစ်နိုင်သည်တို့ကို မြောက်မြားစွာ လုပ်ပြခဲ့သဖြင့် ကမ္ဘာကျော် ဘုရင်ဖြစ်တော့၏။

ကော်လန်ဘတ်ခေါ် ပုဂ္ဂိုလ်ကျော်သည် အမေရိကန်ပြည်ကို လိုက်၍ ရှာသောအခါ လူတိုင်းက 'မဖြစ်နိုင်တာကွာ' ဟု ပြောကြ၏။ သို့သော် ဇွဲကောင်းကောင်းနှင့် ကြိုးစားခဲ့၍ အမေရိကန်ပြည်ကြီးကို တွေ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုပုဂ္ဂိုလ်ကြီး ပြန်လာသောအခါ တခြားလူများက ဤသို့ အမေရိကန်ပြည်ကို ရှာဖွေရခြင်းသည် ခဲခဲယဉ်းယဉ်းမဟုတ် 'လွယ်လွယ်ကလေးပါ' ဟုပြောဆိုကြပြန်၏။ ထိုအခါကော်လန်ဘတ်က ဥတစ်လုံးကိုယူ၍ 'ထိုဥကို ထောင်နိုင်သူရှိပါသလား' ဟုမေးလေ၏။ ဘယ်သူမှ မစွမ်းနိုင်ကြောင်း ပြောလေ၏။

ကော်လန်ဘက်က ဥကိုအောက်က ဖေါက်လိုက်ပြီးစားပွဲပေါ်သို့တင်၍ ထောင်ပြလေ၏။ လူအများက 'ဒီလိုဖြင့် အလွယ်ကလေးပဲ၊ လူတိုင်းလုပ်နိုင်တာပဲ'ဟု ပြောဆိုကြ၏။

ကော်လန်ဘတ်က 'လူတို့ဟာ ရှေ့က မလုပ်ဘူးသေးတဲ့အရာများကို ဒီလို မဖြစ်နိုင်တာကွာ၊ ရှူးလို့ပြောနေတာပါ' ဟုပြောဆိုတတ်ကြတယ်။ အဲ – ဒီလို၊ မဖြစ်နိုင်တာ တစ်ခုခုကို ဖြစ်အောင်လုပ်ပြလိုက်ရင် လွယ်လွယ်ကလေးပဲ ဘာခက်သလဲ၊ ဒို့တောင် လုပ်နိုင်ပါတယ် ဆိုသူကမရှား၊ အတုလိုက်ခိုးသူက မရှားကြဘူး' ဟူ၍ ပြန်ပြောလေ၏။

လောကကြီး၌၊ မဖြစ်နိုင်ပါဘူး' ဟု ပြောသူ ပေါများလှ၏။ မဖြစ်နိုင်သည်ကို ဖြစ်အောင် ကြိုးစားပြုလုပ်သူကား ရှားလှ၏။ လူတို့သည် လေထဲပျံနိုင်လိမ့်မယ်'ဟု ဘယ်လူပြောဖူးသလဲ။ သို့သော်ယခုအခါ လေကြောင်းခရီး ပေါက်နေသည်တို့ကို ကျွန်ုပ်တို့မျက်မြင်ပင် ဖြစ်တော့၏။ ဤနည်းတူ မဖြစ်နိုင်သောအရာများ ဖြစ်နေသည်မှာ အမြောက်အမြားပင်ရှိကုန်၏။

'မဖြစ်နိုင်' ဟု ပြောသူများမှာ သာမန်လူစားမျှသာဖြစ်တော့၏။ တကယ့်လူ ဘာလဲဟဲ့ လောကခံဟု အန်ခဲပြီး ကြိုးစားသော လူစားမျိုးမှာ 'မဖြစ်နိုင်' သည်ကိုဖြစ်မြောက်အောင်သာ ကြိုးစားပြုလုပ်ကြ၏။ ကြိုးစားသဖြင့် ဖြစ်ကြကုန်၏။ 'ငါသည် ဘယ်အစားထဲကပါလဲ' ဟု မိတ်ဆွေကိုယ်ကို မိတ်ဆွေကိုယ်တိုင် အသိဆုံးဖြစ်တော့၏။





လူတို့သည် ပင်ကိုအစွမ်းရှိသလောက် အားကုန်အသုံးချသူနည်းလှ၏။ အလွန်ရှားလှ၏၊ မရှိသလောက်ပင်။

မိမိကိုယ်ကို မိမိ 'လူမမာကြီး' တစ်ယောက်ထင်လျက် မထနိုင်သောသူများသည် ပဲခူးမြို့ လျှောင်ကြီး လျှပ်သောအခါ လူကောင်းထက် လျင်မြန်စွာ ထပြေးသည်ကိုလည်း ကြားဖူးပါ၏။

မီးလောင်သောအခါဖြစ်စေ အရေးတစ်ခုခု ကြုံလာသောအခါ လူတို့သည် ခါတိုင်းမနိုင်သော အလေးကြီးကိုပင် သယ်ခြင်းငှာ စွမ်းကြကုန်၏။ ကိစ္စ အကုန်အေးသွားသောအခါ မိမိ မ,ပြီးသောဝန်ကို အားကောင်းသောသူ လေးငါးယောက်ပြန်၍ မကြရ၏။ တစ်ယောက်တည်း ပြန်၍ မ,ရန်ဝေးစွ။

ဤကဲ့သို့ ဘယ်အတွက် မနိုင်ပါသနည်း။ မိမိပင်ကို၌ ထိုအားမရှိခဲ့ပါမူ ဘယ်လိုပင်အရေးကြုံကြုံ ဘယ်လိုပင် မ, မ၊ ရတော့မည်မဟုတ်။ နဂိုက အားရှိလို့သာ မ နိုင်ကြကုန်၏။ ထိုလျှို့ဝှက်စွာနေသောအားသည် အရေးကြုံမှ အလိုလိုထွက်လာ၏။ ဘု မသိ၊ ဘာ မသိသုံးလိုက်၏။

ထို့အတူ အလုပ် တာဝန်များကို ဆောင်ရွက်ရာ၌ အစွမ်းကုန်အားကုန်အသုံးမပြုဘဲ 'ဒီအလုပ်မဖြစ်နိုင်'ဟု ထင်ကြ၏။ စင်စစ်လောကကြီးတွင် မဖြစ်နိုင်သည့် အရာဟူ၍မရှိ။ ကြိုးစားက ဖြစ်နိုင်သည်သာ။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်တစ်ခုသည် 'မဖြစ်နိုင်' ဆိုသည်မှာ စိတ်ဓာတ်ကြောင့်ပင်ဖြစ်၏။ စိတ်က ဖြစ်နိုင်သည်ဟု တင်း၍ ကြိုးစားက ဖြစ်၏။ မဖြစ်နိုင်ဟု စိတ်ပျော့နေလျှင် ကြိုးစားပါသော်လည်း မဖြစ်။ ထို့ကြောင့် အောင်မြင်လိုသော ကြီးပွားလိုသော ဖွဲသတ္တိ (စိတ်သတ္တိကလေး)သည် ခွန်အားထက် ပိုမို၍ အဖိုးထိုက်တန်၏။

စိတ်ဓာတ် အရေးကြီးကြောင်းကို လက်ဝှေ့ပွဲများ၌ မကြာခဏတွေ့ရ၏။ အညတြလက်ဝှေ့ သမားတစ်ယောက်သည် တံခွန်စိုက်ချန်ပီယံနှင့် ယှဉ်ပြိုင် ထိုးကြိတ်နေ၏။ လူပရိတ်သတ်ကလည်း ချန်ပီယံကိုသာ ဝိုင်း၍ အားပေးကြကုန်၏။ လက်ဝှေ့သမားကလေးမှာ 'ဖိ'၍ ထိုးခြင်းကို ခံနေရတော့၏။

ဤနည်းဖြင့် အထိုးအကြိတ်ခံနေရာ လေးငါးပွဲ ပြီးသွား၏။ ထိုအခါ လက်ဝှေ့သမားကလေးကို အားပေးသူ တစ်ယောက်က အနားသွား၍ 'နောက်တစ်ပွဲဟာ မင့်ပွဲကွဲ့၊ အနိုင်ရအောင်သာ ထိုး၊ မင်းမှာလဲ လက်နှစ်ချောင်းရှိတယ် မဟုတ်လား၊ တွယ်လိုက်စမ်း' ဟု အားပေးစကား ပြောကြားလေ၏။

ဖြုန်းဆို 'မင်းမှာလဲ လက်နှစ်ချောင်းရှိတယ် မဟုတ်လား' ဟူသော စကားသည် လက်ဝှေ့သမားကလေးအား လှိုက်လှိုက်လှဲလှဲ ထူးခြားစေ၏။ ၎င်း၏စိတ်တွင်းသို့ ထိုစကား၏ အဓိပ္ပါယ်သည် ရှိုးတွင်းချဉ်ဆီခိုက်အောင် ရောက်သွား၏။

နောက်ပွဲတွင် နာမည်ကျော် ချန်ပီယံကြီးကို လားလားမျှ မကြောက်တော့ဘဲ အတွင်သာ ထိုးလေ၏။ ကြည့်ရှုသူ ပရိသတ်မှာ အံ့သြကြကုန်၏။ ချန်ပီယံကြီးမှာ ၎င်း၏အတွယ်ကို ကြာရှည်စွာ





ဒဏ်မခံနိုင်တော့ပဲ လဲသွားလေ၏။ အရှုံးပေးလိုက်ရ၏။

ဤလောကကြီးသည်လည်း လက်ဝှေ့ပွဲနှင့် တူလှ၏၊ တရှုံးတည်းရှုံးနေသော်လည်း အောင်မြင်ခြင်းငှာ ဖြစ်နိုင်၏။ စိတ်ပျက်ဖွယ် အခက်အခဲများ တတွေ့တည်း တွေ့နေငြားသော်လည်း ကြီးပွားတိုးတက်နိုင်၏။ သို့ ယုံယုံကြည်ကြည်နှင့် ကြိုးစားကြသူ အပေါင်းသည် ကမ္ဘာကျော် ပုဂ္ဂိုလ်ကြီးများ ဖြစ်သွားကြ၏။

ကုန်ကူးသန်းရောင်းဝယ်ရေး၌လည်း ဤသို့သဘောထားရာ၏။ လူတို့သည် အနည်းငယ် ဆုံးရှုံးပါက လက်လျှော့တတ်ကြ၏။ မိမိတို့နှင့် ပြိုင်ဆိုင်၍ရောင်းသည့် ဆိုင်ကြီးများကို ကြောက်ကြ၏။ ထမင်းလုတ်လုဘက်တို့ကို လန့်ကြ၏။

အကြောင်းမဲ့ ကြောက်မနေပါနှင့်၊ လန့်မနေပါနှင့်။ ထိုသူများ၌လည်း လက်နှစ်ဖက်၊ ခေါင်းတစ်လုံးသာရှိ၏။ မိတ်ဆွေ၌လည်း လက်နှစ်ဖက် ခေါင်းတစ်လုံးရှိရဲ့ မဟုတ်လား။ ၎င်းတို့မှာ လက်သုံးဖက် ခေါင်းနှစ်ခေါင်းများရှိလို့ ကြောက်နေသလား၊ မကြောက်ပါနှင့်။ ကြောက်စရာမရှိပါဘူး။ ကြိုးစားပါ၊ ရှေ့တက်ပါ၊ အားတင်းပါ။

[ ၅ ]

နောက် ကြီးပွားလိုသူတိုင်း သိဖို့လိုသေး၏။ အလုပ် တစ်ခုခုကို ဘယ်လိုစ၍ လုပ်သလဲ၊ ဘယ်လိုလုပ်၍ အဆုံးသတ်သလဲ။ စပုံထက် အဆုံးသတ်ပုံက အရေးကြီးလှ၏။ ပန်းပြေးပွဲ၌ အစကောင်းသူသည် တစ်ခြားလူများထက် တပန်းသာ၏။ သို့သော် ကြိုးစား၍ ဖွဲကောင်းသောသူသည် နောက်မှကျော်၍ တက်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အစကောင်းသော်လည်း ပန်းဝင်ကောင်းမှသာ အောင်ပန်းဆွတ်လှမ်းနိုင်၏။ အောင်မြင်နိုင်၏။ အစလည်းကောင်း ပန်းဝင်လည်းကောင်းလျှင် ပြောစရာမရှိအောင် ကောင်းတော့၏။ အစမကောင်းသော်လည်း ပန်းဝင်ကောင်းနိုင်သေး၏။ အဆုံးပန်းဝင် မကောင်းဘဲ အစသာကောင်းနေလျှင် ပန်းတိုင် ဆွတ်ခူးနိုင်မည်မဟုတ်။ ပန်းပွဲ၌ အချည်းအနှီးပင်။

မိတ်ဆွေ…သင်သည် လောက စစ်ပွဲကြီး၌ ကျရှုံးနေပါသလား၊ စိတ်မပျက်ပါနှင့်။ ဆက်လက်ကြိုးစားပါ။ ဖွဲကောင်းကောင်းနှင့် ကြိုးစားသူသည် အစမကောင်းသော်လည်း ပန်းဝင်ကောင်းနိုင်သေး၏။ တနေ့နေ့ အမှန်အောင်မြင်ရမည်မလွဲ။

အချို့လူများသည် ကုန်တင် လှည်းဆွဲသော မြင်းနှင့်တူကြ၏။ ကုန်တင်လှည်းဆွဲသော မြင်းတို့သည် ခြေမကုန်မချင်းဆွဲ၏။ သွား၏။ ခြေကုန်သောအခါ အားလျှော့ပြီး ရှေ့သို့မတတ်ကြကုန်။ ပြိုင်မြင်းများမှာ ထိုသို့မဟုတ်ဘဲ မသွားနိုင် မပြေးနိုင်သည့်တိုင်အောင် ပြေးလိုက်သေး၏။ သွားလိုက်သေး၏။ ခြေကုန်၍ အစွမ်းကုန်သောအခါ ရှေ့သို့အနည်းဆုံးတစ်လှမ်း တက်ပြီးမှလဲ၏။ ဤတစ်လှမ်းသည် စင်စစ် အလွန်တာသွား၏။ သတ္တိပြသော အလှမ်းဖြစ်၏။

တောင်အာဖရိကတိုက်၌ ရွှေတွင်း တစ်တွင်းရှိ၏။ ထိုရွှေတွင်းကို ရှေ့ဦးစွာတူးသော သူသည် ပေနှစ်ရာကျော်လောက် တူး၏။ ရွှေမတွေ့သဖြင့် ဆက်လက်မတူးဘဲ စိတ်ပျက်ပျက်နှင့် ဈေးပေါပေါ ပေး၍ ရောင်းလိုက်၏။

နောက်ထပ်ဝယ်သူသည် ၆ လက်မလောက်သာ ဆက်၍ တူးလိုက်သည်နှင့် တစ်ပြိုင်နက် ရွှေတွေ့လျက် သူဌေးဖြစ်၏။





ဤကို ထောက်သဖြင့် ရှေ့ကို တစ်လှမ်းတိုးခြင်းသည် ဘယ်ကလောက်တာ သွားကြောင်းကို သိနိုင်ပေ၏။ ၆ လက်မမျှ ဆက်လက်တူးခဲ့လျှင် သူဌေးဖြစ်နိုင်ပါလျက် စိတ်ပျက်အားလျော့လိုက်သဖြင့် မွဲရသောသူ ကို သတိမူသင့်ပေ၏။

ဘယ်အလုပ်မျိုး၌ မဆို ပြီးခါနီး အောင်မြင်ခါနီး ပန်းဝင်ခါနီးကျမှ လက်လျော့ကြကုန်သော သူတို့သာ များကြ၏။ ရှေ့သို့နည်းနည်းကလေးဆက်လုပ်လျှင် ဖြစ်မြောက် အောင်မြင်နိုင်ပါလျက် စိတ်ပျက်လက်လျှော့သဖြင့် အရှုံးကြီးရှုံးကြရကုန်၏။

ထို့ကြောင့် ဘယ်အလုပ်မဆို လက်မလျှော့ဘဲ ဖွဲကောင်းကောင်းနှင့် ဆက်လက်ကြိုးစား၍ လုပ်မြဲလုပ်ဖို့သင့်၏။ ဒီတနည်းသဘောမကျလျှင် ဟိုတနည်း။ ဟိုတနည်းသဘောမကျလျှင် ဒီတနည်း။ ဟိုနည်းဒီနည်း အမျိုးမျိုးပြောင်းလိုက ပြောင်းနိုင်ပါ၏။ သို့သော် ရည်ရွယ်ချက်ကို မပြောင်းပါနှင့်၊ ရည်ရွယ်ချက်တစ်ခုခုကို ထား၍ တည်တည်တံ့တံ့ ကြိုးစားကြပါ။

ဤသို့ ဖွဲကောင်းကောင်းကြိုးစားသူသည် သူဌေးကြီး ဟင်နရီဖို့ဒ်လို ဌေးချင်မှ ဌေးမည်၊ နာမည်ကြီး စာရေးဆရာကြီးဖြစ်ချင်မှဖြစ်မည်၊ သို့သော် အနည်းနှင့်အများ ဘာဘဲဖြစ်ဖြစ် ဖြစ်ရမည်။ ကြိုးစားသလောက် အကျိုးခံစားရပေမည်။

ကြိုးစားတိုင်း မခံစားရသူသည် ဖွဲမကောင်းသောကြောင့် ဖြစ်၏။ 'ငုပ်မိသဲတိုင် တက်နိုင် ဖျားရောက်' ဟူသောစကားကို သတိမရကြ၍ ဖြစ်ရမည်၊ အကယ်၍ ကုန်းတိုက်တိုက် ကမ်းတိုက်တိုက် ကြိုးစားမြဲ ကြိုးစားလျှင် အဖျားသို့မရောက်နှင့်ဦး အဖျားနှင့် နီးသည်ထက် နီးလာပေလိမ့်မည်၊ သဲတိုင်သို့မရောက်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



သဲနှင့်နီးသည်ထက် နီးလာပေလိမ့်မည်။

'သတ္တိကိုသေကာမှ လျှော့ရာ၏'။ သေကာမှ လျှော့ရမည်။ မသေမချင်း လုံ့လဥဿာဟကို ရှေ့ထားပြီး ဖွဲကောင်းကောင်းကြိုးစားရမည်။ သို့မှ ယောကျ်ားကောင်း မိန်းမကောင်း ပီသပေမည်။

ဖွဲကောင်းသူသည် သူဌေးသားလည်း ဖြစ်တန်ရာ၏။ ထမင်းနပ်စေ့အောင် -မစားနိုင်သော လူဆင်းရဲငမွဲလည်း ဖြစ်တန်ရာ၏။ ကောလိပ်ကျောင်းသားလည်း ဖြစ်တန်ရာ၏။ ခေတ်ဆန်သူလည်း ဖြစ်တန်ရာ၏။ စာပေမသင်ရဘဲ ဗဟုသုတ အကြားအမြင်များသူ တစ်ဦးလည်း ဖြစ်တန်ရာ၏။

သို့သော် ဤသူသည် တစ်နေ့နေ့အမှန်ကြီးပွားရမည်။ အမှန်တိုးတက်ရမည်။ ဤလူစားကို ကမ္ဘာကြီးပေါ်၌ လိုလားအပ်၏။ တောင့်တအပ်၏။ တနေ့တခြား ကောင်းသည်ထက် ကောင်းလာရ၏ ထို့ကြောင့် ဖွဲကောင်းသူများကို လူတိုင်းကြည်ညိုကြ၏။ မြတ်နိုးကြ၏။ ချစ်ခင်ကြ၏။

[ ၆ ]

အခါတပါး လူတစ်ယောက်သည် ဆိုင်တစ်ဆိုင်သို့ ဝင်၍ ဦးထုပ်ဟောင်းကို အိတ်ထဲထည့်ကာ ဦးထုပ်သစ်ကိုဆောင်းလျက် အပြင်သို့ထွက်လာ၏။ ထိုအခါ လေသည် ပြင်းထန်စွာ တိုက်ခိုက်၍ မိုးလည်းရွာလေ၏။ ဦးထုပ်သစ်သည် ခေါင်းမှ ကျွတ်သွားသဖြင့် လိုက်ဖမ်း၍လည်းမရလိုက်။ မြောင်းထဲသို့ ကျသွားလေ၏။ ဦးထုပ်သစ်ကလေး ဝယ် ဝယ်လာခြင်း ဆုံးရလေပြီ။ နှမြောစရာကောင်းလှ၏။





ထိုသူကား မတုန်လှုပ်။ မနှမြော။ ဖြစ်ရလေခြင်း မရှိ။ ညည်း၍မနေ။ ဝမ်းလည်းမနည်း။ လမ်းလာသူ အပေါင်းကိုလည်း မိမိကံဆိုးကြောင်းမပြော။ ဦးထုပ်ဟောင်းကို အိတ်ထဲမှ ယူဆောင်၍ သွားမြဲတိုင်း သွားလေတော့၏။

ဤလူစားမျိုးကား ကြီးပွားတတ်၏။ တိုးတက်တတ်၏။ အရှုံးတွေ့လျှင် စိတ်မဆင်းရဲ။ ပူပန်ခြင်းမရှိ။ နောင်တရခြင်းမရှိ။ "ဖြစ်ရလေခြင်း" မဖြစ်။ အလကား စိတ်ဆင်းရဲခံပြီး အချိန်ကုန်မခံ။ ဤလူစားမျိုးကို ယခုအခါ မြန်မာပြည်၌ အလွန်လို၏။

သို့ဖြစ်သောကြောင့် ဘာဘဲဖြစ်ဖြစ် ဘယ်လိုကံဆိုးဆိုး လုပ်မြဲ အလုပ်ကိုသာ ဆက်လက် ကြိုးစား၍ ဖွဲသန်သန် လုပ်ကြပါ။

မရပ်ဘဲကြိုးစားမြဲ ကြိုးစားသူသည် ရှေ့သို့တိုးတက်ရန် အရိုန်ကောင်းကောင်းရ၏။ အရှိန်ရဖို့ အလွန်လို၏။ အရှိန်သည် အလွန်အဖိုးတန်၏။ အသုံးပြုတတ်က အလွန်ခရီးရောက်၏။

ဖယောင်းသည် ပျဉ်ချပ်ထက် အလွန်ပိုမို၍ ပျော့ပျောင်း၏။ သို့သော် ဖယောင်းကို ခဲအစား ယမ်းတောင့်လုပ်၍ သေနတ်ထဲထည့်ခါ အရှိန်ပြင်းစွာ ပစ်ပါက ပျဉ်ချပ်ကို ဖောက်ထွင်းနိုင်၏။ ဖယောင်းသည် နဂိုမာ၍ ပျဉ်ချပ်ကို ဖောက်နိုင်သည်မဟုတ်။ အရှိန်ကြောင့်ပင် ဖြစ်၏။

ထို့အတူ မိတ်ဆွေ၌ ခွန်အားပင် မရှိသြားသော်လည်း အလုပ်ကို အရှိန်မပြတ်အောင် ရပ်မထားဘဲ တရှိန်တည်း ကြိုးစားမြဲလုပ်ပါ။ ကြိုးစားမြဲ ကြိုးစားပါ။ အရှိန်နည်းလျှင် သံမဏိ စိန်ခဲပင်ဖြစ်လင့်ကစား ပါးလွှာသော ပျဉ်ချပ်ကလေးကို မဖောက်ထွင်းနိုင်သကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို လိမ္မာကျွမ်းကျင်သောသူ ဖြစ်နေဦးတော့၊ အရှိန်မရှိက အလုပ်အောင်မြင်အောင် မတတ်နိုင်။ မလုပ်နိုင်။ အပြီးတိုင် ဆုံးအောင် မစွမ်းနိုင်။ ဘယ်လိုပင် မလိမ္မာမကျွမ်းကျင် စေနှင့်ဦး။ အမြဲကြိုးစား၍ အလုပ်ရှိန် ရှိသူသည် ဖယောင်းသည် ပျဉ်ချပ်ကို ဖေါက်ထွင်းနိုင်သကဲ့သို့ မည်သည့်အခက်အခဲမဆို ထိုးဖောက်အောင်မြင် ကြီးပွားနိုင်၏။ တိုးတက်ချမ်းသာနိုင်၏။

မိတ်ဆွေ သင့်၌ ခွန်အားနည်းလေလေ အရှိန်ရအောင် မြန်နိုင်သလောက် မြန်မြန်ကြိုးစားပါ။ ကြိုးစားမြဲ ကြိုးစားပါ။ အရှိန်သည် ခွန်အားထက် ပိုမိုထက်သန်၏။

အရှိန်မပျက် တရှိန်တည်း အလုပ်ကို လုပ်မြဲလုပ်ဖို့သည်းခံခြင်း တရားအလွန်လို၏။ သည်းခံခြင်းဆိုရာ၌ တစ်ဦးနှင့်တစ်ဦး ခိုက်ရန်ဖြစ်မှ ပြန်၍ မခုခံဘဲ ငုံ့ခံနေသည်ကိုမဆို။ ဟုတ်လည်းမဟုတ်။ အစစအရာရာတွင် စိတ်ရှည်ရှည်ထားခြင်းသည် သည်းခံခြင်း ဖြစ်၏ စင်စစ် ဖွဲသည် သည်းခံခြင်းဖြစ်၏။ သည်းခံခြင်းသည် ဖွဲပင်ဖြစ်တော့၏။

လူငယ်တိုင်း လျင်မြန်၏။ လူကြီးတိုင်းပင် နှေး၏။ လူငယ်များသည် ဘယ်အရာမျိုးမဆို ရှုးရှုးဒိုင်းဒိုင်း လုပ်လို၏။ အဆောတလျင် အလိုရှိတတ်၏။ သည်းမခံတတ်။ ထို့ကြောင့် ပျက်စီးခြင်းများကြကုန်၏။ လူကြီးတို့သည် သည်းခံတတ်သဖြင့် ပျက်စီးစေကာမူ အလွန်အကျွံ မဖြစ်။

ဗြုန်းဗြုန်းဒိုင်းဒိုင်း လုပ်ခြင်းနှင့် စိတ်ရှည်ရှည် သည်းညည်းခံခြင်းသည် ,ဘယ်အရာက ပို၍ကောင်းပါသနည်း။ ဗြုန်းဒိုင်းလုပ်သူသည် တခဏသာလုပ်၏။ ဖြစ်ဖြစ် မဖြစ်ဖြစ် တစ်ချက်ကောင်း





လောက်သာ လုတ်တတ်၏။ ဖွဲမရှိ။ သည်းခံတတ်သူကား ဖွဲကောင်း၏ သည်းခံ၍ ကြိုးစားမြဲဆက်လက် ကြိုးစားပြုလုပ်၏။

သို့သော် ယခုအခါ၌ နှစ်ခုစလုံး အလိုရှိအပ်၏။ မြန်လည်းမြန်ရမည်။ 'ချက်' ဆို နားခွက်က မီးတောက်ရမည်။ သည်းလည်းခံတတ်ရမည်။ ဖွဲလည်းကောင်းရမည်။ မြန်သော်လည်း ဖွဲမရှိခဲ့လျှင် နှေးသော်လည်း ဖွဲကောင်းသူက ကျော်တက်သွားပေလိမ့်မည်။ နှေး၍ ဖွဲကောင်းသူထက် မြန်လည်းမြန် ဖွဲလည်းကောင်းသူက ကျော်တက်သွားပေလိမ့်မည်။

ကြီးပွားအောင်မြင်လိုသူတိုင်း၏ စိတ်ထဲ၌ 'ဘာဘဲဖြစ်ဖြစ် ငါ့ရည်ရွယ်ချက် ပြည့်စုံထမြောက်အောင် ငါဆောင်ရွက်ရမည်' ဟု နှလုံးအသည်းစွဲ မှတ်ပါလေ။ ကမ္ဘာကြီး မှုန့်မှုန့်ကြေသွားစေကာမူ မိမိ၏ ရည်ရွယ်ချက်ကို တနည်းနည်းဖြင့် ထမြောက်ပြီးစီးအောင် ဆောင်ရွက်ရပေမည်။ သို့မှသာ လူစွမ်းကောင်း မည်ပေအံ့။ သတ္တိကောင်းမည် ပေအံ့။ တကဲ့ယောကျာ်း မည်ပေအံ့။

မီးရထားလမ်း ဖောက်သောအခါ ခရီးဆုံးသည့်တိုင်အောင် ဖောက်ရ၏။ မဲမြို့သို့ရောက်အောင် ဖောက်မည်ဆိုလျှင် ရောက်အောင် ဖောက်ရတော့၏။ လမ်း၌ မြစ်ရှိလျှင် မြစ်ကိုကျော်၍ လမ်းဖောက်ရ၏။ တောင်ကြီးရှိနေလျှင်တောင်ကို ကျော်၍သော်လည်းကောင်း ပတ်၍သော်လည်းကောင်း ဖောက်ရ၏။ မြေမြင့်နေလျှင် မြေကိုညှိ၍ ဖောက်ရ၏။ နိမ့်နေလျှင် ဖို့၍ ဖောက်ရ၏ တနည်းနည်းဖြင့် လမ်းဆုံးရောက်အောင် ဖောက်ရ၏။

မီးသင်္ဘောများပေါ်လာသဖြင့် လှေများ တံကင်းများ ပပျောက်ရ၏။ လှေတံကင်းတို့သည် ရေစုန်ကိုသာ အားကိုးရ၏။ မီးသင်္ဘော



www.burmeseclassic.com

www.burmeseclassic.com



တို့သည် ရေဆန်ကိုဖြစ်စေ ရေစုန်ကိုဖြစ်စေ လေဆန်ဖြစ်စေ လေစုန်ဖြစ်စေ ရှေ့သို့သွားမြဲသာသွား၏။ တက်မြဲသာတက်၏။

ထိုနည်းအတူ တက်လူတို့သည်လည်း 'ဘာဘဲဖြစ်ဖြစ်' ကြိုးစား၍ ရှေ့တိုးမြဲ တိုးရမည်။ တနည်းအားဖြင့် မဖြစ်ဖြစ်အောင် လုပ်ရမည်။ မိမိ၏ရည်ရွယ်ချက် ပြည့်စုံထမြောက်အောင် မတတ်နိုင်လျှင် 'ဘယ်လိုတတ်နိုင်မလဲ' ဟု ကြံ၍ ဘယ်နည်းနှင့်မဆို ထမြောက်အောင် လုပ်မြဲ လုပ်ရမည်။

ထိုသို့ကြိုးစားရာ၌ ဇွဲကောင်းကောင်းနှင့်ကြိုးစားခြင်းသည် ခွန်အားဗလထက် လိုလားအပ်၏။ ဇွဲကို အထူးမွေးမြူအပ်၏။ ဇွဲကောင်းသူသည် လိုရာလမ်းဆုံးကို မရောက်စေဦးတော့ 'ငါသည် လူတို့ ပြုအပ် ပြုသင့်ပြုထိုက်သည့် လုံ့လဝီရိယကိုဖြင့် ပြုပြီးတကား' ဟု တင်းတိမ်ရောင့်ရဲ၍ သတ္တိကောင်း အာဇာနည်တို့၏ အသေမျိုး သေရတော့၏။ သေပျော်ပေပြီ။

"ဘာဘဲ ဖြစ်ဖြစ် ဇွဲကောင်းကောင်းနှင့် ကြိုးစားမြဲကြိုးစားကြပါကုန်"



အခန်း ၇

**စပုံ – စနည်း**

[ ၁ ]

'အစကောင်းတော့ အနှောင်းသေချာ' ဟု ဆိုရိုးရှိသည့်အတိုင်း အစကောင်းဖို့ အရေးကြီးလှ၏။ ပန်းပြေးပွဲများ၌ (လွန်ခဲ့သော အခန်းတွင် ကျွန်ုပ်ဆိုခဲ့သလို) အစကောင်းသူသည် တပန်းသာမြဲ ဖြစ်တော့၏။ သို့သော် လူတိုင်းလူတိုင်း အစမကောင်း။ မြင်မြင်ကရာ လူများသည် အစကောင်းသည်မဟုတ်။ ကြီးပွားလိုသူတိုင်း အစကောင်းစေရန် ဤအခန်းကို သက်သက်ရေးသားရပါ၏။

'ကောင်းပါပြီးခင်ဗျာ အစကောင်းဖို့က ဘယ်လိုအစကောင်းရမှာလဲ' ဟု မေးပြောအံ့။ "ဟုတ်ကဲ့ – မိတ်ဆွေ အစကောင်းချင်သလား' ပထမရှေးဦးစွာ အလုပ်တစ်ခုခုကို လုပ်မယ့်ကြံရင် ငုတ်တုတ်ထိုင်မနေဘဲချက်ချင်းထ၍ စလိုက်ပါ။ ဒီလိုမှ အစကောင်းတယ်'ဟု၍ ကျွန်ုပ် ဖြေကြားပေမည်။ များသောအားဖြင့် လူတို့သည် အလုပ်တစ်ခု လုပ်မည့်အရေး ကိုယ်လှည့်ခေါင်းလှည့် ရွှေ့ဆိုင်းရွှေ့ဆိုင်းနှင့် အချိန်



www.burmeseclassic.com

www.burmeseclassic.com



ကုန်လွန်စေ၏။ ချက်ချင်းထ၍ စရန် အလွန်ကြောက်၏။ စရန် အလွန်ရှုံ့ကြ၏။ စလိုက်လျှင် ကျေးဇူးရှိမည်ကို သိလျက် အစနှေးနေကြ၏။ ထို့ကြောင့် ပထမစရန် (ချက်ချင်းစရန်) အလွန်အရေးကြီးလှ၏။

စပြီးသည့်နောက် သိဖို့လိုသေး၏။ 'ငါသည် ဒီအလုပ်ကို စလိုက်ပြီ၊ အခက်အခဲများ ဘယ်လို ဘယ်လိုရှိလေရဲ့' ဟူ၍ မိမိဘာသာ သေသေချာချာ သိရပေမည်။ သိပြီးသည့်နောက် ထိုအခက် အခဲတို့သည် ဘယ်လောက်ပင် ကြီးကျယ် ကြီးကျယ်၊ ဘယ်လောက်ပင် နောက်ယှက် နောက်ယှက် 'ဘယ်ပုံဘယ်နည်း' အောင်မြင်အောင် လုပ်ရမည်ကို ကရွတ်ကင်းလျှောက် စည်းမျဉ်းဆွဲထားပါ။

စရန် နည်းလမ်းပေါင်း အမြောက်အမြား ရှိသည့်အနက် ဘယ်နည်းဖြင့် စရမည်၊ ဘယ်လို စလိုက်ရမည်ကို သိဖို့အရေးကြီးလှ၏။ စပုံ စနည်းကလေးများကို (မသိသေးသူများအတွက်) ရေးသား ဖော်ပြပါအံ့။

## အဖြုန်းကိုရပ်စဲစေရမည်

ပိုက်ဆံကြေးငွေကို (လူတိုင်းလိုပင်) အလွန်ဖြုန်းကြ၏။ အဖြုန်းနှင့် အသုံးကား ခြားနားလှ၏။ အချိန်အခါကို လိုက်၍သုံးသင့်သော နေရာများတွင် သုံးလိုက်မှတော်မည်။ မသုံးခဲ့လျှင် မိုက်ရာကျပေမည်။ အကျိုးရှိအောင် သုံးရပေမည်။ အကျိုးမဲ့သုံးခြင်းကား ဖြုန်းခြင်းမည်၏။





နေ့စဉ် နေ့စဉ် ကုန်ကျသည့် ထွက်ငွေစာရင်းကို တစ်လလောက် ကျကျနန တွက်စမ်းကြည့်ပါ။ တစ်လအတွင်းဘယ်လောက် သုံးလိုက်သည်၊ ဖြုန်းလိုက်သည်တို့ကို သိနိုင်၏။ ဤစာရင်းကိုကြည့်လိုက်သဖြင့် ဘယ်နေရာက အဖြုန်းများနေ၍ ဘယ်နေရာတွင် အသုံးလျှော့နေကြောင်း တွေ့ရပါလိမ့်မည်။

ထိုအခါ ပညာဉာဏ်ကလေးနှင့် ချင့်ချိန်၍ အဖြုန်းများနေသည့် နေရာတွင် နည်းသည်ထက်နည်းအောင် ပြုလုပ်နိုင်၏။ ဤကား အသုံးစာရင်းထားခြင်း၏ ကျေးဇူးပင်ဖြစ်၏။

ဒုတိယဖြုန်းခြင်းမှာ အချိန်ကို ဖြုန်းဖြစ်၏၊ တစ်နေ့လျှင် ၂၄ နာရီ ရှိသည့်အနက် ဘယ်နှစ်နာရီ အိပ်သလဲ၊ ဘယ်နှစ်နာရီ ဖြုန်းပစ်လိုက်သလဲ၊ ဘယ်နေရာမှာ ဖြုန်းလိုက်သလဲ၊ ကြီးပွားရာ ကြီးပွားကြောင်းအတွက် ဘယ်နှစ်နာရီ အသုံးပြုလိုက်သလဲ။

အချိန်သည် ပိုက်ဆံထက် အဖိုးတန်၏။ ပိုက်ဆံကား ရှိသူ၌ ကျိကျိတက်အောင် အလွန်အမင်းရှိ၍ မရှိသူမှာ အလွန်အမင်း မရှိဘဲ ငတ်ငတ်ပြတ်ပြတ် ဆင်းရဲနေ၏။ ဝင်ငွေချင်း တစ်ယောက်နှင့် တစ်ယောက်မတူ။ အချိန်မှာကား ဤသို့မဟုတ်။ သူဌေးကြီးလည်း တစ်နေ့လျှင် ၂၄ နာရီသာရ၏။ ဆင်းရဲသား 'တာတေလ'မှာလည်း တစ်နေ့လျှင် ၂၄ နာရီသာရ၏။ ပညာရှိလည်း ၂၄ နာရီသာရ၏။ လူမိုက်လည်းအတူတူရ၏။

ထို့ကြောင့် အချိန်ကို လိမ်လိမ်မာမာ သုံးဖို့လို၏။ အချိန်ကို ကောင်းမွန်စွာ သုံးတတ်သော ဆင်းရဲသားသည် အချိန်ကို မသုံးတတ်သော သူဌေးထက် ပိုမို၍တော်၏။ အချိန်ကို ရိုသေပြုပါ။



www.burmeseclassic.com

www.burmeseclassic.com



အချိန်သည် လူတို့၏အသက်၊ အချိန်သည်လူတို့၏ အသွေးအသားပင် ဖြစ်တော့၏။

**ဝင်ငွေ ရငွေ များများဝင်အောင် ရအောင်လုပ်ပါ၊ ပြုပြင်ပါ၊**

ယေဘုယျအားဖြင့် စိတ်ဆင်းရဲရသည် စိတ်ဒုက္ခရောက်ရသည် ဆိုခြင်းမှာ ငွေရေးကြေးရေးက စ၍ဖြစ်ကြ၏။ ထို့ကြောင့် ငွေစုဆောင်းရန်လို၏။ ကပ်စေးနဲသူများလို ငွေကိုစုံစုံမက်မက် ခုံခုံမင်မင် မစားရက်မသောက်ရက် တွန့်တွန့်ရီရီ ဖြစ်ရမည်မဆို။ မိမိတကယ်အသုံး လိုသောအခါ ရနိုင်ရန် စုဆောင်းထားရမည်ကိုဆို၏။ ဒုက္ခကြုံသော အခါအသုံးပြုဖို့ ခက်ခက်ခဲခဲတွေ့လျှင် ရသုံးမယ်သုံး လိုလိုမယ်မယ် ရှိဖို့ ငွေစုဆောင်းရန် ဆိုလို၏။ မတ်တတ်စာ တုံးလုံးစာ အိုစာ မင်းစာရှိစေရမည်။

ဝင်ငွေဘယ်လောက်များများ အသုံးလွန်နေလျှင် အဖြုန်းလွန်နေလျှင် ဘယ်တော့မှ ချမ်းသာမည် မဟုတ်။ ဝင်ငွေနှင့် ထွက်ငွေ ညီမျှအောင် လုပ်ရမည်။ တစ်လကိုငွေ ၂၀ ရသူသည် ငွေ ၂၀ ထက် တစ်ပြားစွန်းအောင် သုံးလျှင် ဆင်းရဲရမည် ဧကန်။ သို့မဟုတ်ဘဲ ငွေ၁၉ ကျပ် ၁၅ ပဲနှင့် ၃ ပြားကိုသာ သုံးလျှင် စိတ်၏ ချမ်းသာခြင်းကို ရနိုင်၏။

**စိတ်ညစ်ပူပန်စေတတ်သည့် အရာများကို ဖျောက်လိုက်ပါ**

လူတိုင်း လူတိုင်း၌ စိတ်ညစ်စရာ အနည်းနှင့်အများရှိကြကုန်၏။ ထိုစိတ်ညစ်စရာများကို မေ့ပစ်လိုက်ရမည်။ ဖျောက်လိုက်ရမည်။ ဤသို့ မမေ့နိုင် မဖျောက်နိုင်သရွေ့ ကာလပတ်လုံး ကြီးပွားခြင်း

တတိယအကြိမ်



အောင်မြင်တိုးတက်ခြင်းတို့နှင့် ဝေးသေး၏။

မေ့မေ့ပျောက်ပျောက်နေရန် ပြောရုံသာ လွယ်၏။ လုပ်ရန် အလွန်ခက်လှ၏။ သို့သော် မရမက မေ့ဖျောက်ပစ်လိုက်ရမည်။ ကြီးပွားလိုသူတို့သည် ဘယ်ဟာဘဲလုပ်လုပ် ဖြစ်ရမယ် ဟု ရှိစေရမည်။

**အောင်မြင်ခြင်း နည်းလမ်းရှာ**

ဘယ်အခါမျိုးမဆို ဘာပဲလုပ်လုပ် မိမိရည်ရွယ်ထားသည့် နောက်ဆုံး ရည်ရွယ်ချက်ကြီးကို စိတ်က မှန်း၍ အမြဲတမ်း အလုပ်လုပ်ပါ။ အောင်မြင်ခြင်းသည် မိတ်ဆွေ၏ လမ်းဆုံးကြီးပင် ဖြစ်၏။ ထိုလမ်းဆုံးကြီးမှ စိတ်ကို တစ်စက်ကလေးမှ မတိမ်းပါနှင့်။ တစ်ခါမက နှစ်ခါမက အခါပေါင်းများစွာ ဆုံးရှုံးပေလိမ့်မည်။ ဒုက္ခတွေ့ရပေလိမ့်မည်။ ခက်ခက်ခဲခဲ ကြုံရပေလိမ့်မည် ။ ဂရုမစိုက်ပါနှင့်။ နောက်ဆုံး မိမိက အောင်မြင်အောင်သာ ဂရုစိုက်ပါ ။နှလုံးသွင်းပါ အာရုံပြုပါ။ 'ငါ အောင်ရစေမယ် ငါ အောင်မှာပါပဲ' ဟူ၍ အမြဲ နှလုံးသွင်းကြပါ။ အောင်ခြင်းကြီးမက အောင်မြင်ကြီးပွားပါလိမ့်မည်။

**ကြီးပွားရေး လမ်းကြောင်းတွင်**

ကြီးပွားရေး လမ်းတလျှောက် ချုံဖုတ်ခရီးသွားရာတွင် (လူသွားလူလာနည်းပါးသော တောနက်ထဲ၌ ချုံဖုတ်များ ကာဆီးပိတ်ဖုံးနေသဖြင့် လမ်းကောင်းကောင်း မမြင်နိုင်သကဲ့သို့) ရှေ့တက်လမ်းကို တဖွေးဖွေး မြင်နိုင်ရန် ခဲယဉ်းပေလိမ့်မည်။ သွားရင်းလာရင်း နောက်ဆုတ်သူများ၊ ဘေးသို့လမ်းခွဲ၍ ထွက်ကြသူများ ပေါ်များလှ

ယောမင်းကြီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် မိတ်ဆွေ၏ လမ်းကြောင်းကို မိတ်ဆွေဘာသာ ထွင်၍သာ သွားရ ပေလိမ့်မည် စိတ်မပျက်ပါနှင့် အားမလျှော့ပါနှင့်။

လမ်းသစ်များထွင်ရာ၌ ပုဆိန်တို့သည် အလွန်အဖိုးတန် အသုံးဝင်သကဲ့သို့ ကြီးပွားရေးလမ်းကြောင်းကို ထွင်ရာ၌လည်း ပုဆိန်ကိုပင် အသုံးပြုရမြဲ ဖြစ်၏။ အသုံးဝင်နေပြန်၏။ သို့သော် ကြီးပွားရေးအတွက် ပုဆိန်သည် တခြားမဟုတ်။ ပညာဉာဏ် ဗဟုသုတပင် ဖြစ်တော့၏။

ပညာဉာဏ် ဗဟုသုတ အလို့ငှာ ကြီးပွားသူအပေါင်း၏ ပြု လုပ်ပုံနည်းများကို အတုခိုးပါ။ စာအုပ်စာတမ်းများကိုလည်းဖတ်ပါ။ (အသုံးမဝင်သော ဝတ္ထုစသော ပေါလောပါးလား စာအုပ်မျိုးကို ဖတ်ရမည် မဆိုလို) မိမိ၏ လုပ်ငန်းနှင့် အကျိုးဝင်သည့် စာအုပ် များကို ဖတ်ရန် လိုပေသည်။

စာကိုဖတ်ပြီးလျှင် အမြဲစဉ်းစားစိတ်ကူးပါ။ လူတို့သည် မိမိတို့၏ စိတ်ကို နည်းနိုင်သရွေ့ နည်းအောင် အသုံးပြုကြကုန်၏။ စိတ်ကူးပေးမှ စိတ်အလုပ် လုပ်မည်။ စိတ်အလုပ်လုပ်မှ ပို၍ စိတ်အားသန်လာမည်။ ဉာဏ်ပို၍ ရွှင်လာမည်။

ယခုအခါ စိတ်ကူးဉာဏ်ရင့်သန်သူများ ပေါလာသဖြင့် နည်း ကောင်းလမ်းကောင်းတို့သည် တနေ့ထက် တနေ့ပိုမို ပေါများလာ ကြ၏။ ထို့ကြောင့် ဘယ်အလုပ်ပဲ လုပ်လုပ် နည်းကောင်း လမ်းကောင်းများကို မြင်အောင် ဉာဏ်မျက်စိဖြင့် ကြည့်ပါ။ တွေ့ပါ လိမ့်မည်။ လာဘ်မြင်လာပါလိမ့်မည်။

အချို့လူတို့သည် နည်းကောင်း လမ်းကောင်းများကို တွေ့ကြ သော်လည်း အသုံးမချ။ ၎င်းတို့ ခင်မင်သော မိတ်ဆွေများ၏





နည်းလမ်းများကိုသာ သုံးလိုကြကုန်၏။ လိုက်လိုကြကုန်၏။

## ကောင်းသော နည်းလမ်းကိုလိုက်

ယခုခေတ် မြန်မာများ ဈေးရောင်းပုံသည် ရှေးပဝေဏီ ကနည်းနှင့် ဘာတစ်ခုမျှ မခြား။ ယခုအခါ တိုင်းတပါးနိုင်ငံခြားတို့ ရောင်းပုံရောင်းနည်းမှာ အလွန်ကောင်းလှ၏။ မြန်မာ့နည်းထက် အဆတစ်သိန်းပိုကောင်း၏။ သို့သော် 'ရှေ့က ဒို့ဘိုး ဒို့ဘွား ဒို့မိ ဒို့ဘများ ရောင်းတဲ့နည်း မဟုတ်လို့ ဒို့မလိုက်နိုင်ဘူး' ဟုဆို၍ အတုမယူလိုကြ။ အတုမယူကြ။ ရှေးထုံးလည်းမပယ်နှင့်ဟု ဆိုထား သော်လည်း ပယ်သင့်ပယ်ထိုက်က ပယ်ရပေလိမ့်မည်။ တကယ်လည်း ပယ်ရ၏။

## အကြံဉာဏ်ကို သုံး

လောကတွင် မိမိလောက်မတတ်သူ မစွမ်းသူများလည်းရှိကြ ၏။ မိမိနှင့် ရင်ပေါင်တန်းလိုက်သော တန်းတူလူများလည်း ရှိကြ၏။ မိမိက 'ဆရာတင်' ရသော သူများလည်းရှိကြ၏။ ထိုလူများ အကုန်လုံးဆီမှ အကြံသစ် ဉာဏ်သစ်များရနိုင်၏။

မိမိလောက်မတော်သူများ၏ အမှားကို မြင်သဖြင့် 'ငါလဲ ဒီမမှားရအောင် လုပ်မှာပဲ' ဟု ဆင်ခြင်၍ လာ၏။ တန်းတူလူများ ၏ လုပ်ပုံကိုင်ပုံတို့ကို ကြည့်သဖြင့် ၎င်းတို့၏ နည်းများကို မိမိ၌ ရှိရင်းစွဲနည်းများနှင့် ပေါင်းစု ရောနှောကာ ၎င်းတို့ထက် တပန်းသာ နိုင်၏။ ဤသို့ မိမိကသာ ၎င်းတို့ထံမှ အတုခိုးရမည်။

လူတစ်ဦးတစ်ယောက်သည် ယုတ်သည်ဖြစ်စေ၊ မြင့်သည်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စေ၊ ဂုဏ်ရှိသည်ဖြစ်စေ၊ ဂုဏ်မဲ့သည်ဖြစ်စေ၊ ပညာရှိသည် ဖြစ်စေ၊ ပညာမဲ့သည် ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည် ဖြစ်စေ၊ လူတစ်ဦးတစ်ယောက်ထက် 'သာ' သော နေရာ တစ်ခုခု ရှိကြစမြဲ။ ဥပမာ သူတောင်းစားသည် ကျွန်ုပ်တို့ထက် စုတ်၏။ နုပ်၏။ နိမ့်၏။ အောက်ကျ၏။ သို့သော် ၎င်း၌ ကျွန်ုပ်တို့ထက်သာသော နေရာတစ်ခုခု ရှိရမည်။ ၎င်းနားလည်သော နေရာတွင် ကျွန်ုပ်တို့ နားလည်ချင်မှ နားလည်ကြမည်။ နားမလည်ကြ။ ၎င်းတတ်သော နေရာတွင် ကျွန်ုပ်တို့ မတတ်ဘဲ ရှိလိမ့်မည်။ ထို့ကြောင့် ဘယ်လို လူစားပဲတွေ့တွေ့ အခါအခွင့်အလမ်း ကြုံလျှင် ၎င်းထံမှ သင်ယူသင့် သင်ယူထိုက်သော အတတ်ပညာ ဗဟုသုတများကို သင်ယူရမည်။ ဤနည်းဖြင့် အကြံဉာဏ်များကို ရှာဖွေရာ၏။

**အတိုင်ပင်ခံ**

မိမိထက် တတ်ကျွမ်းလိမ္မာသူများထံ၌ ဆည်းကပ် မှီဝဲ၍ တိုင်တိုင်ပင်ပင် လုပ်ပါ။ သို့သော် ဤသို့ တိုင်ပင်နှီးနှောရာတွင် လူကို ရွေးချယ်ပါ။ အသုံးမကျ (စိတ်ပျက်အောင် ပြောသည့်) လူများကို တိုင်တိုင်ပင်ပင် မလုပ်ပါနှင့်။ ၎င်းတို့နှင့် တိုင်ပင်လျှင် မိမိလည်း အသုံးမကျ ဖြစ်သွားပေးလိမ့်မည်။

တိုင်တိုင်ပင်ပင်လုပ်ရာ၌လည်း တဖက်သားလူက ပြောတိုင်း ဆင်ကန်း တောတိုး မျက်စိစုံမှိတ်ပြီး လိုက်နာရမည်ဟု မဆိုလို။ မိမိ၌ ရှိသော ပင်ကို ဉာဏ်ကလေးဖြင့် ဆင်ခြင်သုံးသပ်၍ လိုက်နာသင့်မှ လိုက်နာရပေမည်။ ၎င်းတို့ပြောသည့် နည်းလမ်းသည် စင်စစ် ကောင်းသော နည်းလမ်းပင်ဖြစ်ပေစေ၊ မိတ်ဆွေအတွက်





ကောင်းချင်မှ ကောင်းမည်။ ရှင်းဦးအံ့။

ဥပမာ ကိုဇော်ဝိတ်အတွက် တစ်နေ့လျှင် ပေါင်ချိန် ၂၅၀ ရှိသော သံလုံးကို ဆယ်ခါမ, ရန်ပြောကြားသည်မှာ ကောင်း၏။ သို့သော် ကျွန်ုပ်တို့အတွက် အလကားပင် ဖြစ်တော့၏။ ဆယ်ခါဝေးစွ မြေကကြွအောင် မနည်းအားခဲပြီး မ,ကြရပေမည်။ ဘယ်ပုံအပေါ်သို့ ရောက်အောင် ပင့်နိုင်, မ နိုင်ပါအံ့နည်း။

ထိုနည်းအတူ ဘယ်အရာမျိုး၌ မဆို ဉာဏ်ဖြင့်ယှဉ်၍ တိုင်တိုင်ပင်ပင် လုပ်ဖို့လို၏ မိတ်ဆွေ၏ အကြောင်းကို မိတ်ဆွေ တိုင်ပင်မည့် ပုဂ္ဂိုလ် မသိလျှင် သိအောင် ပြောပြရမည်။ 'ကျွန်တော် က ဘယ်လိုက ဘယ်လိုပဲဗျ၊ ဘယ်လိုလုပ်တတ်တယ်ဗျ၊ ဘယ်လို လူစားထဲကဗျ၊ ဒီလိုမှ ကြိုက်တယ်ဗျ' ဟူ၍ မိတ်ဆွေ၏ အကြောင်း မျိုးစုံကို ဇာတ်ခင်း၍ မပြောခဲ့လျှင် အပြင်လူ ဘယ်လိုလုပ်ပြီး သိနိုင်ပါ့မလဲ။

**အကူအညီ ယူ**

'အကူအညီ' ဆိုသဖြင့် သူတောင်းစားလို ရှာရိုးလျှောက်ပြီး အကူအညီ လိုက်တောင်းရမည်ဟု မဆိုလို။ စင်စစ် ဤသို့ လိုက်တောင်းခဲ့လျှင်လည်း လူဖျင်းလူပျင်းသာ ဖြစ်တော့၏။

မိမိကတဖက်သားအပေါ်၌ ဝတ္တရား ကျေပွန်အောင် ကူညီ ဆောင်ရွက်ခဲ့၏။ ထိုသူထံမှ မိမိကကူညီခဲ့သလို တဖန်ပြန်၍ ကူညီ ဆောင်ရွက်ပေးရန် လိုလားအပ်၏။ စင်စစ် မိမိက ကျေးဇူးပြုထားသဖြင့် ထိုသူလည်း မိမိအား ကူညီရန် ဩွတ်နေ၏၊ အရံသင့်ရှိ၏ ဤသို့ အကူအညီမျိုးကို ရအောင်ကြိုးစားသင့်၏။ ဤအကူအညီမျိုး



www.burmeseclassic.com

ကို ယူပါ။

လောကတွင် မည်သူမျှ အကူအညီမှ လုံးလုံး ကွင်းလုံးကျွတ်ကင်းသူဟူ၍မရှိ။ ဘုရားသော်မှ အကူအညီရှိမှ ပွင့်ရတော့သည်။ သို့သော် အကူအညီခံယူရာ၌ ခံယူသင့် မခံယူသင့်' 'တောင်းယူသင့် မတောင်းယူသင့်' ကို နားလည်ရာ၏။

**ရှေ့သာတက်**

တစ်ခုခုစပြီး ရှေ့ကိုအတင်းတက်ပါ ။အခက်အခဲ အပျက်အစီးများကို ခုခံနေရုံနှင့် မပြီးသေး။ မလုံလောက်သေး။ ရှေ့တိုး၍ ခုခံတိုက်ခိုက်ပါ။ စစ်တိုက်သောအခါ တဖက်မှရန်သူအား ခုခံရင်းခြေတစ်လှမ်းက ရှေ့သို့တက်ဖို့ ဟန်ပြင်နေသကဲ့သို့ ဒုက္ခအပေါင်းကို ခုခံရင်း ရှေ့လှမ်းကာ လှမ်းကာ .တိုက်ခိုက်ပါ။ ရိုးရိုးခုခံနေသည် ထက် တိုး၍ တိုက်ခိုက်ခြင်းက ပို၍ကောင်း၏။ အောင်မြင်လွယ်၏။ ခရီးပေါက်လွယ်၏။ တာသွား၏။

'ငါ နောက်ဆုတ် စရာမရှိ'ဟု အမြဲနှလုံးသွင်းပါ။ နောက်ကချောက်ကမ်းပါးကြီး ရှိနေသည့်အလား နောက်ဆုတ်လျှင် ချောက်ထဲကျမည်ကဲ့သို့ နောက်မဆုတ်ဘဲ ရှေ့ကိုသာ အတင်းတက်ပါ။ ရှေ့မှအဖျက်အဆီး အနှောက်အယှက်များများ တွေ့သဖြင့် နောက်မဆုတ်ပါနှင့်။ ချောက်ကြီးထဲသို့ ကျသွားလိမ့်မည်။ ရှေ့ကိုသာ အတင်းတက်ပါ။

ကမ္ဘာစစ်ကြီး ဖြစ်စဉ်က အခါတပါး စစ်အား စစ်တပ်ငယ်သော စစ်တပ်တစ်တပ်သည် ၎င်းတို့ထက် ဆယ်ဆမက စစ်အားလူအားကောင်းသော တပ်တစ်တပ်နှင့် ရင်ဆိုင် တိုက်ခိုက်သောအခါ





စစ်တပ်ငယ်၏ ဗိုလ်ချုပ်ကြီး ပြောဖူးသည်ကို အထူးနှလုံးသွင်းဖို့သင့်၏။ ထိုသူပြောသောစကားမှာ 'အမောင်တို့ ရှေ့ကိုသာ တက်ကြပါကုန်၊ နောက်ကိုမဆုတ်ကြပါနှင့်၊ အမောင်တို့၏ ကျောဘက်၌လဟာပြင်ကြီး ရှိသည်မဟုတ်၊ အုတ်ထရံကြီးကာလျက်ရှိ၏။ နောက်ဆုတ်၍မရ ဟု သဘောထားပြီး ရှေ့သာတိုးတက် တိုက်ခိုက်ပါ။'

စင်စစ်နောက်က ထရံကာ အုတ်နံရံကြီးမရှိ။ လဟာပြင်ကြီးသာရှိ၏။ သို့သော် ထိုစစ်သားတို့သည် မိမိတို့၏ စစ်ဗိုလ်မှူးကြီး၏ဆိုလိုရင်းကို နားလည်ကြ၍ ရှေ့ကိုသာ တိုးတက်တိုက်ခိုက်သဖြင့်စစ်ပွဲအောင်ဖူးလေ၏။

ထို့အတူ လောကစစ်ပွဲကို တိုက်ခိုက်ရာ၌လည်း နောက်ဆုတ်လမ်းမရှိဟု အမြဲနှလုံးသွင်းပါ။ နောက်ဆုတ်လျှင် ချောက်ကြီးထဲသို့ကျလိမ့်မည်ဟု အာရုံပြုပါ။ ရှေ့သို့တိုးမြဲ တက်မြဲ တိုးပါ။ တက်ပါ။

ရှေ့ တက်ရာ၌လည်း 'ငါ့တွင် ဘယ်လိုရန်သူများ ရှိလေရဲ့၊ ဘယ်လောက်များများရှိလေရဲ့' ဟူ၍ မိမိရင်ဆိုင်တိုးရမည့် ရန်သူများသည် ဘယ်လောက်ရှိသလဲ ဘယ်လိုရှိသလဲ စသည်တို့ကို စိစိစပ်စပ် သိဖို့လိုပြန်၏။ ရန်သူဆိုသည်မှာ တွေ့ကြုံဆဲ တွေ့ကြုံရမည့် အခက်အခဲများကိုပင် ဆိုလို၏။ ၎င်းအခက်အခဲတို့ကို စာရွက်တစ်ရွက်ပေါ်၌ အတိအလင်း ရေးလိုက်ပါ။ ရေးပြီးနောက် 'ဘယ်လိုလုပ်ပြီး ဒီဟာတွေကို ငါအောင်နိုင်ပါ့မလဲ' ဟု ဆင်ခြင် စဉ်းစားရမည်၊ တွေးတောရမည်၊ စဉ်းစားဆင်ခြင် အောင်မြင်ရမည်၊ လွှမ်းမိုးရမည်။

ဤသို့ 'ဘယ်လို အခက်အခဲများ ရှိလေရဲ့' ဟူ၍ မသိဘဲအရမ်းမဲ့ စိတ်ထက်သန် နေခြင်းမျိုးလည်း မလိုလားအပ်။ တွေ့ရမည့်



www.burmeseclassic.com

www.burmeseclassic.com



ကြုံရမည့် အခက်အခဲတို့ကို မျက်ဝါးထင်ထင် ရှေ့၌ မြင်လာအောင် သေချာနိုင်သရွေ့ သေချာအောင် သိရမည်။ သိပြီးသည့်နောက် စိတ်ထက်သန်မြဲ ထက်သန်ရမည်။ ဤနည်းသာ မှန်သော နည်းလမ်း ဖြစ်ပေသည်။

အကယ်၍ အခက်အခဲတစ်ခုခုသည် အလွန်ကြီးမားနေလျှင် နည်းနည်းစီ နည်းနည်းစီခွဲ၍ အောင်မြင်ရာ၏။ ကြီးကြီးကျယ်ကျယ် ခက်ခက်ခဲခဲမှာ တခြားမဟုတ်၊ အခက်အခဲ သေးသေးကလေးများ စုပုံနေခြင်းကိုပင် အခက်အခဲကြီးဟု ခေါ်ကြ၏။ ထိုအခက်အခဲကြီး ကို အသေး အသေး ကလေးများခွဲလိုက်လျှင် အခက်အခဲကလေးများ များစွာ တွေ့ရပေလိမ့်မည်။

အခက်အခဲကြီးကို ခွဲစိတ်လိုက်သဖြင့် အသေးကလေးများ ကို တွေ့ကြုံရသောအခါ သက်သက်သာသာ စိတ်ပေါ့သွား၏။ ခက်ခက်ခဲခဲကြီး မထင်တော့။ အသေးကလေးများ တစ်ခုစီ တစ်ခုစီကို အောင်မြင်ဖို့ရာ၌ လွယ်ကူ၏။ ထင်းစည်းကြီးကို တစ်စည်းလုံး ချိုးရန် ခက်၏။ အလွန်ပင်ပန်း၏ ထင်းစည်းကိုဖြေ၍ တစ်ချောင်းစီ တစ်ချောင်းစီ ချိုးလျှင် လွယ်၏။ ခဏကလေးကျိုး၏။ အခက်အခဲများ ကိုလည်း ထိုအတူ အောင်မြင်ရာ၏။

အထူးသဖြင့် ကုန်ကူးသန်းရောင်းဝယ်ရာတွင် အခက်အခဲများ တွေ့ရ၏။ နေ့စဉ်နေ့တိုင်း ကြုံရ၏။ အစိုးရ၏အလုပ်များကဲ့သို့ လွယ်လွယ်သွား လွယ်လွယ်လာ၊ လွယ်လွယ်လုပ်၍မရ။ ကူးသန်း ရောင်းဝယ်ရေး၌ ရှေ့ကိုတက်လျှင်တက်၊ မတက်လျှင် ကျရတော့၏။ အစိုးရ အလုပ်လို တည်တံ့ခြင်းမရှိ။

အခက်အခဲနှင့် တကယ်တမ်း တွေ့လာလျှင် အစွမ်းကုန်





အားကုန် ခုခံနေရုံနှင့် မပြီးသေး။ မိမိက လက်ချက်ဦးအောင် ရှေ့သို့တွင်တွင် တိုးတက်တိုက်ခိုက်ပါ။ စိတ်အားတင်းတင်း သတ္တိနှင့် တိုက်ခိုက်တိုးတက်ပါ။ မိမိတာဝန်က တိုးတက်တိုက်ခိုက်ဖို့ရှိ၏။ ရှုံးသည် နိုင်သည် မိမိနှင့်မဆိုင်။ မိမိ၏တာဝန်မဟုတ်။

ဤသို့ တကယ်တမ်း တိုက်ခိုက် ကြိုးစားပြုလုပ်ရာတွင် 'ငါ သလောက် စွမ်းသကိုး၊ ငါ့ကိုယ်ငါ သလောက်တောင် မထင်မိဘူး' ဖြစ်မိပေလိမ့်မည်။ အံ့ဩမိပေလိမ့်မည်။

ဤအခန်းသည် တခြား အခန်းများ၏ တစ်ဝက်ခန့်သာရှိ၏။ သက်သက် အခန်းဖွင့်၍ ရေးရခြင်း၏ လိုရင်းကား ရှေ့သို့သာ တက်ကြပါ။

ရှေ့သို့သာတက်၊ တက်မြဲတက်၊ အမြဲတက်၊ အမြဲတက်၊ မသေမချင်းတက်၊ သေသည့်တိုင်အောင် 'ခေါင်း' ပေါ်တက်၍ သေကြပါကုန်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၈

## ငွေရေး

[ ၁ ]

ငွေရေး ကြေးရေးနှင့် ပတ်သက်၍ရှေ့က အနည်းငယ် ပြောပြခဲ့ပါပြီ။ သို့သော် ဤငွေရေးကြေးရေးမှာ အလွန်အရေးကြီးသော ကြီးမွားကြောင်း၏ အဆိုင်အခဲကြီးဖြစ်သည့်အတွက် တစ်သီးပုဂ္ဂလ အခန်းတခန်းသတ်သတ် လိုလားအပ်သဖြင့် အထူးရေးသားလိုက်ရပေသည်။

ငွေသည် လိုတိုင်း တ တိုင်း ပြီးစီးစေတတ်သော ဣန္ဒာသယ ဆေးကြီးနှင့် အလွန်တူလှ၏။ ငွေရှိသူသည် ပြဒါးရှင်သဖွယ် ဖြစ်တော့၏။ ငွေသာရှိလျှင် လောကကြီးတွင် ချမ်းသာခြင်း ပျော်ရွှင်ခြင်းတို့နှင့် မဝေးတော့။ ရဖို့မခဲယဉ်းတော့။ သို့သော် ငွေကြောင့်လည်း ဒုက္ခ ရောက်တက်ကြ၏။

မည်သည့် အရာမျိုးမဆို အစစအရာရာ ဉာဏ်ပညာ အမြော်အမြင်ဖြင့် လိုလားသုံးစွဲအပ်သည့်အတူ ငွေကိုလည်း ဉာဏ်ပညာ





အမြော်အမြင်နှင့် ယှဉ်၍ လိုလားသုံးစွဲအပ်ပေ၏။ ဉာဏ်နှင့်မယှဉ်ဘဲ ဆင်သလို သုံး၊ ထင်သလိုဖြုန်းနေလျှင် ငွေသည်လူတို့အား ကျေးဇူး မများစေသည့်ပြင် ဒုက္ခကိုပင် အကြီးအကျယ် ပေးတတ်၏။ လောကကြီး၌လည်း မကြီးပွား။ ဤမျှမကသေး၊ ငွေကိုဖြုန်းတီးသဖြင့် ကမ္ဘာလောကကြီးသည်လည်း မကြီးပွား ဆုတ်ယုတ်တတ်၏။ အမျိုးဘာသာ သာသနာကိုလည်း ပြုတ်ပြုတ်ပြုန်းစေတတ်၏။ တလူလူနေသော လူညွှန့် လူစ တို့သည်လည်း 'ဘိတ်ဘိတ်' တုံးစေတတ်၏။

ငွေကိုမဖြုန်းတတ် မသုံးတတ်မီ ပထမရှေးဦးစွာ ရှာတတ်ဖို့ အရေးကြီး၏။ ငွေရှိဖို့ အရေးကြီး၏။ ငွေရပြီးမှ သုံးတတ်ရမည်။ သုံးရမည်။

ငွေကိုသုံးစွဲရာ၌ ဝင်ငွေနှင့် ထွက်ငွေ တညီတည်းနေအောင် ချင့်ချိန်၍ သုံးရုံနှင့်မပြီးသေး မိမိဝင်ငွေ ရငွေထက် အနည်းငယ် လျှော့၍သုံးရန် နောက်တထစ် အရေးကြီးလာပြန်၏။ ဝင်ငွေထက် ထွက်ငွေက နည်းနည်းကလေးဖြစ်စေ လျှော့ရမည်။ နည်းရမည်။ ဝင်ငွေထက် ထွက်ငွေကနည်းလေလေ လျှော့လေလေ သူဌေးဖြစ်လမ်းနှင့် နီးလေလေပင် ဖြစ်တော့၏။

လူတို့သည် မကြီးပွားဘဲ ပစ္စည်းဥစ္စာ ချို့တဲ့ နွမ်းပါးဆင်းရဲနေပါလျှင် ကံကိုလည်း ရိုးမယ်မဖွဲ့သင့်။ အလုပ်ကိုလည်း အဆိုးမချသင့်။ အရပ်ကိုလည်း မဆဲသင့်။ ဘယ်သူ့ကိုမျှ သွား၍ အပြစ်မတင်သင့်။ မိမိကိုသာ မိမိအပြစ်တင်သင့်၏။ ကြီးစွာသော အပြစ်ဒဏ်ကို ပေးသင့်၏။ လူတဖက်သားကို သွား၍အပြစ်တင်စရာမလို။ တခြား လူတို့သည် ပစ္စည်းဥစ္စာများကို ရအောင်



www.burmeseclassic.com

www.burmeseclassic.com



ရှာဖွေနိုင်ပါလျက် မိမိမှာ မရှာတတ်။ အစွမ်းမရှိ၊ သတ္တိပြ အားမထုတ်ခဲ့သော် မည်သူ့ အပြစ်နည်း။ အခြားလူများ၏ အပြစ်ဟု ဆိုနိုင်ကြပါသလား။ မိမိ၏ အပြစ်ပင် မဟုတ်ပါလား။

ငွေရေးကြေးရေး ကျပ်တည်းလာလျှင် ငွေများကိုချေးယူ သုံးစွဲဖို့လောက်သာ (လူတိုင်းလိုပင်) စိတ်ကူးကြ၏။ တခြားနည်း များကို စိတ်မကူးတတ်။ စိတ်မကူးကြ။ ဘယ်တော့မှ စိတ်မကူးကြ။ ထိုသို့ချေးယူသောအခါ ချေးငှား၍မရဘဲရှိကြကုန်၏။ ငွေရှင်တို့က လည်း ချေးသည့်ငွေကို အချိန်မှန်မှန် ပြန်လည်ပေးဆပ်နိုင်သော လူများကိုသာ ချေးငှားလိုကြ၏ ကြီးပွားလိုသူတို့ကိုသာ ချေးငှား လိုကြ၏။ အလကားသက်သက် ဖြုန်းပစ်ရန် ချေးယူသူများကို နည်းနည်းကလေးမျှပင် မချေးငှားလို။ ထို့ကြောင့် 'ရတနာရှိရာ ရတနာလာ'သည် ဟူသောစကားပုံ ပေါ်ပေါက်လာတော့၏။

ငွေလို၍ ချေးငှားလိုလျှင် အလွန်အရေးကြီးသော အောက်ပါ အချက်ကြီးများကို ရှေးဦးစွာ ဆင်ခြင်သုံးသပ် စဉ်းစားကြပါကုန်။

(၁) မိမိသည်ငွေကို တကယ်လိုချင်သလား၊ တကယ်အသုံးလို နေသလား။

များသောအားဖြင့် ငွေချေးသူတို့သည် တကဲ့တကယ် ငွေကို မလို၊ အချည်းနှီးသုံးဖြုန်းလို၍သာ ချေးယူကြကုန်၏။ ငွေကိုသုံးလို့ ဖြုန်းလို့ အားမရနိုင်သဖြင့် နောက်ထပ်သုံးရန် ဖြုန်းရန် ချေးယူခြင်း ဖြစ်ကြ၏။

"အို ကျွန်တော်က ငွေသုံးရမှ နေတတ်တာဗျ၊ မသုံးဘဲနေလို့ မရဘူး၊ နေလို့ကို မဖြစ်ဘူး' အချို့လူများ ပြောလေ့ပြောထရှိကြ၏။ ဤသူများသည် စင်စစ်လူကြွားများသာ ဖြစ်ကြ၏။ လောကကြီး၌ ဘာမဆို ပြုပြင်လျှင်ရ၏။ ပြုပြင်လျှင်မရ ဟူ၍မရှိ။ တကယ်မပြုပြင်ဘဲ ပါးစပ်က ပြောနေရုံနှင့်မဖြစ်။ ငွေကိုသုံးလေ့ ဖြုန်းလေ့ရှိခဲ့သော် ဤအလေ့ဆိုးကြီး ရပ်အောင်ကျင့်ပေးရမည်။ ပြုပြင်ပေးရမည်။ သတိဝီရိယနှင့် လေ့ကျင့်ပြုပြင်ပေးက ရနိုင်ပါ၏။

တကယ်အရေးမကြီးဘဲ ငွေချေးယူမည်ဆိုလျှင် နောင်တကယ် တမ်း အရေးကြုံလာသောအခါ (ငွေ တကယ်လိုချင်သောအခါ) ရှာဖွေရန် ခဲယဉ်းပေလိမ့်မည်။ တကယ်အသုံးလိုလျှင် ရလိမ့်မည် မဟုတ်။

ငွေသည် အလွန်အရေးကြီးသော အရာတစ်ခုဖြစ်၏ ကျောက်ခဲ သလဲကဲ့သို့ တောင်စင်ရေမရ ပေါပေါကြီး ပစ်စလက်ခတ် သုံးဖြုန်း ပစ်ရန်မဟုတ်။ ကျောက်ခဲသလဲသော်မှ သူ့နေရာနှင့်သူ သုံးနိုင်သေး၏ သုံးရ၏။ ပစ်စလက်ခတ် မလုပ်ရ။ သူ့နေရာနှင့်သူ သုံးလျှင် အရာရောက်၏။ ပြောပလောက်၏။ လောကကြီး၌ ချမ်းသာခြင်း အောင်မြင်ခြင်းကို ဆောင်နိုင်သော ငွေမှာ ဘယ်ဆိုဖွယ်ရာ ရှိတော့အံ့ နည်း။

(၂) ငွေတကယ်တမ်းလိုခဲ့သော်၊ မိမိ၏ဝင်ငွေထဲမှ သတ်သတ် ရှေးဦးစွာ စုဆောင်းရမည်။

'ငွေမရှိ၊ သူများဆီ သွားချေးရုံပေါ့၊ လွယ်လွယ်ပါပဲ'ဟူ၍ အများတကာ ဆိုကြ ထင်ကြသော်လည်း စင်စစ် သူတပါးထံမှ ချေးငှားရခြင်းလောက် ခက်ခဲသော အလုပ်မရှိ။ ခက်ခဲပုံက 'ဘယ်လို ဘယ်လို' ဆိုသည်ကို ရှင်းပါရစေ။

သူတစ်ပါးထံမှ ချေးငှားရမည်ဟု ကြံစည်စိတ်ကူးရုံရှိသေး၊ 'ငါ ဒီလူကို ဘယ်လိုလုပ်ပြီး ကြိုက်အောင်ပြောရပါမလဲ' ဟူ၍







www.burmeseclassic.com

www.burmeseclassic.com



သူ့အကြိုက်ကို လိုက်ရှာရ၏။ 'ငါ့ချေးလို့ရမှ၊ ရပမလား' ဟု စိတ်ဒုက္ခ ရောက်ရှိ၏။ ပူပန်ရ၏။ သွားရောက်ချေးယူသောအခါလည်း လက်ဦးဆုံး ကိုယ်ကိုလည်းကောင်း မျက်နှာကိုလည်းကောင်း၊ စိတ်ပျက်စရာကောင်းအောင် နှိမ့်ချ၍ပြောဆိုရ၏။

'ကျွန်တော်ဟာ အသုံးမကျတဲ့အကောင်ပါ ခင်ဗျာ၊ ကျွန်တော့မို့ ကျွန်တော်လုံလောက်အောင် ပိုက်ဆံမရှာနိုင်လို့ပါခင်ဗျာ၊ ကျွန်တော့မှာ အားကိုးစရာမရှိတော့ပါ ခင်ဗျာ၊ အရှင်သခင့်ကိုသာ အားကိုးစရာ ရှိပါတော့တယ်ခင်ဗျာ၊ အရှင်သခင်မှ မကယ်ရင် ကျွန်တော့မှာ ဒုက္ခရောက်ပါတော့မယ်ခင်ဗျာ။သနားသဖြင့်ကယ်တော်မူပါခင်ဗျာ၊ ငွေကလေးများ နည်းနည်း မစပါခင်ဗျာ၊' အစရှိသဖြင့် တိတိလင်းလင်းမပြောငြားသော်လည်း၊ ပြောဘိသကဲ့သို့ ရှေ့မျက်နှာနောက်ထားပြီး မျက်နှာကိုအောက်ချ အရှက်ကိုမငဲ့နိုင်တော့ဘဲ တောင်းယူရတော့၏။ အခြားနေရာများ၌ ဂုဏ်ပါဝါထုတ်သရွေ့ ဤနေရာ၌ဒူးတုပ်၍ရှိခိုး တိုးလျှိုးရတော့၏။ အများတကာအပေါ်တွင် ဟိတ်ဟန်ထုတ်သရွေ့ ဤနေရာတွင် နားရွက်ကုတ်ရတော့၏။ အခြားနေရာများ၌ အထင်ကြီးလေသမျှ ဤနေရာတွင် ဖုတ်ပြီးသား ငါးပိဖြစ်ရတော့၏။ 'အာဏာသံ ပါဏာသံ'မလုပ်နိုင်တော့ချေ။

သို့နှင့်မပြီးသေး၊ ဤကဲ့သို့တောင်ယူခြင်းသည် မိမိ၏တာဝန်ကို သူတပါးအပေါ်ပုံချသည်နှင့်တူ၏။ မိမိ၏ တာဝန်ကိုသူများတာဝန်ဖြစ်အောင် လုပ်သည်နှင့်တူ၏။ သူတစ်ပါးအား မသနားမညှာတာ၊ မငဲ့ကွက်ရာရောက်၏။ ဤသို့ငွေချေးယူ တောင်းခံ၍ရလျှင် တော်သေး၏။ မရခဲ့လျှင် သေချင်အောင် ရှက်ဖို့ကောင်း၏။ သူတောင်းစားအဖြစ် ရောက်မှန်းမသိ လားလားကြီး ရောက်ရတော့





၏တကား။

အကယ်၍ရစေကာမူဦး။ မိမိသည် အရင်ကလို လွတ်လွတ်လပ်လပ် မဟုတ်တော့၊ မိမိအား ပိုင်ဆိုင်သူ ပေါ်လာလေပြီ။ မိမိက ၎င်း၏ဩဇာကို ညောင်းရတော့မည်။ 'ကြွေး' တည်ဟူသော ဝန်ထုပ်ကြီး လေး၍လာလေပြီ။ ကိုယ်လုပ်ချင်သလို မလုပ်နိုင်တော့ဘဲ အရှင်သခင်ဖြစ်သော ကြွေးရှင်အား ပေးဆပ်ရတော့မည်။ နဖားကြိုးတပ်ထားသောနွား၊ ထမ်းပိုးတပ်ထားသောကျွဲနှင့် တူ၏။ အလွန်တူ၏။ နဖားကြိုးတပ်ထားသဖြင့် နွားခမြာမှာ သွားလိုရာမသွားရ၊ ဆွဲလိုရာ မဆွဲရ၊ သခင့်အလိုကိုလိုက်ရ၏။ ထမ်းပိုးတပ်ထားသောကျွဲလည်း သွားလိုရာမသွားရ စိုင်းလိုရာ မစိုင်းရ၊ ဆွဲလိုရာ မဆွဲရ၊ အရှင်သခင့် အလိုကိုလိုက်၍ သွားရ၏၊ စိုင်းရ၏၊ ဆွဲရ၏၊ ကြွေးယူသူလည်း ထိုနည်းအတူ ကိုယ်သွားချင်တိုင်း၊ လာချင်တိုင်း လုပ်ချင်တိုင်း၊ ကိုင်ချင်တိုင်း၊ ထချင်တိုင်း၊ ထိုင်ချင်တိုင်း မသွားရ၊ မလာရ၊ မထိုင်ရ၊ မထရ၊ မလုပ်ရ မကိုင်ရသဖြင့်၊ စိတ်ကျဉ်းကြပ်တော့၏။

ဤမျှမကသေး။ ကြွေးမဆပ်နိုင်သောအခါ ဆူဆူပူပူလုပ်၍ ကြွေးတောင်းခြင်းကိုခံရ၏။ ကြွေးရှင်တို့သည် များသောအားဖြင့် ရက်စက်ကြ၏။ ကြွေးတောင်း၍ မရလျှင် အရှက်တကွဲ အကျိုးနည်းဖြစ်အောင်လုပ်လေ့ရှိ၏။ တရားသော်လည်းကောင်း စွဲ၍တောင်းလေ့ရှိကြ၏။ မည်သူ့မျက်နှာကိုမှ ထောက်ထားလေ့မရှိ။

ကြွေးခံယူသည့်နေ့မှစ၍ နေဝင်မှရေထွက် နေထွက်မှနေဝင် တကြောက်တည်းကြောက်နေရ၏။ တစိုးရိမ်တည်း စိုးရိမ်နေရ၏။ တပူတည်း ပူနေရ၏။ တစ်နေ့မှ မအေးနိုင်။ ဩော် ကြွေးပူသည်



www.burmeseclassic.com

www.burmeseclassic.com



တခဲနက် ပြင်းထန်လှ၏တကား။

လောက၌ လူအပေါင်းတို့အား ဒုက္ခအကြီးအကျယ် ရောက်စေတတ်သော အကြောင်းတရားများအနက် 'ကြွေး'သည် တစ် ဆွဲ၏။ ထိပ်တကာ့ထိပ်သီး ဖြစ်၏။ ဤသတ္တဝါဆိုးကြီးကြောင့် လူတို့သည် အရှက်ကွဲ အကျိုးနည်းရ၏။ ဂုဏ်ပါဝါ လျှော့ရ၏။ မျက်နှာအောက်ချရ၏။ တစ်ဦးနှင့်တစ်ဦး မုန်းရ၏။ မေတ္တာပျက်ရ၏။ စိတ်ဆင်းရဲ၏။ ဒုက္ခရောက်ရ၏။ အတွင်းဆွေး ဆွေးရ၏။ စိတ်ပင်ပန်းကိုယ်ပင်ပန်း၍ အိုလွယ်၏။ သေလွယ်၏။

သို့ကလောက် ကြောက်စရာကောင်းသော 'ကြွေး'ကို ရှောင်လျှင် ကောင်း၏။ တကယ်ကောင်း၏။ ရှောင်နိုင်သမျှ ရှောင်ပါ။ ငွေ တကယ်လိုလျှင် မိမိ၏ ဝင်ငွေထဲမှ စု၍ ဖြစ်ခဲ့သော် သူတစ်ပါးထံမှ မချေးသင့်၊ မချေးယူရာ၊ မချေးယူလေနှင့်။

ဖြုန်းတတ်သူသည် ဘယ်တော့မှ ငွေ မချေးသင့်။ ငွေချေးသူကလည်း ထိုလူစားကို မချေးသင့်။ မိမိ၌ 'တဂုဏ်' လုပ်နေရသော ကိုယ်ပိုင်ပစ္စည်းများသော်မှ ရက်ရက်စက်စက် 'ဝိ'ခေါ်အောင် ဖြုန်းတီးပစ်ရက်သူသည် တစ်ပါးသူ၏ ပစ္စည်းကို ဖြုန်းဖို့ရန် ပြောစရာမရှိ။ ဦးမလေးတော့၊ လူဖြုန်းသက်သက်မှာ ငွေ၏တန်ဖိုးကို မသိ။ ငွေ၏တန်ဖိုးကို မသိ၍လည်း ဖြုန်းတီးပစ်ရက်၏။

( ၃ )ငွေ တကယ် လိုနေ၏။ မိမိ၌လည်း စုထားသည့် ငွေမရှိ။ ငွေရအောင် တစ်ခြားနည်းလမ်းလည်း မမြင်။ သူတထူးထံမှ ချေးယူရတော့မည်။ ချေးယူမှဖြစ်မည့်ကိစ္စ ဖြစ်နေ၏။ 'ကောင်းပြီ ငါ ငွေချေးရတော့မယ်၊ မချေးလို့ တကယ် မဖြစ်တော့ဘူး၊ ဒီ ချေးလို့ရတဲ့ ငွေကို တကယ် အသုံးလိုတဲ့ နေရာမှာ တကယ်သုံးမှာလား၊





တကယ် အကျိုးရှိအောင် သုံးမှာလား' ဟု ငွေမချေးမီ သေသေချာချာ ကရွတ်ကင်းလျှောက် စဉ်းစားပါ။

ဤသို့ တကဲ့တကယ် ငွေလိုသဖြင့် ချေးယူခဲ့လျှင် ငွေချေးသူကလည်း လွယ်၏။ လက်မနှေးဘဲ ပေးချင်၏။ 'ငါ ဒီလူ့ကို ချေးရရင် သူတကယ် အကျိုးကျေးဇူးများမှာပဲ' ဟု ယုံယုံကြည်ကြည်နှင့် ပေးလိုက်၏။ ပမာ ဤသို့ ယုံယုံကြည်ကြည် ချေးလိုက်ရာမှာ အကြောင်းမသင့်၊ အခွင့်မကောင်း၍ ချေးငွေကို ပြန်လည်မပေးဆပ်နိုင်သော်လည်း အဆုံးခံရခြင်းအတွတ္တ အနည်းငယ် ကျေနပ်သေး၏။ 'သူ့ခမြာ၊ အကျိုးရှိအောင် ငွေချေးပြီး ကြံတာပဲ။ ကံအကြောင်းမကောင်းလေတော့ မဖြစ်မြောက်ဖူး' ဟု ပြောဖော်ရသေး၏။

စင်စစ် ထိုကြွေးရှင်မျိုးကား တရားသော ပုဂ္ဂိုလ်များသာဖြစ်ကြကုန်၏။ မိမိ၏ ပိုက်ဆံကို အဆုံးလည်းမခံလို၊ အတိုးအညွန့်လည်း၊ ရထိုက်သည်ထက် ပို၍မယူလို၊ ယုံကြည်လောက်သောသူကိုသာ ချေးငှားလို၏။ တရားစွဲခြင်းသော်မှ မလွဲသာ မရှောင်သာမှလုပ်လို၏။ ဤလို ပုဂ္ဂိုလ်များထံမှာသာ တကယ်ငွေလိုသောအခါ ချေးယူသင့်၏။

ပစ္စည်းရမ္မက်၊ လောဘဇော တထောင်းထောင်းထွက်နေသူ ချစ်တီးများ၊ ချစ်တီးကဲ့သို့ လူများတို့သည် ငွေဖြုန်းတတ်သူများသာ တမင် လိုက်ရှာ၍ ငွေချေးကြ၏။ လူဖြုန်းများ၌ ဝင်ငွေမှန်မှန်သာရှိ အကြွေး ဘယ်လောက်ထူထူ၊ အရေးမကောင်း၊ ဓွတ်မှတ်၍ ငွေ ချေးလိုက်၏။ နောင်ကျမှပြန်လည်မရလျှင် တရားစွဲ၍ တောင်းယူ၏။ မိတ်ဆွေ သင်သည် အကယ်၍ တကယ်တမ်း ငွေလိုစေဦး။
ယူ၏။ မိတ်ဆွေ သင်သည် အကယ်၍ တကယ်တမ်း ငွေလိုစေဦး။
ဤကဲ့သို့ ငွေချေးသူ ငွေရှင်များထံ ဘယ်တော့မှသွား၍ မချေးလေနှင့်။ 'ဤသူများကား မိတ်ဆွေ၏ အသွေးအသားတို့ကို စုပ်ယူမည်



www.burmeseclassic.com

www.burmeseclassic.com



လူတွေ'ဟု မှတ်လေတော့။

ငွေသုံးရာ၌လည်း နေရာတကာ ထင်တိုင်းမသုံးပါနှင့်။ လူများက 'ကောင်းမယ်' ဆိုတိုင်းလည်း လိုက်၍မသုံးပါနှင့်။ သက်သက်မဲ့ လိုက်၍လိမ်လည် ညာဝါ စားမည့်သူ လူအပေါင်းလည်း အဆင်သင့် စောင့်နေဘိ၏။ လူများက 'ကောင်းမယ်' ဆိုတိုင်း နောက်ကလိုက်၍ လုပ်နေလျှင် ငွေလောက်နိုင်မည်မဟုတ်။

(၄)ငွေရှင်အား မိတ်ဆွေသည် တကယ်ငွေလိုသူ 'ချေးထိုက်သူ' တစ်ဦးဖြစ်ကြောင်း သဘော ရှင်းသွားလေအောင် အကြောင်းမျိုးစုံ အကုန်အစင် ပြောပြပါ။

စိတ်ထားကောင်းကောင်း၊ စေတနာဖြူဖြူ၊ တရားသဖြင့် ငွေချေးစားသူသည် ငွေကို အရမ်းမပေးလို။ 'မပေးသင့်၊ မပေးထိုက်သူ' တို့ကို မချေးငှားလို၍ အကြောင်းမျိုးစုံကို သိလို၏။ အကယ်၍ အကုန်အစင်မသိရလျှင် အယုံအကြည်ပေါ့သွား၏။ ပေးမည့်ငွေကိုပင် မပေးတော့ဘဲ ပြန်၍လက်ရုပ်ချင်၏။ မိမိအပေါ်၌ ဤသို့ မယုံကြည်ခြင်းကို အပြစ်မဆိုသာ။ ငွေချေးသူတို့သည် ငွေချေးရာ၌ 'ဒီလူဟာ ယုံရမဲ့လူလား၊ မယုံရမဲ့လူလား' ဟု ဤသို့ မစဉ်းစား မဆင်ခြင်ဘဲ တွင်တွင်ကြီး ချေးနေလျှင် ၎င်းသည် ခဏကလေး ဖွတ်မင်းဖြစ်ဖို့ မခဲယဉ်းတော့ပေ။

(၅) အကယ်၍ ငွေချေးယူ၍ရခဲ့လျှင် ထိုငွေဖြင့် အကျိုးရှိရာ ရှိကြောင်း လုပ်ငန်းတွင် တတ်နိုင်သရွေ့ အထူးကြိုးစားပြီး လုပ်ကိုင်မည် ဖြစ်ကြောင်းကို ငွေရှင်အားပြောပြပါ။

ချေးယူထားသော ငွေမှာ စင်စစ်မိမိကိုယ်ပိုင်ငွေမဟုတ်။ မိမိကိုယ်ပိုင်ငွေ မဟုတ်သဖြင့် အလုပ်ကို အထူးပိုမို ဂရုစိုက်၍ 'ကိုယ်ဖိ





ရင်ဖိ' ကြိုးစားအားထုတ်မှလည်း တရားမှန်ကျပေတော့မည်။ ကိုယ်တိုင်အသက်သွင်း၍ ကြိုးစားဆောင်ရွက်နေသောကြောင့် 'ကျွန်တော် ဒီအလုပ်လုပ်တာ အကျိုးရှိလိမ့်မယ်လို့ ကျွန်တော် တကယ် ယုံကြည်ပါတယ်' ဟု ပါးစပ်ကဖွင့်မပြောရဘဲ အလုပ်က သက်သေခံ ဖော်ပြရာရောက်၏။

ဝီရိယရှိသူကို လူတိုင်းလိုပင် ကူညီလို၏။

(၆) ချေးယူသောငွေကို တစ်ပြားမကျန် ကျကျနန အသုံးပြုပါ။

ဤသို့မှ မသုံးလျှင် 'ကြွေး'သာ အဖတ်တင်ကျန်ရစ်ပေမည်။ ကြွေးတင်၍ အကျိုးလည်းမရှိ၊ ခရီးလည်းမရောက်၊ ဂုဏ်ရှိသည်လည်း မဟုတ်။ ပိုစိတ်ချမ်းသာ သည်လည်းမဟုတ်။

တကယ်လိုသလောက် ငွေကိုသာ (လိုသည်ထက်တစ်ပြား မပိုစေဘဲ) တိတိကျကျ ချေးယူသူသည် မြန်မြန်ပြန်၍ ပေးဆပ်နိုင်၏။ ဤသို့ မြန်မြန်ပြန်ဆပ်နိုင်သဖြင့်၊ ငွေချေးသူများကလည်း အယုံအကြည် ပိုလာ၏။ များလာ၏။ တက်လာ၏။ နောက်ထပ်ထုတ်ချေးလို၏။ သွားရောက် 'ချေးယူသောအခါ အလွယ်တကူ လက်မနှေးကြကုန်။

လူတို့သည် (များသောအားဖြင့်) ချေးရသော ငွေကိုလွယ်လွယ်နှင့်ရသည်ထင်၍ လွယ်လွယ်နှင့်သုံးလိုက်၊ ဖြုန်းလိုက်ကြ၏။ ထို့ကြောင့် နောက်တစ်ကြိမ်ထပ်၍ ချေးရန်ခက်ခဲနေ၏။

ငွေထုတ်ပေးမည့်သူအား မိတ်ဆွေသည် တကယ်ငွေချေးထိုက်သူ တစ်ဦးဖြစ်ကြောင်း၊ ကြိုးပမ်းလိုသူတစ်ဦးဖြစ်ကြောင်းကို အရင်ကသော်လည်းကောင်း သိထားစေရမည်။ အရင်ကမသိခဲ့လျှင် ယခုသိအောင် ပြောပြနိုင်ရမည်။ ယုံကြည်အောင် ပြောပြနိုင်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



ပြောပြရမည်။ ဤသို့ပြောရန်မှာ 'လွယ်လွယ်ကလေး' ထင်ရသော်လည်း ပြောရန်ကို မေ့နေကြ၏။

[ ၂ ]

ငွေချေးယူရာ၌ ငွေချေးသူ သုံးမျိုးသုံးစား ရှိသေး၏။

၁။ ။ ငွေမချေးထိုက်ဘဲလျက် ချေးသူများ။

ဤအစားသည် မြန်မာပြည်၌ အလွန်ပေါ၏။ မြန်မာတို့ဖြစ်နေပုံမှာ ရသမျှပိုက်ဆံ ပျော်လိုက်ပါးလိုက် သောက်လိုက် စားလိုက်နှင့် အိတ်ထဲတစ်ပြားမှ မကျန်တော့၊ သူများထံ 'လွယ်လွယ်ကလေး' သွားချေးပြီး အတိုးအညှန့်များကို ပမာမထားဘဲ 'ဝိ' ခေါ်အောင် ဖြုန်းလိုက်ပြန်၏။ ထို့ကြောင့် 'ကြွေးကင်း'သော မြန်မာ စာရေးစာချီဟူ၍ မရှိသလောက် ရှားလှ၏။

ဤသို့ အကြွေးမကြောက် 'လွယ်လွယ် ချေး လွယ်လွယ်သုံး' နေသဖြင့် မြန်မာပြည်ကြီးတစ်ခုလုံး ထိခိုက်ချောက်ချားနေသည်ကို မသိ။ အမိမြန်မာပြည်ကြီး "ချူနာသည်' ဖြစ်နေသည်ကို ဂရုမစိုက်။ မြန်မာပြည်မှ တိုင်းတပါး နိုင်ငံခြားသို့ ငွေများ မရေတွက်နိုင်သောက်အောင် ရောက်ကုန်သည်ကို အရေးမထား။ ကိုယ့်မိခင်ကို ကိုယ်စိမ်းကားလှ၏တကား။

၂ ။ ။ငွေချေးယူထိုက်သူ တစ်ဦး၊ ချေးယူသင့်သူ တစ်ဦး ဖြစ်ပါလျက် ငွေမချေးတတ်သူများ

ဤလူစားသည်၊ နံပါတ် ၁ အစားလောက် မပေါသော်လည်း များကားများ၏၊ အချို့လူများသည် အစွမ်းသတ္တိရှိ၏။ လုပ်ရည်ကိုင်ရည် ရှိ၏။ ကြိုးစား၏။ နောက်မဆုတ်တတ်၊ သို့သော် ၎င်း၏





လုပ်ငန်းကို ကြီးပွားအောင် ချဲ့ထွင်၍ တိုင်းပြည်၌ ကျေးဇူးများနိုင်သည့် လုပ်ငန်းတစ်ခုဖြစ်အောင် လုပ်ကိုင်ရန် ငွေရေးကြေးရေး မလုံလောက်။ ငွေးချေးနည်း နားမလည်။ ငွေလည်းမချေးတတ်ဖြစ်နေသဖြင့် ကျေးဇူးများမည့် လုပ်ငန်းကို မလုပ်ရဘဲ ရှိနေ၏။

အချို့လူတို့သည် ချေးနည်း ငှားနည်းကိုလည်းသိ၏။ သို့သော် လုပ်ငန်းတစ်ခုကို လက်ဆုပ်လက်ကိုင် မပြနိုင်သေး၍ ငွေမချေးတတ်။ မချေးဝံ့။ ကိုယ့်လိပ်ပြာ ကိုယ်ပြန်ရှက်နေ၏။ သို့နှင့် တိုင်းပြည်၌ ကျေးဇူးများမည့် လုပ်ငန်း၊ တိုင်းပြည် တကယ်တိုးတက် ကြီးပွားမည့် လုပ်ငန်းပေါင်း များစွာ လစ်ဟင်းကုန်၏။

မြန်မာလူမျိုးတို့သည် အလှူအတမ်း ရက်စက်၏ဟု ဆိုရပြားသော်လည်း ဘာမဟုတ် အချည်းနှီး မီးတိုက်ပစ်ရန် အဖိုးထိုက်အဖိုးတန် ပြဿဒ်ကြီးများကို ဆောက်လုပ်ရာ၌သာ ရက်စက်၏။ တိုင်းပြည်၌လည်း ကျေးဇူးမများ၊ ကိုယ့်အတွက်လည်း ကျေးဇူးမများသည့် နေရာများမှာသာ ရက်ရောကြ၏ ငွေတစ်သောင်း၊ နှစ်သောင်းကို ဘုန်းကြီးပျံ၌ သုံးရန် ဖြုန်းရန် ဝန်မလေးလှ။

ထိုထိုနေရာများ၌ သုံးရန်၊ ဖြုန်းရန် ဝန်မလေးလှသူများသည် တိုင်းပြည်၏ ကြီးပွားရာကြီးပွားကြောင်း လုပ်ငန်းများ၌ ငွေအားဖြင့် ကူညီ ဖေးမထောက်ပံ့ခြင်း မရှိ၊ ငါးရာမျှသော ငွေကလေးကိုပင် တတွန့်တွန့် နှမြောနေကြ၏။

တိုင်းပြည်မှာလည်း ကျေးဇူးများ၊ ကိုယ့်အတွက်လည်း ကျေးဇူးများမည်ဖြစ်သော်လည်း မပြုလုပ်လိုကြ။ 'ကုသိုလ်မရ' ဟု ထင်ကြ၏။ မြန်မာပြည် အခု အခြေအနေကို ကြည့်၍ 'ဒီနည်းလုပ်မှ ပေါ်လိမ့်မယ်၊ ဟိုနည်းတော့ ပယ်မှတော်မယ်' စသဖြင့် သိနိုင်ရာ၏။



www.burmeseclassic.com

www.burmeseclassic.com



၃ ။ ။ ငွေကိုလည်း သုံးတတ်၍၊ ချေးလည်းချေးတတ်သူများ စင်စစ် ဤလူစားကား တခြား တိုင်းပြည်၌သာ ရှိကြ၏။ ထို့ကြောင့်ပင် တိုင်းတစ်ပါးသားတို့သည် ကြီးပွားနေ၏။ ကျွန်ုပ်တို့ တိုင်းရင်းဖွား မြန်မာများမှာ ငွေကိုလည်းမသုံးတတ်။ သုံးတတ်ပြန်ကလည်း မချေးတတ်သဖြင့် ကြီးပွားသင့်သလောက် မကြီးပွားဘဲ အောက်ကျ နောက်ကျ ဖြစ်နေတော့၏။

ငွေချေးယူရာ၌လည်း ကျွမ်းကျင်ဖို့ လိုသေး၏။ မျက်နှာ အောက်ချ၍ ချေးယူရုံနှင့် မပြီးသေး။ ငွေချေးသူမှာ အမြတ်အစွန်း လိုချင်၍သာ ငွေချေးစား၏။ ထုတ်ချေးလိုက်သောငွေကို မဆုံးအောင် အထူးဂရုစိုက်၏။ ကိုယ့်ငွေကိုယ် အဆုံးမခံလို၊ ငွေချေးခြင်းသည် အလှူအတမ်းမဟုတ်။

ငွေ ဆုံးမည် ထင်လျှင် ဘယ်တော့မှ ချေးလိမ့်မည် မဟုတ်။ သို့သော် လူတစုံတယောက်ကို 'ကြိုးစားမှန်း ဝီရိယရှိမှန်း၊ ရိုးသားမှန်း၊ ဖြောင့်မတ်မှန်း' ထိုတ်၍ ငွေချေးရန် ဝန်မလေး ဦးမလေး 'ဒီလူဟာ လူမှန်ပဲ၊ တကယ်ကြီးပွားအောင် လုပ်မဲ့လူပဲ' ဟု ယုံကြည်၍ နှစ်သက်ကြ၏။

ကိုယ်ချင်းစာတတ်ခြင်းသည် နေရာမရွေး ကောင်း၏။ ငွေ ချေးယူရာ၌လည်း အသုံးကျ၏။ မိမိအား ငွေထုတ်ချေးမည့် လူ၏ နေရာကဝင်၍ ကိုယ့်ကိုယ်ကို ပြန်၍ စဉ်းစားပါ။ 'ငါသာ ငွေထုတ်ချေး ရရင် ဘယ်လို ပြောမှ ချေးမှာလဲ၊ ဘယ်လိုပြောမှ ကြိုက်မှာလဲ' ဟု ဘယ်လိုပြောလျှင် သဘောကျမည်။ ဟိုလို ဟိုလိုပြောလျှင် သဘော မကျချင်ဘူး စသဖြင့် ငွေထုတ်ချေးသူ၏ ဝမ်းထဲဝင်၍ စဉ်းစားပြီး ငှင်းနှစ်ခြိုက်လိမ့်မည် ထင်သော နည်းလမ်းကို အသုံး ပြုပါ။





များသောအားဖြင့် လူတို့သည် တစ်စုံတစ်ခုကို လိုချင်သော အခါ မိမိအလိုရှိရာကိုသာ ဟောဟောဒိုင်းဒိုင်း ပြောဆိုတတ်၏။ လူတဖက်သား၏ စိတ်ကိုမသိ။ ကိုယ်ဒုက္ခလောက်သာကြည့်၍ အရမ်းပြောနေလို့မဖြစ်။ ငွေထုတ်ချေးလိမ့်မည်မဟုတ်။ ကိုယ့်ဒုက္ခကို သူနားလည်လိမ့်မည်မဟုတ်၊ စိတ်ဝင်စားလိမ့်မည်မဟုတ်။ ကိုယ့် အကျိုးသာ ကိုယ်ကြည့်ပေးလိမ့်မည်။ လူများအကျိုးကို ကြည့်လိမ့်မည် မဟုတ်။ ကိုယ့်အကျိုးက 'ဘယ်လို ဘယ်လို' ဆိုသည်ကိုသိချင်၏။ လူများ အကျိုးကို မသိလိုကြ။

အကယ်၍ မိမိ၌ စိတ်ညစ်စရာများ၊ စိတ်ပျက်စရာကံချော် သည့် အကြောင်းများ ရှိနေလျှင် ငွေချေးသူထံမှ အကူအညီရရာ ရကြောင်း၊ ရလို ရငြား သွား၍မပြောလေနှင့်။ စင်စစ် ဘယ်သူ့ကိုမှ ပြောရန်မလို။ ဝမ်းထဲမှာလည်း အတွင်းဆွေး ဆွေးနေရန်မလို၊ စိတ်ညစ်စရာများသည် အဆိပ်နှင့်တူ၏။ ဒုက္ခသာ ပေးတတ်၏။ သုခကို မဆောင်တတ်။ ဆင်းရဲကိုသာ ပေးတတ်၏။ချမ်းသာကို မပေးတတ်။ ထိုအဆိပ်များကို ကိုယ်တွင်းမှ ချက်ချင်းထုတ်ပစ်လိုက် ကြပါ။

ငွေထုတ်ချေးသူကလည်း၊အသနားခံ၍ တောင်းပန်ခယသူတိုင်း ကို ချေးသည်မဟုတ်။ ငွေချေးတတ်သူကိုသာ ချေးလို၏။

ငွေချေးယူသောအခါ ငွေထုတ်ချေးသူသည် အောက်ပါ အချက်များကို သိလိုကြ၏။

၁။ ငွေလာချေးသူ၏ ဝင်ငွေနှင့် ကိုယ်ပိုင် ပစ္စည်းများ ဘယ်ရွေ့ ဘယ်မျှ။

၂။ ငွေလာချေးသူသည် အကယ်၍ ကုန်သည်ဖြစ်ငြားအံ့။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူထံ တစ်နေ့တစ်နေ့ ဘယ်လောက်ဖိုး ကုန်ရောင်းရ မရောင်းရ၊ နယ်က ဈေးဝယ်သူများ၏ 'အမှာစာ' မည်ရွေ့မည်မျှ ရောက် မရောက်။

၃။ ငွေလာချေးသူသည် လုံ့လ ဝီရိယရှိ မရှိ၊ ယုံကြည်လောက်၊ မယုံကြည်လောက်။

ငွေလာချေးသူမှာ ဘယ်လောက်ပင် အာမခံ ကောင်းကောင်း ငွေကိုရက်ရှည်လများ မထားချင်။ လပိုင်း ရက်ပိုင်း တိုနိုင်သမျှ တိုလေလေ သဘောကျလေလေ ဖြစ်၏။ ငွေချေးစားသူသည် 'ငွေ' ကို အရင်းအနှီးလုပ်၍ လက်လည်အောင် ကုန်ကူးနေသူဖြစ်၏။ ရင်း၌ ငွေဝင်ငွေထွက် မြန်မှသာ 'တွက်ကိန်း' ကိုက်မည်ဖြစ်၏။ ထို့ကြောင့် ငွေချေးယူရာ၌ ကာလအပိုင်းအခြား တိုနိုင်သမျှ တိုပါစေ၊ မြန်မြန်ပေးဆပ်နိုင်သလောက် ပေးဆပ်ပါ။

[ ၃ ]

တစ်ခါလာ ငွေချေး၍သာ၊ တစ်ခါလာ ငွေချေး၍သာ၊ မိမိ လုပ်ငန်းကို ဆောင်ရွက်ခြင်းသည် ကောင်းသောအလုပ်မဟုတ်။ တခါတရံ မလွှဲသာလွန်းအားကြီးမှသာ ငွေကိုချေးယူရမည်။ ခဏခဏ ငွေချေးသူကိုလည်း ငွေရှင်များက မနှစ်သက်၊ သဘောမကျ။ ကြီးပွားလိုသူတို့၌လည်း ခဏခဏ ငွေချေးခြင်း ထုံးစံမရှိ။

အမြဲတမ်း နှလုံးသွင်းရမည်မှာ ငွေချေးယူသည်နှင့် တစ်ပြိုင် နက် မိမိ၏ လည်ပင်းကို ကြိုးကွင်း စွပ်လိုက်သည်နှင့်တူ၏။ ကြွေး များလာသည်နှင့် လည်ပင်းက ကြိုးတင်း၍ တင်း၍ လာသည်နှင့် တူ၏။ ကြိုးတင်းလွန်းလျှင် လည်ပင်းအစ်၍ အသက်ပျောက်သွား





သကဲ့သို့ ကြွေးများလာလျှင် အသက်ရှင်နေပါလျက် စိတ်၏ ချမ်း သာခြင်း၊ ကိုယ်၏ ချမ်းသာခြင်း မရှိတော့။ လောကကြီး၌ မပျော် တော့။ လူမလုပ်လိုတော့သဖြင့် သေသည်နှင့်တူ၏။ သေသည်ပင် မည်တော့၏။

လူတို့သည် ငွေချေးရန် လွယ်ကူသဖြင့် ခဏခဏ 'စွတ်ကယ်, စွတ်ကယ်' ချေးကြ၏။ ငွေရှင်များကလည်း လောဘရမ္မက် ငေါငေါထွက်၍ 'အတိုးများများရရင် ပြီးရော' ဆိုပြီး 'ဒီလူသည် ချေးထိုက်, ချေးသင့်သူ ဖြစ်မဖြစ်'ကို မစဉ်းစားတော့ဘဲ လက် လွယ်လွယ်နှင့် ထုတ်၍ ငွေချေးလိုက်ကြသောကြောင့် လူအများမှာ ကြွေးတင်ကုန်ကြ၏။ ကြွေးယူ ကုန်ကြ၏။ ကြွေးထူသူ ပေါများ သောကြောင့် ကမ္ဘာလောကကြီး၌ ဆင်းရဲသူ ပေါများကြ၏။ ဆင်းရဲသူ ပေါများသောကြောင့် ကမ္ဘာလောကကြီးသည် ရှေ့ကို မတိုး နောက်ကိုဆုတ်၍ ဆုတ်၍ ယုတ်လျော့နေတော့၏။

ငွေကို လွယ်လွယ်နှင့် ရသောနည်းသည် စင်စစ်ကောင်းသော နည်းမဟုတ်။ ဤနည်းသည် နောက်ဆုံးတွင် ဒုက္ခပေးတတ်၏။ လက်ဦးအစ ဘယ်လိုပင် ကောင်းကောင်း၊ အနှောင်း မသေချာသော နည်းများသည် ကောင်းသောနည်းများ မဟုတ်။ ဆိုးသည့်ဟူ၍သာ မည်တော့၏။

ငွေကို လွယ်လွယ် မဟုတ်ဘဲ ခက်ခက်ခဲခဲနှင့် ရသောနည်း သည် အကောင်းဆုံးနည်း ဖြစ်၏။ ဘယ်လို ခက်ခဲပုံလဲ၊ ခက်ခဲပုံ မှာ တစ်ခြားမဟုတ်။ ကိုယ်ပိုင်ဉာဏ်ကလေး သုံး၍ အကြံထုတ်ပြီး၊ ငွေကိုရအောင် လုပ်ယူရသဖြင့် ခက်ခဲ၏။ ဤနည်းသည် ကောင်း သောနည်း မဟုတ်ပါလား။ လူများထက် အကြံသာ ဉာဏ်သာအောင်



www.burmeseclassic.com

www.burmeseclassic.com



အားထုတ်ရသဖြင့် ခက်ခဲ၏။ ခက်ခဲသော်လည်း 'မဖြစ်နိုင်၊ မတတ်နိုင်' လောက်အောင် ခက်ခဲသည် မဟုတ်၊ ကိုယ့်အစွမ်းနှင့်ကိုယ် ရအပ်သော ငွေဖြစ်သောကြောင့် မည်သူ့ကိုမျှလည်း အားနာစရာ မလို။ အောက်ကျစရာမလို ကျုဉ်းကျုဉ်းကျပ်ကျပ် မဖြစ်တော့။ လွတ်လွတ်လပ်လပ် နေနိုင်၏။

ခက်ခက်ခဲခဲနှင့် ငွေကို လွယ်လွယ်ကလေးရအောင်၊ လုပ်နိုင်၏။ ဘယ်လိုလဲ။ တခြားမှာ မရှာလေနှင့်။ ထွေထွေထူးထူးတော့ မဟုတ်။ အလုပ်ကို ကြိုးစား အားထုတ်၍ လုပ်ခြင်းပင် ဖြစ်၏။ အလုပ်ကို ကြီးပွားသည်ထက် ကြီးပွားအောင် တွယ်ကျယ်သည်ထက် တွင်ကျယ်အောင် အမြဲတမ်း အားထုတ်ရမည်။ ဤသို့ အားထုတ်မှသာ လူများထက်သာနိုင်မည်။ လူများထက် သာမှသာ လူများထက် ငွေကို လွယ်လွယ်ကူကူ ရပေလိမ့်မည်။

ဘယ်လောက်ပင် လွတ်လွတ်လပ်လပ် ဖြစ်စေဦး။ အလုပ်ကို ကြီးကြီးကျယ်ကျယ် လုပ်သူသည် တစ်ခါတရံ 'အကြွေး'ကို အလိုရှိပေလိမ့်မည်။ အလုပ်ကို ချဲ့ထွင်ရန်သော်လည်းကောင်း၊ အလုပ်သစ်ကို စ၍ လုပ်ရန်သော် လည်းကောင်း ငွေလိုပေလိမ့်မည်။ ထို့ကြောင့် ငွေချေးသူ ငွေရှင်များနှင့် သင့်မြတ် ရန် အရေးကြီး၏။ ငွေရှင်နှင့် သင့်မြတ်အောင် ငွေရှင်ဘက်မှ စဉ်းစားပါ။ 'သူ့သဘော လိုက်လျောညီထွေ ကျင့်တတ်စေ' ဆိုသလို သူ့သဘော အကြိုက်လိုက်၍ ကျင့်ရပေလိမ့်မည်။

ငွေရှင်က ပေါ့ပေါ့ဆဆ လွယ်လွယ်ကလေးနှင့် ယုံလိမ့်မည် မဟုတ်။ 'ဒီလူဟာ လူရိုးလား၊ လူဆိုးလား၊ ငွေပြန်ဆပ်မဲ့





လူလား၊ မဆပ်မဲ့လူလား၊ မှန်မှန် ပေးမဲ့လူလား၊ စကားဖျက်မဲ့ လူလား၊ အခြေအနေ ရှိတဲ့လူလား၊ မရှိတဲ့လူလား' စူးစမ်း ဆင်ခြင်၍ ချေးသင့် ချေးထိုက်မှ ချေးပေလိမ့်မည်။ အကယ်၍ အားတိုင်း လွယ်လွယ်ကလေးနှင့် ယုံပြီး ချေးလိုက်မည်ဆိုလျှင် [illegible] စိမ်တို့သည် ပြုတ်ပြုတ်ပြုန်းရုံသာ ရှိတော့၏။

ငွေရှင်သည် ကြွေးယူသူကို အနှစ်သက်ဆုံးဖြစ်၏။ သို့သော် ကြွေးယူသူတိုင်းကို မဟုတ်။ ပြန်ဆပ်မည် ဆိုသောနေ့၌ [illegible] ပြန်ဆပ်သူကိုသာ နှစ်သက်၏။ ဤလူစားများ [illegible] လေလေ သဘောခွေ့လေလေပင် ဖြစ်တော့၏။

ပဋ္ဌည်းဥစ္စာ အကြောင်းပြ ကောင်းသည်ထက် ခိုင်ခံ့သည်ထက် 'စကားတည်သူ' ကို ပို၍ သဘောကျ၏။ ကြွေးယူလျှင် ပြန်ဆပ်မည်ဆိုသော နေ့၌ပင် ပြန်ဆပ်ရန် အမြဲတမ်း မှတ်ထားပါ။ တစ်ရက်သော်မှ နောက်မကျပါစေနှင့်။

ငွေရေးကြေးရေးသည် အလွန် အရေးကြီးလှသဖြင့် ဤမျှ ရေးသားရခြင်း ဖြစ်၏။ ယခုအခါ မြန်မာလူမျိုးတို့သည် ကုန်သည်အလုပ်ကို မလုပ်လိုကြ။ ကုန်သည်အလုပ် စရန်လည်း ငွေမရှိ။ အရင်းအနှီးမရှိ။ စပြီးသောသူများမှာလည်း အလုပ်ကို ချဲ့ထွင်လိုသော်လည်း အရင်းအနှီး နည်းပါးနေ၍ အခက်ကြုံနေ၏။ ထိုထို ပုဂ္ဂိုလ်များအား ဤအခန်းသည် အထူး ကူညီပါလိမ့်မည်။ တကယ် ကူညီလိမ့်မည်ဟု ကျွန်ုပ် မျှော်လင့်၏။ ယုံကြည်၏။

အချုပ်ကား' တတ်နိုင်လျှင် 'အကြွေး' ကို ဘယ်တော့မှ မယူလေနှင့်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အတွက် ကြီးပွားရာ ကြီးပွားကြောင်း တိုင်းပြည်အတွက် ကြီးပွားရာ ကြီးပွားကြောင်းတို့ကို ဆောင်ရွက်ရန် ငွေလိုနေသည် ဆိုမှသာ ချေးယူကြပါ။

တကယ် အသုံးလိုသည်ထက် တစ်ပြားပို၍ ဘယ်တော့မှ မယူပါနှင့်။ မချေးပါနှင့်။

အရေးအကြီးဆုံးမှာ ပြန်ဆပ်မည်ဆိုသော နေ့၌ မိမိတာဝန် ဝတ္တရားကျေပွန်အောင် ကြိုးစား၍ မှန်မှန်ကန်ကန် ပြန်ဆပ်ကြပါ။



**အခန်း ၉**

## အတုခိုး၊ ပြုပြင်ပေး
## တိုးတက်ကောင်းမွန်အောင် ကြိုးစား

[ ၁ ]

ဤလောကကြီး၌ (များသောဖြင့်) အကြံဟောင်း နည်းဟောင်း တို့ကို စွန့်ပစ်ရန် နှေးကွေး ဖင့်လေးနေကြသောကြောင့် အခက် အခဲများနှင့် တွေ့ကြုံနေရ၏။ အထူးသဖြင့် ကျွန်ုပ်တို့ မြန်မာများ သည် 'ရှေးထုံးကိုလဲ မပယ်နှင့်' ဟူသော ဝါဒကို အလေးဂရု ပြု ကြ၏။ တရိတသေ လိုက်နာကြ၏။ အဆင်အခြင် မရှိဘဲ ဆင်ကန်း တောတိုး လိုက်နာကြ၏။ မိဘဘိုးဘွားများ ရှေးက လုပ်ကိုင်သွား သော နည်းလမ်းများကို အမြတ်တနိုး နွားသိုးကြိုးပြတ် လိုက်နာ ကြ၏။ ခေတ်အလိုက် နည်းသစ်များကို ထွင်ရန် အလိုမရှိကြ။ နည်းသစ်ထွင်လျှင် ဝန်လေးနေကြ၏။ ခေါင်းကိုက် နေကြ၏။ နည်း သစ်ထွင်ရန် ငရဲကျမလောက် ကြောက်နေကြ၏။ နည်းသစ်ထွင် လျှင် အစီစီ ချိုးကပ်မလိုလို ပြောနေကြ၏။ ယခုခေတ်ကြီးသည် အလွန် လျင်မြန်စွာ ပြုပြင် ပြောင်းလဲနေသော ခေတ်ကြီးဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ရှေးတုန်းက ဆယ်နှစ်ကြာမှ လုပ်၍ ပြီးနိုင်သော အလုပ်တစ်ခုကို ယခုအခါ မြန်မြန်ဆန်ဆန် နှစ်ရက်အတွင်း ပြီးစီးနိုင်၏။

ရှေးအခါက မန္တလေးနှင့်ရန်ကုန် ခရီးသွားလိုလျှင် ဘယ်လောက် ကြန့်ကြာမည်။ ဘယ်လောက် ဖင့်လေးမည်ကို စဉ်းစားကြည့်ကြပါ။ ထိုခရီးကို ရှေးက ဘယ်လောက် အချိန်အတွင်း ရောက်နိုင်သည် ယခု ဘယ်လောက် အချိန်အတွင်း ရောက်နိုင်သည် ဟူ၍ နှိုင်းယှဉ်ကြည့်ပါ။ ရှေးက တစ်နာရီလျှင် ဘယ်လောက် ခရီးပေါက်သလဲ။ ယခု ဘယ်လောက် ပေါက်သလဲ။ အားလုံး စဉ်းစားကြည့်ပါ။ (နောက်များမကြာခင် လေယာဉ်ပျံ ခေတ်စားလာသောအခါ ယခုထက်ပင် ပို၍ မြန်ပေလိမ့်မည်။)

ဤသို့ အပြောင်းအလဲ လျင်မြန်နေသော ခေတ်ကြီး၌ ခေတ်ကိုလိုက်၍ (ခေတ်နှင့် လျော်ညီစွာ) မပြောင်းလဲ မပြုပြင်ဘဲနေကြသော လူမျိုးတို့သည် ခေတ်အလိုက် ပြုပြင်ပြောင်းလဲနေသော တခြားလူမျိုးအောက် ဝမ်းလျားမှောက်ကြရပေလိမ့်မည်။ အောက်ကျနောက်ကျ ဖြစ်ရပေလိမ့်မည်။

မြန်မာတို့သည် ရှေးဟောင်းစံနစ်များကို ဘုရားတစ်ဆူ ဂူတစ်လုံးလို ခံမင် မက်မောလျက် နည်းသစ်နည်းကောင်းများကို မလိုက်နာကြသည့်အတွက် အောက်ကျနေပါပကော။

တိုင်းတစ်ပါး နိုင်ငံခြားသားများသည် သင်္ဘောများနှင့် ကုန်ကူးသန်းရောင်းဝယ်ကြ၏။ မြန်မာများသည် တုံကင်းနှင့် ပိန်းကောမ လှေကြီးကို သုံးမြဲ သုံးနေကြသေး၏။ တခြား တိုင်းပြည်တွင် မော်တော်ကားများကို ရေလဲနှင့် သုံးကြ၏။ မြန်မာများသည် နွားနှစ်ကောင် တအိအိဆွဲသော လှည်းကို အသုံးပြုဆဲပင် ရှိသေး၏။





ရှေးကနှင့်ယခု ဘာမှ မထူးခြားသလိုလို အေးစက်စက် နေကြ၏။ တသောသော ပက်လက်မျော မျောနေကြ၏။ ဘယ်ကမ်းဘယ်ခြေ ဆိုက်မည်မသိ။

'အို ခင်ဗျားပြောတော့ အလွယ်ကလေး၊ ဒီ သင်္ဘောတွေ၊ မော်တော်ကားတွေ သုံးဖို့ ဘယ်မလဲဗျ၊ အဝိုင်း, အဝိုင်း ဟူ၍ ဆင်ခြေ, ဆင်လက် ဆင်နားရွက် တခဲနက် ပေးကြပေလိမ့်မည်။ 'ဟုတ်ကဲ့၊ ပိုက်ဆံတော့ လိုပါတယ်၊ မလိုဘူးလဲ မပြောပါဘူး။ မိတ်ဆွေတို့ အေးအေးထိုင်နေလို့ ပိုက်ဆံက အိမ်ပေါ်တက်လာမှာ မဟုတ်ဘူးဗျ၊ ခုခေတ်ဟာ တိုးတော်, ဘွားတော်ခေတ် မဟုတ်တော့ဘူး။ ကြပ်ကြပ်ကြံ၊ ကြပ်ကြပ်လုပ်၊ ကြပ်ကြပ်ကြိုးစားရမယ့် ခေတ်ဗျနော်။ ဒါကိုလဲ သတိကလေး ထားကြစမ်းပါ' ဟု ကျွန်ုပ် ချေပလို၏။

ယခုအခါ အချို့မြန်မာများသည် ခေတ်အလိုက် သင်္ဘောများနှင့် မော်တော်ကားများကို အသုံးပြုရန် ကြံစည်နေကြ၏။ မြန်မာများသည် အိပ်မက်ထဲ ထည့်မက်နေရုံရှိသေး၊ တခြားတိုင်းပြည်များက သင်္ဘောနှင့်မော်တော်ကားထက် မြန်သော နည်းများကို အသုံးပြုရန် စီမံနေလေပြီ။ ကျွန်ုပ်တို့ မြန်မာများမှာ ပြုပြုပြင်ပြင် လုပ်ရန် နောက်ဆံ တင်းနေဘိ၏တကား။ နောင့်နှေးနေကြ၏တကား။

မြန်မာတို့သည် နောက်ကျ၏။ အောက်ကျ၏။ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး … အို အစစအရာရာ မပြောချင်အောင် နောက်ကျအောက်ကျနေ၏။

ယခုအခါ အနောက်တိုင်းနိုင်ငံများ၌ ခေတ်စားနေသော ဓာတုဗေဒပညာ၊ လောကဓာတ်ပညာ၊ ကုန်ကူးသန်းရောင်းဝယ်ရေး ပညာဟူ၍ မြောက်မြားစွာ ရှိကြ၏။ သင်းတို့နည်းတူ ထိုပညာများ



www.burmeseclassic.com

www.burmeseclassic.com



ကို ထိထိရောက်ရောက် လိုက်နာလေ့ကျက်မည်ဆိုလျှင် မြန်မာပြည်ကြီးသည် ရှေ့လျှင်မြန်စွာ တတ်မည်ကား မလွဲ။

ခေတ်နည်းသစ် နည်းကောင်းများကို လိုက်နာရန် ပြောသောအခါ အထူးသဖြင့် လူကြီးများမှာ သိသိသာသာ နေ့းကြ၏။ 'မင်းတို့ နောက်ပေါက် ကောင်ကလေးတွေဟာ အနောက်နိုင်ငံက ဘာလုပ်လုပ် အကောင်းချည်း ထင်တာပဲ။ တယ်အတုခိုးကောင်း။ မင်းတို့ ဘိုးဘေး မိဘတွေ ဒီလိုနေလာတာပဲ ဒီလိုလုပ်လာတာပဲ။ မင်းတို့ကျမှ ထူးထူးထွေထွေ မဆန်းချင်ပါနဲ့ကွာ၊ တယ်ခေါင်းမာတဲ့ကလေးတွေကိုး' ဟူ၍ ဟန့်ကြ၏။ တားကြ၏။ ပိတ်ကြ၏။ ဆီးကြ၏။ ဆိုကြ၏။

စင်စစ် ကျွန်ုပ်တို့ လူငယ်များ လိုက်အတုခိုးကြသည့် အထဲတွင် ကောင်းသည်လည်း ရှိ၏။ မကောင်းသည်လည်း ရှိ၏။ များသောအားဖြင့် တိုင်းပြည် ကြီးပွားမည့် အလုပ်များကို မလုပ်ကြသေး။ (အချို့ လူငယ်များက လုပ်လိုသော်လည်း မိဘလုပ်သူများက 'မင်းတို့ ဆင်စီးလို့ မြင်းရံတာ မြင်ချင်တာကွ၊ ရာထူးဂုဏ်ဒြပ်နှင့် မြင်ချင်တာကွ' ဟူ၍ ဖျက်လိုဖျက်ဆီး ရှေ့က ကားဆီးကာဆီး လုပ်ကြ၏။) တိုင်းပြည်ကြီးပွားမှု၌ ခရီးမပေါက် အရာမရောက် အလုပ်မတွင် ပွဲမဝင်သော နေရာဌာနများကိုသာ ငန်းငန်းတက်ဖြစ်နေကြ၏။ သြော်....ဒီ အခြေဆိုက်နေတာတောင် လောဘရန်စောင်ကို မအောင်နိုင်ကြသေးပါကလား။

ဒီလိုနေကြလို့ မဖြစ်။ ဒီလို စိတ်ညံ့၊ လူညံ့များ သောက်သောက်လဲ ရှိနေလေလေ။ အမိမြန်မာပြည်ကြီး နဖူးပေါက်မြီရင်ပတ်ကွဲလေလေ ဖြစ်တော့မည်။ ကျွန်ုပ်တို့ နူးပြီးသား ထမင်း





ကို ထိုင်စားနေကြသော တိုင်းသားတပါးတို့၏ ငွေရှာနည်းကို အတုယူရမည်။ 'သင်းတို့ တိုင်းပြည် ကြီးပွားအောင် ဒင်းတို့ဆောင်ရွက်ကြသလို ငါတို့ပြည်မှာ ငါတို့ အတုယူ ဆောင်ရွက်လိုက်နာရမည်' အထူး လိုက်နာသင့်၏။ အထူး အတုယူထိုက်၏။

အကယ်တည့် မျက်မြင်ကိုယ်တွေ့ ကောင်းသော နည်းသစ်များကိုမှမလိုက်နာ အတုမယူဘဲ၊ လက်ဖက်ရည်ကြမ်းဝိုင်း၌သာထိုင်၍ စကားဖောင်ဖင်ခပ်နေကြလျှင် ဂေါ်ရင်ဂျီ ကုလားဆီက နံငယ်ပိုင်းကိုဆွဲယူဝတ်ကြပေတော့။ မိတ်ဆွေကိုယ်ကိုမိတ်ဆွေ 'မြန်မာ' လို့ မခေါ်ပါနှင့်တော့။ ရှေးရာဇဝင်ကိုဆောင်ပြီး 'ဟိုတုန်းက ဘယ်လိုလားကွဲ့၊ အလောင်းမင်းတရားကြီး လက်ထက်က မြန်မာတွေဟာ ဘယ်လိုကွ'ဟု စမြို့ပြန် မနေပါနှင့်တော့။ ရှေးလူကြီးတို့သည်၊ သူတို့မမွတာ လိုက်၍ကြိုးစားအားထုတ် ပြုလုပ်ခဲ့လေပြီ။ ကျွန်ုပ်တို့ခေတ် ကျွန်ုပ်တို့အခါမှာ ဟိုခေတ် ဟိုအခါကို မျှော်ကိုးတမ်းတနေလို့မရ။ တွေးနေလို့မဖြစ်။ လက်ငင်းအခြေအနေကိုကြည့်ပြီး၊ 'ငါတို့ခုဘယ်လို ဘယ်လိုဖြစ်နေကြပါပကော၊ ဟိုအခါက ဘယ်လိုဘဲကောင်းနေနေ၊ ဒို့အခါမှာ ဒို့ကြိုးစားမှတော်မယ်' ဟုနှလုံးပိုက်လျက် မိမိတို့တတ်နိုင်သရွေ့ ကြိုးစားဖို့သာရှိတော့၏။

[ ၂ ]

မြန်မာမှမွေးသော ကျွန်ုပ်တို့မြန်မာများ၏ မြန်မာပြည်ကြီး၌ စားပေါက် စားလမ်းတို့ကို တိုင်းတပါးသားတို့သည် တစ်ခုပြီးတစ်ခု အထက်မှအောက် အောက်မှအထက် ရက်ရက်စက်စက် ယှဉ်ပြိုင်ဝင်ရောက် လုယူစားသောက်နေကြပြီ။ အချို့တောင်းများတွင်



www.burmeseclassic.com

www.burmeseclassic.com



တိုင်းရင်းမြန်မာ အိမ်သည်တို့မှာ နပ်စေ့အောင် ထမင်းမမြင်ရသည့် ဘဝဆိုးကြီးနှင့် ကြုံနေကြလေပြီ။

သားမြန်မာ၊ သမီးမြန်မာတို့သည် ဆင်းရဲကြလေပြီ။ အမိမြန်မာပြည်ကြီးသည်လည်း ရေလယ်၌ နစ်နေလေပြီ။ ကျွန်ုပ်တို့ ဝိုင်းဆယ်ကြအံ့။ တိုင်းတပါးသားများ နည်းတူဖြစ်စေ၊ သင်းတို့ထက် သာသောနည်းဖြင့်ဖြစ်စေ ကျွန်ုပ်တို့ကြိုးစား ဆယ်ယူရပေလိမ့်မည်။

တခြားတိုင်းနိုင်ငံများထက် ကျွန်ုပ်တို့နောက်ကျနေသည်ကို အထူးသတိပြုကြပါ။ အိန္ဒိယပြည်ကပင် ကျွန်ုပ်တို့မြန်မာပြည်ထက် အစစအရာရာလိုလို သာနေ၏။

ကျွန်ုပ်တို့မှာ ပျင်းနေတုန်း၊ ဒီအပျင်းကိုမှ မချိုးလျှင် အမိမြန်မာပြည်ကြီး မျက်ရည်နှင့် မျက်ခွက်၊ ပက်လက်လန်ရတော့မည်။

အကြံသစ်၊ ဉာဏ်သစ်ထုတ်ရမည်ကိုလည်း ကျားကိုက်မလောက် ကြောက်၏။ ကိုယ်မြန်မာ အချင်းချင်း 'လစ်ရင်ဘယ်လိုနှံ ရပါ့မလဲ၊ တွယ်ရပါ့မလဲ စိတ်ကူးနေ၏။ အချင်းချင်း ဂုဏ်တုဂုဏ်ပြိုင် လုပ်လို၏၊ လုပ်ကြ၏။

အို မြန်မာတို့ ... လမ်းလွဲမနေနှင့်၊ ကိုယ့်အချင်းချင်း 'လု' မနေပါနှင့်တော့၊ တုမနေပါနှင့်တော့။ တခြားလူမျိုးတို့၏ ကြီးပွားလမ်းကိုသာ တုကြပါ၊ လုကြပါ။ ယုတ်စွအဆုံး ဂေါ်ရင်ဂျီကုလားများကိုပင် အတုယူသင့်၏။ အားကျသင့်၏။ ဂေါ်ရင်ဂျီတို့သည် 'ရသည်ထက်ပို မသုံး' ဝင်ငွေထက် ထွက်ငွေမများ။ မယုံမရှိပါနှင့်။ မယုံလျှင် စာတိုက်ငွေလွှဲဌာနကို သွားကြည့်။ မြန်မာပြည်မှ အိန္ဒိယပြည်သို့တစ်နေ့ တစ်နေ့၊ ငွေဘက်လောက်၊ ဘယ်လောက်ပို့လိုက်သည်ကို တွေ့ရပေလိမ့်မည်။





မြန်မာများမှာ နေရာတကာ ဒီလိုပဲ ပျင်းနေတော့မှာလား၊ အားမထုတ်တော့ဘူးလား။ ဒီလိုသာအပျင်းကြောခွဲနေလျှင် မြန်မာပြည်ကြီးကို ဘယ်လိုဆယ်နိုင်ပမလဲ၊ ဘယ်မှာသားကောင်းရတနာပြီတော့မှာလဲ။

တခြားလူမျိုးတို့သည် ကျွန်ုပ်တို့ကို ကျော်သွားလေပြီ။ မိုးသွားလေပြီ။ ကျွန်ုပ်တို့ တလှမ်းလှမ်းလျှင် သင်းတို့နှစ်လှမ်း၊ သုံးလှမ်းလှမ်းကြ၏။ ကျွန်ုပ်တို့သည် ဒီလိုသွားခဲ့လျှင် သင်းတို့ကို သာဖို့နေနေသာသာ၊ မီအောင်ပဲ လိုက်နိုင်မည်မဟုတ်၊ မီတော့မည်မဟုတ်။

'အမယ်လေးဗျာ၊ သင်္ခါရတွေပဲ ဘာတွေးကြောက်ရတာလဲ' ဟူ၍ မြတ်စွာဘုရား၏ သင်္ခါရ တရားတော်ကြီးကို နှစ်သက်သလိုလို ပြောကြ၏။ 'ဟုတ်ကဲ့ ဒီလိုတရားတွေကို ယုံကြည်တာကောင်းပါတယ်။ သို့ပေမယ့် တရားကလေးပြကာ၊ ပြကာ အပျင်း လူမသိအောင် မလုပ်ကြပါနဲ့။ မတော်ဘူး။'

သင်္ခါရကို ယုံလို့လား သို့မဟုတ် လူများနှင့်ယှဉ်ရမှာ၊ 'နင်လား ငါလား' ကြိုးစားရမှာ ကြောက်လို့လား။ ပျင်းလို့လား။ အနိစ္စတရား ယုံလို့လား။ တကယ်ယုံလို့လား။ နှစ်နှစ်ခြိုက်ခြိုက်ယုံလို့လား။

နောက်တစ်ခုရှိသေး၏ မြန်မာများသည် ကိုယ့်အချင်းချင်း မကူညီလို၊ ဘယ်တော့မှ မကူညီကြ။ တိုင်းရင်းဖြစ်ကုန်နှင့် နိုင်ငံခြားကုန် နှစ်ခုယှဉ်ထား။ တိုင်းရင်းဖြစ်ကုန်မှာ နိုင်ငံခြားကုန်ထက် နည်းနည်းဈေးများ၏။ ညံ့၏။ တိုင်းရင်း မြန်မာတို့ ကိုယ့်အမျိုးကျင့်ကို အားမပေးကြ။ 'ဒါမိုက်လို့လား၊ လိမ္မာလို့လား၊ အစဉ်အလာနည်းလို့လား။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ အဖြေကို ဤစာအုပ်တွင် မပေးလို။ စာဖတ်သူမိတ်ဆွေတို့ဘာသာ စဉ်းစဉ်းစားစား အဖြေရှာကြပါကုန်။ ခဲခဲယဉ်းယဉ်းတော့မဟုတ်ပါ။ ပေါ့ပေါ့ဆဆမလုပ်ဘဲ လေးလေးနက်နက် တွေးကြည့်ပါ။

မြန်မာများသည် ဘယ်နေရာမျိုးမဆို အပေါ်ရုံကြော စဉ်းစားတတ်၏။ ကြံတတ်၏၊ ပြောတတ်၏၊ လုပ်တတ်၏။ လေးလေးစားစား မစဉ်းစား၊ မကြံစည်၊ မပြော၊ မလုပ်ကြကုန်။ မျက်မွေးတဆုံးကလွန်၍ မကြည့်၊ မစဉ်းစား။ ထို့ကြောင့် ခဏ ခဏဒုက္ခမရောက်သင့်ဘဲ ရောက်ရ၏။ အမှတ်တမဲ့ ဒုက္ခရောက်တတ်၏။ ခက်ခက်ခဲခဲ တွေ့တတ်၏။

'ကံစီမံရာ ဖြစ်လိမ့်မပေါ့'ဟု ယုံကြည်လျက် ပေါ့ပေါ့ဆဆလုပ်ထတ်၏။ ကံအကြောင်း ရေရေလည်လည်မသိဘဲ ကံကိုပုံလှေ့ရှိသဖြင့် ကြီးပွားခြင်းမရှိ။ တိုးတက်ခြင်းမရှိ။

ဘာမသိ ညာမသိ နားမလည်၊ ပါးမလည်၊ 'ကံ ကံ ကံ' လုပ်နေလို့ မဖြစ်၊ 'ကံ'ဆိုတာဘာလဲ။ ဘယ်ကလာသလဲ။ ဘာ့ကြောင့် 'ကံ'ဖြစ် လာရသလဲ။ သေသေချာချာ သိရဲ့လား။ မသိလျှင် သိအောင် လုပ်ပါ၊ စဉ်းစားပါ။

'ကံဇာတာမှေးနေလို့ပါ၊ ဂြိုဟ်စီးဂြိုဟ်နင်း မကောင်းသေးလို့ပါ' ဟူ၍အများသုံးနေကြ၏။ တကယ်ယုံနေကြ၏။ 'တစ်နေ့ ဒို့မြန်မာတွေ ဘာဖြစ်ဦးမှာကွဲ့။ တဘောင်က ဘယ်လိုကွဲ့။ ဘယ်သမိုင်းကဘယ်လိုဆိုထားတာကွဲ့'နှင့် လုပ်မနေ ကြပါနှင့်တော့။ ကိုယ့်ကိုယ်ကိုအထင်ကြီးမနေပါနှင့်တော့။ ကိုယ့် မကြိုးစားလို့ ဘာဖြစ်ရမှာလဲ။ အိပ်နေလျှင် အိပ်နေရုံရှိတော့မပေါ့။ ဘယ်ကလာ ဘာဖြစ်ရမှာလဲ။





ထိုင်နေလျှင် ထိုင်ရက်သားတွေ့မှာပေါ့။ ဘာလာဖြစ်ဦးမှာလဲ။ ကိုယ်ကလဲ ကြိုးစားမယ်။ ပညာဉာဏ်နှင့်လည်း လုပ်မယ်ဆိုလျှင် ကောင်းစားမှာပေါ့၊ ကြီးပွားမှာပေါ့၊ ဒါ ကံတရား စစ်စစ်ကြီးပေါ့ မိတ်ဆွေတို့။

'ထင်' တလုံးနှင့် လောကမှာ မပြီးသေး။ ရှိရင်းစွဲနှင့် ရောင့်ရဲနေလို့ မဖြစ်။ ဘားသူငယ်ကလေးလို နွားခြေရာခွက်ကို ပင်လယ်ကြီးထင်မနေပါနှင့်၊ တစ်ပါးတိုင်းသားတို့ထက်သာအောင် ကြိုးစားပါ။ အစစအရာရာ ကြိုးစားပါ။

[ ၃ ]

ကျွန်ုပ်သည်၊ မြန်မာများ အပျင်းကြီးကြောင်း စကားဆုံမိရင်း ပြောနေရာ 'ဟော့ တကာလေးရဲ့ ဒို့မြန်မာတွေ ဘုန်းကံကြီးလို့ ဒို့ဖို့ သင်းတို့ဒီလို အဆင်သင့်လုပ်ပေးရတာ မဟုတ်လားကွဲ့' ဟု ဘုန်းကြီးတစ်ပါး အမိန့်ရှိဖူး၏။ အကြောင်းပြ မှန်မမှန်၊ ချင့်ချိန်ကြည့်ကြပါတော့။

ကလေးကို အရုပ်ကလေးများဖြင့် မြူသလို ကျွန်ုပ်တို့မြန်မာများကိုလည်း ဆန်းဆန်းပြားပြားများနှင့် ဖြားယောင်း ညှစ်ယူနေ၏။ တဖြေးဖြေး အမျိုးလည်းတုံး စည်းစိမ်လည်းဆုံး အကုန်လုံး ရှုံးအောင် ကျွန်ဆေး ဖေါ်ပေးသည်နှင့် တူ၏။ ဤသို့မွဲဆေးဖေါ်နေသည်မှာ မြန်မာတွေ ဘုန်းရှိပေလို့ပေါ့။ ဘယ်လိုဘုန်းလဲ။ ကျွန်ဖြစ်ဖို့ ဘုန်းပေါ့ မိတ်ဆွေတို့။

ကျွန်ုပ်တို့ အမိမြန်မာပြည်ကြီးသည် ရှေးအခါက ရွှေထီး ရွှေနန်း၊ ရွှေကြငှန်းနှင့်၊ စံမြန်းခဲ့ဖူး၏။ တင့်တင့်တယ်တယ် နေခဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖူး၏။ ထည်ထည်ဝါဝါ လုပ်ခဲ့ဖူး၏။ နောက်မှ ပျင်းကြ ဖျင်းကြလို့ ဒီလို တဖြေးဖြေး အောက်ကျ နောက်ကျ ဖြစ်ရချေသည်။

သို့နှင့် သတိမရကြသေး။ တခြားတိုင်းပြည်များ ကြီးပွား နေသည်ကို မမြင်ဘူးသော ကိုယ်ရွှေမြန်မာများမှာ 'ငါတို့ မြန်မာ ပြည်နဲ့ ပြိုင်ဘက်၊ ကမ္ဘာမှာ မရှိ' ဟု မူး မြစ်ထင်နေကြ၏။

ဤမျှမကသေး ဖြစ်ချင်ရာဖြစ် နောင်ခါရှေးလုပ်ကြ၏။ ကြီးပွားရာ ကြီးပွားကြောင်း အလုပ်များကို ပစ်ထားကြ၏၊ ဤသို့ ပျင်းနေရန် လွယ်လှ၏။ လွယ်သဖြင့် နှစ်သက်ကြ၏။ ဤကား ကြီးပွားလိုသူတို့၏ နည်းမဟုတ်။

သို့သော် မြန်မာများသည် ပညာဘက်၌ ဒီလောက်မညံ့။ သူများထက်မြင်လွယ်၏။ ပေါက်လွယ်၏။ ဘိလပ်နိုင်ငံသို့ ပညာသင် သွားသော မြန်မာတစ်ဦးသည် အတန်းထဲတွင် အင်္ဂလိပ်များကိုကျော်၍ ပထမ ရခဲ့သည်ဟု မကြာမီက ကြားရသဖြင့် ဝမ်းသာပါ၏။ မြန်မာများ အင်္ဂလိပ်စကား ပြောကောင်းသည် ဟူ၍လည်း ဘိလပ်၌ ကျော်ကြားသည်ကို ဝမ်းသာပါ၏။

ဤသို့ ဗိုလ်ဆွဲလောက်သော ဉာဏ်ရှိပါလျက် ဘာ့ကြောင့် ကမ္ဘာက မြန်မာကိုမသိကြသလဲ။ ဘယ်အတွက် မြန်မာများ အောက် တန်းရောက်နေသလဲ။

အကယ်တည့် အစိုးရနှိပ်ထားလို့ မကြီးပွားဟု ဆိုခဲ့လျှင် အိန္ဒိယသားများ ဘာကြောင့် ကြီးပွားနေသလဲ၊ ဘာ့ကြောင့် ကမ္ဘာကျော်နေသလဲ၊ အီဂျစ်ပြည် ဘာကြောင့် လွတ်လပ်ရေးရသလဲ၊ အစိုးရလက်အောက်ချင်း အတူတူ သင်းတို့ ဘာ့ကြောင့် ထူးထူးချွန် ချွန် ဖြစ်နေသလဲ။





ပါးစပ်က အမြုပ်တစီစီထွက်အောင် ဘယ်လိုပြောနေနေ 'ငါတို့ကောင်းရင်ပြီးရော၊ ငါ့အတွက်၊ ငါသားမယားအတွက် ငါ့မိဘဆွေမျိုးအတွက် ကောင်းရင်ပြီးရော၊ ဘသူဘာဖြစ်ဖြစ်' တိုင်း ပြည်ကို ဂရုမစိုက် တကိုယ်ကောင်းအလွတ်ရုန်းသူများ ပေါများ နေလျှင် တိုင်းပြည် မကြီးပွားနိုင်သေး။ 'ဟာ ငါတို့ မရနေပေစေ၊ ငါဆင်းရဲချင် ဆင်းရဲစေတော့ နောင်လာ နောက်သားများ ချမ်းသာရင် တော်ပြီ'ဟု သဘောထား ကြိုးစားသူပေါ်လျှင် တိုင် ပြည်ကြီးပွား တိုးတက်မည် မုချ။

မြန်မာတို့သည် ဘာဘဲလုပ်လုပ် ဇွဲမရှိ။ တစ်ခါလန်လျှင် ဆယ်ကြောလန်သွား၏။ နလံမထူနိုင်တော့။နလံထူဖို့လည်း စိတ်မကူး မကြိုးစား။ တမျိုးလုံး ဒီလိုအကျင့်ကြီးပါနေ၏။

'ဟေ့ တယ် ရှမ်းပါကလား၊ တို့မြန်မာတွေကို ဒီလောက်တောင် မနှိမ်ချစမ်းပါနဲ့ကွာ၊ ကြီးပွားသွားတဲ့ မြန်မာတွေရှိပါသေးတယ်'၊ ဟု ကျွန်ုပ်အား ပြောကောင်းပြောပေလိမ့်မည်။ 'ကြီးပွားသွားတဲ့ မြန်မာတွေ ရှိတာတော့ မှန်ပါတယ်၊ သို့သော် ကျွန်ုပ်တို့ မြန်မာများ ကြီးပွားတာက ဇွဲကောင်းလို့ မဟုတ်၊ ဉာဏ်ကလေးကူနေလို့ဗျ'ဟု ကျွန်ုပ်ပြန်ပြောလို၏။ စင်စစ် မြန်မာများသည် ဇွဲမကောင်း စိတ်မရှည် သည်းမခံတတ်။ အကယ်တန္တု ဇွဲကောင်းခဲ့လျှင် မြန်မာသည် ကမ္ဘာ့ထိပ်သီးဖြစ်ဖို့ အကြောင်းရှိတော့၏။

ထို့ကြောင့် အောက်ကျနောက်ကျ ဘဝကို စွန့်ပစ်ရမည်။ စွန့်ပစ်ကြစို့။ အထက်တန်း လှမ်းကြရမည်။ ကဲ လှမ်းကြစို့။ နေပုံ ထိုင်ပုံ လုပ်ပုံ ကိုင်ပုံ ပြောင်းကြရမည်။ ကိုင်း ပြောင်းကြစို့။

'ခင်ဗျားပြောတော့ ကောင်းပါရဲ့၊ နည်းသစ်မပြောင်းလို့ ဘာ



www.burmeseclassic.com

www.burmeseclassic.com



အကျိုး ရှိမှာလဲ အချိန်ကုန်ရုံပေါ့’ဟု ဆင်ခြေကန်နေလျှင် အောက်ကျ နောက်ကျ သဘောက်ဘဝ ရောက်ရတော့မည်၊ ပြုပြုပြင်ပြင် လုပ်ဖို့ ကြောက်လျှင် ‘ကြောက်တယ်’၊ သတ္တိမရှိလျှင် ‘မရှိဘူး’ ပြောရာ၏။ ဒီစကားကို ဘယ်တော့မှ မသုံးပါနှင့် ဒီလိုဆင်ခြေ မပေးပါနှင့်။ အကယ်၍ တစ်ယောက်ယောက်က ဒီလို ဆင်ခြေပေးခဲ့လျှင် မပေးဖို့ ပြောပါ။ ရှက်စရာကောင်းကြောင်း သတိပေးလိုက်ပါ။ နောက်ဒီလို မပြောဘဲ လုပ်ရမဲ့ အလုပ်ကိုသာ ဆက်လုပ်မြဲလုပ်အောင် ပြောပါ။ ဒီလိုဆင်ခြေမျိုးပေးခဲ့လျှင်၊ကိုယ့်ကိုယ်ကိုယ် ညံ့ကြောင်း၊ ဖျင်းကြောင်း၊ ပျင်းကြောင်း ထုတ်ပြောသည်နှင့်တူ၏။

ဒီလို ဆင်ခြေပေးပေး မပေးပေး မိတ်ဆွေကို ကျွန်ုပ်တစ်ခု မေးစမ်းပါရစေ။ မိတ်ဆွေ အခု လုပ်နေတာ၊ ကောင်းသလား မကောင်းဘူးလား။ မြန်မာများ လုပ်နေတာ အောက်ကျ နေသလား၊ မကျဘူးလား။ အဖြေမှန်ကို မိတ်ဆွေအသိဖြစ်၏။ ကျွန်ုပ်မဖြေလို။

ကိုယ့်နည်းမကောင်း သူ့နည်းကောင်းလျှင် ပြောင်းရမည်။ အရိုးဆွေးနေသော နည်းများကို သုံးနေလျှင် ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ ခရီးရှည်ဝေး၏။ သို့သော် အမြဲတမ်း ‘နည်းသစ်ထွင် လုပ်ရမယ်’ မဆိုလို။ ဆိုလို့လည်းမဖြစ်နိုင်။

နည်းသစ်တစ်ခုခုကို ထွင်မယ့် ကြံလျှင် ‘ကောင်း၊ မကောင်း’ ကျကျနန စွေးပါ ချိန်ပါ။ စဉ်းစားပါ။ တွေးချိန် စဉ်းစားပြီးမှလုပ်ပါ။ စည်းကျကျ ကမ်းကျကျ လုပ်ပါ။

မြန်မာပြည်၌ ယခုအခါ ရှေ့ဆောင်ထွင်သူများ အထူးလိုနေ၏။ လိုလားအပ်၏။ ရှေ့ဆောင်သူများသည် အမှားမှား အလွဲလွဲ ခဏခဏတွေ့ရမည်။ သို့သော်၊အမှားများ အမှန်တွေ့မည်။ တစ်ခါ





အမှန် တွေ့လျှင် မှားခဲ့သရွေ့ ကိစ္စမရှိ၊ တစ်ခါတည်း ကြီးပွားမည်။ ကျေးဇူးများမည်။

ဝမ်းနည်းစရာ တစ်ခုမှာ မြန်မာပြည်၌ ရှေ့ဆောင်သူ မရှိသလောက်နည်း၏။ ကြိုးစားသော လူများ၏အညွန့်ကို ချိုးတတ်သူ၊ အသား ယူတတ်သူပေါ၏။ ဒီလူများ ပယောဂကြောင့် အမိမြန်မာပြည်ကြီး မျက်ဖြူဆိုက်နေတော့ပြီ။

အမိမြန်မာပြည် မျက်နှာပန်းလှအောင် ရှေ့ဆောင်လုပ်ကြပါ။ ကောင်းသော နည်းသစ်များကို ထွင်ကြပါ၊ အတုခိုးကြပါ။ နောက်မကျသေးပါ။ အချိန်အများကြီး ရှိပါသေး၏။ နည်းကောင်း လမ်းကောင်း လိုက်ဖို့ မကြောက်ပါနှင့်။ ဝန်မလေးပါနှင့်။

ခက်ခက်ခဲခဲ တွေ့ရမည်မှန်၏။ လောက၌ ခက်ခက်ခဲခဲ ရှိလို့သာ ချမ်းသာခြင်းရှိ၏။ ကြီးပွား၏။ ခက်ခက်ခဲခဲများကို ထိုင်ကြည့်နေဖို့ မဟုတ်။ ဘဝသစ်လဲ၍ မှုသစ်ပျိုးကြစို့။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၀

# နိဗ္ဗာန်ကုတို့

[ ၁ ]

'နိဗ္ဗာန်ကို လိုချင်သလား' မေးလျှင် 'မလိုချင်၊ မသွားချင် မရောက်ချင်'ဟု ဖြေမည့်သူ မရှိသလောက် ရှားပေလိမ့်မည်။ ကောင်းပြီ။ လူတိုင်း နိဗ္ဗာန်လိုချင်၏။ သွားချင်၏။ ရောက်ချင်၏။ ဘာကြောင့်လဲ။ 'နိဗ္ဗာန်ဆိုတာဘာလဲ၊ ဘယ်လိုနေသလဲ၊ ဖြူသလား မဲသလား၊ ဘယ်လိုအရသာလဲ၊ ဘယ်လိုစည်းစိမ်လဲ၊ နိဗ္ဗာန် ဘာလဲ၊ ဘာလဲနိဗ္ဗာန်' ဟူ၍ ရှေးဦးစွာသိဖို့လို၏။

နိဗ္ဗာန်သည် မြန်မာစကား စစ်စစ်မဟုတ်။ ပါဠိစကား နိဗ္ဗာန မှ ဆင်းသက်လာ၏။ ငြိမ်းအေးခြင်း အဓိပ္ပါယ်ရှိ၏။ ထို့ကြောင့် နိဗ္ဗာန်သည် ငြိမ်းအေးခြင်းဖြစ်၏။ ငြိမ်းအေးခြင်းသည် နိဗ္ဗာန်ဖြစ်၏။

မြတ်စွာဘုရားအလိုတော်အတိုင်း ကိလေသာအားလုံးတို့၏။ ကုန်ခန်းငြိမ်းအေးရာ အရပ်ကို နိဗ္ဗာန်။ ဤနိဗ္ဗာန်ကို၊ လူတိုင်းသွားဖို့





မလွယ်လှပေ။

ကိလေသာအပေါင်းမှ ငြိမ်းအေးသူသည် အသက်ရှင်နေစဉ် ပစ္စက္ခလောကကြီး၌ပင် နိဗ္ဗာန်သို့ ရောက်သည်မည်၏။ ထို့အတူ လောကစိတ်ညစ်စရာ အပေါင်းမှ ငြိမ်းအေးသူကိုလည်း နိဗ္ဗာန် ကလေး (လောကနိဗ္ဗာန်)သို့ ရောက်သည်ဟု ဆိုလျှင် မလွဲနိုင်။ လောကနိဗ္ဗာန်ရသူဖြစ်၏။

မြတ်စွာဘုရား ဆိုလိုသော နိဗ္ဗာန်အစစ်ကြီး၊ တကဲ့နိဗ္ဗာန်ကြီးကို ရောက်လိုက ရှင်တော်ဘုရား ဟောကြားတော်မူခဲ့သော တရားတော် မြတ်များကို ကြိုးစားအားထုတ်၍ သင်အံ့လေ့ကျက်ပါ။ နောက် သင်အံ့လေ့ကျက်ပြီးသည့်အတိုင်း လိုက်နာအားထုတ်ပါ။

လောကနိဗ္ဗာန်ကို အလိုရှိပါမူ နည်းလမ်းကို၊ ကျွန်ုပ် တတ်အားသမျှ ညွှန်ကြားပါအံ့။ တကယ်လိုက်နာလျှင် တကယ် ရောက်ပါလိမ့်မည်။ ကုတို့ အဆင့်သင့် ပြင်ပေးပါအံ့။ ဤကုတို့ဖြင့် သွားလေလော။

ဆင်းရဲခြင်းမှာ နှစ်မျိုးနှစ်စားရှိ၏ ။ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ ဆင်းရဲခြင်း။ သို့သော် စိတ်၏ ဆင်းရဲခြင်းသာ ပဓာန၊ ကိုယ်ဘယ်လောက် ဆင်းရဲ ဆင်းရဲ၊ စိတ်မဆင်းရဲလျှင် ထိုသူသည် ချမ်းသာ၏။ ထို့ကြောင့် စိတ်ဆင်းရဲခြင်းမှ ငြိမ်းအေးသူသည် လောကနိဗ္ဗာန်ရလေပြီ။ ကမ္ဘာပေါ်၌ အပျော်ကြီး ပျော်ပေပြီ။

'စိတ်ဆင်းရဲခြင်းသည်၊ တခြားသူများ လာနှိပ်စက်လို့ မဟုတ်။ စိတ်ကြောင့် စိတ်ဆင်းရဲရ၏။ ဒါကြောင့် 'စိတ်'မဆင်းရဲလိုပါ ကိုယ့်စိတ်ကို ကိုယ်ပြုပြင်ပါ။ ပြောင်းလဲပါ။ လောနိဗ္ဗာန်ရလိမ့်မည်။

'မိတ်ဆွေ လောက လူလုပ်ရတာ ပျော်ရဲ့လား။ မပျော်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား။ ဘာကြောင့်လဲ ဟု မေးငြားအံ့။ 'အို မပြောချင်ပါဘူး ဗျား လောကမှာ ငွေဗျ ငွေ၊ ငွေရေး ကြေးရေးက ကျပ်တည်းတော့ ဆင်းရဲတာပေါ့။ ဘယ်တော့ပျော်နိုင် ပါးနိုင်တော့မလဲ' ဟုပြောပေလိမ့်မည်။ ဒီစကားမမှန်။

ဘယ်လို ပိုက်ဆံဝါလား သူဌေးဖြစ်ဖြစ် ငွေပုံရွှေပုံပေါ် ဘယ်လိုထိုင်ရ ထိုင်ရ မပျော်နိုင်၊ မပါးနိုင်၊မပြုံးနိုင်သော သူဌေးကြီးများ အကြောင်းကို သတင်းစားများ၌ ကျွန်ုပ်တို့ မကြာခဏ ဖတ်ရ၏။ ငွေရှိသလောက် စိတ်မချမ်းသာနိုင်။ ငွေရှိသလောက် ကိုယ့်ကိုယ်ကိုယ် မသတီ၊ မနှစ်မြို့။ဆိုဆိုလာ၏။ မတရား ရထားသောငွေပုံပေါ်ထိုင် စည်းစိမ်မရစ်နိုင်တော့။

မကြာမီက ဆွီဒင်ပြည် သူဌေးကြီး ကရုဂျာသည်ကိုယ့်ကိုကိုယ် သတ်သေ၏။ ထိုပုဂ္ဂိုလ်ကြီးသည် အလွန်ဌေး၏။။အလွန်ကြွယ်ဝ၏။ သို့သော် မတရားရသောငွေများဖြစ်၏။ တစ်နေ့ အလိမ်ပေါ်သွားသဖြင့် ကိုယ့်ကိုယ်ကိုယ် လုပ်ကြံလိုက်၏။

အလိမ်မပေါ်သေးသော သူဌေးကြီးများလည်း တစ်နေ့နေ့ အလိမ်ပေါ်မည်ကို စိုးသောကြောင့် ကိုယ့်ကိုယ်ကိုယ် သုတ်သင်ကြကုန်၏။ ဤသို့မသေဝံ့သော သူဌေးကြီးများမှာ တစ်နေ့နေ့ အလိမ်ပေါ်နိုးနိုးနှင့် တထိတ်ထိတ် တလန့်လန့်ဖြစ်နေ၏။

မကြာသေးခင်က ထိုထိုပုဂ္ဂိုလ်ကြီးများကို ကမ္ဘာက အလွန်အထင်ကြီးနေ၏။ 'သိပ် ကံကောင်းတဲ့လူတွေပဲ' 'သိပ်ပျော်မယ့်လူတွေပဲ' 'သူတို့မှာ လောကနိဗ္ဗာန်ရောက်နေကြတာပဲ' စသဖြင့် အများပြောနေကြ၏။ အထင်ကြီးနေကြ၏။

ထိုသူများမှာ နေအိမ် နန်းတော်နှင့်မခြား။ လူပုံခံ့ခံ့ညားညား။





အစားအသောက် ဖွယ်ဖွယ်ရာရာ။ 'ဘာဆိုရင်ဘာ၊ ဒါဆိုရင်ဒါ'၊ တကမ္ဘာလုံးလိုလို၊ ဩဇာညောင်းနေ၏။ ဘာကြောင့်လဲ။ ဣစ္ဆာသယ 'ငွေ' ကြောင့်ပင်။

သို့သော် ရေရှည်ကျသောအခါ အထင်နှင့်အမြင် ကွာချင်သလိုကွာနေတော့၏။ ငွေရှိမှ ပျော်နိုင်လျှင် ထိုသူများထက် ပျော်နိုင်စရာလူမရှိ။ စိတ်ဆင်းရဲဖို့ အကြောင်းမမြင်။ ဒါကြောင့် လူများထင်သလို မဟုတ်။ ငွေနှင့် ပျော်ပျော်ရွှင်ရွှင် နေရဖို့နှင့် မဆိုင်ကြောင်း ထင်ရှားတော့ပြီ။

လူတိုင်း တပင်တပန်း မနားမနေ တစ်နေ့လုံး တစ်ညလုံးရှာနေသော ငွေ၊ သုံးမကုန်အောင် ပေါနေလျှင် အေးပြီထင်ကြ၏။ တသက်လုံး ပျော်ပျော်ပါးပါး ချမ်းချမ်းသာသာ နေရမည် ထင်ကြ၏။ သို့သော် မျက်စိတမှိတ် လျှပ်တပြက်အတွင်း 'ထုကြီးထည်ကြီး' များ ပြားကျသွား၏။ ပြုတ်ပြုတ်ပြုန်းရတော့၏။ အထင်နှင့်အမြင် ဝေးလှချေကလား။

တကယ် ပျော်ရွှင်ခြင်းသည် ငွေကြောင့်မဟုတ်၊ငွေမတတ်နိုင်။ တကဲ့ပျော်ရွှင်ခြင်းကို ဘယ်အခါမှ မဆုံးနိုင်။ 'ဟော့ မင်းတကယ်ပျော်တဲ့အကောင် လာခဲ့' ဟု ဘယ်သူမှ ဒဏ်မရိုက်နိုင်။ သူခိုးဓားပြ ဘယ်သူမှလာ၍ မခိုးနိုင် မယူနိုင်၊ ဟော့ မင်းပျော်ပျော် မနေနဲ့' ဟု ဘယ်သူမှ မတားနိုင်၊ ဘယ်မင်းမှလာ၍ အခွန်မကောက်နိုင်။ ဒီလို ပျော်ရွှင်ခြင်းကို မိတ်ဆွေလိုချင်သလား။ လိုချင်ရင် ပေါ့ပေါ့ဆဆ ညာဝါးနေလို့ မရဘူးမိတ်ဆွေ။ နည်းကျကျ လမ်းကျကျ တ[illegible]သဖြင့် အသက်မွေးရမယ်။

တကယ်ပျော်ပျော်ရွှင်ရွှင် ချမ်းချမ်းသာသာ [illegible]နေချင်လျှင်



www.burmeseclassic.com

www.burmeseclassic.com



ရိုးရိုး သားသား အသက်မွေး ဝမ်းကျောင်းကို ရှာပါ။ တည်တည် ကြည်ကြည် အလုပ်လုပ်ပါ။ ဖြောင့်ဖြောင့်မတ်မတ်ကြံပါ။ ပြောပါ၊ လုပ်ပါ။ ဤကား အလွယ်ဆုံး၊ အကောင်းဆုံး နည်းလမ်းဖြစ်၏။

[ ၂ ]

ငွေရှိလျှင် 'ပျော်လိမ့်နိုး' အထင်နှင့် ငွေနောက် တကောက်ကောက် လိုက်နေသော လူအပေါင်းကို သနားဖို့ကောင်း၏။ 'ပျော်ရွှင်ခြင်း ချမ်းသာခြင်း' မှာ ကိုယ့်စိတ်၌ ကိန်းအောင်းကြောင်း ကိုယ့်စိတ်သာ မူလဖြစ်ကြောင်းမသိရှာ။ တချို့မှာ သိလျက်နှင့် မယုံ။ အထင်လွဲ သဘောမကျ။ ဩော် သနားပါဘိ။ နီးလျက်နှင့်ဝေး၊ လွယ်လျက်နှင့် ခက်နေတော့ပြီ။

မြတ်စွာဘုရားကိုယ်တော် ဟောကြားသည်ကို ခရာစေ့တွင်းကျ လိုက်နာလျှင် စိတ်ချမ်းသာမည် ပျော်ရွှင်မည်ကို မသိကြကုန်သဖြင့် အမှောက်မှောက် အမှားမှားဖြစ်၏။ ရာဇဝတ်မှုများ၏။ လူ တဘက်သား ညှဉ်းဆဲသရွေ့ ကာလပတ်လုံး ကိုယ့်မှာဘယ်တော့ စိတ်ချမ်းသာတော့မှာလဲ။ သူတထူးကိုတော့၊ စိတ်ဆင်းရဲအောင် လုပ်တယ်၊ ကိုယ့်အတွက်တော့ ချမ်းသာရမယ်။ ပါးစပ်ကတော့ 'သဗ္ဗေသတ္တာ သတ္တဝါ အပေါင်းတို့သည် အဝေရာဟောန္တု၊ ချမ်းသာကြပါစေ၊ ကျန်းမာကြပါစေ၊ ပျော်ရွှင်ကြပါစေ' လုပ်နေပြီး၊ လက်က 'ဟော့ အကောင် ဒီလာခဲ့၊ ငါ့ ဘာအောက်မေ့သလဲ' လုပ်နေလျှင် တော်ကြမှာလား။ ဘယ်တော့ စိတ်၏ချမ်းသာခြင်းကို ရတော့မှာလဲ။ ဝေးပေါ့ ဝေးပေါ့။

ကိုယ်လုပ်ရွေ့ တခြားလူများ မသိ စေဦးတော့။ ကိုယ့်ကိုယ်





တိုင်သိ၏။ သိ၍လည်း စိတ်မချမ်းသာဖြစ်၏။ 'အကောင်း' လုပ်လျှင် စိတ်ချမ်းသာမည်ကိုလည်း သိ၏၊ ဝမ်းထဲကသိသော်လည်း လက်က မလိုက်ကြ။

စိတ်ထဲက သဘောမကျသော အလုပ်နေရလျှင် စိတ်မချမ်းသာ။ အချို့လူများသည် ထိုစိတ် မချမ်းသာခြင်း မေ့အောင် ပျောက်အောင် အရက်သောက်ကြ၏၊ အရက်သောက်၍ ခဏတော့မေ့၏။ အရက်ရှိန် ပြေသွားလျှင် ပြန်သတိရ၏။ ကြာရှည် မမေ့နိုင်။

တကယ်ပျော်ရွှင်လိုလျှင် ကိုယ့်စိတ်က 'ကောင်းတယ်' ထင်သရွေ့ လုပ်ပါ။ ကိုယ့်စိတ်ထဲက 'ကောင်းမယ်ထင်တယ်၊ ကောင်းလိမ့်မယ်၊ လုပ်ချင်လိုက်တာ၊ လုပ်လိုက်ပါ၊ လုပ်သာလုပ်'ဟု လှုံ့လှုံ့ဆော်ဆော် ဖြစ်လာသရွေ့ကို လုပ်ပါ။ အဖေကသော်လည်းကောင်း၊ အမေက သော်လည်းကောင်း၊ ဆရာကသော်လည်းကောင်း၊ ဆွေမျိုးကသောလည်းကောင်း၊သူငယ်ချင်းက သော်လည်းကောင်း 'မင်း လုပ်ရင် ကောင်းလိမ့်မယ်' ဟု ဝိုင်းပြောသော်လည်း ကိုယ့်စိတ်ထဲက မပါလျှင် 'မကောင်းဘူး' ထင်လျှင်၊ မလုပ်ပါနှင့်။ (ကိုယ့်စိတ်ကမပါဘဲ လူများပြောလို့ လုပ်ရသည်ထက် မလုပ်ဘဲ ထိုင်နေသည်က ကောင်း၏။ လောကနိဗ္ဗာန်ရဖို့ ဒီနည်းအပြင် တခြားနည်းမရှိ။ ဒီတစ်နည်းသာရှိ၏။

လူအများ အထင်လွဲနေသော နောက်တစ်ချက်ရှိသေး၏။ သစ်သစ်လွင်လွင် ဆန်းဆန်းပြားပြား နေလျှင် 'ပျော်လိမ့်မယ်' ထင်ကြ၏။ အသစ်ဆို ချပ်ချွတ် ။ လွင်ပေ့ဆို တလူလူ။ အဆန်းဆို တကယ်ဆန်း။ ကောင်းပေ့ဆို ဒင် ဆိုမှ ပျော်လိမ့်မည်၊ ရွှင်လိမ့်မည် ထင်ကြ၏။ လောကဓမ္မတာ သဘာဝ ရိုးရိုးနေခြင်းသည် အကောင်းဆုံးဖြစ်၏။ အဝတ်အစားမှာလည်း သဘာဝအတိုင်း သန့်သန့်စင်စင်



www.burmeseclassic.com

www.burmeseclassic.com



ကျန်းမာအောင် ရိုးရိုးဝတ်စားကြပါ။

စားသောက်ရာ၌လည်း ဖွယ်ဖွယ်ရာရာ မလုပ်ပါနှင့်။ ခာတ်လေးပါး ညီညွတ်သည့် အစာကိုစားပါ၊ အဆန်းအပြားဆို ထွေထွေထူးထူး မစားပါနှင့်။ ဥပဒ်ပေးတတ်၏။ ရောဂါတွယ်တတ်၏။ သို့သော် တခါတရံ၊ စားလိုက စားပါတော့။ အမြဲမစားပါနှင့်။ အမြဲတမ်း အဆန်းကို မလိုက်ကြပါနှင့်။

အချို့လူများသည် ထမင်းကို ဝီစကီဖြင့်ချက်၍ စားကြ၏။ ဆန်း၏။ ထူး၏။ ပိုက်ဆံကုန်၏။ သို့သော် ရိုးရိုးထမင်းလောက် မကောင်း။ လူကို ဥပဒ်ပေးတတ်၏။ ရောဂါပေးတတ်၏။ လယ်တောထဲက 'လယ်သမားထမင်း' ကပင်ပို၍ကောင်းသေး၏။ ကျန်းမာရေးနှင့် ပြည့်စေ၏။

ပျော်ရွှင်ခြင်းကိုရဖို့ နည်းလမ်းမှာ အလွန်လွယ်၏။ လွယ်သောကြောင့် လူအများမသိကြ ကျော်သွားကြ၏။ တကဲ့တကယ် ရောမ၊ အလုပ်ကြီးကို လုပ်မှ ပျော်မယ် ထင်ကြ၏။ ကျိုကျိုတက်အောင် ပိုက်ဆံရှိမှ ပျော်မယ် ထင်ကြ၏။ ဟိုးဟိုးကျော်အောင် နံမည်ကြီးမှ ပျော်မယ်ထင်ကြ၏ ဝတ်နိုင်စားနိုင်မှ ပျော်မယ် ထင်ကြ၏ လူတောထဲ တလူလူတိုးနိုင်မှ ပျော်မယ် ထင်ကြ၏။

ဒါဖြင့်၊ ဘယ်လိုလုပ်မှ ပျော်မှာလဲ။

[ ၃ ]

အောက်မှာ ဆိုထားသလို၊ နေ့စဉ်နေ့တိုင်း လိုက်နာပါ၊ လေ့ကျင့်ပါ၊ ဆောင်ရွက်ပါ။

လူတဖက်သား နာပြင်းအောင် ခံပြင်းအောင် စိတ်ပျက်အောင်





မလုပ်ပါနှင့် လူတဖက်သား ပျက်စီးအောင် မလုပ်ပါနှင့်။ ဘယ်တော့မှ မလုပ်ပါနှင့်။ အကြံအစည်လုပ်လျှင် (တကဲ့ တကယ်စိတ်ရိုးရိုးနှင့်ကြံလျှင်) မြင့်မြင့်ကြံပါ။ ကိုယ်လုပ်သရွေ့ မှန်မှန်ကန်ကန် လုပ်ပါ၊ လူတဖက်သားတော့ နစ်နာစေ၊ ငါတော့ ကောင်းစားစေ မလုပ်ပါနှင့်။

ဒုက္ခရောက်နေသူကို နည်းနည်းဖြစ်ဖြစ် များများဖြစ်ဖြစ် ကူညီလိုက်ခြင်း၊ စကားချိုချိုသာသာ ပြောဆိုလိုက်ခြင်း၊ အားပေးစကား ပြောကြားလိုက်ခြင်း၊ ကိုယ့်လုပ်ငန်းကို ကျေပွန်အောင် ဆောင်ရွက်ခြင်း၊ ကိုယ့်စိတ်တိုင်းကျ အလုပ်လုပ်ရခြင်း၊ ကိုယ်နှစ်သက်သည့် အလုပ်ကို လုပ်ရခြင်း၊ မေတ္တာတရား ပွားများခြင်း အားလုံးသည် ကျွန်ုပ်တို့၏ ပျော်ရွှင်ခြင်း၊ ဝမ်းသာခြင်း စိတ်ချမ်းသာခြင်းကို တိုးစေ၏၊ ပွားစေ၏။

လူတိုင်း လူတိုင်း၌ ကိုယ့်စိတ်တိုင်းကျ သေသေချာချာ ပိုင်ပိုင်နိုင်နိုင်၊ လုပ်လိုသော အလုပ်တစ်ခုစီ တစ်ခုစီ ရှိစမြဲ။ တခြား အလုပ်များထက် ထိုအလုပ်ကို လုပ်ချင်၏။ အသက်နှင့်လဲ၍ လုပ်ချင်၏။ တခြားအလုပ်များထက် ထိုအလုပ်တစ်ခုတည်းကိုသာ လုပ်လိုက်ရလျှင် သေပျော်ပြီ ထင်ကြ၏။လောကကြီး မိုးမွှန်းသွားတော့၏ သို့သော် ကိုယ်စိတ်က ဤသို့ အာသာရှိနေသော အလုပ်ကို မလုပ်ဘဲ ပျင်းနေကြသဖြင့် သေချင်အောင်လုပ်ချင်သည့် အလုပ်ကိုပင် မလုပ်ဘဲနေကြကုန်၏။

ထိုသူများသည် ဘယ်လောက်ပင် ငွေစေကာမူ ဘယ်တော့မှ ပျော်နိုင်တော့မည် မဟုတ်။ 'ငါဟာ လူပျင်းတစ်ယောက်ပဲ၊ လုပ်ချင်တဲ့ အလုပ်ကလေးကိုတောင် မလုပ်၊ ဖြစ်မြောက်အောင် မကြိုးစား၊ ဟဲ့ နင်ဘာအသုံးကျတဲ့ အကောင်လဲ'ဟူ၍ ကိုယ့်ကိုယ်ကို အပြစ်



www.burmeseclassic.com

www.burmeseclassic.com



တင်လို့ မဆုံးနိုင်တော့ဘဲ စိတ်၏ဆင်းရဲခြင်း ဖြစ်ရတော့၏။

ပစ္စည်းဥစ္စာ အလျဉ်းမရှိစေကာမူ ကိုယ်လုပ်ချင်သော အလုပ်၊ ကိုယ်အာသာရှိသော အလုပ်ကလေး တစ်ခုခုကို လုပ်လိုက်ရလျှင် အထူးကျေနပ်သွား၏။ စိတ်၏ရွှင်လန်းခြင်းဖြစ်၏။ သို့သော် များသောအားဖြင့် စိတ်ဆင်းရဲသူများမှာ လူပျင်းများဖြစ်ကြ၏။ တစ်ခုခုကို လုပ်နေသောသူမှာ မအားလပ်အောင်ရှိ၏။ စိတ်ဆင်းရဲဖို့ အချိန်မရ။ အလုပ်ခွင်၌သာ စိတ်ဝင်စားနေ၏။ 'အသုံးကျသည် ပျော်ရွှင်သည်' ဆိုသော စကားနှစ်ရပ်မှာ အမြဲဒွန်တွဲ၍ သွား၏။ ဥပမာ ပစ္စည်းဥစ္စာ ဘယ်လောက် ကုဋေချီ၍ ဒွေးဒွေး၊ ဘယ်အလုပ်မှ မလုပ်လျှင် ကမ္ဘာပေါ်၌ အသုံးမကျ။ အသုံးမကျသောကြောင့် စိတ်မချမ်းသာ၊ စိတ်မချမ်းသာသောကြောင့် မပျော်နိုင်။ မရွှင်နိုင်။

လိပ်လို ကိုယ့်အတွက်သာ တစ်ကိုယ်ကောင်းကြံနေလျှင် ချမ်းသာဖို့ခဲယဉ်း၏။ ပျော်ဖို့ခဲယဉ်း၏။ ပျော်ဖို့ဝေးစွ၊ လူတဖက်သားကို ဆင်းရဲအောင်လုပ်လျှင် တဖက်လူ ဆင်းရဲသလောက် ကိုယ်လည်း ဆင်းရဲရ၏။ အများကိုပျော်အောင်လုပ်လျှင် အများပျော်သလို၊ ကိုယ်လည်း ပျော်ရ၏။ ဤမမွတ်ထွာ တရားကြီးကို သတိလစ်နေကြ၏။ မေ့နေကြ၏။

ဤမမွတာ တရားအတိုင်းအကျိုးပေး၏။ လုပ်ငန်းမှာလည်း ထို့အတူအကျိုးပေး၏။ ကြိုးစားလျှင် ဖြစ်မည်။ (သို့သော် ပညာဉာဏ်ကလေးပါရမည်။) သရက်စေ့မျိုးလျှင် သရက်ပင်ပေါက်၍ သရက်သီးကိုသာရနိုင်မည်။ ဒူးရင်းပင်ပေါက်၍ ဒူးရင်းသီး မရနိုင်။

လောဘသက်သက်နှင့် နေရောညဉ့်ပါ ငွေတစ်ခုကိုသာ မက်ပြီး စုဆောင်းရှာဖွေခြင်းသည် ဘယ်လိုအကျိုးရှိအံ့နည်း။ တဖက်သတ်





တယူသန်ကြီး ဖြစ်နေလျှင် ဘယ်မှာကောင်းတော့အံ့နည်း။

လူသည် တိရစ္ဆာန်မဟုတ်၊ စိတ်ထားကြီးရမည်။ သဘောထားကြီးရမည်။ စိတ်ထား သဘောထားကြီးအောင် ဘယ်လိုလုပ်မလဲ။ ကျွန်ုပ်တို့ နေ့စဉ်နေ့တိုင်း တွေ့ရ မြင်ရ ကြုံရ ကြားရသော ဖြစ်ရိုးဖြစ်စဉ်ကလေးများကိုသတိထားပါ။ ဂရုစိုက်ပါ။ သေးသေးမွှားမွှားကလေးရယ်လို့ လျစ်လျူမရှုပါနှင့်။ နေ့တိုင်းတွေ့ နေ့တိုင်းမြင် နေ့တိုင်း ဖြစ်နေတာပဲ၊ ကိစ္စမရှိပါဘူး သဘောမထားပါနှင့်။ ထိုအရာကလေးများက လူ့စိတ်ကို ကောင်းအောင် ပြုပြင်နိုင်၏။ ဆိုးအောင်ပြုပြင်နိုင်၏။ ငရဲကျအောင်လုပ်နိုင်၏။ နိဗ္ဗာန်ရောက်အောင် လုပ်နိုင်၏။ ဒါကြောင့် ပြုပြုပြင်ပြင်လုပ်ပါ၊ ဂရုစိုက်ပါ၊ နေ့စဉ်တွေ့သရွေ့ သဘောထား ကြီးကြီးနှင့် ဆင်ခြင်လျှင် နောက်ဆုံးအောင်မြင်မည်၊ စိတ်သဘောထား ကြီးကြီး လာလိမ့်မည်။

စိတ်ထား သဘောထား ကြီးခြင်းဆိုသည်မှာ တခြားမဟုတ်။ ပညာဉာဏ်ကြီးခြင်းပင် ဖြစ်၏။

မညာဉာဏ်ကြီးသူသည် ဆင်ဆင်ခြင်ခြင် လုပ်လေ့ရှိ၏။ အဆင်ခြင်တရားနှင့် ပြည့်ဆုံ၏။ ဆင်ခြင်တတ်သောကြောင့် တင်းတိမ်ရောင့်ရဲတတ်၏။ သို့သော် တင်းတိမ်ရုံနှင့် နောက်မဆုတ်၊ လုံ့လကိုမလျှော့၊ ဘယ်တော့မှ မလျှော့၊ ဘယ်တော့မှ လျှော့လိမ့်မည်မဟုတ်။

ပျော်ရွှင်ခြင်း၊ ဆင်းရဲခြင်းသည် ဘယ်သူ့အမှုမှမဟုတ်။ ဘယ်သူမှလာ၍ လုပ်မည်မဟုတ်။ ဒါကြောင့် 'လောကကြီးနေရတာ မပျော်ပါဘူးဗျာ' ဟု ညည်းနေသူတို့သည် ကျွန်တော်အသုံးမကျတဲ့ကောင်ပါ ဟု ထုတ်ပြောခြင်းဖြစ်၏။ ဝန်ခံခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် စိတ်၏ ဆင်းရဲခြင်း ဖြစ်လာလျှင် ကောင်းသော အလုပ်တစ်ခုခုကိုကောက်လုပ်ပါ။ အချိန်အနားမပေးပါနှင့်၊ စိတ်အနားမပေးပါနှင့်၊ ဗျာများမနေပါနှင့်၊ တွေမနေပါနှင့်၊ နောက်ဆုတ်မနေပါနှင့်၊ မပျင်းပါနှင့်၊ မနေးပါနှင့် မဆိုင်းပါနှင့်၊ မကြောက်ပါနှင့်။

စိတ်ညစ်နေရန် အချိန်မရှိလောက်အောင် အလုပ်များသောသူသည် ပျော်ရွှင်မည် သာဖြစ်၏။ ကိုယ့်အာသာရှိသော အလုပ်တစ်ခုခုကို လုပ်ခြင်းသည်၊ နိဗ္ဗာန်ရရာရကြောင်း တရားဖြစ်၏။ ကုတို့နှင့်တူ၏ ဤကုတို့ဖြင့် ကူးလေတော့ လောကကြီးကို ခါးဆောင်းတင်နိုင်ပြီ။

ကိုင်း .... စာအုပ်လည်း ပြီးဆုံးလေပြီ။ ယောကျာ်းလုံ့လ သေခါမှ လျှော့ပါ၊ ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက် ဆိုသော စကားကို အမြဲနှလုံးသွင်း၍ ရှေ့သို့သာတက်။ အတင်းတက်။

မောင်ထွန်းလှ
၁၀-၆-၃၅



## ယောမင်းကြီးစာပေ

တိုက် ၃၄၆၊ အခန်း ၁၉ အရှေ့ရန်ကင်း
ရန်ကင်းတတိုက် (၁၁၀၈၁)၊ ရန်ကုန်မြို့

ပါရဂူ၏ မဟာလူသား ဗုဒ္ဓ
ပါရဂူ၏ သိဒ္ဓတ္ထ
ပါရဂူ၏ စကားပြောသော ရုပ်တုများ
ပါရဂူ၏ စိတ္တရလေခါ
ပါရဂူ၏ ဝိယဒသိ
ဆရာကြီး ရွှေဥဒေါင်း၏ ဒိဋ္ဌဒိဋ္ဌမတ္တံ
ဆရာကြီး ရွှေဥဒေါင်း၏ အကြံဉာဏ်ဖြင့် ကြီးပွားရေး
ဆရာကြီး ရွှေဥဒေါင်း၏ ဓော်ဟီတိ
ဆရာကြီး ရွှေဥဒေါင်း၏ အာဟာရနှင့် ကျန်းမာရေး
ဆရာကြီး ရွှေဥဒေါင်း၏ ဗုဒ္ဓဝါဒနှင့် အယူအဆရေးရာများ
ဆရာကြီး ရွှေဥဒေါင်း၏ အင်နာကာရီနီနား
ဆရာကြီး ရွှေဥဒေါင်း၏ ဝက်ရှ
ဆရာကြီး၏ အင်္ဂလိပ်ဘာသာ သိမှတ်စရာ
မြသန်းတင့်၏ ကေရာစိတို့၏ ဘဝမှာတိုက်များ
မြသန်းတင့်၏ ခေတ်သစ် သမိုင်းဒိုကာ
မြသန်းတင့်၏ တောက်လီဗော့ချိုင်း၏ ဘဝအမြင် သမိုင်းအမြင်
ဒေါက်တာဆွေ၏ ဘဝထိုထို
ဂျာနယ်ကျော် မမလေး၏ မုန်း၍မဟူ
မောင်ထွန်းသူ၏ အိုလက်ဆီယာ
မနှော၏ မဥ္စင်း ဝတ္ထုရှည်များ
ကျော်အောင်၏ ဂန္ထဝင် ၁၀
မုံရွာအောင်မောင်မောင်၏ ထောင့်တစ်သက် အတွေ့အကြုံ
မောင်ပေါ်ထွန်း၏ မာယာ
မောင်ပေါ်ထွန်း၏ ဗီနီရှိုယိုး၏ ဇွန့်တားခန်းများ
Htin Gyi ၏ Current English Words and Phrases
ကျော်လှိုင်ဦး၏ မျက်ရည်များနှင့် ရယ်သံ
မောင်သိန်းဆိုင်၏ အချစ်၊ ထိမ်းမြားလက်ထပ်ခြင်းနှင့် ကွာရှင်းပြတ်စဲခြင်း
၂၈။ ခင်နှင်းယု၏ မွေး
၂၉။ ခင်နှင်းယု၏ ပန်းပန်လျက်ပါ၊
၃၀။ အောင်လင်း၏ အရိုင်းစံပယ်
၃၁။ မောရွှေဇိုလ်၏ ချစ်သော ဆရာ
၃၂။ ယောမင်းကြီး၏ ရာဇဓမ္မသင်္ဂဟကျမ်း
၃၃။ သိမင်းနိုင်၏ အာဖန်တီး ပုံပြင်များ
၃၄။ မောင်ထွန်းသူ၏ နှစ်လောက (၁ + ၃)
၃၅။ မေမေလှိုင်၏ မိန်းမအလှဒီကာကျမ်း
၃၆။ ပါရဂူ၏ အမ္ဗပါလီ
၃၇။ လင်းယုန်သစ်လွင်၏ ဈေးတပ်မှတ်တမ်း
၃၈။ သိန်းသန်းထွန်း၏ ရှေးမြန်မာမင်းတို့၏ အိပ်မက်များ
၃၉။ မောင်ထင်၏ ကိုဒေါင်း
၄၀။ မောင်ပေါ်ထွန်း၏ မဟာဒီလှိုင်း
၄၁။ မောင်ခေတ်ထွန်း၏ ဘာသာလျှောက်ထုံး ပုံပြင်များ
၄၂။ မောင်သာရ၏ တပေအမြင်
၄၃။ အုံမောင်၏ ရေသူမလေး ပုံပြင်များ
၄၄။ မြသန်းတင့်၏ သမိုင်း၊ ပါမောက္ခတို့င်ဘီနှင့် ငြင်းခုံခြင်
၄၅။ ရွှေဥဒေါင်း၏ ရန်ကြီးအောင် (ရုပ်ပြ)၊ ပန်းချီ ဦးဇွေ
၄၆။ ဒေါက်တာ ခင်မောင်လွင်၏ ဆီးနှင့် ကျောက်ကပ်ရောဂါ
၄၇။ မောင်သာရ၏ ရေးတတ်ရင် ဝတ္ထုဖြစ်တယ်
၄၈။ နောင်၏ မနက်ဖြန်အတွက် လုလက်ဆောင်
၄၉။ သိမင်းနိုင်၏ ဒွန်ကီဟိုတေး
၅၀။ ဦးထွန်းလှ၏ ဘာလဲဟဲ့ လောကဓံ
၅၁။ ခင်နှင်းယု၏ ကုသိုလ်ကြမ္မာ မဓိပါနဲ့
၅၂။ ခင်နှင်းယု၏ ပန်းများကို မွှင့်စေသူ
၅၃။ တက္ကသိုလ်ဓိန်တင်၏ ခေါ်တချက်၊ ယှဲလ်ဆင်နှင့် ဆိုဗီယက်ယူနီယံ
၅၄။ လင်းဝေမြိုင်၏ ကုတ်အကျီ
၅၅။ ရွှေလင်း၏ ပင်းမြို့၄
၅၆။ ဦးဝင်းမောင်၏ ဘဝဆိုးအိမ် အကြိမ်ကြိမ်
၅၇။ မောင်ကောင်းမြင့်၏ နေခြင်းနှင့် သေခြင်း
၅၈။ လိုတရ*အင်္ဂလိပ်မြန်မာ အဘိဓာန် Instant Myanmar - English Dictionary

www.burmeseclassic.com